

www.burmeseclassic.com
BURMESE CLASSIC
လုံးချင်းဝတ္ထုသစ်
မုန်းစကားဆိုသော်လည်း
www.burmeseclassic.com

www.burmeseclassic.com

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၃၀၀၉၂၇၀၇၀၉ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၃၀၁၁၀ ၂၀၇၀၉ |
| အဖုံးဒီဇိုင်း | - | သိန်းရွှေကြည် |
| ထုတ်ဝေသူ | - | ဒေါ်မိုးသီတာ (စိုးမိုးစာပေ) (မြ-၀၃၈၅၁) အမှတ် ၁၃၊ ၁၀၇ လမ်း မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့ |
| ပုံနှိပ်သူ | - | ဦးမြင့်သန်း (မြ-၀၄၉၀၂) စံပယ်အောင်ဆက် ၁၃၊ ၁၀၇ လမ်း မင်္ဂလာတောင်ညွန့်၊ ရန်ကုန်။ |
| အတွင်းဖလင် | - | ဦးထွန်းဆိုင် |
| စာအုပ်ချုပ် | - | ကိုသန်းဌေး |
| ပုံနှိပ်ခြင်း | - | ၂၀၁၀ ခုနှစ်၊ ဧပြီလ၊ ပထမအကြိမ် |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၅၀ ကျပ် |

၈၉၅ . ၈၃

ရှင်မြတ်နိုး

မုန်းစကားဆိုသော်လည်း / ရှင်မြတ်နိုး ။ - ရန်ကုန်

စိုးမိုးစာပေ၊ ၂၀၁၀

၂၈၈ - စာ ၊ ၁၂ × ၁၈ စင်တီ။

(၁) မုန်းစကားဆိုသော်လည်း /

## အခန်း (၁)

တိုင်ကပ်နာရီမှ တချပ်ချပ်နှင့်မြည်သံသည် သွေးပျက်စရာကောင်းလှောက်အောင်ပင် နားစည်ထဲသို့ တိုးဝင်နေခဲ့သည်။

နေပါဦး။

ဒီနေ့မှပဲ အချိန်တွေက အဲဒီလောက်တောင်ပဲ အကုန်မြန်နေရသတဲ့လား။

နာရီတွေများမှားနေပြီလား။ မိမိအမြင်တွေ လွဲမှားနေတာများ ဖြစ်နေသလားမသိတော့။ ညဆယ့်တစ်နာရီခွဲဆိုသည့် အချိန်ကာလသည် ယခင်ကတော့ အဲဒီလောက်တောင် စိတ်ချောက်ချားဘွယ်လှုပ်စရာမကောင်းခဲ့ပေမယ့် ယခုအချိန်မှာတော့ မျက်ဖြူစိုက်လောက်စရာဖြစ်နေခဲ့ရသည်။

သမီး . . .



www.burmeseclassic.com

www.burmeseclassic.com



သမီးလေးခက်။

ဘယ်ဆီကိုများ လျှောက်သွားနေသလဲ။

မိဘတွေ စိတ်ပူနေတော့မယ်ဆိုတာ မသိတာလည်း မဟုတ်ပါပဲ ဒီအချိန်အထိ အိမ်ပြန်မလာသေးတာတော့ လွန်လွန်းနေချေပြီ။

လမ်းမှာ အန္တရာယ်တစ်ခုခုများ ဖြစ်နေသလား။

ဘုရား

ဘုရား

ရောက်တတ်ရာရာအတွေးများနှင့်အတူ ဘုရားကို တနေမိသည်မှာ ဒေါ်ခင်မျိုးချစ်ပင်ဖြစ်သည်။ အစကမှ ဖြူနေသော အသားက အခုတော့ သွေးတစ်စက်မျှမရှိတော့သလိုပင် ပို၍ဖြူဖတ်ဖြူရော်ဖြစ်နေခဲ့သည်။ ရင်ထဲမှာ တဟုန်းဟုန်းတောက်လောင်နေသော မီးကြောင့် လူက ယိုင်ခွေခွေလေးဖြစ်နေရ၏။

"အန်တီမျိုး…အန်တီမျိုး"

အထိတ်တလန့်ခေါ်သံနှင့်အတူ ခြံလေးထဲ ခပ်သုတ်သုတ်ဝင်လာသော လူရွယ်လေးတစ်ယောက်ကြောင့် စောစောကအင်အားမဲ့စွာ ကြမ်းပြင်လေးထက် ယိုင်နဲ့နဲ့လေးထိုင်နေတဲ့ ဒေါ်ခင်မျိုးချစ်တစ်ယောက် ဆတ်ခနဲ ထရပ်လိုက်မိ၏။

"မောင်စိုင်းလား"





"ဟုတ်တယ်၊ အန်တီမျိုး"

"မောင်စိုင်း သမီးရော၊ သမီး၊ ရှာလို့တွေ့ပြီလား"

ဒေါ်ခင်မျိုးချစ် အသည်းအသန်မေးမိ၏။

"မတွေ့သေးဘူး အန်တီမျိုး"

"ဒုက္ခပါပဲ၊ ဘယ်လိုလုပ်ကြမလဲ၊ သူ့သူငယ်ချင်းတွေဆီရော သွားမေးကြည့်ကြသေးလား။ ဒီနေ့ အောင်စာရင်းသွားကြည့်မယ်ဆိုပြီး မနက်ကတည်းက ထွက်သွားတာ၊ စာမေးပွဲကျလို့ အိမ်ပြန်မလာရဲဘဲ တစ်နေရာရာမှာများ ပုန်းနေတာများလားကွယ်၊ ရှာကြစမ်းပါဦး"

"ရှာပြီးပြီ အန်တီမျိုး၊ သူငယ်ချင်းတွေအိမ်မှာလည်း မရှိဘူး၊ ဒါပေမယ့် သူ့သူငယ်ချင်းမှုမှုကတော့ ကျွန်တော့်ကိုပြောလိုက်တယ်၊ အဲဒါ သေတော့သိပ်မသေချာလောက်ဘူးထင်တယ် အန်တီမျိုး"

"ဘာပြောတာလဲ မောင်စိုင်း၊ မှုမှုဘာပြောလိုက်တာလဲ၊ ရင်တုန်လိုက်တာကွယ်၊ ပြောစမ်းပါဦး"

"ဟို…ဟို"

"အရေးထဲ မင်းကလည်းကွယ်၊ ပြောမှာသာပြောစမ်းပါ၊ ရင်တုန်ရတဲ့အထဲ"

"ဟိုလေ…စနေ့က ညနေစောင်းလောက်တုန်းက



www.burmeseclassic.com

www.burmeseclassic.com



ခက်ခက်နဲ့ ကိုထိုက်ကို တွေ့လိုက်သေးတယ်လို့ပြောတယ် အန့်တီမျိုး''

''ဟင်''

ကိုထိုက်တဲ့။

ကိုထိုက်ဆိုတာ ထိုက်တန်ဆိုတဲ့ကောင်လေးမဟုတ်လား။

''အန့်တီမျိုး''

''မောင်စိုင်း''

''ကိုထိုက်ကိုလည်း သူ့သူငယ်ချင်းတွေအုပ်ထဲမှာ မတွေ့မိဘူး အန့်တီမျိုး၊ ဒီကောင်ပျောက်နေတယ်''

''မဖြစ်နိုင်ဘူး''

ငြင်းဆိုသံက တိတ်ဆိတ်နေသောအိမ်လေးထဲ ဟိန်းခနဲ တက်သွား၏။ ခေါင်းကို တအားခါယမ်းလိုက်တော့ စီးကျလာသော မျက်ရည်အချို့ ဖွဲခနဲ လွင့်စင်သွားသည်။

''အန့်တီမျိုး''

''မဖြစ်နိုင်ဘူး မောင်စိုင်း၊ လုံးဝမဖြစ်နိုင်ဘူး''

''ကျွန် . . . ကျွန်တော်လည်း အဲဒီလိုပဲထင်ပါတယ်၊ ဒါပေမယ့်''

''မောင်စိုင်း''

''ပြောပါ အန့်တီမျိုး''



''ထပ်ရှာပါဦး၊ သူငယ်ချင်းတစ်ယောက်အိမ်မှာ သမီးလေးရှိနေမှာပါ၊ သူ့အဖေရိုက်မှာကြောက်လို့ ပုန်းနေတာပဲဖြစ်မယ်၊ ရှာကြည့်ပါဦးကွယ်''

ဒေါ်ခင်မျိုးချစ် အသနားခံမိ၏။

''ဟော့ . . . ဘယ်သူ့ကိုမှ ရှာခိုင်းမနေနဲ့၊ ရှာစရာမလိုတော့ဘူး ခင်မျိုးချစ်၊ မင်းသမီးက တကယ်လင်နောက်လိုက်သွားတာ''

''ဟင် . . ကိုခင်ထွန်း''

''ဟာ . . . အန့်ကယ်ထွန်း''

ဒေါသတကြီး တားဆီးသံကြီးနှင့်အတူ အိမ်လေးပေါ်သို့ ခြေသံပြင်းပြင်းနှင့် တက်လာသူက ခင်ပွန်းဖြစ်သူ ဦးခင်ထွန်း။ မျက်နှာတစ်ခုလုံး ဒေါသချွေးတို့နှင့်အတူ ခံပြင်းမှုများကြောင့် နီရဲတင်းပြောင်နေ၏။

ကြိတ်မနိုင်ခဲမရသလို အံကြီးကို တင်းနေအောင် ကြိတ်ထားတာ မေးကြောကြီးတွေပင် ထောင်ထနေသည်။

''ကိုခင်ထွန်း''

''ခွေးသမီး၊ ခွေးထက်မိုက်တဲ့သမီး တောက်''

ဘုရားရေ။

ဘာတွေဖြစ်ကုန်ပြီလဲ။

သမီးဘာတွေလုပ်ပစ်လိုက်ပြီလဲ။

www.burmeseclassic.com

www.burmeseclassic.com



ဖခင်ဖြစ်သူထံမှ သမီးနဲ့ပတ်သက်ပြီး လေသံမာမာပင် မသုံးတတ်ခဲ့သလောက် ခုတော့ ကြမ်းတမ်းသော အသုံးအနှုန်းများပင် လျှံထွက်လာခဲ့ပြီ။

''မင်းသမီးက လင်နောက်လိုက်သွားတာကွ''

အမလေး။

ဒေါ်ခင်မျိုးချစ် မကြားရဲအောင်ပင် နားနှစ်ဘက်ကို ယောင်ရမ်းကာ ပိတ်ပစ်လိုက်မိသည်။

''မဟုတ်ဘူး၊ ရှင်ထင်တာမဟုတ်ဘူး ကိုခင်ထွန်း''

''ထင်တာမဟုတ်ဘူးကွ၊ သေချာတဲ့သတင်းကိုကြားလာခဲ့တာ၊ ထိုက်တန်ဆိုတဲ့ကောင်နောက် လိုက်သွားတယ်လို့ သေသေချာချာကို ကြားလာခဲ့တာ၊ တောက်''

''အမလေး…သမီး သမီးလေးရယ်၊ အဟီး ဟီး''

''ငိုမနေနဲ့၊ မင်းက ဒီမှာသာငိုနေတာ၊ မင်းသမီးက ခုလောက်ဆို တောက် ငါမပြောလိုက်ချင်ဘူး''

''အဟင့်…ဟင့်''

ဒေါ်ခင်မျိုးချစ် မငိုနဲ့ဆိုမှ ပို၍ပင်ငိုပစ်လိုက်မိတော့သည်။ မောင်စိုင်းကတော့ အရိပ်အကဲသိစွာပင် အိမ်လေးပေါ်က ဘယ်သူ့ကိုမှ နှုတ်မဆက်ဘဲ ပြန်ထွက်သွား၏။ အိမ်လေးထဲမှာတော့ ဒေါသတွေ ဆုဆုဝေနေသော ဦးခင်ထွန်းနှင့် ဝမ်းနည်းတကြီး ငိုရှိုက်နေ





သော ဒေါ်ခင်မျိုးချစ်တို့နှစ်ယောက်တည်းသာ။

''မိုက်လုံးကြီးလိုက်တဲ့ မိခကဲ၊ ဒီလိုကောင်မျိုးနဲ့မှ ရအောင် လိုက်သွားရတယ်လို့၊ ဒါ မိဘတွေကို သက်သက်စော်ကားတာ၊ ငါတို့မျက်နှာ ဘယ်မှာထားရမှန်းမသိအောင် သင်း ရက်ရက်စက်စက်လုပ်ချသွားတာ၊ သင်း သင်းကြောင့် ငါတို့ရဲ့အနာဂတ်တော့ သွားပါပြီကွာ''

မရိုတင်ကဲ ငြိုးငြူသံကြီးနှင့်အတူ မျက်ရည်တွေ စီးကျနေတဲ့ ခင်ပွန်းဖြစ်သူကိုကြည့်ပြီး ဒေါ်ခင်မျိုးချစ်တစ်ယောက် တသိမ့်သိမ့်သာ ငိုရှိုက်နေမိတော့သည်။

မိုက်လိုက်တာ။

မိုက်လုံးကြီးလိုက်တာ။

ထိုက်တန်ဆိုတဲ့ ကောင်လေးရဲ့ မိဘတွေအကြောင်းလည်း ပတ်ဝန်းကျင်ကပြောနေတာ သင်းမသိတာလည်းမဟုတ်။ ငွေရှိတယ်ဆိုပြီး မောက်မာတဲ့ ထိုက်တန်ရဲ့အကျင့်စရိုက်။ ဒါနဲ့တောင် ဒီကောင်လေးကိုမှ ရွေးချယ်လိုက်တာ မှားတာပဲ။ သမီးအရမ်းမှားတယ်။

ရပ်ကွက်ထဲမှာ မိဘတွေရဲ့ အရှိန်အဝါနဲ့ လှုပ်လှုပ်လှုပ်လှုပ်နေပြီး ဘာအလုပ်မှမရှိ၊ လယ်ရာပြန်စားနေတဲ့ ထိုက်တန်။ ဘယ်နေရာမှာပြဿနာဖြစ်သလဲ ထိုက်တန်က ရှေ့ဆုံးကပါနေမြဲ။ အနေအထိုင် တစ်စက်ကလေးမှ ထောင့်မကျိုးတဲ့ ခပ်ပေပေ



www.burmeseclassic.com

www.burmeseclassic.com



ကောင်လေးနဲ့မှ သင်းက အားကိုးတကြီး လိုက်သွားရတယ်လို့။ ကြားရသတဲ့သတင်းက ယုံပင်မယုံချင်စရာ။

စဉ်းစားကြည့်လိုက်တိုင်း စိတ်ဖြေသိမ့်စရာတစ်ချက်က လေးမှ မရှိနေချေ။ အစကတည်းကမှ ပူလောင်နေတဲ့ရင်က အခု တော့ မဲတူးအောင်ပင် ကျွမ်းလောင်နေခဲ့ရပြီ။

မိခက်ရယ်။

ညည်းရဲ့ စဉ်းစားဆင်ခြင်ဉာဏ်တွေ ဘယ်ဆီကိုများ ရောက်ကုန်ပြီလဲဟင်။

အမေတို့ရဲ့ယုံကြည်မှု၊ မျှော်လင့်ချက်တွေကို အပိုင်းပိုင်း အစစဖြစ်အောင် ရိုက်ချိုးသွားတော့တာပဲ။

လုပ်ရက်လိုက်တာ မိခက်ရယ်။

ညည်းရက်စက်လိုက်တာအေ။

ဒေါ်ခင်မျိုးချစ်တစ်ယောက် သမီးဖြစ်သူ ခင်ခက်ခက်ရဲ့ အနာဂါတ်ကိုတွေးပြီး ရင်ထုမနာဖြစ်နေရတော့သည်။

◆ ◆ ◆

## အခန်း (၂)

"မင်းကလည်းကွာ လိုက်လာပြီးတော့မှ တစ်ချိန်လုံး ငိုနေတော့တာပဲ၊ ဘာတွေလဲကွာ ကိုယ်စိတ်ရှုပ်လာပြီ၊ နောင်တရနေ ပြီဆိုလည်း ပြန်တော့ခက်၊ ကျက်သရေမရှိ ငိုနေရတယ်လို့ကွာ၊ ရင်ခုန်ခြင်းတွေတောင် ဘယ်ရောက်ကုန်လဲ မသိတော့ဘူး"

ဟင်။

စိတ်ပျက်လက်ပျက် ငြီးငြူသံကြီးနှင့်အတူ မှုန်ကုတ်တင်း မာနေသော ထိုက်တန်ရဲ့ ချောမောလွန်းသော မျက်နှာလေးကို ကြည့်ပြီး ခင်ခက်ခက်ရဲ့ ငိုရှိုက်သံလေး ဘိခနဲနေအောင်ပင် တိတ်သွားရသည်။

နောင်တရရင်ပြန်တော့တဲ့။

ဒီအချိန်ကြီးကြမှ အိမ်ကို ခက်ဘယ်လိုပြန်လို့ရမှာလဲ၊

www.burmeseclassic.com

www.burmeseclassic.com



စာမေးပွဲကျလို့ အိမ်မပြန်ရဲတဲ့ခက်ကို သူနဲ့လိုက်ခဲ့ဟု ခေါ်ပြီးတော့မှ စိတ်ရှုပ်လို့ ပြန်တော့ဆိုပြီး စိမ်းစိမ်းကားကားပင် ပြောထွက်ရက်သည်။

“ကိုယ့်ကို ဘာကြောင့်ကြည့်နေတာလဲ ခက်၊ မင်းပဲ အလိုတူအလိုပါ လိုက်လာတာနော်၊ ကိုယ်မင်းကို ခြိမ်းခြောက်ပြီးခေါ်လာခဲ့တာမဟုတ်ဘူး၊ အဲဒီအချက်ကိုတော့ မင်းခေါင်းထဲ ထည့်ထားဖို့လိုတယ်၊ ဘယ်နှယ့်ကွာ အခုတော့ ရောက်ကတည်းက ငိုလိုက်တာ ရယ်ကိုမရပ်နိုင်တော့ဘူး၊ ကိုယ်တကယ်သည်းမခံနိုင်တော့ဘူး သိလား”

အစကတည်းကမှ ထိုက်တန်က စိတ်ဆတ်တတ်သူပါ။

ထစ်ခနဲဆို ဒေါသထွက်တတ်တဲ့ ထိုက်တန့်အကြောင်းကို ခက်အသိဆုံးပါပဲ။ ခက်နဲ့ တင်ရပ်ကွက်ထဲ တစ်လမ်းထဲ အတူတူနေသူမို့ ထိုက်တန်ရဲ့ သတင်းဆိုးများက နားမဆန့်အောင် ကြားနေခဲ့ရပြီးသားဖြစ်သည်။

ရည်းစားတွေ ထည်လဲတွဲတဲ့ထိုက်တန်။

ပညာရေးကို အပျော်ထက် ဦးစားမပေးဘဲ ခပ်ပေါ့ပေါ့ ပစ်ပယ်ထားခဲ့သော ထိုက်တန်။ တစ်နေ့တစ်နေ့ သူငယ်ချင်းတရုန်း ရုန်းနဲ့ပဲ ရှိနေတတ်တဲ့ထိုက်တန်။ ငွေကြေးပြည့်စုံတဲ့ မိဘရဲ့အရှိန်





အဝါနဲ့ ပြဿနာမျိုးစုံကို အရေမရအဖတ်မရ လိုက်ရှာနေတတ်တဲ့ ထိုက်တန် အဲဒီလိုဂုဏ်ပုဒ်တွေနှင့် ရှိနေသော ထိုက်တန်ကို ခက်က ချစ်နေခဲ့မိတာလေ။

အဖေနဲ့အမေက ထိုက်တန်တို့မိသားစုတွေနှင့် သိပ်ပြီး ရင်းနှီးပတ်သက်ခြင်းမရှိဘွာ အေးအေးဆေးဆေးနေပြီး ခက်ကို အမြဲတမ်း သတိပေးနေရင်းမှ ထိုက်တန်ရဲ့ ချစ်ခွင့်ပန်မှုကို ခပ်ကြိတ်ကြိတ်လေး ရင်ခုန်ပျော်ရွှင်နေခဲ့မိ၏။

ဘယ်သူတွေ ဘယ်လောက်မေးငေါ့နေနေ ထိုက်တန် သူမအနားကပ်လာပြီဆိုလျှင် ထိုအရာတွေအားလုံးသည် အစရှာမရအောင်ပင် ပျောက်ကွယ်သွားရတတ်သည်။

ဖြူနုသောအသားအရေ၊ မြင့်မားသောအရပ်အမောင်း၊ တောင့်တင်းသော ခန္ဓာကိုယ်အချိုးအဆစ်နှင့် ချောမောလွန်းသော ထိုက်တန်ကို မြင်လိုက်ရသည်ဆိုလျှင်ပဲ သူမ၏ရင်ထဲက နှလုံးသားနုနုသည် မချစ်ဘဲနှင့်မနေနိုင်အောင်ပင် ပျော်မွေ့နေခဲ့သည်။

ကံတရားပဲလား။

ဝဋ်ကြွေးရှိလို့လား။ သူ့ကိုမချစ်ဘဲ ခက်မနေနိုင်ခဲ့ပါ။ သူနဲ့တွေ့တိုင်း ခက်ရဲ့ရင်ခုန်သံတွေက ဘယ်တော့မှ စည်းချက်မညီတတ်။



www.burmeseclassic.com

www.burmeseclassic.com



အမေ အမြဲတမ်း သတိပေးမှာနေတဲ့ကြားက ထိုက်တန်ရဲ့ ချစ်သူကလေးတစ်ယောက်အဖြစ်ကို ခပ်ကြိတ်ကြိတ်လေး ခက် ခံယူခဲ့မိသည်။ အဲဒါကိုပဲ ပျော်မွေ့နေခဲ့မိ၏။

အမေ မရိပ်မိအောင် ဟန်ဆောင်မှုတွေနှင့် ဖုံးကွယ်ထားခဲ့ ပေမယ့် သူမနှလုံးသားတစ်ခုလုံးမှာတော့ ထိုက်တန်၏ ချစ်မိတဲ့ အချစ်တွေနှင့် ဖြည့်သိပ်ထားမိ၏။

ဒီကနေ့လည်း ထိုက်တန်ရဲ့နောက်ကို မထင်မှတ်စွာပဲ သူမ ကြည်ဖြူစွာ လိုက်ခဲ့မိ၏။ တကယ်တမ်းကျတော့ ခက် ဘယ်လိုမှ ရည်ရွယ်မှုမရှိခဲ့ပါ။

ဘာသာတရား ကိုင်းရှိုင်းပြီး အနေအထိုင် အေးဆေးသော ခက်တို့မိသားစုနှင့် ခပ်ပေါ့ပေါ့လေးနေထိုင်တတ်သော ထိုက်တန် သည် ဘယ်လိုမှ မသင့်တော်နိုင်ဘူးဆိုတာ ခက် အမြဲတမ်းတွေး မိပါသည်။

ဒါကြောင့်လည်း ထိုက်တန်ကို ခက် ဘယ်လောက်ပဲ ချစ်ချစ် သူနဲ့ယူဖို့ဆိုတာ အင်မတန်မှပင် စဉ်းစားနေခဲ့ရ၏။

ထူးခြားစွာပင် စာမေးပွဲအောင်စာရင်းကြည့်ပြီး စိတ်ညစ် ညစ်နှင့် အိမ်မပြန်ရဲသောခက်နှင့် ထိုက်တန်တို့ ဆုံမိကြ၏။ စာမေးပွဲ ကျလို့ အမေဆူမှာစိုးပြီး သူငယ်ချင်းကျော့ကျော့တို့အိမ်တွင် တစ်နေ့





လုံးနေခဲ့ပြီးလို့ ညနေစောင်း ရပ်ကွက်ထဲပြန်လာသောခက်နှင့် ရပ်ကွက်ထိပ်က လက်ဖက်ရည်ဆိုင်မှာထိုင်နေသော ထိုက်တန်တို့ ဆုံမိရာမှ ထိုက်တန်က စာမေးပွဲအကြောင်းမေးလို့ ဖြေမိရာမှ အခုလို အခြေအနေမျိုးအထိ ဖြစ်ခဲ့ရခြင်းဖြစ်သည်။

စာမေးပွဲကျလို့ အိမ်မပြန်ရဲသောခက်ကို စေ့စေ့စိုက်ကြည့် ပြီး ထိုက်တန်က ဆုံးဖြတ်ချက်တစ်ခု ချခဲ့သည်။

အဲဒါ···

သူ့နောက်ကိုလိုက်မလားတဲ့။

ကာရံမညီ၊ ကဗျာမဆန်လွန်းသော သူ့ရဲ့ခေါ်ဆောင်မှုကို တဒင်္ဂတော့ သူမ မှင်သက်သွားမိသည်။

ဘယ်အရာကိုမှ ခပ်ကြာကြာ စဉ်းစားတာ စိတ်မရှည် တတ်သော သူ့အကျင့်အတိုင်း နောက်တစ်ကြိမ် သူမကို ထပ်မေး ၏။ ထိုသို့ထပ်မေးသော လေသံသည် ပထမကလောက် နူးညံ့ မနေတော့ချေ။

နောက်ဆုံးတော့···

အမေနဲ့အမေ့ကို မျက်နှာမပြရဲ၊ ရင်မဆိုင်ရဲတာနှင့်ပဲ ခက် တစ်ယောက် ခေါင်းညိတ်ခဲ့မိ၏။ သူဆွဲခေါ်ရာနောက် တွေဝေတွန့် ဆုတ်မှုကင်းစွာပင် လိုက်သွားမိသည်။

www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြီးလို့ သူငယ်ချင်းတစ်ယောက်ရဲ့အိမ် ရောက်တော့မှပဲ ချုံးပွဲချငိုမိတော့၏။ ဘာကြောင့်ငိုမိသလဲဆိုတာလည်း ခက် မသိပါ။ ဝမ်းနည်းစိတ်နှင့် ကြောက်ရွံ့စိတ်များ ပေါင်းစုံကာ ဘယ်လိုမှပင် သူမစိတ်တွေကို ထိန်းချုပ်မနိုင်ခဲ့တော့ချေ။

အစကတော့ သူကချော့သေး၏။

အားပေးဖြေသိမ့်စကားလည်း ဆိုပါသေးသည်။

သို့သော်…

သူမ၏ငိုချင်သောစိတ်အစဦးသည် တရွေ့ရွေ့ကုန်ဆုံးသွားသော အချိန်နာရီနှင့်အတူ ပို၍ပင် မြင့်မားလာရတော့သည်။

ခုတော့…

သူသည် စိတ်မရှည်တော့စွာပင် သူမနှင့် ခပ်လှမ်းလှမ်း ဆက်တီခုံလွတ်တွင် ထိုင်နေသည်။ သူမကိုလည်း ရူးရူးဝါးဝါး စိုက်ကြည့်နေခဲ့၏။ ချော့လည်းမချော့တော့ချေ။ စိတ်ရှုပ်ထွေးသော မျက်နှာထားတင်းတင်းနှင့် စိုက်ကြည့်ကာနှင့် စကားကို ဆိုခဲ့ချေတော့သည်။

နာရီကိုကြည့်တော့ ညဆယ့်နှစ်နာရီခွဲတိတိ။

ဒီအချိန်ကြီးကျမှ…

သူမဘယ်လိုပြန်ရတော့မလဲ။

[redacted]



ခုလောက်ဆိုလျှင်…

အဖေနဲ့အမေတို့ ဒေါင်းတောက်အောင်ရှာပြီး သူမသတင်းကို ကြားပြီးနေလောက်တော့မည်။ အခုလိုအခြေအနေမျိုးကြီးမှာမှ ခက် ဘယ်လိုအိမ်ပြန်ရပါ့မလဲ။ ပြီးတော့ ပတ်ဝန်းကျင်ရဲ့ မေးငေါ့မှု။ ဒါတွေကို ထည့်မစဉ်းစားလို့မရပါ။ ဝမ်းနည်းလို့ ငိုမိတာကို ပြစ်မြင်ငြူစူစွာပင် ရက်ရက်စက်စက် ပြန်ခိုင်းရက်သော ချစ်သူရဲ့ စိတ်ဓာတ်ကို ပထမဆုံးအကြိမ် သွေးပျက်တုန်လှုပ်သွားမိသည်။

တကယ်ဆို…

ခက်ကို သူနားလည်ပေးသင့်တယ်မဟုတ်လား။

မိန်းကလေးတစ်ယောက်ရဲ့ စိုးရွံ့စိတ်ကို သူစာနာသင့်သည်။

သို့သော်…

စိတ်မရှည်တတ်သောအကျင့်ကြောင့် ထိုအရာအားလုံးကို သူက မျက်ကွယ်ပြုသွားခဲ့ချေပြီ။

ငိုသံလေးတိုးလျော့သွားပေမယ့် ရှိုက်သံမပျယ်သေးသော ခက်အနားကို သူမလာချေ။

ချောမောလှပ်းသော မျက်နှာလေးကို ကြည့်ရဆိုးလောက်အောင်ပင် သုန်မှုန်ထားဆဲပင်။

[redacted]

www.burmeseclassic.com

www.burmeseclassic.com



''ခက်''

သူ့ဆီ လှမ်းကာကြည့်မိ၏။

''မင်း ကိုယ့်ကိုချစ်တယ်မဟုတ်လား''

သူမဖြေမိ။

သူ့မျက်နှာဆီကိုသာ ငေးစိုက်ကြည့်နေမိသည်။

''ကိုယ်မေးနေတယ်လေ''

''ချစ်…ချစ်ပါတယ်''

''ဒါဆို ကိုယ့်နောက်လိုက်လာပြီးမှ ဘာလို့ငိုနေတာလဲ၊ မှားသွားပြီဆိုပြီး နောင်တရချင်နေတာလားခက်''

သူမ ခေါင်းခါပြမိ၏။

''ဘာလဲ မင်းမိဘတွေက ကိုယ်နဲ့သဘောမတူဘူးဆိုတာ သိသိကြီးနဲ့ လိုက်လာခဲ့မိလို့ အခုမှ စဉ်းစားမိတိုင်း ဝမ်းနည်းနေတာလား''

''ဟင်''

ခက် မျက်နှကိဝန်းလေးတွေ ပြူးဝိုင်းသွားမိ၏။ အမေတို့ သဘောမတူနိုင်ဘူးဆိုတာ သူဘယ်လိုသိသွားတာပါလိမ့်။ ခက်လည်း သူ့ကို တစ်ခါမှမပြောမိဘူးလေ။

''ဘာလဲ ကိုယ်ပြောတာ မှန်သွားလို့လား၊ အဟွန်း

[redacted]



ထင်တော့ထင်ပြီးသားပဲ၊ မင်းမိဘတွေက မရှိသေးကြီးနေကြတဲ့သူ တွေလေ၊ ကိုယ့်လိုလူမျိုးကိုတောင် သူ့သမီးနဲ့မတန်ဘူးလို့ သတ်မှတ် ချင်နေကြတယ်၊ အဲဒါကိုပဲ ကိုယ်ကမခံချင်တာ''

အို…။

မခံချင်တာတဲ့။

ဘုရား…ဘုရား။

အဲဒီအတွက်ကြောင့်နဲ့ သူ ခက်ကို အရယူခဲ့တာလား။

မဟုတ်ပါစေနဲ့။

အဲဒီလိုမဖြစ်ပါစေနဲ့။

ခက်တစ်ယောက် တုန်လှုပ်စွာပင် ရင်ထဲကကြိတ်ပြီး ဆုတောင်းမိ၏။

''ကိုယ့်လို အခြေအနေရှိတဲ့လူကိုတောင် သူတို့က နှစ်နာ တယ်ထင်ချင်နေသေးတယ်၊ အဲဒါကြောင့် အမြင်ကတ်လို့ တမင် ကို ယူပြလိုက်တာ၊ သော်သော်က ဖုန်းဆက်တယ်၊ မင်းယောက္ခမ ထီးကြီး အသဲအသန် သူ့သမီးကို လိုက်ရှာနေတယ်တဲ့၊ ဒါကြောင့် ဆက်ရှာမနေနဲ့ ကိုယ်နဲ့လိုက်သွားတာကို တမင်ပဲပြောခိုင်းလိုက်တယ်၊ အဟွန်း…ဟွန်း အဘိုးကြီးရှက်ရမ်းရမ်းပြီး အိမ်ပြန်သွားပြီတဲ့လေ၊ အခုလောက်ဆို ပေါက်ကွဲနေလောက်ပြီပေါ့''

[redacted]

www.burmeseclassic.com

www.burmeseclassic.com



"တန်"

သူမ…

ဆက်မကြားရဲစွာပင် တားဆီးလိုက်မိသည်။

"ဘာလဲ ခက်၊ မင်းက မင်းအဖေအကြောင်းပြောလို့ မခံနိုင်တာလား၊ ကိုယ့်အကြောင်းတွေ မကောင်းပြောပြီး မတူသလို၊ မတန်သလို ဆက်ဆံတဲ့ မင်းအဖေရဲ့လုပ်ရပ်တွေကိုကျတော့ ပြန်မကြည့်ဘူးပေါ့လေ၊ ကိုယ်လည်း သွေးနဲ့သားနဲ့ပါကွ၊ မင်းအဖေရဲ့စကားတွေ တစ်ဆင့်စကားတစ်ဆင့် ပြန်ကြားကြားနေရတာ ဘယ်လောက်တောင်များ အခံရခက်သလဲဆိုတာ ပြန်စဉ်းစားကြည့်ပါဦး၊ သူ့ဆိုတာ ကိုယ်ချင်းစာစိတ်ရှိရတယ်ကွ"

ဒါဆို…

တန်ကရော။

သမီးကိုကောင်းစားစေချင်တဲ့ ဖခင်တစ်ယောက်ရဲ့ ချစ်ခြင်းမေတ္တာတွေကို ဘာကြောင့် မစာနာနိုင်ရတာလဲ။ တန်လို ပေါ့ပျက်ပျက်နေတတ်တဲ့ ကောင်လေးနဲ့ ခိုးရာလိုက်သွားတာကို မကြည်ဖြူနိုင်တဲ့စိတ်ကို နားလည်မှုမပေးနိုင်ရတာလဲ။

သူမ ထိုမေးခွန်းတွေကို ရင်ထဲကနေပဲ အော်ဟစ်ကာ မေးမိသည်။ အပြင်မှာတော့ နှုတ်ခမ်းနှစ်ခုက တင်းတင်းစေ့ပိတ်



သျက်။

"မင်းသိလား ခက်၊ ကိုယ့်မိဘအခြေအနေနဲ့ ကိုယ့်ကို သမက်တော်ချင်နေတဲ့သူတွေ တပုံကြီးကွ၊ မင်းမိဘတွေပဲ ကဲကဲ ဆတ်နေကြတာ"

"ဒါကြောင့် ခက်ကို ရှင်ခိုးပြေးခဲ့တာလား တန်"

သူမ

ဒီတစ်ခါတော့ အရဲစွန့်ကာမေးမိသည်။

သူမအမေးကြောင့် သူ့ခေါင်း ဆတ်ခနဲထောင်မတ်သွား၏။ သူ့မျက်နှာက စောစောကဒေါသကြောင့် နီမြန်းခက်ထန်နေရာမှ တည်ခနဲတင်းသွားသည်။ စူးရဲလက်ဖြာသော မျက်ဝန်းအစုံက သူမ မျက်နှာထက် စိုက်စိုက်ကျရောက်လာ၏။

"မကျေနပ်လို့ တမင်ရယူလိုက်တာလား တန်"

ဒီမေးခွန်းကို

သူမ မေးသင့်သည်ဟုထင်ပါသည်။

ဘဝတစ်သက်တာလုံးအတွက် ရင်နှီးပုံအောပေးဆပ်ရတော့မည့် ထွက်ပေါက်မဲ့သူတစ်ယောက်ရဲ့ နောက်ဆုံးမျှော်လင့်ခြင်း လင်းရောင်တစ်စပဲမဟုတ်လား။

"တန်"

www.burmeseclassic.com

သူမဖြေပါ။

နှုတ်ခမ်းစိုရဲရဲတစ်စုံက တင်းတင်းစေ့ပိတ်နေသည်။

"ဖြေလေ တန်၊ အဲ့ဒါကြောင့် အို"

သူမအသံလေး တိခနဲတိတ်သွားရ၏။

သွက်လက်စွာ သူမထိုင်နေသော နှစ်ယောက်တွဲစက်တီခုံလေးဆီ ဆတ်ခနဲရွေ့ထိုင်ကာ သန်မာမြဲမြံသော လက်အစုံနှင့် သူမခန္ဓာကိုယ်လေးဆီ ရစ်နှောင်ပွေ့ဖက်ကာ ကျယ်ပြန့်နွေးထွေးသော ရင်ခွင်အစုံထဲ ပွေ့လိုက်သော သူ့ရဲ့မြန်ဆန်သော လုပ်ရပ်ကြောင့် သူမရဲ့ စကားသံလေး တိခနဲပြတ်တောက်သွားရတော့သည်။

"တန်"

"ဆက်မပြောနဲ့တော့ကွာ မကြားချင်ဘူး"

အို။

တားဆီးသံနှင့်အတူ သူမရဲ့ တဆတ်ဆတ်တုန်ယင်နေသော နှုတ်ခမ်းလေး ဖျတ်ခနဲနွေးမြသွား၏။

စကားသံလေး ဆက်ထွက်မလာတော့ချေ။

သို့သော်

ရင်ထဲက နှလုံးသားတွေကတော့ မြန်နှုန်းမြင့်စွာပင် ခုန်လှုပ်နေရတော့သည်။

◆ ◆ ◆

# အခန်း (၃)

"လာမအပ်စေနဲ့၊ ငါ့ရှေ့ကို လုံးဝမလာစေနဲ့၊ သင်းမျက်နှာကို မကြည့်ချင်ဘူး၊ သူ့စိတ်နဲ့သူ လုပ်ချင်တာလုပ်သွားတာ၊ သူ့သမိုင်းသူရေးပါစေ၊ ငါတို့နဲ့ လာမပတ်သက်စေနဲ့ ခင်မျိုးချစ်"

"အို တိုးတိုးပြောပါ ကိုခင်ထွန်းရယ်၊ ဘေးအိမ်တွေ ကြားကုန်ပါဦးမယ်ရှင်"

ဒေါ်ခင်မျိုးချစ်တစ်ယောက် ခင်ပွန်းဖြစ်သူ၏ ခံစားချက်ကို သိနားလည်သော်လည်း ခက်ကြိတ်ကြိတ်ပင် တားဆီးမိသည်။

ဘာပဲပြောပြော

ကိုယ်က သမီးရှင်လေ။

သမီးကိုချစ်လွန်းလို့ ကရုဏာဒေါသောဖြစ်မိပေမယ့် အရာအားလုံးက လွန်သွားခဲ့ပြီပဲမဟုတ်လား။ အခုအချိန်မှာ

www.burmeseclassic.com



ကိုယ့်ဘက်က ဘယ်လိုပဲဖြစ်ဖြစ် ရှုံးနိမ့်ခဲ့ပြီမို့ အရှုံးထဲက အမြတ်ထွက်ဖို့ပဲ ကြိုးစားရတော့ချေမည်။

ယောက်ျားမာနနဲ့ အတ္တကြောင့် ခင်ပွန်းဖြစ်သူက တင်းခံချင်ပေမယ့် သမီးရဲ့အနာဂတ် လှပရေးအတွက် မိမိကတော့ အလျှော့ပေးချင်သည်။

ဒါကြောင့်လဲ

ခင်ပွန်းဖြစ်သူကို နားချရတော့မည့်လေ။

ကောင်လေးက ခိုးပြေးသွားပြီဆိုတော့ ထိုက်တန်ရဲ့မိဘများက ကြားလူကနေတဆင့် မင်္ဂလာစကား ကြောင်းခိုင်းလာ၏။ တစ်ရပ်ကွက်သားအချင်းချင်းတွေလည်း ဖြစ်သည့်အပြင် သူတို့ရဲ့ ဂုဏ်သိက္ခာအရ မိဘမီပီ လာအပ်ပေးပါရစေတဲ့။

ဒီလိုအခြေအနေမျိုးမှာ

မိမိတို့ဘက်က ဘယ်လိုမှ အမှားလုပ်လို့မသင့်လျော်ချေ။ သမီးကိုချစ်သောစိတ်နှင့် မခံမရပ်နိုင်လောက်အောင် ပေါက်ကွဲနေတဲ့ ခင်ပွန်းဖြစ်သူရဲ့စိတ်ကို မိမိက နားလည်နိုင်ပေမယ့် ပတ်ဝန်းကျင်က နားထောင်နေကြတဲ့ နားတွေကတော့ လက်ခံနိုင်မှာမဟုတ်ချေ။

တော်ကြာ





တစ်ဆိတ်ကိုတစ်အိတ်လုပ်ပြီး တစ်ဘက်က သားရှင်မိဘတွေကို အတိုအတောင်သွားလုပ်လျှင် သမီးလေးဘဝရှေ့ရေးမှာ ဆူးညှောင့်ခလုတ်တွေဖြစ်ချေတော့မည်။

သမီးအနာဂတ်ကို လှပသာယာစေချင်သည်။ မိမိလိုစိတ်မျိုး ခင်ပွန်းဖြစ်သူမှာလည်း ရှိနေမှာပါပဲ။ ဒေါသထွက်လွန်းလို့ သာပြောတာ ကိုယ့်သားသမီးကို ထိခိုက်စေချင်တဲ့စိတ် ဘယ်မိဘဆိုမှာမှမရှိချေ။

"ကြားကြားကွာ ကြားတော့ ဂရုစိုက်စရာလား၊ ဒီလိုကောင်မျိုးနဲ့ အစကတည်းက စဉ်းတောင်မစဉ်းစားဘူးဆိုတာ ပြောဖြစ်အောင် ပြောထားလိုက်စမ်းပါ"

"ကိုခင်ထွန်း"

"ဘာလဲ မင်းက ဘာကိုကြောက်နေတာလဲ၊ မင်းသမီးကို ဟိုကောင်မယူဘဲ ပြန်ပို့မှာစိုးလို့လား၊ အဲ့ဒါကို မင်းက ကြောက်နေတာလား ခင်မျိုးချစ်"

"ဟုတ်တယ် ကိုခင်ထွန်း၊ ဟုတ်တယ် သမီးကိုပြန်ပို့မှာကြောက်တယ်ရှင့်၊ ကျွန်မသမီးရဲ့ အနာဂတ်မှာ ခိုးရာလိုက်ပြေးပြီးမှ ယောက်ျားလေးရှင်က ပြန်ပို့လို့ တစ်ခုလပ်၊ တစ်လင်ကွာဘဝနဲ့ သူများလက်ညှိုးထိုးပေးခံရမှာကြောက်တယ်၊ အဲ့ဒါဘာဖြစ်လဲ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မသမီး ဘဝတစ်သက်တာလုံး ဖျက်မရတဲ့ အမဲစက်ကြီးနဲ့ ရှင်သန်နေရတော့မှာကြောက်တယ်၊ ကျွန်မကအမေလေ ကိုခင်ထွန်းရဲ့၊ အမေဆိုတာ ကိုယ့်ဝမ်းနဲ့လွယ်မွေးထားရတဲ့ ဘယ်လိုသားသမီးမျိုးမဆို ကောင်းကောင်းဆိုးဆိုး ရှေ့ကနေ ရင်စည်းခံပြီး ကာကွယ်ချင်တာပဲ၊ အခု ကျွန်မသမီးရဲ့ အနာဂတ်ရှင့်၊ အဖေအမေ့ကြောင့် ပျက်စီးသွားရတာမျိုး လုံးဝအဖြစ်မခံနိုင်ဘူး၊ ကိုယ့်သားသမီးအတွက်ဆိုရင် ဘယ်သူကိုပဲ တောင်းပန်ရတောင်းပန်ရ၊ ခြေသလုံးပဲဖက်ရဖက်ရ ဖက်မှာပဲ၊ ရှင်ရော ရှင့်သမီးဒုက္ခရောက်တာကို တကယ်ကြည့်ရက်လို့လား၊ အဓိပ္ပါယ်မရှိတာတွေ မလုပ်စမ်းပါနဲ့ ကိုခင်ထွန်းရယ်၊ ကျွန်မသမီးလေးရဲ့မျက်နှာကို ရှင်ထောက်ထားပါဦးရှင်၊ ဟော့ဒီကမ္ဘာကြီးထဲမှာ ပြေးကြည့်မှ ကျွန်မတို့ဆီမှာ ဒီသမီးလေးတစ်ယောက်တည်းရှိတာပါရှင်၊ အဟင့် ဟင့်"

ဒေါ်ခင်မျိုးချစ်စကားကြောင့် ဦးခင်ထွန်း ငြိမ်ကျသွားရ၏။ မပြယ်သောဒေါသတရားထက် သမီးလေးဆိုသည့်အသိကြောင့် ရင်တဆတ်ဆတ်နာကျင်နေရသည်။

ဟုတ်ပါသည်။

ကမ္ဘာပေါ်မှာ ပြေးကြည့်မှ ဒီသမီးလေးခင်ခက်ခက်တစ်ယောက်သာရှိပါသည်။ ရှားရှားပါးပါး ဘုရားပေးထားသော





အဖိုးမဖြတ်နိုင်သည့် ရတနာလေးတစ်ပါးရယ်ပါ။

ဒါကြောင့်

ဇနီးဖြစ်သူပြောတာထက်ပင် ပို၍ တန်ဖိုးထားမိသည်။ မျှော်လင့်ချက်ကြီးစွာထားမိ၏။

ခုတော့

အရာအားလုံး သဲထဲရေသွန်သလိုပင် အရာပင်မထင်တော့။

တွေးမိတိုင်း အသည်းဆတ်ဆတ်ခါအောင်ပင် နာကျင်နေရသည်။ ဒါကို ဇနီးဖြစ်သူလည်း ခံစားနားလည်နိုင်မှာပါ။ သမီးကို မိမိဘယ်လောက်ချစ်သလဲဆိုတာ ဇနီးကအသိဆုံးပဲဖြစ်သည်။

လခစားဝန်ထမ်းဖြစ်တဲ့ မိမိရဲ့ရပ်တည်မှုကြောင့် သမီးလေးဆီမှာ ဘယ်တုန်းကမှ အားငယ်မှုမရှိစေရ။ သူများနဲ့တန်းတူယှဉ်ပြီး နေနိုင်အောင် လိုအပ်သမျှ မငြီးမငြူ ဖြည့်ဆည်းပေးခဲ့သည်။ သမီးဒါလေးလိုချင်တယ်အဖေလို့ တစ်ခွန်းတလိုက်တာနှင့် မိမိဘက်က ဝယ်ပေးပြီးသားပါပဲ။

မျက်စိရှေ့မှာ သမီးရဲ့ပုံရိပ်ကလေးရှိနေပ႒ာနှင့်ပင် တစ်နေ့လုံး အလုပ်ကပင်ပန်းလာသမျှ အမောက ဘယ်ဆီကိုရောက်သွားမှန်းပင် မသိတော့ချေ။ တဖြည်းဖြည်း အရွယ်ရောက်လာတဲ့ သမီး



www.burmeseclassic.com

www.burmeseclassic.com



ကိုကြည့်ပြီး တစ်နေ့နေ့တစ်ချိန်ချိန်ကျရင် ပိုင်ရှင်တစ်ဦးဦးထံမှာ အပ်နှင်းရမှာပါလားလို့ တရားနဲ့ဖြေသိမ့်ထားခဲ့မိပေမယ့် ထိုက်တန်ဆိုတဲ့ ခပ်တောတော ခပ်ပေပေကောင်တစ်ယောက်ကိုတော့ စိတ်ကူးပင်မယဉ်ဖူးခဲ့ပေ။

ကောင်လေးက ရုပ်ကလေးချောသလောက် အင်မတန်အပျော်အပါးမက်တဲ့ ပြဿနာကောင်လေးပါ။ ဒီလိုကောင်လေးကို အကြောင်းသိနေတဲ့ သမီးစိတ်ကစားလိမ့်မည်ဟု မိမိလုံးဝမထင်ခဲ့မိ။

ကိုယ့်မျက်စိရှေ့မှာ နေ့စဉ်နေ့တိုင်း မြင်နေတွေ့နေရသော ထိုက်တန်ကိုမှ ရွေးချယ်ခဲ့တာ မယုံနိုင်စရာပါပဲ။ အချစ်မှာ မျက်စိမရှိဘူးဆိုလျှင်တောင် အသိဉာဏ် ဤမျှလောက် ကင်းမဲ့ဖို့မကောင်းပါ။ အဲဒါကိုတွေးမိပြီး ဒေါ်သတ္တာဟာ တလိပ်လိပ်တက်နေရတော့သည်။

ပတ်ဝန်းကျင်က ပြောသံများအရ သမီးလေးတို့ကိုယောကျာ်းမဖြစ်သူက လိုက်ရှာပြီး သူ့အိမ်မှာ ခေါ်ထားပြီတဲ့။ သမီးကိုတွေ့ချင်ပေမယ့် မိဘရဲ့ချစ်ခြင်းမေတ္တာကိုမှ နားမလည် ကိုယ့်အနာဂတ်ကိုမှ တိကျသေချာသောလမ်းကို မရွေးချယ်ခဲ့သော သမီးရဲ့ မိုက်မဲမှုကြီးကို တွေးမိတိုင်း ဖြေဆေးမရှိသလိုပင် ဖြစ်နေရတော့





သည်။

"ကိုခင်ထွန်း"

"......"

"ကျွန်မတောင်းပန်ပါတယ်ရှင်၊ ရှင်ဘယ်လောက် ခံစားနေရသလဲဆိုတာ ကျွန်မနားလည်နိုင်ပါတယ်၊ လူဆိုတာ ကိုယ့်သမိုင်းကိုယ်ရေးရတယ်ဆိုပေမယ့် ကျွန်မတို့မိဘနှစ်ပါးရဲ့ ပယောဂကြောင့်နဲ့တော့ အမှားမဖြစ်ပါစေနဲ့တော့ရှင်၊ ကောင်လေး မိဘတွေ လူကြီးလူကောင်းပီသစွာ လာအပ်တာကို ရှင်လက်ခံပေးပါ ကိုခင်ထွန်းရယ်"

"မင်းထင်လား ခင်မျိုးချစ်၊ ငါတို့ အဲဒီလိုကြည်ကြည်ဖြူဖြူနဲ့ လက်ခံပေးလိုက်ရင် ငါတို့သမီး အနာဂတ်မှာ လှပနေနိုင်လောက်ပြီလို့ မင်းထင်နေသလား ခင်မျိုးချစ်ရယ်"

လှိုက်မော်တုန်အက်နေသော ငိုသံကြီးနှင့်အတူ မျက်ရည်တွေ တစ်ပေါက်ပေါက်စီးကျနေသော ခင်ပွန်းကိုကြည့်ပြီး ဒေါ်ခင်မျိုးချစ်တစ်ယောက် ရင်တစ်ခုလုံး နာကျင်စူးရှသွားရသည်။

ကိုခင်ထွန်း ဘာပြောချင်သလဲဆိုတာ ဒေါ်ခင်မျိုးချစ် အသိဆုံးပဲမဟုတ်ပါလား။ ကောင်လေးနဲ့ ခင်ပွန်းဖြစ်သူက တစ်ချက်ကလေးမှ မျက်နှာကြောတည့်ခဲ့တာမရှိဘူးလေ။ ထိုက်တန်ဆိုတဲ့



www.burmeseclassic.com

www.burmeseclassic.com



ကောင်လေးကို ခင်ပွန်းဖြစ်သူ ဘယ်လောက်အမြင်ကတ်သလဲဆိုတာ မိမိအသိဆုံးပဲဖြစ်သည်။

"ကိုခင်ထွန်းရယ်"

ခင်ပွန်းဖြစ်သူရဲ့ ရင်ခွင်လေးထဲ တိုးဝင်ကာ ခေါင်းမှီး ချစ်လည်း တသိမ့်သိမ့်သာ ရှိုက်ငိုလိုက်မိပါတော့သည်။ ရှေ့ဆက်ဘာတွေဖြစ်လာဦးမလဲ။ သေချာတာကတော့ သမီးလေးရဲ့ အနာဂတ် ဘယ်လိုမှ မလှပနိုင်ဘူးဆိုတာပါပဲ၊ ကောင်လေးက မိမိတို့ကိုအရွဲ့တိုက်ပြီး သမီးလေးကို အရယူခိုးပြေးသွားတာမဟုတ်လား။ ရင်ထဲမှာ မကျေနပ်ချက်တွေ၊ အငြိုးအတေးတွေနှင့် အပိုင်ချုပ်ကိုင်လိုက်တာပါ။

ရင်လေးလိုက်တာ။

သမီးရယ်။

တွေးတွေးမိတိုင်း အမေရင်လေးလိုက်တာကွယ်။

ထိုက်တန်တစ်ယောက်မှာလည်း အမေ့စကားကြောင့် စိတ်အညစ်ကြီး ညစ်နေရတော့သည်။

မိန်းကလေးရှင်ဘက်ကို ပြန်သွားအပ်ရမယ်တဲ့။

ဘာတွေလဲ။

လိုချင်လို့ယူခဲ့ပြီးပြီပဲဟာ ရပ်ကွက်လူကြီးတွေနဲ့ အုန်းပွဲ





ငှက်ပျောပွဲတွေနှင့် ပြန်အပ်ရတာ ဦးနှောက်ခြောက်စရာ။

ပြီးတော့...

ခင်ခက်ခက်ရဲ့အဖေ ဦးခင်ထွန်းဆိုတဲ့အဘိုးကြီး။

ဒီလူကြီးက သူ့ကို အစကတည်းကမှ ကြည်တာမဟုတ်ချေ။ သူနဲ့လမ်းမှာ မျက်နှာချင်းဆိုင်တွေ့လို့ ခင်ခက်ခက်ရဲ့အဖေပဲဆိုတဲ့အသိနဲ့ ပြုံးပြနှုတ်ဆက်တာကိုပင် မသိချင်ဟန်ဆောင်ပြီး သွားတတ်တဲ့လူကြီးပါ။ မျက်နှာကျောကြီးက သူ့ကိုတွေ့လိုက်တာနှင့် ခက်ထန်မာကျောသွားတတ်၏။

ဒီအဘိုးကြီးနဲ့ သူ လုံးဝမသင့်မြတ်ခဲ့ချေ။

နေရင်းထိုင်ရင်း သူ့ကိုကြည့်မရဖြစ်နေတဲ့ ဦးခင်ထွန်း။

ခင်ခက်ခက် ဘယ်လောက်ချောချော သူထက်သာတာတွေ ထိုက်တန်ဘဝမှာ အများကြီးပဲမို့ မျက်စောင်းပင်လှည့်မထိုးမိခဲ့။ နောက်တော့ မရှိသေးကြီးပြီး မာန်တက်နေတဲ့ အဖိုးကြီးကို သူ့စိတ်ထဲ အခံရခက်လာတာနှင့် ခင်ခက်ခက်ကို ဇွတ်အတင်းပင် သူလိုက်ခဲ့သည်။ သူ့လိုကောင်နဲ့ လုံးဝတူမတန်ဘူးဆိုပြီး သူ့သမီးကို အထွတ်အမြတ်ထားနေတာကို အမြင်ကတ်လွန်းလို့ပါ။

အစကတော့...

လွယ်တော့မလွယ်လောက်ဘူးဟု သူထင်ထားခဲ့မိ၏။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ရုပ်ချောပြီး အပြောအဆိုညက်သော ထိုက်တန်ရဲ့နူးနပ်မှု ကြောင့် အရိုင်းမလေး ခင်ခက်ခက်တစ်ယောက် အချိန်တိုတိုလေး အတွင်းမှာပင် သူ့ရင်ခွင်ထဲ ရောက်လာခဲ့သည်။

ထိုက်တန် ကျေနပ်မိ၏။

ဒီအပိုးကြီးတော့ ကျုံးတော့မယ်ဆိုတဲ့ အတွေးတွေ တွေးမိ တိုင်း ကျေနပ်ပီတိဖြစ်ရမြဲပင်။ သို့သော် အင်မတန်မာနကြီးတဲ့ ဦးခင်ထွန်းတို့ဆီမှ သတင်းစကားသံများ လွှံထွက်လာ၏။ ထိုက်တ လိုကောင်နဲ့ လုံးဝသဘောမတူနိုင်ဘူးတဲ့လေ။ ဘယ်လောက်ပဲ မိဘ ပိုက်ဆံချမ်းသာနေနေ စိတ်မဝင်စားဘူး၊ အထင်မကြီးဘူးတဲ့။ ဒီလို ကောင်မျိုး သမက်တော်ဖို့ဝေးရောတဲ့။

ထိုစကားသံတွေကြောင့်ပဲ သူ့ဒေါသတွေ အကြီးအကျယ် ထွက်ခဲ့ရ၏။ သူ့မာနတွေက ခေါင်းထောင်ထလာခဲ့သည်။ မရှိသေး ကြီးနေတဲ့ ဦးခင်ထွန်းနဲ့ ဒေါ်ခင်မျိုးချစ်တို့ရဲ့စိတ်ဓာတ်ကို အလဲထိုး နိုင်ဖို့ သူကြိတ်ပြီး ဆုံးဖြတ်ချက်ချလိုက်မိ၏။

မလိုချင်ပါဘူးဆိုတဲ့ သူ့လိုသမက်မျိုးကို ပေးအပ်ဖို့ ထိုက်တန်ကြိုးစားမိ၏။

ကံတရားရဲ့ဖေးမမှုကြောင့်လားမသိ နိုးပြေးမယ်ဟု အကြိမ် ကြိမ်အခါခါ တေးထားသော သူ့စိတ်ကို ကံကြမ္မာက မျက်နှာသာ



ပေးခဲ့သည်။

စာမေးပွဲအောင်စာရင်းသွားကြည့်ပြီး ကျုံးခဲ့သော ခင်ခက် ခက်ကို သူငယ်ချင်းအိမ်မှပြန်အလာ ရုပ်ကွက်ထိပ်တွင် မထင်မှတ် ဘဲ တွေ့လိုက်ရ၏။

အစကတော့ . . .

နိုးဖို့စိတ်ကူးမရှိခဲ့ချေ။

စာမေးပွဲအကြောင်းသာ မေးရုံသက်သက် သူမေးကြည့်မိ ခြင်းဖြစ်၏။ ဒီအချိန်မှာတော့ အစကတည်းကမှ ငိုချင်လက်တို့ဖြစ် နေသော ခင်ခက်ခက်တစ်ယောက် သူ့ရှေ့တွင် ကျုံကျုံပါအောင် မျက်နှာကို လက်ဝါးနှင့်အုပ်ပြီး ငိုပါလေတော့၏။ ထိုက်တန် ဘာလုပ်လို့ဘာကိုင်ရမှန်းမသိအောင်ပင် ကြောင်သွားရသည်။

လမ်းခုလတ်ကြီးတွင် ငိုနေသော ခင်ခက်ခက်ကိုကြည့်ပြီး နှစ်သိမ့်ဖို့ စဉ်းစားမိရာမှ ခင်ခက်ခက်၏ မိဘများ၏စကားကို ပြန်ကြားယောင်ကာ ဒေါသတွေပေါက်ကွဲပြီး အခါအခွင့်သင့်တုန်း တစ်ခါတည်းနိုးပြေးဖို့ ဆုံးဖြတ်မိတော့သည်။

ခုတော့ . . .

သွားပြန်အပ်ပြီး မင်္ဂလာကိစ္စဆွေးနွေးရမည်တဲ့။

သူမသွားချင်ပါဘူး။

www.burmeseclassic.com



ခင်ခက်ခက်ရဲ့ မိဘတွေက သူ့ကိုအထင်သေးကာ မတူ သလိုမတန်သလို ဆက်ဆံခံရမှာ သူရင်မဆိုင်ချင်။ မလိုက်ချင်ဘူး ဟု အမေ့ကိုငြင်းတော့ အမေက ရင်ဘတ်စည်တီးကာ ဆူတော့၏။

ခင်ခက်ခက်ကလည်း ဝမ်းနည်းကာ တရှုံ့ရှုံ့နှင့်ငိုနေသည်။

အဲဒါတွေကိုပဲ ထိုက်တန်က စိတ်ပျက်တာလေ။ မိန်းမ တစ်ယောက်ကိုနိုးမိတာ အဲဒီလောက်တောင်ပဲ အလုပ်တွေက ရှုပ်ရ သတဲ့လား။ အရင်ကတည်းကမှ လွတ်လွတ်လပ်လပ် ပေါ့ပေါ့ပါး ပါး နေတတ်တဲ့ ထိုက်တန်အတွက် အနှောင့်အယှက်ကြီးတစ်ခုနှင့် ရင်ဆိုင်ကြုံတွေ့နေရသလိုပင် ဖြစ်နေရသည်။

အဖေနဲ့အမေကလည်းတမျှောင့်။

သားဘက်ကခံစားချက်ကို နားမလည်ဘဲ ပတ်ဝန်းကျင်ရဲ့ ကဲ့ရဲ့ရှုံ့ချမှုကိုသာ စိုးကြောက်နေကြသည်။ သူတို့ရဲ့ဂုဏ်သိက္ခာ အတွက်ပဲ ကြည့်နေကြတော့၏။

နောက်ဆုံးတော့…

ထိုက်တန်ပဲ အလျှော့ပေးခဲ့ရသည်။

…ဘိသိလင်ခြင်းမရှိသေးချေ။

…တာ ခင်ခက်ခက်



သူ့အတွေး…မှာတော့ ထိုသို့ပြန်အပ်ပွဲကို ရှိသေလေးစား မှုတွေထက် အောင်လံထူပြဖို့…အတွက်သာ သူ့စိတ်တွေထက်သန်နေ ခဲ့၏။

သွားရမယ်ဆိုလည်း သွားလိုက်…ားပေါ့လေ။

သူက…

ပိုင်နေ၊ နိုင်နေပြီးသားလူပဲဟာ။

ဘာဖြစ်သလဲနော်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

"တောက်...ဒီကောင်ကွာ ပြောထားတဲ့ကြားကနေ အခု ထိပြန်မလာနိုင်သေးဘူး၊ အချိန်ကနီးကပ်နေပြီကွ၊ မူမူ မင်းသားဆီ ဖုန်းဆက်ပြီးခေါ်စမ်း၊ အခုချက်ချင်း အိမ်ပြန်လာခဲ့လို့"

"ဆက်နေတာပဲ ကိုရယ်၊ ဖုန်းကပိတ်ထားတယ်ရှင့်၊ တစ်ချိန်လုံး ဖုန်းခလုတ်ကိုနှိပ်ရတာ လက်တောင်ညောင်းကိုက်လာပြီ"

"ကျွတ်...ပြဿနာပဲကွာ၊ ဒီကောင့်ကြောင့်နဲ့တော့ ခက်တော့တာပဲ၊ သူမပါဘဲ ငါတို့ချည်းပဲ ဘယ်လိုသွားအပ်ရမလဲ၊ ဘေးပတ်ဝန်းကျင်ကရှိသေးတယ်ကွ၊ မင်းသားကြောင့်နဲ့တော့ ခက်တော့တာပဲကွာ၊ သူထင်ရာသူစိုင်း၊ လုပ်ချင်သလိုတွေ လျှောက်လုပ်လာပြီးတော့မှ ဒီကောင်က ရှောင်ချင်နေတယ်၊ မင်းသားတွေ



[…]ကြောင့်နဲ့တော့ ခက်တာပဲကွာ၊ ဘယ်အကောင်မှ ထောင့်မကျိုးဘူး၊ […]ကို သက်သက်ဒုက္ခပေးဖို့ လူဖြစ်လာကြတဲ့ကောင်တွေ၊ ငါ့သွေး […]မှ ဟုတ်ရဲ့လားမသိပါဘူးကွာ"

"အမလေး ကိုရဲ့၊ ရှင်ဘယ်လိုပြောလိုက်တာလဲ၊ ရှင့်သွေး […]ဟုတ်လို့ ကျွန်မက ဘယ်သူနဲ့ဖြစ်ပြီး ရတယ်ထင်သလဲ ကိုရဲ့၊ […]ားကိုရှင်ကြည့်ပြောနော်"

"ကြည့်ပြီးပြောနေတာပဲကွ၊ မင်းသားတွေရဲ့အချိုးကို […]ကြည့်ပါလား၊ ဘယ်အကောင်ကများ ငါ့အကျင့်စရိုက်နဲ့တူလို့လဲ"

"ကိုရဲ့"

"မင်းငါ့ကိုမအော်နဲ့ မူမူ"

"အော်မှာပဲ၊ ရှင်က ကျွန်မအသံမထွက်ထွက်အောင် […]နေတာပဲဟာ၊ အော်မှာပေါ့၊ ပြဿနာမဖြစ်ချင်လို့ ငြိမ်နေတာ […]ရတာ"

ဘုရားရေ။

ယောက္ခမဖြစ်သူနှင့် ယောက္ခထီးဖြစ်သူတို့၏ တစ်စတစ်စ […]ယ်လောင်လာသော စကားသံကို နားထောင်ရင်း ကြားကနေ […]န်နာလေးငယ်ကာ ငိုချင်စိတ်ပေါက်ရသူက ခင်ခက်ခက်ရယ် […]။

www.burmeseclassic.com

www.burmeseclassic.com



အစကတည်းက ဒီမိသားစုရဲ့အကြောင်းကို သိနေပြီးသား ပါ။ လင်မယားချင်း အမြဲတကြိမ်းကြိမ်းချလို့ ပတ်ဝန်းကျင်က ကဲ့ရဲ့နှာခေါင်းရှုံ့ရတာလည်း သူမအသိ။

သို့ပေမယ့်…

အရင်က ကိုယ်နဲ့မသက်ဆိုင်ခဲ့ဘဲ နေလို့ရခဲ့ပေမယ့် အခုလို သက်ဆိုင်ပြီး နဖူးတွေ့ဒူးတွေ့ရင်ဆိုင်နေရချိန်တွင်တော့ တကယ့်ကို သွေးပျက်တုန်လှုပ်ချောက်ချားစရာရယ်ပါ။

ခက်မျက်လုံးထဲ အဖေနဲ့အမေပုံရိပ်ကို ပြေးမြင်မိ၏။ အခုလို လင်မယားချင်းမသင့်မြတ်လို့ ခွန်းကြီးခွန်းငယ်ရန်ဖြစ်ဖို့ နေနေသာသာ သမီးရှေ့တွင် တစ်ခါမျှပင် မျက်နှာမသုန်မှုန်ခဲ့ကြတဲ့ အဖေနဲ့အမေရဲ့ အကျင့်စရိုက်။ မနက်မိုးလင်းတာနှင့် အဖေနဲ့အမေရဲ့ ဘုရားရှိခိုးသံ၊ အမျှဝေသံတွေနှင့်အတူ ကြည်နူးစွာနိုးထခဲ့ရသော သူမ။ အခြေအနေတွေက ထင်မထားလောက်အောင်ပင် ပြောင်းလဲ ခြားနားနေတော့သည်။

မနက်မိုးလင်းကလည်း ဆူညံဆူညံအသံများကြောင့် ညက စိတ်ညစ်ညစ်နှင့် တော်တော်နှင့် အိပ်မပျော်ခဲ့သော သူမ အိပ်ရာက အထိတ်တလန့် နိုးခဲ့ရသည်။

တန်ကတော့ ဘာမှမထူးဆန်းသလို တခေါ်ခေါ်နဲ့ အိပ်နိုင်



ပေမယ့် သူမမှာတော့ ရင်တုန်ပန်းတုန်နှင့် အသံတွေကို နားထောင်ကာ နေစရာနေရာမရှိတော့သလို ခံစားနေရ၏။

အမေမူအသံက ကျယ်ကျယ်လောင်လောင် ပေါ်ထွက်နေ တာလေ။ ကြည့်ရတာ အဖေဖ် ညကအိမ်ပြန်မအိပ်ဘဲ မိုးလင်းမှ ပြန်လာပုံရသည်။ လင်မယားနှစ်ယောက် အကြီးအကျယ် စကားများ နေကြ၏။

မကြားဝံ့မနာသာ အမေမူရဲ့ ဆွပ်စွဲသည့်စကားသံများကို ခက် အတိုင်းသားကြားနေရ၏။ ငိုချင်စိတ်နှင့်အတူ သူမရဲ့ လက်ရှိ ရထားသောဘဝကိုကြည့်ကာ နောင်တတွေတသီကြီး ရနေရသည်။

မိုးပြီးခံစားရတာက

ဒီကနေ့ သူမကို လူကြီးစုံရာနဲ့ ပြန်အပ်မယ့်နေ့မို့ ပို၍ပင် ရင်ထိတ်နေရ၏။ ရန်ဖြစ်ပြီး အဖေပြန်ထွက်သွားမှာကို ခက် အစိုးရိမ် ကြီးစိုးရိမ်နေမိသည်။ တော်ပါတော့ အဖေနဲ့အမေရယ်လို့ တောင်းပန် တားဆီးချင်ပေမယ့် သူမမှာ ထိုအခွင့်အရေးမျိုးက ရှိမနေချေ။

သို့သော်…

အံ့ဩစရာကောင်းလောက်အောင်ပင် မနက်ပိုင်းက တစ်ယောက်နဲ့တစ်ယောက် ထသတ်ကြတော့မည့်အတိုင်း ရန်ဖြစ်ခဲ့ ကြတဲ့ အဖေနဲ့အမေက နေ့လယ်ပိုင်းရောက်တော့ သူတို့ဘာမှမဖြစ်

www.burmeseclassic.com

www.burmeseclassic.com



ခဲ့ကြသလိုပင် ပြန်ပြီးအဆင်ပြေကာ သင့်မြတ်နေကြသည်။

တကယ်မကြုံဘူးတဲ့ ဖြစ်ရပ်ပါပဲ။

သို့ပေမယ့်...

ခက် ဝမ်းသာမိတာကတော့ အမှန်ပါပင်။

အခြေအနေတွေ အေးချမ်းသွားတာ မင်္ဂလာတစ်ပါးပဲ မဟုတ်လား။ အမေရယ်သံနှင့် အဖေ့ရယ်သံကို ကြားနေရတာ တကယ်ပဲ နားချမ်းသာစရာပါ။

ညနေခြောက်နာရီဆိုတဲ့အချိန်ကို စောင့်မျှော်ရင်း ခက်ရဲ့ အဖေနဲ့အမေကို မျက်နှာချင်းပြန်ဆိုင်ရမယ့်အရေး တွေးတွေးပြီး စိတ်လှုပ်ရှားနေခဲ့ရ၏။

လေးနာရီလောက်ကျတော့ တန်က အပြင်ကိုထွက်သွားသည်။ ဘယ်ကိုသွားမယ်ဟုလည်း ပြောမသွားချေ။ သူမကလည်း မမေးမိ။ သူသိနေပြီးသားလေဆိုတဲ့အသိနဲ့ ထွက်သွားတာကို ဒီအတိုင်းပဲ ကြည့်နေခဲ့မိသည်။

ခုတော့...

မိသားစုတွေအားလုံးလည်း အဆင်သင့်ပြင်ဆင်ပြီးချေပြီ။

အချိန်အားဖြင့်လည်း ငါးနာရီခွဲနေပြီဖြစ်၏။ သို့ပေမယ့် တန်ကတော့ အိမ်ပြန်ရောက်မလာသေးချေ။ အဖေနဲ့အမေတို့ကြောင့်





ပူလောင်ခဲ့ရသော ရှင်က အခုမှ အေးငြိမ်းမယ်ကြံကာရှိသေး တန်ကြောင့် ဒုတိယအကြိမ် ပြန်ပြီးပူလောင်နေရသည်။

တန်ရယ်။

ရှင်ဘယ်ရောက်နေလဲဟင်။

ဖုန်းကိုလည်း ပိတ်ထားတယ်တဲ့။

ခက် စိတ်ပူလိုက်တာ။

အခုလောက်ဆိုလျှင် အဖေနဲ့အမေကတော့ သူမတို့အလာကို ပြင်ဆင်ပြီးစောင့်မျှော်နေတော့မှာပဲ။ နာရီကိုမော့ကြည့်ပြီး ခက်ရင်ထဲ ဝမ်းနည်းမှုများက စုပြုံတိုးဝင်လာရ၏။ မျက်ရည်တို့က ဝေ့ဝဲကာ တက်လာကြသည်။

သို့သော်...

အပူရှပ်ကို အမေတို့မမြင်အောင် အလှအပတွေချယ်သကာ ဖုံးဖိထားရတာမို့ မျက်ရည်စီးကြောင်းကြီးတွေ ကျမသွားရအောင် မျက်တောင်စိပ်စိပ်များ ပုတ်ခတ်ပြီး တားဆီးနေရသည်။

တန်ပြန်မလာလို့ အားငယ်နေရသည့်အထဲ တန်ကြောင့် အဖေနဲ့အမေက တစ်ယောက်တစ်ခွန်း စကားကထာများနေကြသည်။

“ကုဋေတန်”

“ဗျာ...အဖေ”



www.burmeseclassic.com

www.burmeseclassic.com



"သွားစမ်း…ဟိုကောင်ထိုက်တန် ဘယ်ရောက်နေလဲလို့ သူ့သူငယ်ချင်းတွေကို သွားမေးစမ်း ကုဋေ"

"ဟုတ်ကဲ့ အဖေ"

ကုဋေတန် ဆတ်ခနဲထကာ ဟိုက်ထဲကထွက်သွား၏။

ဒီမိသားစုထဲမှာ ကုဋေတန်က နည်းနည်းတော့အနေအေးသည်ဟု ပြောရမည်။ ကုဋေတန်နှင့်ပတ်သက်ပြီး ပြဿနာဖြစ်သံ သိပ်မကြားရချေ။ အစက ကုဋေတန်ကို ခက် သိပ်သတိမထားမိခဲ့ပေမယ့် တန်နဲ့ပတ်သက်ဆက်နွယ်လာချိန်တွင်တော့ ကုဋေတန်ကို ခက် သတိထားခဲ့မိသည်။

ကုဋေတန်က မိဘအပေါ်သိတတ်ပြီး ရိုသေလေးစားတာကြီး မရှိသော်လည်း သူ့အတွက်နှင့်တော့ ဘာပြဿနာမှ မတက်စေဘဲ ခပ်အေးအေးနှင့် ဖာသိဖာသာနေတတ်သူပဲဖြစ်သည်။

သူမ ဒီတိုက်ကြီးထဲကိုရောက်တော့ အပြုံးအရယ်မရှိ ထူးဆန်းသောမျက်ဝန်းတစ်စုံနှင့်သာ စိုက်ကြည့်ပြီး ကြိုဆိုခဲ့သော ကုဋေတန်ကို သူမတအားမခင်မိပေမယ့် တအားကြီးလည်း စိမ်းသက်မနေမိပါချေ။

သို့သော်…

အခုလို ပေါ်ပေါ်ပါးပါး တန့်ကို သွားရှာပေးဖို့ ထွက်သွား





ခြင်းကိုတော့ သူမကျေးဇူးတင်မိတာတော့ အမှန်ရယ်ပါ။

ကုဋေတန်ထွက်သွားတော့ ခြောက်နာရီပင်ထိုးနေချေပြီ။ အဖေနဲ့အမေက ရန်စမသေဆီးပေမယ့် ခက်ရှိနေတာကို သတိထားမိကာ ရှေ့မဆက်ဘဲ ဖြတ်ထားသလိုရှိသည်။ ရန်မဖြစ်ပေမယ့် တစ်ယောက်တစ်နေရာစီတွင် ရှိနေကြ၏။ မျက်နှာချင်းမဆိုင်ကြချေ။

နာရီဝက်လောက်ကြာတော့ ကုဋေတန် ပြန်ဝင်လာ၏။

"ထိုက်တန်လာပြီအဖေ"

အမလေး။

ကုဋေတန်ရဲ့ အသိပေးစကားကြောင့် ခက်မျက်နှာလေး လက်ခနဲဖြာကာ တိုက်ပေါက်ဝဆီသို့ ချက်ချင်းရောက်သွားရသည်။

ကုဋေတန်ဝင်လာပြီး သိပ်မကြာ နောက်ကနေ ထိုက်တန် လိုက်ဝင်လာ၏။ တန့်ကိုမြင်တော့ ဒေါသအရှိန်မပြယ်သေးတဲ့ အဖေက ဆိုဖာဆက်တီမှာ ထိုင်နေရာမှ ဆတ်ခနဲထကာ တန့်အနားသို့ ပြုန်းခနဲရောက်လာ၏။

"ဟေ့ကောင် ထိုက်တန် ဒါက ဘာအချိုးချိုးတာလဲ၊ မင်းဘာလုပ်တာလဲ"

အင်္ကျီရင်ဘတ်စကို ဆုပ်ကိုင်ကာ ဒေါသတကြီး တုံ့ပြန်မို့



www.burmeseclassic.com

www.burmeseclassic.com



လုပ်နေတဲ့ အဖေ့ကြောင့် ခက်ရင်တွေ တဆတ်ဆတ်တုန်ကာ မျက်လုံးလေးတွေ ပြူးသွားရသည်။

''အဖေ…အဖေ မရိုက်ပါနဲ့၊ တန့်ကိုမရိုက်ပါနဲ့၊ ခက် တောင်းပန်ပါတယ်၊ တန့်ကိုမရိုက်ပါနဲ့အဖေရယ်၊ အဟင့် ဟင့်''

ခက်တစ်ယောက် တင်းထားသောစိတ်တွေ ဘယ်လိုက နေဘယ်လို ပြေလျော့သွားမှန်းမသိ လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားသော ဦးဖံမင်းတန်လက်တွေကို ဖမ်းဆုပ်တားဆီးကာ အသနားခံတောင်းပန်နေမိတော့သည်။

''ဟာ…သမီး…သမီးခက် မငိုနဲ့လေ''

''အဟင့်…ဟင့်''

အဖေက သူမငိုတော့ အံ့သြကာ လန့်သွားပြီး တန့်ဆီ ရောက်နေသော အေါသစိတ်တို့ ပြယ်လွင့်ကာ သူမဆီ အာရုံရောက် လာသည်။

''ဒီနေ့က သမီးရဲ့မင်္ဂလာနေ့ပါအဖေ၊ သမီးအတွက်နဲ့တော့ တန့်ကို အဖေအပြစ်မမြင်လိုက်ပါနဲ့နော်၊ တန့်စိတ်ထဲမှာ မျက်သွား မှာ သမီးမလိုလားလို့ပါအဖေ''

''အေးပါ သမီးရယ်၊ အေးပါ၊ အဖေစိတ်ထိန်းပါ့မယ်၊ ဟိတ်ကောင် မင်းဘာရပ်လုပ်နေတာလဲ၊ အဝတ်အစားသွားလဲလေ''





''ကျွန်တော် ဒီအတိုင်းပဲလိုက်မှာအဖေ''

''ဘာကွ''

ဟင်။

ခက်မျက်လုံးလေးတွေ ပြူးဝိုင်းသွားရသည်။

တန့်ဆီ နားမလည်နိုင်တော့သလို ဖျတ်ခနဲ မော့ကြည့်မိ၏။

ဒီပုံစံအတိုင်းလိုက်မှာတဲ့။

စပို့ရှပ်လက်တိုအနက်ရောင်က ရှေ့ရင်ဘတ်တွင် အရုပ်တွေက ကြောင်ကြောင်ကျားကျား။ ဝတ်ထားတာက ဂျင်းဘောင်းဘီ အနက်ရောင်ရှည်။

ဒါဟာဲ မိန်းမဖြစ်သွားအပ်မယ့် သတို့သားလောင်း တစ်ယောက်ရဲ့ပုံစံတဲ့လား။

''ဘာပြောလိုက်တာလဲ ထိုက်တန်၊ မင်းဘယ်လိုပြော လိုက်တာလဲ၊ ယောကြောင်း ဒီပုံစံနဲ့လိုက်လို့ရမလားကွ၊ မင်းပုံစံကို လည်းကြည့်ဦး''

''ကျွန်တော် ဒီလိုပဲဝတ်တတ်တာပဲဟာ''

''မင်းဘယ်လိုပဲဝတ်တတ်ဝတ်တတ်ပေါ့ကွ၊ အခုဟာက မင်္ဂလာကိစ္စနဲ့သွားရမှာ ကျက်သရေရှိအောင်တော့ ဝတ်မှပေါ့၊ လူ့ပုံသူ



www.burmeseclassic.com

www.burmeseclassic.com



နဲ့တူအောင်ဝတ်မှပေါ့ ထိုက်တန်၊ ဒါကို မင်းနားမလည်ဘူးလား''

''ကျွန်တော် မလဲချင်ဘူး''

''ထိုက်တန် မင်း မင်း သွား သွားစမ်း၊ အခုချက်ချင်း ငါ့ရှေ့ကနေထွက်သွားပြီး အဝတ်သွားလဲစမ်း၊ မင်းကို ငါဆွဲထိုးမိတော့မယ်နော်''

အဖေ့လက်သီးက တန့်မျက်နှာပြူနနထက် ဝဲနေပြန်၏။

''အဖေ မလုပ်ပါနဲ့၊ မလုပ်ပါနဲ့''

ဆွဲတဲ့သူကခက်။

အရှေ့က ဆူညံညံအသံတွေကြောင့် ပြေးထွက်လာသူက အမေမှုရယ်ပါ။

''ဘယ်လိုတွေဖြစ်နေကြတာလဲ၊ ပတ်ဝန်းကျင်ကိုလည်း အားနာပါဦး''

ပျာယီပျာယာထွက်လာပြီး အမေကတားဆီးသည်။

''မင်းသားကို မင်းကြည့်ပြောစမ်းမှုမှု၊ ဒီကောင့်မျက်နှာပေးကို ငါတစ်စက်မှ ကြည့်မရတော့ဘူး၊ အဝတ်အစားသွားလဲဖို့ မင်းပြော၊ တောက်''

အဖေက ဒေါသတကြီးနှင့် အားလုံးရှေ့ကနေထွက်ကာ အပေါ်ထပ်အခန်းဆီတက်သွား၏။



''သားရယ် မင်းကလည်းဟုတ်တာပဲ၊ ဒီပုံစံကြီးနဲ့ သူများတွေမြင်ရင် ကဲ့ရဲ့မှာပေါ့၊ သွား သွား အဝတ်သွားလဲလိုက်နော်တန်လေး၊ မင်းအဖေရဲ့ဒေါသလည်း သိရဲ့သားနဲ့၊ စိတ်မပါလည်း ဒီဟာတော့လုပ်ပေးလိုက်ပါတန်ရယ်၊ အမေ ကြားကနေတောင်းပန်ပါတယ်''

''မလဲချင်ဘူး အမေ၊ ဒီပုံစံနဲ့မလိုက်နဲ့ဆိုလည်း နေခဲ့ရုံပဲ၊ ကျွန်တော်မှ စိတ်ကျဉ်းကျပ်မခံနိုင်တာ၊ လူကြီးတွေကြားထဲတောင် ဘယ်လိုနေရမှန်းမသိလို့ အခုလိုရှောင်နေတာ၊ ဟိုကောင်အဆောင်းလာခေါ်လို့ လိုက်လာရတာ၊ ပြန်မအပ်ချင်ရင်လည်းနေကြတော့ဗျာ၊ အစီအစဉ်ဖျက်လိုက်တော့''

''အမလေး…ဘယ်လိုပြောလိုက်တာလဲထိုက်တန်၊ ဒါမင်းပြောသင့်တဲ့စကားလား၊ ခက်မိဘတွေက ရှိသေးတယ်ဟဲ့၊ ခက်ကိုလည်း မင်း နည်းနည်းလောက် ငဲ့ညှာသနားပါဦး''

''သားက ကိုယ့်ကိုယ်ကိုပဲ ပိုသနားတတ်တယ်ဆိုတာ အမေသိပါတယ်ဗျာ''

ထိုက်တန်ရဲ့အသံက မာဆတ်ဆတ်။

''တန်''

ခက်ရဲ့ခေါ်သံက ဖျော့ဖျော့။

www.burmeseclassic.com



တန့်မျက်နှာက ခက်ဘက် စောင်းငဲ့ကြည့်လာ၏။

"ဒီအတိုင်းပဲ လိုက်ခဲ့ပါတန့်၊ ဒီပုံစံအတိုင်းနဲ့ပဲ ခက်နော လိုက်ခဲ့ပေးပါ၊ ခက်တောင်းပန်ပါတယ်"

အသနားခံသံလေးက အက်ကွဲတုန်ယင်လို့။

အမေကတော့ သားဖြစ်သူကို အပြစ်တွေတင်ကာ ချ သလို အပေါ်ထပ်ကနေဆင်းလာသော အဖေကလည်း သက်ပြ ရှိုက်၏။ ကုဋ္ဌေတန်ကတော့ သူမရဲ့မျက်ရည်လဲ့နေသော မျက် ကို မကြည့်ရက်သလို ခေါင်းလေးငုံ့ကျသွားတော့သည်။

◆ ◆ ◆

## အခန်း (၅)

အင်မတန် ဟန်ဆောင်ကောင်းပါသည်ဆိုသည့် အဖေနှင့် အမေသည် သူမပုံစံပြင်ဆင်ထားမှုနှင့် တန့်ပုံစံ အကွာခြားကြီးခြားနား နေတာကို သတိပြုမိလိုက်သည်နှင့် ချက်ချင်းပင် မျက်နှာပျက်သွား ကြ၏။

အံကိုတင်းနေအောင် စေ့ကြိတ်ထားသော အမေ့မျက်နှာ က ပန်းသီးနီရဲရဲတစ်လုံးလိုပင် နီမြန်းလျက်ရှိသည်။ အမေ့မျက်နှာ မှာလည်း ဝမ်းနည်းနာကျင်မှုတို့နှင့် နင့်သည်းလျက်ရှိ၏။ လူကြီး မိဘအပေါ် အရိုအသေကင်းမဲ့သလိုဖြစ်နေသော တန့်ပုံစံကြောင့် ခက်ရဲ့မိဘများအပေါ် အဖေ့ရော အမေမှုပါ အားနာနေဟန်ရှိနေ ကြသည်။ တောင်းပန်သည့်မျက်ဝန်းအကြည့်လေးတွေနှင့် ကြည့်နေ ကြ၏။ ရပ်ကွက်လူကြီးတွေရော၊ ဖိတ်ကြားထားသော ဧည့်သည်

www.burmeseclassic.com



များရှေ့မှာမို့ ပြဿနာမဖြစ်အောင် ထိန်းချုပ်ကာနေကြသော်လည်း နှစ်ဘက်မိဘများမှာ ရင်းနှီးဖော်ရွေသော အရိပ်လက္ခဏာကိုတော့ မမြင်ရပါချေ။

ခက်။

တန့်ဆီ စောင်းငဲ့ကြည့်မိတော့ ချောမောသော တန့်မျက်နှာမှာ အရောင်တစ်ခု စိုလက်ကာ ဝင်းလက်နေသလိုရှိသည်။ နီရွှေနေသော တန့်နှုတ်ခမ်းနှစ်လွှာထက်မှာ ကျေနပ်သော အပြုံးလေးတွေနှင့်။

တန့်။

ရှင်ဘာဖြစ်နေတာလဲ။

ရှင်အရမ်းကိုပဲ ကျေနပ်ပျော်ရွှင်နေတာလား တန့်။

မင်းနဲ့သဘောမတူနိုင်ပါဘူးလို့ ကြုံးဝါးခဲ့တဲ့ အမေ့လက်ထဲက သမီးကို အရယူပြနိုင်တယ်ဆိုတဲ့ အနိုင်ရမှုကို မာန်တင်ပြနေတာလား။ တော်ပါတော့တန့်ရယ်။ အဖေက ကျရှုံးနေတဲ့သူတစ်ယောက်ပါ။ သမီးဖြစ်သူရဲ့ မိုက်မဲမှုကြောင့် လူကြားထဲမှာ မျက်နှာမပြရဲလောက်အောင်ပဲ ညှိုးငယ်နေရသူပါ။ ဒါကို တန့်က ထပ်ပြီး မော်ကြွားမပြနေပါနဲ့တော့ တန့်ရယ်။

ခက် တောင်းပန်ပါတယ်။



ခက်...

တောင်းပန်ပါတယ်ရှင်။

ခင်ခက်ခက်တစ်ယောက် မျက်ဝန်းအိမ်လေးထဲ ဝေ့သီလာသော မျက်ရည်စလေးများကို ဘယ်သူမှတွေ့မသွားရအောင် ခေါင်းလေးကိုသာ တွင်တွင်ငုံ့ထားမိသည်။ ဝမ်းနည်းစိတ်ကြောင့် တဆတ်ဆတ်တုန်ယင်လာသော နှုတ်ခမ်းသားလေးကို သွားလေးတွေနှင့် ခပ်ဖွဖွဖိထိကိုက်ကာ တင်းနေအောင်ပင် စေ့ပိတ်ထားလိုက်မိ၏။

ပြီးဆုံးသွားပါပြီ။

မိန်းမတစ်ယောက်ရဲ့ ခေါင်းမော့ရင်ကော့ကာ ပေါ့ပေါ့ပါးပါးကလေး နေနိုင်သော အပျိုစင်ဘဝက အခုတော့ ခြေတစ်လှမ်း စအမှား၊ အတွေးတိမ်တိမ် ဆုံးဖြတ်ချက်တစ်ခု၏အောက်တွင် လဲကျရှုံးနိမ့်သွားခဲ့ချေပြီ။

ဘယ်သူ့မပြုမိမိမှုတဲ့။

ကိုယ်လုပ်တဲ့ဒဏ် ကိုယ်ခံပဲပေါ့။

အရာအားလုံးကို ဘယ်သူကတိုက်တွန်းခဲ့လို့လဲ။ ခက်ပဲ အလောတကြီး ဆုံးဖြတ်ချက်ချခဲ့တာပဲမဟုတ်လား။ ခက် သိသင့်တာက စာမေးပွဲကျလို့ အဖေနဲ့အမေက ဆူတာကလွဲပြီး အသေသတ်ဘူးဆိုတာပါပဲ။ အခုတော့ နောင်မှရတဲ့နောင်တတွေနဲ့ ငိုကြွေး

www.burmeseclassic.com

www.burmeseclassic.com



ပြနေလို့လည်း ဘာများထူးခြားလာဦးတော့မည်နည်း။

"ကျွန်တော်တို့ဘက်ကတော့ သားနဲ့ပတ်သက်ပြီး ခင်ခက်ခက်ဟာ သမီးပါပဲ၊ အားလုံးသိတဲ့အတိုင်း ကျွန်တော်က သားတွေချည်းပဲ မွေးထားတာလေ၊ သမီးမိန်းကလေးလိုချင်တဲ့ ကျွန်တော်တို့ရဲ့ ဆန္ဒကို အခုတော့ ဦးခင်ထွန်းတို့ ဒေါ်ခင်မျိုးချစ်တို့က ဖြည့်ဆည်းပေးခဲ့တာပါ၊ အဲဒီအတွက်လည်း ကျွန်တော်တို့လင်မယားနှစ်ယောက်လုံး အရမ်းကိုပဲ ဝမ်းသာပြီး ဦးခင်ထွန်းတို့ကိုလည်း အများကြီးကျေးဇူးတင်ပါတယ်ခင်ဗျာ၊ သမီးလေးကိုလည်း ကိုယ်မွေးထားတဲ့သမီးလေးလို့ တန်ဖိုးထားပြီး စောင့်ရှောက်ပါ့မယ်လို့ ကတိပေးပါတယ်၊ မင်္ဂလာကိစ္စကိုလည်း အစ်ကိုကြီး ဦးခင်ထွန်းတို့ ဖြစ်စေချင်တဲ့အတိုင်း တသွေမတိမ်း လိုက်နာဆောင်ရွက်ပေးပါ့မယ်လို့လည်း ဟောဒီကရပ်ကွက်လူကြီးတွေရှေ့မှာပဲ ကျွန်တော်တစ်ခါတည်းကတိပေးပါတယ်ခင်ဗျာ"

လုပ်ငန်းရှင်တစ်ယောက်ပီသစွာပင် အပြောအဆိုညက်ညောလွန်းသော ဦးဖုံမင်းတန်၏ စကားကြောင့် လူကြီးတွေအားလုံးထံမှ ဝမ်းသာလှိုက်လှဲသော ချီးကျူးစကားသံများ သူမတို့အိမ်ဝိုင်းလေးထဲ လျှံတက်သွားရသည်။

အဖေနဲ့အမေလည်း မျက်နှာပန်းလှကာ အခုမှပဲ ပြုံးနိုင်



…၏။ တန်ရဲ့ထောင့်မကျိုးမှုကို အင်မတန်မှ မျက်မှန်းကျိုးလှ…ာ်လည်း ကိုယ့်သမီးက ရွေးချယ်ခဲ့ပြီးပြီမို့ အားမတန်၍…လျှော့ခဲ့ရသော အမေက အဖေ့စကားကြားတော့ အတော်လေး…ဖြစ်သွားပုံပင်။

ဦးဖုံမင်းတန်အား ကျေးဇူးတင်သောအပြုံးတွေနှင့် လှမ်း…ည့်ကာ အဖေက ခေါင်းလေးတညိတ်ညိတ်နှင့် ဖြစ်နေတော့၏။

"မင်္ဂလာရက်မြတ်နဲ့ မင်္ဂလာဆောင်ကိစ္စကိုတော့ …်တော်တို့ နှစ်ဘက်မိဘတွေ နောက်ရက်မှပဲ ရင်းရင်းနှီးနှီး …နွေးထွေးထွေး တိုင်ပင်ဆုံးဖြတ်ကြတာပေါ့ဗျာ၊ အခုတော့ စေ့စပ်…လာပွဲ အောင်မြင်တဲ့အထိမ်းအမှတ်နဲ့ ဦးခင်ထွန်းတို့ ဒေါ်ခင်မျိုး…်တို့ စေတနာမေတ္တာနဲ့ ညှို့ခံကျွေးမွေးမှုကို အသိအမှတ်ပြုပြီး …ရောက်လာတဲ့ ဧည့်သည်တော်များက သုံးဆောင်ပေးကြပါလို့ …်တော်ကပဲ မေတ္တာရပ်ခံပါရစေခင်ဗျာ"

"ဟုတ်ကဲ့ပါခင်ဗျာ၊ ဟုတ်ကဲ့ပါ၊ အခုလို အားလုံးပြောစ…ရှိအောင် အဆင်ပြေပြေ ချောချောမောမောဖြစ်ခဲ့တာဆိုတော့ …ပဲပြောပြော မင်္ဂလာရှိတာပါပဲဗျာ၊ ကျွန်တော်တို့လည်း ကြားရ… ဝမ်းသာပါတယ်၊ ဦးဖုံမင်းတန်ရယ်"

ရပ်ကွက်လူကြီးက ဝမ်းသာစကားဆို၏။

www.burmeseclassic.com



ခက်ရင်ထဲမှာလည်း ကြည်နူးလို့မဆုံးတော့ပါ။

အဖေ့က ဒီကနေ့ပွဲကို တကယ်ပဲ စိတ်ပါဝင်စားစွာနဲ့ ထိန်းပေးခဲ့တာမဟုတ်လား။ ခက်အတွက်တော့ တကယ်ပဲအားရှိစရာပါ။ အသက်ငယ်ငယ်ရွယ်ရွယ်နဲ့ ယောကျ်ားတစ်ယောက်နောက်ကို ဘာတစ်ခုမှ မစဉ်းစားမဆင်ခြင်ဘဲ မျက်စိမှိတ်လိုက်ခဲ့သော သူ့မအတွက် အခုလိုကြုံတွေ့ရမှုသည် အင်မတန်မှပင် ကံကောင်းထောက်မလွန်းလှပါသည်။

ထိုကံကောင်းမှုကို ဖန်တီးပေးခဲ့သော အဖေ့နဲ့ အမေ့မှုတို့ကိုလည်း ကျေးဇူးတင်လို့မဆုံးမိပါတော့ချေ။

"ခက်"

တီးတိုးခေါ်သံကြောင့် တန်ဆီ သူမလှည့်စောင်းကြည့်မိတော့ တန့်မျက်နှာက ရွှတင်းပုတ်သိုးလို့။

တန် ဘာဖြစ်နေတာလဲ။

မင်္ဂလာကိစ္စ အဆင်ပြေပြေဖြစ်တာကို မကျေနပ်ဘူးလား။

တန့်မျက်နှာက ဟန်ပင်မဆောင်နိုင်လောက်အောင် ပျက်ယွင်းနေခဲ့တာလေ။ တန် မကျေမနပ်ဖြစ်နေတယ်ဆိုတာကို ခက် ကောင်းကောင်းကြီး ရိပ်မိသည်။ အဲဒီအတွက်လည်း ခက်အရမ်းကို စိုးရိမ်ပူပန်သွားမိ၏။





စောစောက ဝမ်းသာပျော်ရွှင်နေသော အရိပ်အယောင်များက ခက်မျက်နှာလှလှလေးဆီမှ ရုတ်ချည်းပင် ကွယ်ပျောက်သွားတော့သည်။

"ကိုယ်ပြန်ချင်ပြီခက်"

"ခဏလေးနေပါဦးတန်ရယ်၊ ဧည့်သည်တွေတောင်အခုမှစားကြတာ"

"ကိုယ်စိတ်အရမ်းကျဉ်းကြပ်နေပြီ"

ပြဿနာပဲ။

တန်ကတော့ အေးချမ်းသာယာနေမှုကလေးကို ဖျက်ဆီးပစ်ဖို့ ခြေလှမ်းစနေချေပြီ။

"ခဏလေးပါ တန်"

"မင်းရဲ့ ခဏလေးခဏလေးနဲ့ အခုထိုင်နေတာ နာရီဝက်ကျော် တစ်နာရီလောက်ရှိတော့မယ်ကွ"

သူမအနားနား ခပ်တိုးတိုးကပ်ပြောပေမယ့် တန့်လေသံက တစ်ချက်ကလေးမှ ပျော့ပြောင်းမနေဘူးဆိုတာပါပဲ။ မသိချင်ဟန်ဆောင်ပြီး ခက် ငြိမ်သက်နေမိသည်။ တန်ကိုကြည့်ရတာ အဖေ့ကရှိနေတာမို့ ထထွက်မသွားရဲပုံပါ။

သိပ်ပြီးရှိသေကြောက်ရွံ့လွန်းတာ မဟုတ်ပေမယ့် ရပ်ကွက်



www.burmeseclassic.com

www.burmeseclassic.com



လူကြီးတွေရှိနေတာရော တခြားဖိတ်ကြားထားတဲ့ ဧည့်သည်တော်တွေရဲ့ရှေ့မှာ ရှိနေရတာရောကြောင့် ထထွက်မသွားခြင်းပဲဖြစ်သည်။

အဲဒါကြောင့်လည်း ခက်ကို တီးတိုးကပ်ပြီး တန် အကူအညီတောင်းနေတာပေါ့။ မဟုတ်လျှင် တန်ဆိုတဲ့ ယောကျ်ားက ခက်ဆီမှာ အရေးအရာလုပ်ပြီး သူ့ဆန္ဒကို တင်ပြနေပါ့မလား။ တန် ဘယ်လောက်ထပြီး ထွက်သွားချင်နေသလဲဆိုတာ ခက်အသိဆုံးပဲဖြစ်သည်။

"ခက်"

"ဟင်"

"ငါပြောနေတာကြားရဲ့လား၊ ငါဒီနေရာမှာ တစ်စက္ကန့်တောင် ဆက်ပြီးမနေချင်တော့ဘူးကွ"

"တန်ကလည်း"

"မင်း ငါ့ကိုအပြင်လိုက်ပို့ပေးခက်"

တောင်းဆိုနေသည်။

ခပ်ကြိတ်ကြိတ်ကပ်ပြီး တောင်းဆိုနေသည်။

ခက်…

မကြားချင်ဟန်ဆောင်လို့မရအောင် နားပူနားဆာတိုက်နေသည်။





"ခက်"

"ခဏလေးပါလို့ဆို"

"မရဘူးကွာ၊ အခုပဲလိုက်ပို့ပေး"

စိတ်ညစ်လိုက်တာ။

အဲဒီတန်က တကယ့်ပြဿနာပါပဲ။

ခက်…

ဘာဆက်လုပ်လို့လုပ်ရမှန်းမသိ။

သေချာတာကတော့ ဒီထက်ပိုပြီး သူမဘက်က ငြိမ်သက်နေပါက တန်နဲ့ သူမရဲ့အိမ်ထောင်ရေးကြား ကြီးမားသောပြဿနာနဲ့တိုင်းက ဝင်မွှေတော့မယ်ဆိုတာပါပဲ။ တန်ရဲ့စိတ်ကို သူမအသိဆုံးပဲလေ။ စိတ်ဆတ်သောတန်၊ ဒေါသကြီးသောတန်၊ ဘယ်အရာကိုမှ အရေးမစိုက်တတ်သောတန်အကြောင်းကို တန်နဲ့အန်းကပ်နေသော ခက် ပိုပြီးသိလာရလေလေပါပဲ။

တန်က သားကြီးမို့ အတ္တကြီးတယ်လို့ပြောရမလား မိဘတွေရဲ့ အလိုလိုက်ထားမှုကြောင့် ဆိုးချင်တိုင်းဆိုးသည်။ သူလုပ်ချင်တာ တဖွတ်ထိုးလုပ်တတ်ပြီး လိုချင်သည်ဆိုလျှင်လည်း အချိန်တစ်စက္ကန့်ပင် အစွန်းမခံတဲ့သူပါ။ တန် ညစ်ပြီဆိုလျှင် သူမတူအောင် ညစ်တတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



များတာပဲ။

ပထမအများက တန့်ကိုမှချစ်မိတဲ့အမှား၊ ဒုတိယမှားတာက အမေအမေတို့ သတိပေးတားဆီးနေတဲ့ကြားက တန့်ချစ်သူအဖြစ် လက်ခံခဲ့မိတဲ့အမှား၊ တတိယအမှားက တန့်နောက်ကို လိုက်ခဲ့မိတဲ့ အမှားပါပဲ။

ခုတော့…

ခက် ဒုက္ခလှလှတွေ့နေရပြီ။

အပူရုပ်ကို ဟန်လုပ်ဖုံးကွယ်နေရတဲ့ သူမအဖြစ်က ဘယ်လောက်တောင်မှပဲ ဆိုးဝါးလိုက်သလဲ။

ခက်…။

အဖေနဲ့အမေ့မျက်နှာဆီ လှမ်းကြည့်လိုက်မိ၏။

သူမတို့အခြေအနေကို အကဲခတ်စောင့်ကြည့်နေသော မျက်ဝန်းများကိုတွေ့တော့ သူမရင်လေး နင့်သည်းသွားရသည်။

"အဖေ…ဟို…ဟိုလေ…တန့်…တန့်က မိုက်နည်းနည်းမကောင်းလို့ အဲဒါ"

သူမစကား တစ်ဝက်တပျက်မှာ ရပ်သွား၏။

လူကြီးတွေအားလုံး စားသောက်နေရာမှ ခက်အသံကြောင့် ခေါင်းမော့လာကြပြီး ခက်ဆီ စုပြုံကြည့်လာကြသည်။

[redacted]



"သန့်စင်ခန်းသွားချင်လို့"

ခက်အသံလေးက ငိုသံစွက်ကာ အက်ကွဲလာသည်။

"တန့်အစားများပြီး ဝမ်းသွားနေတာလေ၊ အဟင်း ဟင်း တန့် သွားသား အိမ်ကိုပြန်တော့၊ အမေတို့နောက်မှလိုက်လာခဲ့မယ်"

"သြော်…ဒါကြောင့်ကိုး၊ တန့်တစ်ယောက် ဂဏှာမငြိမ်ဘူးလို့တော့ သတိထားမိသားပဲ၊ မင်းကတော့ကွာ အရေးမှအရာ ပေါ်ရတယ်လို့၊ သွား သွား မောင်ထိုက်တန် ပြေးတော့"

အမေမူရဲ့ ဖြတ်ထိုးဉာဏ်ကောင်းမှုကြောင့် ရပ်ကွက်လူကြီး ဦးမောင်က တန့်ကို နားလည်စွာ သွားခွင့်ပြုလိုက်သည်။

"အားလုံးခွင့်ပြုပါဦးခင်ဗျာ"

ဒီတော့မှ တန့်ဟာ ထောင်ချောက်ကလွတ်မြောက်သော သားကောင်တစ်ယောက်လိုပင် ခုန်ပေါက်ပျော်ရွှင်ကာ ထွက်သွားနိုင်တော့သည်။

"ခက်"

"ရှင်"

"လာလေ"

"ရှင်"

"တန့်တစ်ယောက်တည်း ဘယ်လိုနေရမလဲ"

[redacted]

www.burmeseclassic.com

www.burmeseclassic.com



ဒါတော့…

တန် လွှန်လွှန်းချေပြီ။

အဖေနဲ့အမေဆီမှာ ခက် ခဏတော့နေချင်လိမ့်ဦးမည်ဆိုတာ တန် စာနာနားလည်သင့်တယ်မဟုတ်လား။ လူကြီးတွေအားလုံး ပြန်သွားလျှင် အဖေနဲ့အမေကို ကန်တော့ပြီး သူမရဲ့အမှားကို ရှိခိုးတောင်းပန်ချင်သေးသည်။

ဒါကို…

လူကြားသူကြားမှာ ခက်အနေခက်အောင် ဖွတ်အတင်းတပါတည်းခေါ်နေ၏။ ခက်တွေဝေမှင်သက်စွာ တန့်မျက်နှာဆီ စိုက်ကြည့်နေမိ၏။

"မိခက်"

"ရှင် အဖေ"

"လိုက်သွား"

အဖေလေသံက မနူးညံ့သော်လည်း မာဆတ်မနေချေ။

"နေမကောင်းနေတဲ့ဟာကို တစ်ယောက်တည်းပြန်နိုင်းလို့ ဘယ်ဖြစ်မှာလဲ၊ လိုက်သွားလိုက်၊ မနက်ဖြန်ကျရင် အိမ်ကိုခဏလာခဲ့ဦး"

"ရှင်…ဟုတ် ဟုတ်ကဲ့အဖေ"



ခက်

အဖေ့ကိုခေါင်းလေးညိတ်ပြီး တန်နောက်သို့ လေးလံထိုင်းမှိုင်းသော ခြေလှမ်းတွေနှင့် လှမ်းကာလိုက်ခဲ့တော့သည်။ တောင်းပန်တိုးလျှိုးသော မျက်ဝန်းအကြည့်လေးတွေနှင့် ဝမ်းနည်းအားငယ်စွာ ကြည့်မိသည်။

မျက်ဝန်းထဲ ခိုတွယ်လာသော မျက်ရည်စတို့က သူမပြန်ထွက်လာခဲ့သော သူမတို့ခြံဝိုင်းလေးထဲက မြေပြင်ထက်သို့ ဖြတ်ခနဲ ကြွေဆင်းလျှက်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

"အဟင့်…ဟင့်"

"ဟင့်…ဟင့်"

ခက်ရဲ့ တသိမ့်သိမ့်ရှိုက်ငိုသံလေးက သူမတို့လင်မယား အတွက် အပိုင်စားပေးထားသော အခန်းလေးထဲ လျှံတက်နေခဲ့သည်။

"တန်မတရားဘူး၊ တန်အရမ်းရက်စက်တာပဲ၊ အဖေနဲ့ အမေ ဘယ်လောက်ခံစားရမလဲ၊ ကြည့်စမ်း ခက်ကိုမချစ်ဘဲယူ ရတယ်ဆိုရင်တောင် အခုလောက်တော့ တန် မလုပ်သင့်ပါဘူး"

အခန်းထဲမှာ အိပ်ရာပေါ် အေးအေးဆေးဆေး လှဲလျောင်း ပြီး တီဗွီဖွင့်ကာ နိုင်ငံခြားသီချင်းခွေ နားထောင်နေသောတန်ကို ကြည့်ပြီး ခက် ပြောမိသည်။ ခက်ပြောစကားတွေက ဆူညံနေသော



သီချင်းသံကြား တိုးမပေါက်ခဲ့ပါချေ။

တန်ရဲ့အနိုင်ယူမှု၊ အရွဲ့တိုက်မှုတွေကို ရပ်သင့်ပြီဟု ခက် ထင်သည်။ အဖေနဲ့အမေဆို ခက်ရဲ့မျက်နှာကိုငဲ့ပြီး ဘယ်လောက် တောင် အလျှော့ပေးနေခဲ့သလဲ။ ရှုံးနေတဲ့အဖေ့ကို ထပ်တလဲလဲ အနိုင်ယူပြနေတာတော့ တန် လွန်လွန်းသည်။

တကယ်ဆို အဖေဘာမှားလို့လဲ။

တန့်လို ဘာအလုပ်အကိုင်မှမရှိ လည်ပတ်သွားလာပြီး အားအားရှိ ပြဿနာရှာနေတတ်တဲ့ တန်ရယ်ပါ။ မိဘတွေပိုက်ဆံ ချမ်းသာတယ်ဆိုပြီး နေချင်သလိုနေသည်။ မိဘအလုပ်လည်း ဘယ်တုန်းကမှ ပိုင်းမကူချေ။

ဒီလိုကောင်လေးမျိုးကို ဘယ်လိုသမီးရှင်က စိတ်ချ ယုံကြည်စွာနဲ့ သူ့သမီးကို အပ်ချင်ပါ့မလဲ။ သူ့သမီးရဲ့အနာဂတ် အတွက် စိတ်အေးချမ်းသာစွာ နေနိုင်ပါ့မလဲ။

တန်က…

သူ့အပြစ်တွေကိုတော့ သူနည်းနည်းမျှမမြင်ပေ။

အဖေက သူနဲ့သဘောမတူနိုင်ဘူးလို့ ပြောတာလေးကိုပင် စိတ်ထဲစွဲမှတ်ကာ နာကြည်းနေခဲ့သည်။ တန်စိတ်ထဲမှာ အဲဒီလိုမျိုး အဖေနဲ့ပတ်သက်တဲ့ အငြိုးအတေးတွေထားခဲ့မှန်း ခက် မသိရိုးအမှန်



www.burmeseclassic.com

www.burmeseclassic.com



ပါ။ သိခဲ့လျှင် ခက်အုခုလို ယုံကြည်အားကိုးစွာ သူနောက်လိုက်
သွားခဲ့မိမှာမဟုတ်ချေ။

စာမေးပွဲမအောင်လို့ အဖေနဲ့အမေ့ကို ရင်မဆိုင်ရဲ၍သာ
တန်ခေါ်ရာနောက်သို့ လိုက်သွားမိခြင်းပဲဖြစ်သည်။ နောက်တော့
ခက်သိလိုက်ရ၏။ သူမသိလိုက်ချိန်တွင် နောက်အကျကြီး ကျသွား
ခဲ့ချေပြီ။ လှမ်းပြီးတဲ့ခြေလှမ်းတွေကို ပြန်ဆုတ်လို့မရတော့။

အဖေနဲ့အမေရယ်။

ခက်အမှားကြီးမှားခဲ့ပါပြီရှင်။

နောင်တတွေလည်း အများကြီးရနေပါပြီ အဖေနဲ့အမေ
ရယ်။

သမီးကြောင့် အဖေအမေတို့ရင်ထဲမှာ ဘယ်လောက်ထိ
တောင် စိတ်သောကတွေ ရောက်နေရသလဲဆိုတာ သမီးနားလည်
လိုက်ပါပြီ။

ဒါပေမယ့် . . .

သမီးဘာဆက်လုပ်ရတော့မလဲ အမေ။

တန့်ကိုထားခဲ့ပြီး အဖေအမေတို့ ဂုဏ်သိက္ခာမဲ့အောင်
တစ်ခုလပ်ဘဝနဲ့ ပြန်ပြေးလာခဲ့ရမလား။ ဟင့်အင်း သမီးမလုပ်ရက်
ဘူးအမေ။



သမီးဖြစ်သူ လင်နောက်လိုက်သွားလို့ ရပ်ကွက်ထဲမှာ
မျက်နှာငယ်နေရတဲ့ အဖေအမေတို့ကို နောက်ထပ်အရှက်တစ်ခု
မဖန်တီးပေးချင်တော့ဘူး။

တန့်ရဲ့ဒဏ်ကို သမီးကြံ့ကြံ့ခံပါ့မယ်။

သူ့ဘက်က ဘာတွေပဲပေးအပ်ပေးအပ် သမီးခံယူပါ့မယ်။
သမီးရဲ့စိတ်ဆင်းရဲဒုက္ခတွေကို အဖေနဲ့အမေ လုံးဝမသိအောင်
ထိန်းချုပ်ပြီး ရှေ့ဆက်နိုင်အောင် ကြိုးစားပါ့မယ်ရှင်။

"ခက်"

"အမောင့် . . . ဟင့်"

"ဟာ . . . မင်းငိုနေပြန်ပြီလား"

ကြည့်စမ်း။

သူမငိုနေတာ ဒီလောက်တောင်ကြာနေပြီ ဒါကို သူအခုမှ
သတိထားမိကာ မျက်မှောင်ကြီးတွန့်ကြုတ်သွား၏။

"မင်းတော်တော်ငိုနိုင်တဲ့ မိန်းမပဲနော်၊ မျက်ရည်ကလည်း
အဲဒီလောက်တောင်ပဲ လွယ်သလားခက်၊ ကြည့်လိုက်တိုင်း
မျက်ရည်ကစမ်းစမ်းနဲ့ တော်တော်စိတ်ပျက်စရာကောင်းတဲ့မိန်းမပဲ"

". . . . . . . . ."

သူက ဒေါသတကြီးဝေဖန်နေသလောက် ခက်ကတော့

www.burmeseclassic.com

www.burmeseclassic.com



ဘာစကားမှ ပြန်မပြောမိဘဲ ငြိမ်သက်စွာနေမိသည်။

''ခက်''

''ပြောလေ တန်''

''မင်းကို နောက်ဘယ်တော့မှ ငါ့ရှေ့မှာမငိုနဲ့လို့ ပြောထားတယ်မဟုတ်လား''

ဟုတ်သားပဲ။

တန်က အရမ်းကိုစိတ်ရှုပ်တတ်သူလေ။

သူ့ရှေ့ ဘယ်တော့မှ မငိုနဲ့စိတ်ညစ်တယ်လို့ မှာထားတာ ခက်မေ့နေမိသည်။

''ဘာလဲ မင်းက ငါအခုလိုလုပ်ခဲ့တာကို မကျေနပ်တာလား ခက်''

ခက် ငြိမ်သက်နေမိ၏။

ရှိုက်သံလေးကတော့ တိုးဖျော့သွားသည်။

''ဟော့…ငါမေးနေတယ်လေခက်''

''မကျေနပ်တာမဟုတ်ပါဘူး၊ ဒါပေမယ့် မကောင်းဘူးပေါ့ တန်ရယ်၊ လူကြီးတွေရှေ့မှာ အရှိအသေကင်းမဲ့သလိုဖြစ်တာပေါ့၊ တန့်ကို ပတ်ဝန်းကျင်က တစ်မျိုးထင်ပြီး ဝေဖန်ကဲ့ရဲ့မှာစိုးလို့ပါ''



''တော်စမ်းပါကွာ၊ ပတ်ဝန်းကျင်ကို မင်းထည့်မပြောစမ်းပါနဲ့၊ အဓိက မင်းမိဘတွေ စိတ်ငြိုငြင်တာကို မင်းကြောက်တာမဟုတ်လား''

တန်ပြောတာမှန်နေတာမို့ ခက် ပြန်လည်ချေပနိုင်သည့်စကားရှာမရ။

''မင်းစိတ်ထဲမှာ ငါကပဲ မတရားလုပ်နေတယ်လို့ တစ်ချိန်လုံးဖြစ်နေတာမဟုတ်လားခက်၊ ငါ့ကိုမြင်လိုက်တာနဲ့ မင်းအဖေနဲ့အမေက မျက်စိမျက်နှာကြီးတွေပျက်ပြီး မကြိုဆိုချင်သလိုလုပ်တာကိုကျတော့ မင်းမမြင်ဘူးလားခက်''

ဒါကတော့ တန့်ပုံစံက ကြိုဆိုချင်စရာမှမရှိတာ။

လူကြီးတွေ ဘယ်လောက်ဒေါသဖြစ်နေရမလဲ။ သတို့သားလောင်း တန် ဝတ်စားထားတာကိုပဲ ကြည့်လေဟု သူမစိတ်ထဲက ပြောမိ၏။

''ဘာလဲ မင်းက အဲဒီလိုလုပ်တာ မင်းအဖေမှန်တယ်လို့ ပြောချင်တာလား''

''ခက် ဘာမှမပြောဘူးတန်''

တန် ဒေါသထွက်နေတာမို့ အဖေဘက်လိုက်ပြီး ခက်မပြောချင်။

www.burmeseclassic.com



''မပြောပေမယ့် မင်းရဲ့မျက်နှာလေးက အဲဒီအတိုင်းဖြစ်နေတာပဲဟာ၊ ဒီမှာခက် မင်းကိုငါနိုးပြေးတာကလွဲပြီး မင်းမိဘတွေ မျက်နှာရအောင် ငါ့မိဘတွေက အားလုံးဖြည့်စုံအောင် စီစဉ်ပေးခဲ့တာကွ၊ ငါ့ဘက်က အားလုံးတာဝန်ကျေတယ်သိလား''

ဟုတ်ပါတယ်။

တန့်မိဘတွေကြောင့် ခက် မျက်နှာပန်းလှခဲ့တယ်ဆိုတာတော့ အမှန်ပါပဲ။

ဒါပေမယ့် အဖေနဲ့တန့်ရဲ့ အားပြိုင်နေတဲ့မာနတွေ။

အဲဒါတွေကို ခက်က ရပ်တန့်စေချင်နေပြီ။

''အဲဒီလောက် ဖြည့်ဆည်းပေးနေတာတောင် မင်းတို့ဘက်က ဘာတွေထပ်ပြီးတောင်းဆိုချင်နေတာလဲ၊ မင်းကိုနိုးပြေးခဲ့ပေမယ့် ရွှေအပြည့်ဆင်ပြီး တိုက်နဲ့ကားနဲ့ နေခိုင်းထားတာ၊ မင်းအခုနေနေရတာ မင်းမိဘအိမ်ထက် အများကြီးသာတယ်''

တန့်အပြောက ချောနေ၏။

ယောက္ခမဆင်ပေးထားတဲ့ ရွှေတွေနဲ့ ဘယ်လောက်ပဲပြည့်စုံအောင်နေရနေရ တန့်ဆီက နူးညံ့ညင်သာတဲ့ စကားနဲ့ ချစ်ခြင်းမေတ္တာတွေ မရတာလောက်စ် ခက်ဘဝမှာ လိုအပ်တာမရှိတော့။

တန့်နိုးပြေးခဲ့တယ်ဆိုတာ ခက်ကို သိပ်ပြီးချစ်မြတ်နိုးလွန်း

နိုးမိုး၁၇၆၁



သို့။ ခက်နဲ့ဝေးရမှာ စိုးရွံ့လို့မှမဟုတ်တာ။

တန့်လိုသမက်မျိုးကို မလိုလားတဲ့ယောက္ခ စိတ်သောက ရောက်ရအောင် တမင်ယူပြခဲ့တာပဲဟာ။ ခက် ဘယ်လောက်ပဲ ကြီးမားတဲ့ တိုက်အိမ်ကြီးနဲ့ပဲနေရနေရ ပျော်ရွှင်မှုဆိုတာ ဘယ်မှာ ဘာပြီး ရှိပါတော့မလဲ။

''ဒေါက် ဒေါက်''

ရုတ်တရက်

အခန်းတံခါးခေါက်သံကြောင့် ခက်နဲ့တန့်တို့နှစ်ယောက် လုံး ရန်စကားများ ရပ်တန့်ကာ အခန်းတံခါးဆီ ကြည့်မိကြသည်။

''ဟော့ကောင် ထိုက်တန့် အခန်းတံခါးလာဖွင့်စမ်း''

ဟင်။

အဖေ့အသံ။

ဒေါသတွေ ဘယ်လောက်တောင် အထွတ်အထိပ် ပေါက်ကွဲနေသလဲမသိ လေသံကြီးက ကြောက်စရာကောင်း လောက်အောင်ပင် ခက်ထန်နေသည်။

''ဟော့ကောင် ငါပြောနေတာကြားလား၊ အခုချက်ချင်း တံခါးဖွင့်လေ''

နိုးမိုး၁၇၆၁

www.burmeseclassic.com

www.burmeseclassic.com



တန့်က အိပ်ယာထက်ကနေထကာ တီဗွီခလုတ်များကို ပိတ်၏။

သူမ ကြောက်ကြောက်လန့်လန့်နှင့် တန့်ကိုခေါ်မိသည်။

တန့်မျက်ဝန်းစိမ်းတောက်တောက်တွေက သူမဆီ စူးခနဲ ရောက်လာပြီး ချက်ချင်းပင် ပြန်လှည့်သွားကာ အခန်းတံခါးဆီ ခြေလှမ်းကျဲများနှင့် လျှောက်သွားသည်။

မင်းကြောင့် အခုလိုဖြစ်တာဆိုတဲ့ ပြစ်တင်သည့်မျက်ဝန်း တွေ။

ခက်သိတာပေါ့။

ခက်နားလည်တာပေါ့။

နေရာက ချက်ချင်းထပြီး တံခါးဖွင့်ဖို့ကြံနေတဲ့ တန့်လက် တွေကို ဖမ်းဆွဲတားဆီးလိုက်မိသည်။

"ဘာလုပ်တာလဲ လွှတ်စမ်း"

"ဟင့်အင်း မဖွင့်နဲ့တန့်၊ တံခါးကိုမဖွင့်ပါနဲ့၊ အဖေ့ကို တန့် ထွက်မတွေ့ပါနဲ့၊ ခက်ပဲရှင်းပြပါ့မယ်၊ တောင်းပန်ပါမယ်၊ တန့် တန့်မသွားပါနဲ့"

"ငါတို့သားအဖကိစ္စပါ၊ မင်းဝင်ပါစရာမလိုဘူး၊ ငါလုပ် ခဲ့တဲ့ပြဿနာပဲ ငါပဲရှင်းမယ်"



"ဟင့်အင်း တန့်၊ တန့်မသွားရဘူး၊ အဖေဒေါသ အရမ်း ထွက်နေတာ၊ တန့်ကို တန့်ကိုရိုက်လိမ့်မယ်၊ အဟင့် ဟင့်"

"လွှတ်စမ်းဆိုကွာ ဖယ်"

"မဖယ်ဘူး တန့်"

"ဟာကွာ"

တန့်က စိတ်ပျက်စွာငြီးငြူ၏။

ခက်

တန့်ကို ဂရုမစိုက်စွာ အခန်းတံခါးဘက် မျက်နှာမူလိုက် ပြီး

"အဖေ အဖေရယ်၊ ခက်တောင်းပန်ပါတယ်၊ ခက် တောင်းပန်ပါတယ်၊ တန့်ကိုခွင့်လွှတ်ပေးပါ၊ တန့်ကို စိတ်မဆိုးပါနဲ့ တော့ အဖေရယ်၊ ခက် ရှိခိုးပြီး တောင်းပန်ပါတယ် အဖေရယ်၊ အဟင့် ဟင့်"

ခက်အသံကြောင့် အပြင်က အသံတွေ ခေတ္တမျှငြိမ်သက် သွား၏။

"ဟုတ်သားပဲ ရှင်၊ အားလုံးက ပြီးနေပြီပဲဟာ၊ အခုမှ ပြဿနာရှာနေလို့လဲ ဘာထူးတော့မှာလဲ၊ ပတ်ဝန်းကျင်ကြားရုံပဲ ရှိတော့မှာပေါ့၊ ကိုစံရယ်"

www.burmeseclassic.com

www.burmeseclassic.com



''ခက်တာပေါ့ မူမူ၊ အဲဒါတွေ မင်းတို့ သိပ်ခက်တာပေါ့၊ ဒီကောင်လုပ်သွားတဲ့ ဒီနေ့အချိုးကိုကြည့်စမ်း၊ ငါတို့ ဘယ်လောက်တောင် မျက်နှာပျက်ရသလဲ၊ တော်သေးတာပေါ့ကွာ၊ ကိုထွန်းခင်တို့က နားလည်ပေးလို့၊ လူမိုက်သားရမ်းကားတဲ့ကွ၊ ဒီကောင်က မရမ်းကားပေမယ့် အေးစက်ပြတ်သွားတာ၊ အဲဒါကို မင်းအမြင်ပဲ မဟုတ်လား မူမူ''

''ဟုတ်ပါတယ် ကိုစံရယ်၊ အဲဒါကြောင့်လဲ ကျွန်မ ဆုံးမပါ့မယ်လို့ ရှင့်ကို တစ်လမ်းလုံး တောင်းပန်လာတာပဲဟာ၊ တော်ပါတော့ရှင်''

''ဟ မင်းတစ်ချိန်လုံး ဆုံးမမယ်ပြောပြောပြီး မင်းသားတွေရှေ့ကနေ ကာဆီးကာဆီးလုပ်ခဲ့တာ အခုတော့ ဒင်းကြောင့်တောက် ငါကွာ၊ မပြောလိုက်ချင်ဘူး''

''ဟုတ်ပါတယ် ကိုစံရယ်၊ ကျွန်မမှားတာပါ၊ ဒါပေမယ့် သမီးမျက်နှာကရှိသေးတယ်လေ၊ ကျွန်မတို့မိသားစုထဲမှာ အစိမ်းသက်သက်နဲ့ အားငယ်နေရတဲ့အထဲ၊ တစ်ချိန်လုံး ပြဿနာတွေနဲ့ ဆုံပွနေတော့ အနေခက်မှာပေါ့ လာပါရှင်၊ စိတ်လျှော့လိုက်ပါတော့၊ လာပါ ကိုစံရဲ့''

အမေ့ရဲ့ ဖျောင်းဖျသံကိုကြားရတော့ ခက် အားတက်မိ



သည်။ အခန်းတံခါးကို ကျောပေးရပ်ကာ တန် မဖွင့်နိုင်အောင် ခက် အထဲကနေ တားဆီးထားမိ၏။

''ဟေ့ကောင် တန်၊ ဒီတစ်ခါတော့ မင်းနေဦးပေါ့ကွာ၊ နောက်တစ်ခါ မင်း အဲ့ဒီလို မိဘတွေ အရှက်ရပြီး သိက္ခာကျအောင် လုပ်ရဲလုပ်ကြည့်စမ်း ဟေ့ကောင်၊ မင်းနဲ့ငါအတွေ့ပဲ''

အဖေ့ကြိမ်းဝါးသံက စူးစူးဝါးဝါး။

ကျွန်းတံခါးချပ် တစ်ဘက်တစ်ချက်ဆီမှာမို့ စကားသံတွေက ပီပီပြင်ပြင်ကြားနေရ၏။ ခက်မျက်ဝန်းလေးတွေကို စုံမှိတ်ထားမိသည်။ တန့်ဆီက ပေစောင်းစောင်းအကြည့်ကိုလည်း ခက် မကြည့်ရဲ။

ဆွဲခေါ်သံ။

ကြိမ်းမောင်းသံ။

ဖျောင်းဖျပြောဆိုသံများ တစစဝေးတော့မှပဲ။

ခက်မှာ ကြောက်ဒူးတုန်တုန်ရှိနေသည့်ကြားက အားခဲထားရတာမို့ စိတ်လျှော့လိုက်ချိန်တွင်တော့ အင်အားမဲ့စွာ ကြမ်းပြင်လေးပေါ် ခွေခနဲ။

''ခက်''

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

"သမီး"

"အမေ"

ဆီးကြိုပွေ့ဖက်လာသော အမေ့ရင်ခွင်လေးထဲတိုးဝင်ပြီး ခက် ပါးပြင်လေးထက် မျက်ရည်တို့စီးကျလာရသည်။

"သမီးလေးရယ်"

"အမေရယ်၊ ခက်ကိုခွင့်မလွှတ်ပါနဲ့နော်၊ ခက်က အမေ့ သမီးတောင် မဖြစ်သင့်တဲ့ အမိုက်မပါ၊ အမေခွင့်မလွှတ်ပါနဲ့ရှင်"

"သမီးရယ်"

အမေက သူမကိုဖက်ပြီးငိုသည်။

အဖေကတော့

မျက်နှာကို တစ်ဘက်သို့လှည့်ထား၏။





ခက်ဝင်လာတာကို အဖေတွေ့သားပဲ။

သို့သော်

အဖေမသိချင်ဟန်ဆောင်နေသည်။ သမီးဟု တစ်ချက်က လေးမှပင် အဖေကမခေါ်ချေ။ ခက် ကြောက်လည်းကြောက် ဝမ်းလည်းနည်းမိသည်။ အမေကတော့ သူမ အိမ်လေးပေါ်တက်လာ တာ်နှင့် ဝမ်းသာအားရပင် အပြေးတပိုင်းကြိုဆို၏။ အမေ့ရင်ခွင်ထဲ နိုဝင်လိုက်ရချိန်တွင် သူမရင်ထဲ အလိုလို အားအင်တွေ ပြည့်သွား သလိုပင် ခံစားလိုက်ရသည်။

အဖေ့ကေ သမီးမိဘတွေဆီ သွားလိုက်ဦးဟု သတိပေး တော့ တန့်ရဲ့မျက်နှာက အလိုမကျဟန်တွေနှင့် ကွက်ခနဲပျက်သွား ၏။ တန်မသွားစေချင်ဘူးဆိုတာသိ၍ ခက် ဘာမှမပြောဘဲ ဟုတ် ကဲ့ဟုသာပြောပြီး ငြိမ်သက်နေမိသည်။

ခက် မိဘတွေအိမ် အရမ်းကိုသွားချင်နေတာပါ။

ဒါကို

အဖေကနားလည်နေဟန်ရှိသည်။

တန်ရှေ့မှာပဲ ဖွတ်အတင်းသွားခိုင်းနေ၏။ ဒီတော့မှပဲ ခက်ထွက်လာနိုင်ခဲ့သည်။ အဖေ့ကေ ပြောမယ်သာပြောရတာ ခက် အပေါ်မှာတော့ အတော်ကလေး စာနာနားလည်၏။ သူ့ဟာသူ ဘယ်လိုပဲနေနေ မိသားစုကိုတော့ လိုလေသေးမရှိအောင် အပြည့်



www.burmeseclassic.com

www.burmeseclassic.com



အစုံထားသည်။

လုပ်ငန်းအတော်များများကိုလည်း အမေမှုနာမည်နှင့် လွှဲထား၏။ ဆိုးတဲ့အချက်တွေရှိပေမယ့် ကောင်းတဲ့အချက်တွေလည်း အဖေ့မှာ အများကြီးရှိပါသည်။ ဘာပဲပြောပြော ခက်ကလည်း ယောက္ခမတွေအပေါ် တလေးတစား ဆက်ဆံတာလေ။

အိမ်မှာ အလုပ်သမားကောင်မလေးရှိပေမယ့် ခက်က အချောင်နိုပြီးမနေ။ အိမ်သန့်ရှင်းရေးရော ချက်ရေးပြုတ်ရေးကအစ ဝင်လုပ်၏။ အမေမှုကတားဆီးပေမယ့် ခက်ကိုယ်တိုင်ကိုက အလကားထိုင်မနေတတ်သူမို့ ဝင်ကူမိသည်။

အမေမှုဈေးဝယ်လျှင် ခက်က အနောက်ကနေ ခြင်းဆွဲဖို့ လိုက်၏။ အမေမှုအကြွေးလိုက်ကောက်လျှင် စာရင်းစာအုပ်တစ်အုပ်နှင့် သူမနောက်ကလိုက်သည်။ ဒါကြောင့် အမေမှုကလည်း သူမကို အားကိုးကာ သမီးရင်းတစ်ယောက်လိုပင် ဖြစ်နေတော့သည်။

ဒါကို

တန်က နည်းနည်းမျှကြည့်မရချေ။

အခုလည်း

အဖေနဲ့အမေက သူမကို အတင်းသွားဖို့ တိုက်တွန်းတာကြောင့် ခက် အမေတို့အိမ်ကို ထွက်လာခဲ့မိ၏။ စူတင်းပုတ်သိုးနေသော တန့်မျက်နှာကို မသိချင်ဟန်ဆောင်ကာ သူမလာခဲ့သည်။



ခက်ကို ပြန်သွားအပ်တဲ့နေ့က အဖေက လာခဲ့ဦးဟုမှာထားပေမယ့် အိမ်မှာက တန့်နဲ့ အဖေ့ဖတို့ရဲ့ တင်းမာတဲ့ အခြေအနေများကြောင့် ခက် အမေတို့ဆီသွားချင်ပေမယ့် သွားမရခဲ့ပါ။

ဒါကြောင့်

အခုလို အခြေအနေပေးတုန်း လက်လွှတ်မခံဘဲ ထွက်ခဲ့မိသည်။

"သမီး"

"ရှင် အမေ"

"မောင်ထိုက်တန်နဲ့ရော အဆင်ပြေရဲ့လား"

"ပြေ…ပြေပါတယ်"

သူမ အမေစိတ်ချမ်းသာအောင် ဖြေမိ၏။

"မေးသာမေးရတယ်၊ သမီးသတင်းတွေက အမေတို့နားမဆံ့အောင် ကြားနေရပြီးသားပါ"

အို။

ဘာတွေလဲ။

အမေတို့ ဘာသတင်းတွေကြားထား…တာလဲ။

ဒီမေးခွန်းကိုတော့ ခက်မမေးဖြစ်။

သူမနားထဲမှာ ဒီကိုမသွားခင် မြန်မြန်ပြန်လာခဲ့ဟု တီးတိုးမှာလိုက်သော တန့်အသံကို ပြန်ကြားယောင်နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



""အမေ""

""ဟင်""

""အဖေရောနေကောင်းရဲ့လားဟင်၊ အမေ့မျက်နှာကိုကြည့်ရတာ ညှိုးနွမ်းနေသလိုပဲ""

""အဖေ အခုတလော သိပ်နေလို့မကောင်းဘူးကွဲ့၊ ဒါပေမယ့် အရမ်းကြီးကြီးမားမားတော့မဟုတ်ပါဘူးကွယ်""

""ဒါပေမယ့် ပေါ့ဆလို့တော့မဖြစ်ဘူးအမေ၊ ဆေးခန်းသွားပြမှဖြစ်မှာပေါ့""

""အေးပါကွယ်၊ အမေ့အတွက် သိပ်လည်းစိတ်ပူမနေပါနဲ့၊ အမေက သမီးအတွက်ပဲ စိုးရိမ်နေတာ၊ အမေ့အိမ်မှာ ခြေမွေးမီးမလောင်၊ လက်မွေးမီးမလောင်နေရတဲ့ သမီးက ယောက္ခမတွေရဲ့ မီးဖိုချောင်ဝင်နေရတာ အဆင်ပြေပါ့မလားလို့""

အမေ့စကားကြောင့် ခက်မျက်နှာလေး ရဲခနဲဖြစ်သွားရ၏။

""ခင်မျိုးချစ် မင်းဘာတွေလျှောက်ပြောနေတာလဲ၊ ဒါ အိမ်ထောင်ကျပြီးသား မိန်းမတစ်ယောက် ထမ်းဆောင်ရမယ့်တာဝန်ပဲဟာ""

အဖေက အမေ့စကားကို မနှစ်မြို့စွာ ဝင်ထောက်၏။ ဒီတော့ အမေက ငြိမ်ကျသွားသည်။

""မိခက်""



""ရှင် အဖေ""

""သမီးကိုခေါ်တာ ပေးစရာရှိလို့ခေါ်လိုက်တာ""

""ရှင်""

""သမီးသိတဲ့အတိုင်း အဖေတို့က လခစားအလုပ်သမားတွေလေ၊ များများစားစားမရှိပေမယ့် တတ်နိုင်သလောက်တော့ သမီးမျက်နှာမငယ်ရအောင် ပေးရမှာပဲ""

""ဟို…သမီး…သမီး""

သူမ ခေါင်းလေးခါကာ ငြင်းမည်ပြုတော့ အမေက…

""ဟုတ်တယ် သမီး၊ အမေနဲ့အဖေ သမီးအတွက် ဘဏ်မှာ ငွေစုပေးထားတယ်၊ သမီးလေးကို စမွေးတဲ့အချိန်က ပြီး ရတဲ့လခထဲက နည်းနည်းချန်ပြီး စုပေးထားတာပေါ့၊ အရင်ကတော့ သမီးအဖေနာမည်နဲ့ တွဲပြီးစုထားရတာလေ၊ သမီးအသက်ဆယ့်ရှစ်နှစ်ပြည့်ရင် အပြီးလွှဲပေးမှာလို့ တွက်ထားပေမယ့် သမီးအဖေက မင်္ဂလာလက်ဖွဲ့အနေနဲ့ အခုကတည်းက သမီးကို စာအုပ်လွှဲလိုက်တော့မယ်တဲ့၊ သမီးအသက်ပြည့်ရင် သမီးနာမည်နဲ့ ပြန်လွှဲပေးတော့မယ်လို့ ဆုံးဖြတ်ထားတယ်""

အဖေနဲ့အမေရယ်။

ခက်…

ဘယ်လိုမှ ခံနိုင်ရည်မရှိတော့စွာပင် အဖေနဲ့အမေ့ရှေ့မှာ

www.burmeseclassic.com

www.burmeseclassic.com



တသိမ့်သိမ့်ရှိုက်ငိုလိုက်မိတော့သည်။

''ရော့သမီး ဘဏ်စာအုပ်''

အို။

သူမလက်ထဲထိုးပေးလာသော ငွေစုဘဏ်စာအုပ်ကလေး မိဘတွေရဲ့ အနှိုင်းအဆမဲ့သော ချစ်ခြင်းမေတ္တာတွေ။ ကြည့်စမ်း။

သူမကို မွေးကတည်းက သူမရဲ့အနာဂတ်အတွက် ရည်မှန်းချက်ကြီးစွာနဲ့ စုပေးခဲ့တဲ့ငွေကြေးတွေ။ အဖေရဲ့စေတနာတွေ ကို အခုတော့ သူမသည် အကြီးအကျယ် စော်ကားခဲ့မိချေပြီ။

''မိခက်''

''ရှင်''

''ဒီကိုလာတာ မောင်ထိုက်တန်က ကြည်ဖြူရဲ့လား ခွင့်ပြုရဲ့လား၊ သူမသိဘဲ သမီးရဲ့သဘောနဲ့ ထွက်လာခဲ့တာလား''

''မ...မဟုတ်ပါဘူးအဖေ၊ သမီးဒီကိုလာတာ သူသိပ် တယ်''

''အေး...အေး သိတယ်ဆိုလည်း အချိန်သိပ်ဆွဲပြီးမနေနဲ့ မြန်မြန်ပြန်တော့သမီး''

''အဖေသမီးကို နှင်နေတာလားဟင်၊ သမီးမိုက်ခဲ့ပြီ သမီးကို အလိုမရှိကြတော့ဘူးလားအဖေရယ်၊ အဟင့် ဟင့်''



ခက် ဝမ်းနည်းစွာ အသံတုန်အက်အက်နှင့်မေးတော့ အမေ က အီးခနဲနေအောင် ငိုချတော့၏။

အဖေကတော့ ကရုဏာသက်သော မျက်ဝန်းတွေနှင့် သူမ မျက်နှာကို လေးလေးနက်နက် စိုက်ကြည့်ကာ သက်ပြင်းရှိုက် သည်။

''သားသမီးဆိုတာ အလိုမရှိရင် ဘယ်မှာလာပြီး မွေးထား ပါတော့မလဲကွယ်၊ ဘာပဲပြောပြော သမီးဟာ အဖေတို့ရဲ့ ထာဝရ သမီးပါပဲ၊ ဘယ်လိုအခြေအနေမျိုးပဲရှိရှိ အဖေအမေတို့ရဲ့သမီးပါပဲ၊ အချိန်မရွေး သမီးခိုဝင်နိုင်တဲ့ ရင်ခွင်ဟာ မိဘရင်ခွင်ပါပဲသမီး၊ အဲဒါကို သမီးဘယ်တော့မှ မမေ့ပါနဲ့ကွယ်၊ ကဲ ကဲ ဘဏ်စာအုပ် ယူပြီးပြန်တော့သမီး''

''အဖေရယ်''

ခက် ထိုမျှသာ ငြီးငြူမိပါသည်။

အဖေ...

ဘာကိုရည်ညွှန်းပြီး ပြောသလဲဆိုတာ ခက်အသိဆုံးဖြစ်နေ ခဲ့တာလေ။

ခက် ဘယ်အချိန်ပဲရောက်လာရောက်လာ ရင်ခွင်တံခါး ဖွင့်ပြီး ကြိုနေကြမယ်ဆိုတဲ့သဘောပါပဲ။

''သမီး''

www.burmeseclassic.com

www.burmeseclassic.com



''ရှင်''

''သွားတော့ တော်ကြာ သမီးကြာနေတယ်ဆိုပြီး မောင်ထိုက်တန် စိတ်ပူနေဦးမယ်''

''ဟုတ်ကဲ့အဖေ၊ သမီးသွားပါ့မယ်၊ မသွားခင် အဖေနဲ့ အမေ့ကို သမီးကန်တော့ခဲ့ပါရစေဦးနော်''

''အေးကွယ်...အေး''

ခေါင်းလေးတဆတ်ဆတ် ညိတ်ပြလိုက်သော အဖေကို အရင်ဦးစွာ ကျုံ့ကျုံ့လေးထိုင်ကန်တော့ပြီး အမေ့ဘက်စောင်းလှည့်ကာ သူမကန်တော့လိုက်သည်။

ပြီးနောက်...

နေရာလေးကနေ ဖြေးညင်းစွာထပြီး အဖေနဲ့အမေ့ကို နှုတ်ဆက်လိုက်၏။

''သမီးသွားတော့မယ်''

◆ ◆ ◆



## အခန်း (၈)

''တန်...တန်ဘယ်မှာလဲဟင်၊ တန်ဘယ်မှာလဲ''

သူမရဲ့ အမောတကောမေးသံက ရဲစခန်းလေးထဲတွင် ဆူညံသွားသည်။ သူမအဖြစ်ကိုကြည့်ပြီး ရဲသားကြီးတွေက မထူးဆန်းသလိုဖြစ်နေကြသည်။

''သမီး ခဏနေဦးလေ၊ ဘာဖြစ်လို့လောနေတာလဲ၊ အမေ ကြည့်ရှင်းပေးမယ်လို့ ပြောနေတဲ့ဟာ၊ ထိုင်နေစမ်း စိတ်ကိုအေးအေးထား''

အမေ့အသံကြောင့် သူမငြိမ်သက်လိုက်ရပေမယ့် လှုပ်ရှားနေသောစိတ်ကိုမူ ခက်တစ်ယောက် ထိန်းချုပ်မရသေးပါချေ။

ရပ်ကွက်ထဲမှာ ရန်ပွဲဖြစ်လို့ဆိုတဲ့သတင်းနှင့်အတူ ထိုက်တန်ကို ရဲဖမ်းသွားပြီဆိုတဲ့သတင်းက မွှေးပျံ့သွား၏။



www.burmeseclassic.com

www.burmeseclassic.com



ကြားကြားချင်း ခက်မှာ သတိလစ်မေ့မျောသွားမတတ်ပင် ဖြစ်ရသည်။

အမေမူက သူမကို အားပေးနှစ်သိမ့်နေ၍သာ တော်တော့သည်။ သူမလက်ကိုဆုပ်ကိုင်ပြီး အမေရှင်းမယ်ဟု အာမခံရုံရုံပေးနေ၏။

သို့သော်…

အမေကိုယ်တိုင်လည်း အတော်လေးစိတ်ပူနေဟန်ရှိပါသည်။

ဘာပဲပြောပြော သန်ဘက်ခါဆိုလျှင် မင်္ဂလာပွဲကျင်းပဖို့ အားလုံးစီစဉ်ထားပြီးသားမဟုတ်ပါလား။ ဒီလိုအချိန်မျိုးကြီးမှာမှ အခုလိုအဖြစ်ဆိုးကြီးနဲ့ ဆုံတွေ့ရတာဆိုတော့ ဘယ်သူက မစိုးရိမ်ဘဲ နေပါမည်နည်း။

အမေက စခန်းမှူးကြီးနှင့် အေးအေးဆေးဆေးဆွေးနွေးသလော့က် ခက်မှာတော့ ခုံတန်းလေးတွင်ထိုင်ကာ တသိမ့်သိမ့် ရှိုက်ငိုနေမိသည်။ ကြောက်ရွံ့စိတ်၊ ရှက်စိတ်တို့ကြောင့် ခန္ဓာကိုယ်တစ်ခုလုံး ထူပူနေရ၏။ သူမအတွက် အခုလို ရုံးတွေ၊ ဂါတ်တွေ လိုက်ရတာ ဒါဟာပထမဦးဆုံးအကြိမ်ပါပဲ။ ရပ်ကွက်က ရဝတ ရုံးခန်းကိုပင် မသွားဖူးခဲ့သော ခက်ဘဝက တန်နှင့်ကျမှပဲ ရဲစခန်း



ဆိုတာကို ရောက်နေရသည်။

အမေနဲ့အမေကါတော့ ဒီသတင်းကိုကြားမှာပဲ။

စိတ်မကောင်းလိုက်တာ။

ခက်အတွက် ဘယ်လောက်များ စိတ်သောကတွေရောက်နေရမလဲဆိုတာ တွေးတောင်မတွေးရဲပါချေ။ ရှက်ကြမှာပဲ၊ သမက်ဖြစ်သူရဲ့ ဂုဏ်သတင်းက ဝမ်းမြောက်စရာမှမရှိတာ။ ရန်ဖြစ်လို့ ရဲစခန်းရောက်ရတယ်တဲ့လေ။

တန်ရယ်။

ရှင်နည်းနည်းလေးမှ မစဉ်းစားမိဘူးလားဟင်။

ခက်တို့မင်္ဂလာပွဲ ဒီလောက်နီးကပ်နေတယ်ဆိုတာကိုလေ။ ဘာကယ်ဆို တန်ရှောင်သင့်တာပေါ့။ တန်ဘဝက အရင်ကလို တစ်ကိုယ်ရေတကာယ ပေါ့ပါးလွတ်လပ်မနေတော့ဘူးဆိုတာ တန်သိသင့်တာပေါ့ကွယ်။

"သမီးခက်"

"အမေ…တန်…တန်အခြေအနေ"

"အမေအားလုံးရှင်းပြီးပြီသမီး၊ အခုပဲ အာမခံချက်နဲ့ ပြန်ခေါ်သွားရမှာ၊ သမီးစိတ်ပူမနေနဲ့တော့နော်"

"အမေရယ်…အဟင့်…ဟင့်"

www.burmeseclassic.com

www.burmeseclassic.com



အမေ့ကိုဖက်ပြီး ခက်ငိုမိသည်။

အမေက သူမခံစားချက်ကို နားလည်ဟန်ရှိ၏။ အပြုံးလေးတွေနှင့် အားပေးနှစ်သိမ့်ပါသည်။

အမေပြောတာ အမှန်ပါပဲ။

အချိန်သိပ်မကြာခင်မှာပဲ တန်က ဝန်ခံကတိလက်မှတ်ထိုးကာ ခက်တို့နှင့် ပြန်လိုက်လာခဲ့ရသည်။ ရန်ပွဲမှာ ရထားသော ဒဏ်ကြောင့် တန့်နှုတ်ခမ်းဘေးထောင့်စွန်းမှာ ညိုမည်းလို့။ မျက်ခုံးစပ်မှာလည်း ဒဏ်ရာဒဏ်ချက်တွေက ရှိနေသေးသည်။

ခက်ကသာစိတ်ပူနေတာ တန်ကတော့ ထိုဒဏ်ရာတွေကို မှုပင်မမှုချေ။ တန့်ကိုကြည့်ပြီး ခက်သနားနေမိသည်။ အိမ်ကိုပြန်ရောက်တော့ အမေက တန်ကို ဆူပူကာပြစ်တင်နေ၏။ အမေ့ရဲ့ ဆူပူစကားက တန့်အတွက်တော့ ပန်းနဲ့ပေါက်နေသလိုပင်။

ခက်မှာ အံ့ဩကာ စိတ်လည်းညစ်ရသည်။

"မိခက်ရယ် ညည်းယောကျ်ားကတော့လေ အမေ့ကို အဲဒီလိုပဲ တစ်ချိန်လုံး ဒုက္ခပေးနေတော့တာပါပဲအေ၊ ငါလည်း သင်းတို့ကြောင့် အသက်မြန်မြန်ကြီးမှာပဲ၊ သင်းအဖေက ဒီအကြောင်းကိုမကြားသေးဘူး၊ ကြားရင်လည်း ငါ့ပဲအပြစ်တင်ခံရမှာ၊ မိဘကို သိပ်ဒုက္ခပေးတဲ့ဟာတွေပါပဲတော်"



အမေက မိခက်ကို ရှေ့မှာထားကာ ရင်ထဲခံစားချက်များကို ဖွင့်ပြနေတော့သည်။ အမေ့ကိုကြည့်ပြီး ခက်လည်း သနားလို့မဆုံးပါ။

"အမေကလည်းဗျာ ဒီတစ်ခါ ကျွန်တော်မလွန်ပါဘူးလို့ ဆိုနေမှပဲ၊ ဒီကောင်တွေဘက်ကစပြီး ပြဿနာရှာတာဗျ"

"သူ့ရှာလည်း ကိုယ်ရှောင်ပေါ့ဟဲ့၊ နင်က သူများတွေနဲ့ တူလို့လား၊ သန်ဖက်ခါပဲ မင်္ဂလာဆောင်ရတော့မယ့် သတို့သားဟဲ့၊ အဲဒါကိုလည်း ခေါင်းထဲထည့်ထားပါဦး"

ထည့်တာပေါ့။

မင်္ဂလာကိစ္စကို သူခေါင်းထဲထည့်တာပေါ့။

ဒါကြောင့်လည်း

ရဲစခန်းအချုပ်ခန်းထဲမှာ ရှိနေတာတွေးမိတိုင်း နောင်တတွေပဲရနေရသည်။ ခက်ရဲ့ငိုရှိုက်သံကိုကြားရတော့ ပို၍ပင်ရင်နာနေရ၏။

တကယ်တော့ အခုပြဿနာကို သူစခဲ့တာမဟုတ်ပါ။

သူငယ်ချင်းဖြစ်သူမိုက်ကယ်နှင့် ဘယ်မှာငြိလာမှန်းမသိသော ပြဿနာကို စာရင်းလာရှင်းကြရင်း ရန်ရင်းဆန်ခတ်ဖြစ်တာကို သူကြားဝင်ဖြေရှင်းနေရင်း အခြေအနေတွေက ပို၍ထိန်းချုပ်မရဘဲ ဖြစ်ကုန်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ဘက်ကကောင်တွေက လက်ပါလာတော့ ခုခံကာကွယ်နေရင်းနှင့် လက်လွန်သွားခြင်းဖြစ်၏။ နောက်ဆုံး နာမည်ဆိုးထွက်လာတော့ ထိုက်တန်က ရှေ့ဆုံးကဖြစ်နေတော့သည်။

ဒါကို…

သူနားလည်အောင် ဘယ်လိုမှမရှင်းပြတတ်တော့။

ရှင်းပြလည်း ယုံကြမှာမဟုတ်ဘူးလေ။

သန်ဘက်ခါမှာ…

သူနဲ့ခက်တို့ရဲ့ မင်္ဂလာပွဲရှိနေပါလားဆိုတဲ့ အသိကသူ့ခေါင်းထဲ လက်ခနဲဝင်လိုက်တာနှင့် အခြေအနေကို ထိန်းချုပ်ဖို့ သူကြိုးစားလိုက်မိသည်။ အခုလိုအချိန်အခါမျိုးမှာ ဘာအမှားအယွင်းမှမရှိစေချင်မိတာ သူ့ရင်ထဲက မှန်သောဆန္ဒတစ်ခုပါပဲ။

သို့ပေမယ့်…

ဘယ်လိုမှ ထိန်းသိမ်းမရခဲ့။

ဘယ်လိုမှ ရှောင်တိမ်းမရခဲ့ပါ။

ရဲစခန်းထဲရောက်နေရစဥ် တစ်ညလုံး သူစဥ်းစားနေမိတာက အခုလောက်ဆို ခက်တစ်ယောက် သွေးပျက်မတတ်ချောက်ချားနေတော့မယ်ဆိုတာပါပဲ။ အနေအေးသောခက်အတွက်အခုလိုပုံစံမျိုးဟာ ဘယ်လိုမှ အံဝင်ခွင်ကျမရှိနိုင်။



ငိုနေတော့မှာပဲ။

အရမ်းကို တုန်လှုပ်ချောက်ချားနေတော့မှာပဲဆိုတဲ့ အသိကြောင့် သူ့ရင်တစ်ခုလုံး ပူလောင်လောင်ကြီးဖြစ်နေရသည်။ ဘာကြောင့် သူ့အခုလိုအတွေးမျိုးတွေ ဝင်နေရသလဲဆိုတာ သူကိုယ်သူပင် မစဥ်းစားတတ်ချေ။

တကယ်ဆို တန် အရေးထားစရာမှ မလိုအပ်တာ။

ရန်ပွဲဖြစ်တာတို့၊ ရဲစခန်းမှာလိုက်ရှင်းရတာတို့၊ ရုပ်ကွက်ရုံးမှာ ဝန်ခံကတိထိုးရတာတို့က ရိုးအီနေသောဖြစ်ရပ်များပင်။

ဒါကို အခုအချိန်မှာ မလိုလားနိုင်လောက်အောင် နောင်တတွေရနေမိတာဆိုတော့ မသိစိတ်ရဲ့ ပြောင်းလဲမှုက ယုံပင်မယုံနိုင်စရာပါ။

"ထိုက်တန်"

"ဗျာ"

"မင်းဟာ အရင်ကထိုက်တန် မဟုတ်တော့ဘူးနော်"

"ဗျာ"

"မင်းမှာ အိမ်ထောင်နဲ့ဖြစ်နေပြီ ထိုက်တန်"

"အမေကလည်း"

"ဘာအမေကလည်းလဲ၊ မင်းမိန်းမမျက်နှာလည်း

www.burmeseclassic.com

www.burmeseclassic.com



ထောက်ထားမှပေါ့ ထိုက်တန်၊ လူပျိုဘဝကလို လွတ်လွတ်လပ်လပ် နေချင်ရင် မင်းဘာကြောင့် မိန်းမတစ်ယောက်ကို ဖွတ်အတင်းခိုးခဲ့ရတာလဲ၊ မင်းကို ဘယ်သူမှ ဖွတ်အတင်းပေးစားထားတာမဟုတ်ဘူး၊ မင်းရဲ့သဘော၊ မင်းဆန္ဒနဲ့ရယူခဲ့တာ၊ အခုတော့ မင်းက အချိုးမပြောင်းဘဲ နေချင်သလိုနေတာက ကောင်းလား၊ ခက် မျက်နှာလည်းထောက်ပါဦး၊ ဒီတိုက်ကြီးထဲမှာ မင်းရဲ့မျက်နှာတစ်ခုတည်းနဲ့ လာနေရတာကွ၊ မင်းသတင်းကိုကြားတော့ သူဘယ်လောက်တောင် သွေးပျက်ခဲ့ရသလဲ၊ စိတ်တွေပူပြီး တစ်ချိန်လုံးငိုနေတာ အစားတောင် တစ်စက်မှ မစားနိုင်တဲ့အထိပဲ ထိုက်တန်"

အမေ့စကားက သူ့အရိုက်ကို ပြင်းဖွာလာမှန်သော လက်သီးချက်လိုပါပဲ။ သိပ်အရေးမပါဘူးလို့ ထင်ထားသောအရာတွေက အခုတော့ အတော်လေးကို အရာရောက်နေခဲ့သည်။

ခက်ဘက်ကို စောင်းငဲ့ကြည့်တော့ အမေဆူနေတာကို ကြောက်ရွံ့သလို ခေါင်းလေးငုံ့ကာ ငြိမ်သက်နေသည်။

ဒီလိုကျပြန်တော့လည်း သူ့စိတ်ထဲ တစ်မျိုးကြီး ခံစားလိုက်ရ၏။

သနားမိသလိုလို။

"ထိုက်တန်"





"ဗျာ"

"နောက်တစ်ခါ အခုလိုကိစ္စမျိုးတွေ အမေထပ်ပြီးမကြားတွေ့ချင်တော့ဘူးနော်၊ အရင်က အမေဘာမှမပြောခဲ့ပေမယ့် ဒီတစ်ကြိမ်တော့ နောက်ဆုံးဖြစ်ပါစေတော့ ထိုက်တန်"

ထိုက်တန် ပြန်မဖြေဘဲ ငြိမ်နေလိုက်သည်။

ကတိဆိုတာ လွယ်လွယ်ပေးတိုင်း ကောင်းတာမှမဟုတ်တာ။

"ဟဲ့ ...အမေပြောနေတာကြားရဲ့လား"

"အမေ"

"ဘာလဲ"

"ဆူလို့မပြီးသေးဘူးလား"

"ဘာ"

ထိုက်တန်အမေးကြောင့် အမေ့မျက်ခုံးတန်းသေးသွယ်သွယ်က ဆတ်ခနဲ ကြုံ့တက်သွား၏။ ထိုက်တန်ရဲ့ မျက်နှာဆီ အထူးအဆန်းသဖွယ် စေ့စေ့ကြည့်လာသည်။

"ကျွန်တော် အရမ်းပင်ပန်းလို့နားချင်နေပြီ"

တန့်စကားကြောင့် အမေစကားသံထွက်မလာတော့။ သားဖြစ်သူထံ ကရုဏာဒေါသောနှင့် ရှိနေပေမယ့် ညှာတာသနား

www.burmeseclassic.com



နေဟန်လည်းရှိသည်။ နွမ်းလျတဲ့မျက်နှာဆီ တစ်ချက်လှမ်းကြည့်

""သမီးခက်ခက်""

""ရှင်""

""ညည်းယောက်ျားမျက်နှာကို ဆေးထည့်ပေးလိုက်ဦး""

""ဟုတ်...ဟုတ်ကဲ့အမေ""

အမေက ခက်ကိုမှာပြီးတာနှင့် သက်ပြင်းရှည်ကြီးချကာ မျက်စောင်းရွယ်လျက် တန့်တို့အခန်းထဲက ထွက်သွားတော့၏။ ဒီတော့မှ သိုးငယ်လေးလို ကြောက်ရွံ့နေသော ခက်မှာလည်း လွတ်မြောက်မှုရသွားသလို ရှိသွားတော့သည်။

""တန့် ရေအရင်ချိုးလိုက်ပါလားဟင်၊ ခက် ရေခပ်ပြီး ကန့်ထဲဖြည့်ပေးမယ်လေ""

""အင်""

သူခေါင်းညိတ်လိုက်သည်နှင့် ခက်တစ်ယောက် သွက်လက်စွာပင် နေရာမှထလျက် ရေချိုးခန်းဆီ ထွက်သွားတော့၏။ ရေချိုးကန့်ထဲ ရေဖွင့်သံကို သူကြားနေရသည်။

ပြောမယ့်သာပြောရတာ သူ့ဘက်က ဘယ်လောက်ပဲ စိမ်းကားတဲ့အပြုအမူတွေနဲ့ ဆက်ဆံဆက်ဆံ ခက်ကတော့ အမြဲတမ်း နွေးနွေးထွေးထွေးပင် ပြန်တုံ့ပြန်ခဲ့သည်။ အရင်က ရှုပ်ထွေးပွေလီ



နေတဲ့ သူ့အခန်းက ခက်ရောက်လာပြီးနောက်ပိုင်း ရှင်းလင်းသန့်ပြန့်နေ၏။ ဝင်လိုက်တာနှင့် မျက်စိအေးပြီး စိတ်ချမ်းသာစရာပါ။ အိမ်မှုကိစ္စကိုတော့ တကယ်နိုင်နင်းတဲ့ခက်ပါပဲ။

ရှာဖွေကျွေးမွေးမှုမရှိတာတောင် ခက်က သူ့ကိုပျာယာခတ်နေအောင် ပြုစုသည်။ ဘာလိုအပ်မှုမှမရှိစေရ။ မိန်းမတစ်ယောက်ရထားတာ အဲဒီအချက်တော့ကောင်းသည်။ တစ်ခုပဲဆိုးတာရှိ၏။ ထိုအရာက သူဘာပဲလုပ်လုပ် မိန်းမရှိတယ်ဆိုတာကြီးနဲ့ ထိန်းချုပ်ရတာကိုပဲ။ ထိုအချက်ကိုတော့ သူစိတ်အပျက်ကြီးပျက်မိ၏။

""တန့်...ရေချိုးလို့ရပြီ""

""အေး...အေး""

ခက်ဆီက အသိပေးသံကြောင့် သူလဲလျောင်းနေရာမှ ထလိုက်ပြီး ရေချိုးခန်းထဲသို့ ဝင်ခဲ့သည်။

ရေချိုးခန်းရဲ့နံရံ သတ္တုတန်းလေးပေါ်တွင် အသင့်တင်ထားသော ခါးပတ်သည့် မွေးပွတဘက်အဖြူလေးဆီ တစ်ချက်ကြည့်ပြီး ရေချိုးခန်းတံခါးချပ်လေးကို လော့ခ်ချပိတ်လိုက်မိ၏။

အတော်လေးကြာအောင် သူရေချိုးပြီး ပြုပြင်ပြန်ထွက်တော့ ရေသုတ်တဲ့ပဝါလေးကိုင်ပြီး ခက်က ရေချိုးခန်းဝတွင် စောင့်နေတာတွေ့ရ၏။ တကယ့်ကို အလိုက်သိစွာ နေတတ်သည့်

www.burmeseclassic.com

www.burmeseclassic.com



ခက်ပါ။ သူလှမ်းယူကာ ခန္ဓာကိုယ်အထက်ပိုင်းမှ ရေများကို သန့်စင်စွာသုတ်လိုက်သည်။ ခက်ဆီတော့ တစ်ချက်လေးမှ သူ မကြည့်မိ။

''တန်...ဒီမှာဝတ်စုံ''

ဘီရိုထဲမှ အသင့်ထုတ်ထားသော အိမ်နေရင်းဝတ်စုံကို ခုတင်ခြေရင်းလေးတွင် အသင့်တင်ပေးထားခဲ့၏။

''ဒါ ဘယ်သွားမလို့လဲ''

''တန်စားဖို့ ထမင်းပွဲသွားယူမလို့လေ''

''ဘာလို့ အပေါ်ထပ်ကိုသယ်လာဦးမှာလဲ၊ အောက်မှာပဲ ပြင်ထားလိုက် မင်းလည်းမစားရသေးဘူးမဟုတ်လား၊ ထမင်းစားခန်းမှာပဲ စောင့်နေလိုက်၊ ခဏနေရင်ဆင်းလာခဲ့မယ်''

''ရှင်''

''ဟော့...ဘာပြူးကြောင်ကြောင်ပြန်ကြည့်နေတာလဲ၊ ကိုယ်ပြောတာ မင်းမကြားဘူးလား''

''ကြား...ကြားပါတယ်''

''ကြားရင်သွားတော့''

ခက်တစ်ယောက် ဘာမှပြန်မပြောတော့ဘဲ အူတူတူလေး နှင့် အခန်းထဲကထွက်သွား၏။



ဒီတော့မှပဲ တန့်နှုတ်ခမ်းနီထွေးထွေးလေးပေါ်မှာ အပြုံးလေးတစ်ပွင့် လှစ်ခနဲ ဖြတ်ပြေးသွားရတော့သည်။

ခက်နဲ့စနိုးပြေးပြီးနောက်ပိုင်း ပထမဦးဆုံးအကြိမ် နှစ်ယောက်အတူတူ ထမင်းတစ်စားပွဲတည်း ထိုင်ဖြစ်ပြီး စားဖြစ်ကြတာလေ။

ခက်...

မင်းနည်းနည်းတော့ အံ့သြသွားမှာပဲနော်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

တန့်မျက်နှာတွင် ရန်ပွဲကရသော ဒဏ်ရာဒဏ်ချက်
နှင့် ကြည့်ရတာဆိုးတာမှလွဲ၍ မင်္ဂလာပွဲကတော့ အဆင်ပြေ
စည်စည်ကားကားနှင့်ပင် ပြီးဆုံးခဲ့ပါသည်။ တန့်ရဲ့သတင်းကို သ
စိတ်မကောင်းဖြစ်သော်လည်း အဖေနဲ့အမေက မသိဟန်ဆောင်
မင်္ဂလာပွဲတွင် အကောင်းဆုံးနေပေးခဲ့ကြသည်။

အဖေဇံကတော့

တန့်မျက်နှာကို မြင်လိုက်တိုင်း ဒေါသတွေထွက်လ

မင်္ဂလာပွဲပြီးလို့ အိမ်ပြန်ရောက်တော့ အဖေဇံက ခ
တန့်ကို ခေါ်တွေ့၏။ ဘာရယ်ကြောင့်မှန်းမသိပေမယ့် တ
ခက်တို့ သွားတွေ့မိသည်။

"တန်"



"ဗျာ အဖေ"

"မင်း ဘာဆက်လုပ်မလဲ တန်"

"ဗျာ"

"အခုဆို မင်းကို အားကိုးအားထားပြုရမယ့် မိန်းမ ရှိနေပြီလေ၊ ရှေ့လျှောက် မင်း ဘာတွေလုပ်ဖို့ ရည်ရွယ်ချက်ရှိသလဲ တန်"

"သား နားမလည်ဘူး အဖေ"

"ဟေ"

"အဖေ ဘာကိုပြောချင်တာလဲ၊ ပွင့်ပွင့်လင်းလင်းပဲ ပြောပါ"

"အေး ငါပြောချင်တာကတော့ မနက်ဖြန်ကစပြီး မင်းတို့ လင်မယား အိမ်ခွဲနေဖို့ပဲ၊ မင်းတို့အတွက် တိုက်ခန်းတစ်ခန်း စီစဉ်ထားပြီးပြီ၊ မိဘအိမ် ခေါင်းထိုးဝင်ပြီး မင်းနေချင်သလို နေဖို့တော့ စိတ်မကူးနဲ့ တန်၊ မင်းတို့ဘဝရှေ့ရေးကို မင်းတို့ကိုယ်ပိုင်အင်အားနဲ့ ဆက်လျှောက်ဖို့ ကြိုးစားကြတော့ဆိုတာပဲ"

"ဟာ အဖေကလည်း"

"ဟိတ်ကောင်၊ ငါပြောတဲ့စကားကို မင်း သေချာနားထောင်၊ ဘာပဲပြောပြော မင်းတို့က အိမ်ထောင်သည်တွေ ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



နေကြပြီကွ၊ မင်းက အိမ်ထောင်ဦးစီးပဲ၊ မင်းရဲ့ဇနီးနဲ့ သားသမီးတွေ ရဲ့ မိုခိုအားထားရာပဲ၊ အခုကတည်းက မင်းတို့အနာဂတ်အတွက် မပြင်ဆင်ရင် ရှေ့လျှောက် ဘယ်လိုရပ်တည်ကြမလဲ၊ မိဘဆိုတာ မင်းတို့တစ်သက်တာလုံး ရှေ့ကနေ လိုလေသေးမရှိအောင် ဘယ် အချိန်ထိ လိုက်ဖြည့်ဆည်းပေးနိုင်မှာမို့လဲ၊ ကိုယ့်အရည်အချင်း ကိုယ် ရပ်တည်နိုင်အောင် ကြိုးစားကြတော့၊ သူများနှာခေါင်းပေါ် နဲ့ အသက်ရှူချင်လို့ ဖြစ်မလား ထိုက်တန်၊ အဲဒါကြောင့် အိမ် နေပြီး လုပ်ငန်းတစ်ခုခုလုပ်ဖို့ စဉ်းစားထား၊ မိန်းမကို မိဘအိ ထိုးထားပြီး အလေလိုက်နေတာကို ငါ လုံးဝမတွေ့ချင်ဘူး''

အဖေ့စကားကြောင့် ထိုက်တန် ညစ်တူးသွားရသည်

အိစ်ခွဲနေတဲ့။

ဒါကတော့ သိပ်ပြီးပြဿနာမရှိပေမယ့် နောက်ဆက် အလုပ်လုပ်ဖို့ တိုက်တွန်းချက်ကတော့ သူ့ရင်ကို အတော် ထိနိုက်လှသည်။

သူ။

ဘယ်တုန်းက အလုပ်လုပ်ခဲ့ဖူးလို့လဲ။

စီးပွားရေးဆိုတာ သူ့အတွက်တော့ အဖေ အမေ လက်ထဲက နည်းမျိုးစုံ ငွေရအောင်ထုတ်ပြီး လှည့်ပတ်သုံးဖြုန်း



ခဲ့ သိသည်။ ဒါ ထိုက်တန်ရဲ့ မဟာစီးပွားရေးပဲ။ အခုမှ အဲဒါ တွေအားလုံး ရပ်ဆိုင်းပြီး ငွေအရင်းအနှီးပံ့ပေးကာ တခြားလုပ်ငန်း တစ်ခုခုကို ဦးစီးလုပ်တော့ဆိုတာကြီးက အင်မတန်မှပင် တာဝန် ကြီးလေးလွန်းလှသည်။

''ကျွန်တော်-ဘာအလုပ်လုပ်ရမှာလဲ အဖေ၊ ကျွန်တော် မလုပ်တတ်တာ၊ တစ်ချိန်လုံး အဖေ ရှာကျွေးတာ စားလာတဲ့ ဘာကို၊ အခုလို ဖြုန်းစားကြီးပုတ်ထုတ်တာတော့ မတရားတာပဲ''

''ဘာကွ''

အဖေ မျက်ခုံးတွေ ဆတ်ခနဲ ကျုံ့တက်သွား၏။ မျက်နှာ တစ်ပြင်လုံး ဒေါသစိတ်ကြောင့် ရဲတွတ်သွားသည်။ အမေကတော့ အားအဖနှစ်ယောက်ကြား ပွဲကြည့်ပရိသတ်တစ်ဦးအနေဖြင့် ထိုင် နေခဲ့၏။ အမေ့ကို အဖေ ဘာတွေနားချထားသလဲတော့ မသိချေ။ အမေက အမေ့အစီအစဉ်တွေအားလုံးကို ဘာတစ်ခုမှ ဝင်မစွက်ဖက် ချေ။

ခက်ရင်ထဲ

အားငယ်စိတ်တွေရော ဝမ်းနည်းစိတ်တွေပါ ရုတ်ချည်း ဝင်လာကြသည်။

''ဟုတ်တယ်လေ၊ ကျွန်တော် ဘာအလုပ်မှ မလုပ်တတ်

www.burmeseclassic.com

www.burmeseclassic.com



တာ''

''ဟော့ကောင် ဘယ်သူကရော မွေးကတည်းက အလုပ်လုပ်တတ်လို့လဲ၊ ဒီလိုပဲ ကြိုးစားရုန်းကန်ရင်းနဲ့ပဲ အောင်မြင်မှုကို အရယူကြတာကွ၊ ဒါကိုတွေးပြီး ရှုံ့နေလို့ဖြစ်မလားကွ''

''ဒါပေမဲ့...''

''မင်း ဘာမှအထွန့်မတက်နဲ့ ထိုက်တန်၊ မနက်ဖြန်ကျရင် မင်းတို့ ယူသင့်တာတွေယူပြီး ငါဝယ်ထားတဲ့ တိုက်ခန်းကို ပြောင်းကြတော့၊ ရော့ ဒါက မင်းတို့ရတဲ့ လက်ဖွဲ့ငွေ၊ အားလုံး မင်းလက်ကို အပ်လိုက်ပြီ၊ ယောကျာ်းသိက္ခာမရှိ ကုန်လို့တော်ပြီး ပြန်တပ်ခေါက်ရတဲ့ အဖြစ်မျိုးကိုတော့ မလုပ်နဲ့ပေါ့ကွာ၊ အဲဒါကမှ တကယ်ရှက်ဖို့ကောင်းတာ၊ ကိုယ်ပိုင်အစွမ်းအစနဲ့ ရအောင် ရပ်တည်ကြ''

အဖေကတော့ စကားကို ကုန်အောင်ပြောနေတော့တာပဲ။

ထိုက်တန် အံလေးကို တင်းနေအောင် စေ့ကြိတ်ထားလိုက်မိ၏။ မိန်းမတစ်ယောက်ကို အလွယ်တကူ ရယူမိတဲ့ နောက်ဆက်တွဲ အကျိုးကျေးဇူးကတော့ အတော်လေးကို ပြင်းထန်လွန်းသည်။

''ငွေတွေယူသွားတော့ ထိုက်တန်''





''ကျွန်တော် မယူဘူး အဖေ''

''ဘာ''

''ဟုတ် သား''

''အဖေက ကျွန်တော်တို့အတွက် နေစရာပေးပြီးပြီပဲဟာ၊ ာဝန်ကျေပါပြီ အဖေ၊ စားဖို့အတွက်တော့ ကျွန်တော်တို့ဘာသာ ဲ ရှာပါ့မယ်၊ စိတ်ချပါ အဖေ၊ ငတ်လို့ အဖေတို့ဆီက လာပြီး ထက်ဖြစ်မကောင်းစေရဘူး၊ ဟုတ်ပြီလား''

ထိုက်တန်ရဲ့ မျက်နှာက မခံချင်စိတ်များနှင့် တည်တင်း နေ၏။

''ဟော့ကောင် သိပ်ပြီးအပြောကြီးမနေနဲ့၊ ငါ စိတ်ကောင်း ေးရှိတုန်း ပေးနေတာ ယူထားလိုက်၊ နောက်မှ နောင်တရနေ ိမ့်မယ်၊ လက်ထဲမှာ အရင်းအနှီးမရှိဘဲ ဘာသွားလုပ်စားမလဲ''

''နေပါစေ အဖေ၊ ကျွန်တော်တို့အတွက် ဘာအရင်းအနှီး မလိုဘူး၊ ကျွန်တော်တို့ ရပ်တည်နိုင်ပါတယ်''

ထိုက်တန်က ပြောပြီးသည်နှင့် နေရာမှ ဆတ်ခနဲထရပ် း

ပြီးနောက် ငွေပုံကြီးကို ကျောခိုင်းကာ လှည့်ထွက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ခက်လည်း တန်က ထသွားပြီမို့ အဖေနဲ့အမေ့ရှေ့ ဘယ်လိုမှ ဆက်ပြီးမနေဝံ့တော့ဘဲ တန် အနောက်သို့ အပြေးတစ်ပိုင်းပင် လိုက်သွားမိတော့သည်။

"တန်"

အခန်းထဲရောက်တော့ တန်က ခုတင်ထက်တွင် ခြေတွဲလောင်းချကာ ထိုင်နေ၏။ တန့်မျက်နှာမှာ ဒေါသကြောင့်လား မာနကြောင့်လားမသိသော အရောင်တစ်မျိုးကြောင့် ရဲရဲနီနေ၏။

"တန်"

"မင်း ငါနဲ့ ခပ်ဝေးဝေးသွားနေစမ်း ခက်"

"ရှင်"

"မင်းမျက်နှာကို ငါ မမြင်ချင်ဘူး၊ ခပ်ဝေးဝေးသွားနေ၊ ငါ့မျက်စိရှေ့ လုံးဝလာမရပ်နဲ့"

အို

ခက်ရင်လေး စိမ့်ခနဲကျင်တက်သွားရ၏။

ခက်မျက်နှာလေး အိုစာကာ မျက်ဝန်းအိမ်ထဲ မျက်ရည်လေးမှာ ဝေ့သီသွားရသည်။

တန်ရယ်

ရှင် သိပ်ပြီးဝမ်းနည်းသွားပြီလားဟင်။

[redacted]



လှပအေးချမ်းသာယာနေတဲ့ ရှင့်အနာဂတ်လေး ခက်ကြောင့် ပျက်စီးရပြီဆိုတဲ့ အသိစိတ်နဲ့ အရမ်းကို နာကျင်သွားပြီလား တန်ရယ်။

ခက် တောင်းပန်ပါတယ်။

အဲဒီလို တကယ်ပဲဖြစ်သွားခဲ့တာဆိုရင်တော့ ခက် အနူးအညွတ်တောင်းပန်ပါတယ် တန်ရယ်။

ခက်ကို ခွင့်လွှတ်ပါနော်။

◆ ◆ ◆

[redacted]

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

တိုက်ခန်းလေးသည် မိသားစုတစ်စုအတွက်တော့ သိပ်ပြီး နေလောက်စရာမရှိပေမယ့် ညားခါစလင်မယားဖြစ်သော တန်နှင့် ခက်အတွက်တော့ နေလို့အဆင်ပြေနိုင်သော အခန်းလေးပင်။ အခန်းက ဟောခန်းအကျယ်ပေမယ့် ငါးထပ်သားဘောင်လေးခတ်ကာ အိပ်ခန်းလေးလုပ်ထားသည်မို့ အပိုလွတ်နေသော နောက်ဘက်ပိုင်းတွင် နှစ်ယောက်စာ ထမင်းစား စားပွဲခုံ ထားနိုင်သည်။

ကြမ်းခင်းတစ်ခုလုံးကိုလည်း လျှာထိုးများခင်းထားသဖြင့် ပြောင်လက်ကာနေ၏။ ရှီးကေ့စ်ဗီရို၊ ဘုရားစင်အပြင် ကျွန်းဆက်တီတစ်စုံလည်း အရှေ့ဘက်တွင် ညှော်ခန်းသဘောမျိုးရှိသည်။ ကြည့်ရတာ အဖေနှင့်အမေက သူတို့ပိုင်ဆိုင်ထားသော တိုက်ခန်းမှာ နေနိုင်းဖို့ အစကတည်းက အစီအစဉ်ရှိနေသလိုပါပဲ။





တိုက်ခန်းလေးထဲမှာ ပစ္စည်းပစ္စယတွေက အသင့်ပင် ပြည့်စုံစွာ ရှိနေခဲ့သည်။ ခက်နဲ့တန်တို့ အဝတ်အစားနှင့် တခြားအသုံးအဆောင်ပစ္စည်းများသာ သယ်ရ၏။ တန်ကတော့ ကျဉ်းမြောင်းသော တိုက်ခန်းလေးကိုကြည့်ပြီး စိတ်ပျက်နေပုံပါပဲ။

အင်းပေါ့လေ။

တန် ငယ်စဉ်လေးကတည်းက နေထိုင်ခဲ့ရတာ နန်းတော်ကြီးတမျှ ကြီးမားကျယ်ဝန်းတဲ့ တိုက်အိမ်ကြီးထဲမှာဆိုတော့ အခုတိုက်ခန်းလေးက စာကလေးအိမ် သေးသေးလိုပဲ ဖြစ်နေမှာပေါ့။

တန်က ရွှေမင်းသားလေးဘဝကနေ အဆင့်နိမ့်ကျသွားခဲ့ရတာမဟုတ်ပါလား။ သူ့အတွက်တော့ ဘယ်မှာလာပြီး အဆင်ပြေနိုင်ပါ့မလဲလေ။ ခက်တစ်ယောက် တန်ကိုကြည့်ပြီး စိတ်မကောင်း ဖြစ်နေမိသည်။

''တန်''

ထိုင်ခုံလေးတွင် ထိုင်နေသော တန်က ခက် ခေါ်သံကြောင့် မော့ကြည့်၏။ တန့်မျက်ဝန်းများက စိမ်းသက်အေးစက်နေသည်။

''သိပ်ပြီး စိတ်မာတ်တွေကျနေပြီလားဟင်''

''ဟ ကျတာပေါ့ကွ၊ ဒီတိုက်ခန်းကျဉ်းလေး နေရမှာ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူက ဝမ်းသာပျော်ရွှင်နေမှာလဲ ခက်၊ ငါက ရွှေမင်းသားဘဝနဲ့ နေခဲ့ရတာကွ၊ မင်းလိုမဟုတ်ဘူး၊ အင်းပေါ့လေ အစကတည်းက မင်းက ဒီလိုနေခဲ့ရတာပဲဟာ၊ နေသားကျနေမှာပေါ့၊ သွပ်မိုးပျဉ်ထောင်ကာအိမ်ထက် တိုက်ခန်းက မင်းအတွက်တော့ အဆင့်မြင့်နေမှာကို''

တန်ရယ်။

ရှင်မို့လို့ ဒီစကားပြောရက်တယ်နော်။

ကိုယ်ပိုင်တိုက်ခန်းနဲ့နေရတာ သိပ်ပြီး ဝမ်းမြောက်နေမှာပဲဆိုပြီး ရှင် တကယ်ပဲ ထင်ရက်တယ် တန်ရယ်။

''မထင်မိဘူးကွာ၊ ငါ့အခြေအနေက အဲဒီလောက်ထိတောင် ဆိုးဝါးသွားလိမ့်မယ်လို့ မထင်မိဘူး၊ ဒါတွေအားလုံး မင်းကြောင့်ပဲ ခက်၊ မင်းကြောင့် အခုလိုဖြစ်ရတာ သိလား''

''အို''

လက်ညှိုးထိုး စွပ်စွဲမှုက ရင်နာစရာပါ။

''မှားတယ်၊ ငါသိပ်မှားတယ်၊ မင်းကြောင့် ငါ့မှာ အခွင့်အရေးတွေ အများကြီး လက်လွှတ်ဆုံးရှုံးလိုက်ရပြီကွ''

တန်ရယ်။

နောင်တတွေ တစ်သီကြီးရသလို ခေါင်းလေးတခါခါနှင့်



ရှိနေသော တန့်ကိုကြည့်ပြီး ခက်ရင်လေး တဆတ်ဆတ် နာကျင်စူးရှနေရသည်။ တကယ်ဆို တန်က ယောက်ျားတစ်ယောက်ပဲ၊ ကိုယ့်မှာ အရိပ်ခိုစရာ နေရာတစ်ခုရှိနေပြီးသားပဲလေ။

ဒါကို

တန် ဘာတွေများ စိုးရိမ်ကြောင့်ကြနေရပါလိမ့်။

အဆင့်သင့်မဖြစ်သေးတဲ့ အိမ်ထောင်ရေးကို မခံချင်စိတ်တစ်ခုကြောင့်နဲ့ တည်ဆောက်ခဲ့ပြီးမှ ရရှိလာတဲ့ အကျိုးတွေကို နောင်တရသလို ခံစားနေတာကတော့ ခက်အတွက် ရင်နင့်စရာပါပဲ။

''ဘာဆက်လုပ်ကြမလဲ ခက်၊ မင်းကြောင့် ငါ့ဘဝ မြောင်းထဲရောက်ရတာ၊ မခံချင်စိတ်နဲ့သာ တင်းခံလိုက်မိတာ၊ တွေးကြည့်ရင်တော့ တကယ်ကို သွေးပျက်စရာပဲ''

''တန်''

''ဘာလဲ ခက်''

''ရော့''

''ဒါက ဘာလဲ''

''ငွေစုဘဏ်စာအုပ်ပါ တန်''

သူမ အဖေပေးထားသော ဘဏ်စာအုပ်ကိုထုတ်ပြီး တန့်



www.burmeseclassic.com

www.burmeseclassic.com



ကို ပေးမိသည်။ သူမလုပ်ရပ်ကို တန်က တအံ့တသြကြည့်နေ၏။

"ဒါ ခက်ရဲ့ပိုက်ဆံတွေပါ တန်၊ တန် စိတ်ချလက်ချ သုံးပါ"

"ဘာလဲ၊ မင်းအဖေ ပေးလိုက်တာလား ခက်"

"ဟုတ် ဟုတ်တယ် တန်"

ခက် အမှန်အတိုင်းပဲ ဝန်ခံမိ၏။

ငွေတွေက အခုချိန်ထိ အဖေ့နာမည်နှင့် တွဲလျက်ရှိနေသေးတာ မဟုတ်လား။ ဒီတော့ တန်ကို ပွင့်ပွင့်လင်းလင်းပဲ ဝန်ခံမှဖြစ်မှာပေါ့။ ခက်က အလုပ်လုပ်ဖို့အတွက်ဟု ပြောပြရင် အဖေက ထုတ်ပေးမှာ ကျိန်းသေပါသည်။

မင်္ဂလာလက်ဖွဲ့အဖြစ် ခက်တို့နှစ်ယောက်အတွက် ရည်ရွယ်ပေးခဲ့တာပဲမဟုတ်ပါလား။ ဒါလေးနှင့် သူမတို့ စီးပွားရေးလုပ်လျှင် အခြေအနေ မဆိုးဝါးနိုင်ပါ။

"ခက်"

တန့် ခေါ်သံက မိုးခြိမ်းသံအလား။

"တန်"

"မင်း မင်း ငါ့ဘဝကို ဖျက်ဆီးလို့ အားမရသေးလို့ ဒုတိယအကြိမ် ထပ်ပြီး ငါ့ရဲ့မာနနဲ့ ငါ့ဂုဏ်သိက္ခာတွေကိုပါ ရိုက်



ချိုးဦးမယ်ပေါ့လေ"

"တန် ခက် ခက်က"

"မပြောနဲ့၊ မင်း ဘာမှဆက်မပြောနဲ့၊ မင်းပါးစပ်ကို ပိတ်ထား၊ မင်းအဖေပေးလိုက်တဲ့ မလောက်လေး မလောက်စား ငွေလေးနဲ့ မင်းအလဲထိုးခဲ့သမျှကို ပြန်အလျော်ပေးဖို့ ကြိုးစားတာလား"

ခက်တာပဲ တန်ရယ်။

ရှင် နားလည်အောင် ခက် ဘယ်လိုလုပ်ပြီး ရှင်းပြရမလဲ။

တန် စိတ်အားငယ်နေတာကို ဖေးမချင်တဲ့စိတ်တစ်ခုပဲ ခက်ဆီမှာ ရှိနေတာပါ။ အခုဆို အဖေနဲ့စိတ်ဆိုးပြီး အိမ်ပေါ်ကနေ တစ်ပြားတစ်ချပ်မှမယူဘဲ တန် ဆင်းလာတာလေ။ အင်မတန် ခေါင်းမာတဲ့ တန့်အကြောင်းကိုသိလို့ ခက် ဘာတစ်ခွန်းမှ ဝင်မပြောပါဘူး။ ဒါပေမဲ့ စိတ်ဓာတ်တွေ အကျကြီးကျနေတဲ့ တန်ကို မြင်ရတော့ ခက် ဘယ်လိုမှမနေနိုင်တော့ဘူး။

ဒါကြောင့်

ခက်လက်ထဲမှာ ဒီလောက်တော့ရှိတယ် တန်လို့ ထုတ်ပြမိတာပါ။ ဒါကို တန်က မကောင်းတဲ့ဘက်ကတွေးပြီး ခက်

www.burmeseclassic.com

www.burmeseclassic.com



အပေါ်မှာ အထင်တွေလွဲမှားနေပြန်ပြီကွယ်။ အဲဒါကိုပဲ ခက်က စိတ်ညစ်တာ။ ခက်ရဲ့ စေတနာ မေတ္တာကို တန် ဘာကြောင့် နားမလည်နိုင်ရတာလဲ တန်ရယ်။

"မရဘူး ခက်၊ မင်း ငါ့ကို ဒါလေးနဲ့ အနိုင်ပိုင်းပြချင်လို့မရဘူးကွ"

တန်က အကြီးအကျယ် ပေါက်ကွဲနေသည်။

တန့်ကိုကြည့်ရတာ သူ့ အခုလို အခြေအနေမျိုးရောက်ရခြင်းအပေါ် အင်မတန်မှ နာကြည်းနေပုံပါပဲ။ ဖြေသိမ့်မှုမရသလိုပင် ဖြစ်နေသည်။ တန့်ကို သူမ စာနာနားလည်လို့ရနေ၏။ တန်က ရွှေမင်းသားလေးဘဝမှာ နေခဲ့ရတာမဟုတ်လား။ ပြောင်းလဲသွားတဲ့ အခြေအနေတစ်ခုမှာ သူ ဘယ်လိုမှတောင့်မခံနိုင်။

ဘာအပ်ပူအပင်မှမရှိခဲ့ရတဲ့ တန့်ရင်ထဲမှာ သူမကြောင့် လောင်မြိုက်နေရချေပြီ။ တန့်ရဲ့ ပေါ့ပျက်ပျက်နေမှုတွေကို ပြုပြင်ပြောင်းလဲစေချင်လို့ အဖေစံနဲ့ အမေမူတို့က ပညာပေးလိုက်တာလားတော့ မသိ။ သူမနဲ့တန်ကို တကယ်ပဲ အေးစက်တည်ငြိမ်စွာပင် အိမ်ပြောင်းနိုင်းခဲ့သည်။ တစ်ချက်လေးမှပင် တားဆီးခြင်းမပြုခဲ့ပါချေ။

ခက်ကတော့



အဖေနဲ့အမေ့လုပ်ရပ်ကို အပြစ်မတင်ပါဘူး။ အဖေနဲ့ အမေဟာ ခက်တို့အပေါ် တာဝန်ကျေခဲ့တာပဲဟာ။ နိုးရာလိုက်ပြေးသည်ဆိုတဲ့ သတင်းကြားတာနှင့် အမေကိုယ်တိုင်ပင် သူမတို့ကို လာခေါ်ခဲ့၏။

မိဘဝတ္တရားအရ ပြန်အပ်တာရော၊ မင်္ဂလာကိစ္စအဝဝ ပြောစရာမလိုလောက်အောင် လုပ်ပေးခဲ့တာပါပဲ။ ခုလည်း အိမ်ထောင်သည်မို့ အိမ်ခွဲပေးခဲ့တာကလွဲပြီး အစစအရာရာ လိုလေသေးမရှိအောင်ပင် ဖြည့်စွမ်းပေးခဲ့သည်။ အရင်းအနှီးအတွက် ငွေလည်းထုတ်ပေး၏။ တန်က မာနကြီးတစ်ခွဲသားနှင့် ငြင်းပယ်ခဲ့၍သာပါ။

ခက်

ယောက္ခမတွေရဲ့ စေတနာ မေတ္တာကို အထူးပဲကျေးဇူးတင်နေမိ၏။

သို့သော် တန်ကတော့ အဲဒီလိုမဟုတ်ပါချေ။

သူ့အဖြစ်ကို တွေးတွေးပြီး နာကြည်းနေခဲ့ပြီး ခက်ကိုလည်း အပြစ်တွေစုပုံကာ စိတ်အနာကြီး နာနေတော့သည်။ စကားအကောင်းပြောလို့ ပြောမှန်းလည်းမသိတော့။ ဘာတစ်ခုမှလည်း ဆွေးနွေးတိုင်ပင်တာ လက်မခံချေ။

www.burmeseclassic.com

www.burmeseclassic.com



သူတွေးနေတာက

အရှုံးအနိုင်တွေပါပဲ။

တယုသန်အတွေးတွေနဲ့ တန် ရှင်သန်နေတာ တကယ် စိတ်ညစ်စရာ။ မှုန်ကုပ်တင်းမာနေသော တန့်မျက်နှာမှာ အရင် လို လန်းဆန်းရွှင်လန်း တက်ကြွမှုတွေ ဆိတ်သုဉ်းနေခဲ့သည် မာနတွေနှင့် မခံချင်စိတ်တွေကြောင့် တန့်မျက်နှာချောချောလေး ခက်ထန်နေတော့၏။

''ဒီမှာ ခက်''

''ပြောပါ တန်''

''အဲဒီ ဘဏ်စာအုပ် မင်းတို့မိဘတွေကို ပြန်ပေးလိုက်''

''ရှင်''

''သွားပြန်ပေးလိုက်လို့ပြောတာ''

''ဒါ ဒါက ခက်တို့အတွက် မင်္ဂလာလက်ဖွဲ့လိုက်တ တန်ရဲ့၊ ခက်ပြန်ပေးလိုက်လို့ ဘယ်ကောင်းပါ့မလဲ''

''အဲဒါတွေ ငါ မသိဘူး၊ ပြန်ပေးဆို ပြန်ပေးလိုက်''

ဒါတော့ တန် လွန်ချေပြီ။

ဒီပိုက်ဆံကိုမှ ပြန်ပေးလိုက်လျှင် ခက်တို့ ဘာနှင့်သွ စားရတော့မည်နည်း။ ပြီးတော့ အဖေနဲ့အမေကရော စိတ်ကောင်





နိုင်ပါ့မလား။

''ခက်''

''ရှင်''

''ငါပြောတာ ကြားလား''

''အင်းပါ တန်ရယ်''

တန် စိတ်ချမ်းသာအောင် ပြီးပြီးရောအနေနှင့် ခက် ခေါင်း ညိတ်ပြလိုက်သည်။ ဒီတော့မှပဲ တန့်အသွင်က အနည်းငယ် တည်ငြိမ်သွားတော့၏။

ပြီးနောက်

ထိုင်ရာကနေ ဆတ်ခနဲထပြီး အပြင်ထွက်ဖို့ ဟန်ပြင် သည်။

''တန် ဘယ်သွားမလို့လဲဟင်''

တန်က မဖြေချေ။

သူ ဘယ်ပဲသွားသွား ခက်ကို မတင်ပြနေတတ်ဘူးဆို တာ သိလျက် ခက် မေးမိတာက အမှားပါပဲ။

တိုက်ခန်းတံခါးလေးကို အသံမြည်အောင် ဝုန်းခနဲပိတ် ကာ တန် ထွက်သွားတော့သည်။

ခက်



www.burmeseclassic.com

www.burmeseclassic.com



ကပျာကယာ ဝရန်တာဘက်ထွက်ပြီး အောက်ကို ငုံ့ကြည့် တော့ ကားမရှိဘဲ ခြေကျင်လျှောက်သွားသော တန့်ကို မြင်လိုက ရ၏။ ခက်ရင်ထဲ ကြင်နာသနားစိတ်များ ရုတ်ချည်းဖြစ်သွား သည်။ အဆောင်အယောင်တွေ ကင်းကွာသွားသော တန်ကို မျက်စိတဆုံး လိုက်ကြည့်ကာ မျက်ရည်လေးများ ရစ်ဝိုင်းနေ တော့သည်။

◆ ◆ ◆

## အခန်း (၁၁)

"မင်းသားရဲ့ အချိုးကတော့ တစ်ချက်လေးမှကို မပြောင်း ဘူး မှုမှု၊ ဒီကောင့်အတွက် တကယ့်ကို ရင်လေးစရာပဲ၊ အခုလည်း ခင်းချွေးမဆီ ငါရောက်ခဲ့တယ်၊ ကြည့်ရတာ ဟိုကောင် အိမ်တောင် မှန်မှန်ပြန်အိပ်ရဲ့လားမသိဘူး၊ ခက်ကိုကြည့်ရတာ မျက်နှာလေးကို ငယ်လို့၊ တကယ်စိတ်ပျက်စရာကောင်းတဲ့ ကောင်ပဲကွာ၊ ဒီကောင် တွေကို မင်းအလိုလိုက်လွန်းလို့ အခုလိုဖြစ်နေကြတာကွ"

"အဲဒါကြောင့် ရှင့်ကိုပြောတာပေါ့၊ ချက်ချင်းကြီး ပုံသွင်း လို့မဖြစ်ပါဘူးဆို၊ တန့်ရဲ့စိတ်က သူများနဲ့တူတာ မဟုတ်ဘူး။ အခုတော့ ဘယ်နှယ့်လုပ်ကြမလဲ ကိုစံ၊ မှုသော့ သမီးလေးခက် ကို သနားတယ်၊ မှုနဲ့သားတို့ကြားမှာ တန်ဆာခံဖြစ်နေရတာလေ၊ အိမ်ကထွက်သွားတော့ ပိုက်ဆံတစ်ပြားမှ ယူသွားတာမဟုတ်ဘူး။

www.burmeseclassic.com

www.burmeseclassic.com



သူတို့ ဘာတွေနဲ့ သုံးစားနေကြသလဲ မသိပါဘူးရှင်၊ စိတ်ညစ်လိုက်တာ ကိုဖံရယ်၊ အခု ဘယ်နှယ့်လုပ်ကြမလဲ ကိုဖံ"

ဦးဖံမင်းတန်မှာလည်း စိတ်အညစ်ကြီး ညစ်နေရ၏။ ဒီကနေ့ သားတို့တိုက်ခန်းဆီ သူရောက်သွားခဲ့သည်။ အိမ်မှာ သမီးခက် တစ်ယောက်တည်း ရှိနေ၏။ မိမိကိုမြင်တော့ သမီးခက်ရဲ့ ဝမ်းနည်းဝမ်းသာဟန်က ဟန်ဆောင်ဖုံးကွယ်၍ပင် မရချေ။

ထိုက်တန်ကိုမေးတော့ ညကျရင် ပြန်လာမယ်နဲ့တူတယ် အဖေတဲ့။ အဖြေစကားက သိပ်ပြီးအားမရလှချေ။ ဟန်ဆောင်ပြုံးလေးနဲ့ ဧည့်ခံနေပေမယ့် ညှိုးငယ်နွမ်းလျနေသော အပူမျက်နှာလေးကိုကြည့်ပြီး သားဖြစ်သူကို ဒေါသတွေဖြစ်မိသည်။

ဒီကောင်

ဘယ်တော့များမှ အချိုးပြောင်းပါ့မလဲ။

မိဘအိမ်မှာကျတော့လည်း မိန်းမကိုထားပြီး နေချင်သလိုနေ၊ သွားချင်ရာ လျှောက်သွားနေ၏။ မိဘတွေရှိတာပဲဆိုတဲ့ အသိနဲ့ ပစ်ပယ်ထားတတ်သည်။ အိမ်ထောင်သာကျတာ စီးပွားရေးရာမှာ တစ်စက်လေးမှပင် စိတ်ကူးမရှိချေ။ မိဘဆီက လက်ဖြန့်တောင်းပြီး သူငယ်ချင်းတွေနှင့် အလေလိုက်နေဖို့ပဲ စဉ်းစား၏။

ဒါကြောင့် မှုမှုနှင့်တိုင်ပင်ကာ ဝယ်ထားသော ကျောက်



မြောင်း ပထမထပ်မှ တိုက်ခန်းလေးကို အထိုက်အလျောက်ပွှဲည်းဝယ်ဖြည့်ပြီး အိမ်ခွဲနေခိုင်းခဲ့၏။ ဖခင်ရဲ့အရိပ်အောက်မှာ အောက်ခြေကစပြီး ဝင်လုပ်ခိုင်းလျှင် မလုပ်ချင်မှာစိုး၍ ငွေအရင်းအနှီး လုံလုံလောက်လောက် ထုတ်ပေးကာ တခြားစီးပွားရေး တစ်ခုခုလုပ်ဖို့ ဖိအားပေးမိသည်။

ဒါမှလည်း

သမီးလေးခက်အပေါ် ဂရုတစိုက် စောင့်ရှောက်မှုနဲ့ ဘဝအနာဂတ်အတွက် ရည်မှန်းချက် ကြီးကျယ်မြင့်မားလာနိုင်မည်လေ။

သို့သော်

သားက မှန်းထားသလို ဖြစ်မလာချေ။

မိန်းမကို တစ်ယောက်တည်းထားပြီး တစ်နေကုန်တစ်နေခန်း လျှောက်သွားနေ၏။ အိမ်က ပိုက်ဆံယူမသွားဘဲ ဒီကနေ့အထိ နေနေကြတာ ဘယ်ကဝင်ငွေများနှင့်လဲ ဆိုတာလည်း သိချင်သည်မို့ သွားလည်ပတ်ကာ စုံစမ်းတော့ ချွေးမဖြစ်သူက မပြောနိုင်။

အားကောင်းမောင်းသန် ယောက်ျားပီပီ မရရတာ လုပ်ကိုင်ပြီး ရှာဖွေကျွေးမယ့်သား မဟုတ်ဘူးဆိုတာသိပေမယ့် မိဘဆီက ချွေးမရော သားပါ ငွေလာမယူဘဲ နှစ်ယောက်စလုံး ငြိမ်သက်နေ

www.burmeseclassic.com

www.burmeseclassic.com



တော့ နည်းနည်းတော့ စိတ်ပူမိတာပေါ့။

သမီး အဆင်ရောပြေရဲ့လား မေးတော့လည်း ပြေပါတယ်တဲ့။ ထိုက်တန် အလုပ်လုပ်ရဲ့လား၊ သမီးကိုရော ငွေရှာပေးရဲ့လား မေးတော့ အဖြေက ပြန်မရ။ မိမိက ပါလာတဲ့ငွေကိုပေးတော့လည်း သမီးခက်က လက်မခံချေ။

တန် သမီးကို စိတ်ဆိုးလိမ့်မယ်တဲ့လေ။

ဖွတ်အတင်းပင် ငြင်းပယ်ကာ သူမကို စိတ်မပူဖို့နှင့် သူမ အေးအေးဆေးဆေး နေလို့ရကြောင်း တတွတ်တွတ် ပြောနေတော့သည်။

"ကိုဖံ"

"ဟင်"

"သားတို့ကို ပြန်ခေါ်ထားမှ ဖြစ်မယ်နဲ့တူတယ်၊ ဘာပဲပြောပြော အိမ်မှာလည်း ခက် ရှိနေတော့ မူ့ အဖော်ရတာပေါ့"

ဦးဖံမင်းတန်၏ မျက်စောင်းကြီးက မိန်းမဖြစ်သူ့ဆီ ဆတ်ခနဲ ရောက်သွားရ၏။

အဖော်ရတယ်တဲ့။

ဒါပေါ့လေ။

မနက်မိုးလင်းကတည်းက ထပြီး အိမ်အကူကောင်မလေး



နဲ့အတူ နံနက်ခင်းစာကို သမီးခက်က ထပြီး အလိုက်သိသိနဲ့ ပြင်ဆင်ပေးတာမဟုတ်လား။ အအိပ်မက်တဲ့ မူမူအတွက်တော့ အတော့်ကို အဆင်ပြေခဲ့သည်။

ဈေးသွားတော့လည်း ရှေ့ကနေ ကျော့ကျော့လေး ဝယ်ရုံပဲ။ ချွေးမဖြစ်သူက နောက်ကနေ ခြင်းဆွဲလိုက်သည်။ ချက်တော့လည်း ခက်ခက်နဲ့ အလုပ်သမား ကောင်မလေး။ ဘုရားစင်ဆိုလျှင်လည်း ရေချမ်းသဲ၊ ဆီမီး အမွှေးတိုင် ထွန်းပြီးသား အဆင်သင့်။ မူမူ ပဝါလေးချပြီး ရှိခိုးရုံသာရှိသည်။

အိမ်သန့်ရှင်းရေးနှင့် တခြား ဝေယျာဝစ္စအားလုံးလည်း ခက်ခက်က ပြောစရာတစ်ချက်လေးမှ မရှိရလေအောင် လုပ်ထားတတ်သည်လေ။ အင်မတန် အလိုက်သိပြီး နေတတ်ထိုင်တတ်တဲ့ ချွေးမလေးပါ။

ဒီလောက် လိမ္မာရေးခြားရှိသည့် မိန်းကလေးတစ်ဦးကို ပိုင်ဆိုင်ထားပါလျက် တန်ဖိုးထားရကောင်းမှန်းမသိတဲ့ သားဖြစ်သူကို ဒေါသထွက်မိလို့ မဆုံးတော့ချေ။

"လူကို ဘာမျက်စောင်းထိုးတာလဲ ကိုဖံ၊ ကျွန်မက တကယ်ပဲ ပြန်ပြီး ထိန်းသိမ်းစောင့်ရှောက်မှ ဖြစ်မယ်ထင်လို့ပါ"

"ငါလည်း အဲဒီလိုပါပဲ မူမူ၊ မင်းသား အချိုးမပြေပဲ

www.burmeseclassic.com



မယ့် သမီးခက်က သနားဖို့ကောင်းတယ်လေ၊ ဒါကြောင့် ထိုက်တန် ပြန်လာရင် နှစ်ယောက်စလုံး အိမ်လာခဲ့ကြဦးလို့ မှာခဲ့တယ်''

''ကောင်းတယ် ကိုဖုံ၊ အဲဒါ အကောင်းဆုံးပဲ''

''ဘာလဲ မင်း အိပ်ရေး၀၀ အိပ်ရတော့မယ်ဆိုပြီး ကောင်းတယ်ပြောတာလား''

''ရှင်ကလေ ကျွန်မပြောလိုက်ရင် ဘယ်တော့မှ စကားကို အကောင်းမထင်ဘူး''

''ထင်စရာရှိလို့လား၊ အခုပဲကြည့်လေ၊ သမီးခက် အိမ်ပြောင်းသွားကတည်းက တို့အိမ်က ဘုရား ဆွမ်းမစားရတာ ဘယ်နှရက်ရှိပြီလဲ၊ ရေတောင် အနိုင်နိုင်သောက်ရတယ်''

''အမလေး ဒါက ကျုပ် မအားလို့ပါတော်''

''အေးပါကွာ၊ အဲဒီလိုနဲ့ပဲ ဘုရား အစာအိမ်ဖြစ်တော့မှာပဲ မှုမှု''

''ရှင်ကလေ လူကိုပြောလိုက်ရင် ရစရာကိုမရှိတော့ဘူး၊ အဲဒါတွေကြောင့် ရှင်နဲ့မျက်နှာချင်း မဆိုင်ချင်တာ''

ဒေါ်မှုမှုတစ်ယောက် ရှူးရှူးရှားရှားနှင့် ပြဿနာ ထရှာတော့၏။ ပြောသမျှ မှန်နေတာကို။ အနာပေါ် တုတ်ကျတော့ ထအော်မှာပေါ့လေ။



''သူများမကောင်းကြောင်းဆို လူကြားသူကြား ဂုဏ်ဖော်ပြီး ရှင်ပြောတော့တာပဲ၊ ရှင်ကျတော့ရော ဘယ်လောက်တောင် အပြစ်ကင်းစင်နေလို့လဲ၊ အိမ်ထောင်တစ်ခုကို ငွေပေးပြီး ပြီးရော ဆိုပြီး နေချင်သလို နေတာလေ''

''ဟော့ တော် တော်၊ မင်းစကား ဒီတင်ပဲရပ်တော့ မှုမှု''

တွန်း

ဒေါ်မှုမှု နှုတ်ခမ်းမဲ့ကွေးသွား၏။

အားနည်းချက်ရှိသူက အိုးမလုံ အုံထပွင့်ပြီ မဟုတ်လား။ သင်းက သူ့ မကောင်းတာလုပ်သမျှ ပေါ်တော့မှာကို။ ဘယ်တော့ ဖြစ်ဖြစ် ဒေါ်မှုမှုကိုတော့ ဦးဖုံမင်းတန် ယှဉ်ပြီးစကားပြောလို့မရ။ နိုင်ကွက်ကို ဒေါ်မှုမှုက ကိုင်ထားသည်လေ။

အများလုပ်တဲ့သူနဲ့ အများမလုပ်တဲ့သူ ဘယ်သူက နိုင်ရိုးထုံးစံရှိပါသလဲ။ မိမိမှာ အပျင်းထူတာလေးပဲ ပြောစရာရှိတာလေ။ မိသားစုနှင့် မိမိအိမ်ထောင်ရေးတွင် လက်ညှိုးထောက်ပြစရာ ဟာကွက်မရှိခဲ့။

အဲဒါကြောင့်လည်း

ဦးဖုံမင်းတန်က ဒေါ်မှုမှုကို မလွှမ်းမိုးနိုင်ခဲ့တာပေါ့လေ။

ခက် တစ်ယောက်မှာလည်း အိမ်ကို အဖေဖုံ တစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



ရှုတ်တရက် ရောက်လာခြင်းကြောင့် အတုန့်လှုပ်ကြီး တုန်လှုပ်သွားရသည်။ ယောက္ခထီးကြီးရဲ့ မေးခွန်းတွေကို အတတ်နိုင်ဆုံး အဆင်ပြေအောင် ဖြေရပေမယ့် ဟန်မဆောင်တတ်၊ မလိမ်ညာတတ်သော သူမကြောင့် အဖေကိုကြည့်ရတာ သူမစကားတွေအပေါ်တွင် သံသယရှိနေသယောင်။

အဖေက တန် အလုပ်လုပ်ပြီး ငွေရှာပေးလားတဲ့။

မိုးလင်းကနေ မိုးစုန်းစုန်းချုပ်အောင်သာ အပြင်ထွက်တာ၊ ပြန်လာလျှင် သူငယ်ချင်းတွေ တိုက်လိုက်သော အလကားမူးတင်းပဲ အရက်လေးနှင့် မူးနေတော့၏။ အရင်ကလည်း သောက်စားတတ်တာပါပဲ။ အခုတော့ မိဘအထိန်းအကွပ်မရှိတော့ တန်က ပိုပြီးဆိုးတာပေါ့။ ခက်ဆိုတာက တန့်အတွက် အရေးပါ အရာရောက်တဲ့သူမှ မဟုတ်တာ။

ပြီးတော့

တန့်ကိုလည်း စိတ်ရှုပ်ထွေးအောင် ခက် ဘာတစ်ခွန်းမှ မပြောရဲပါဘူး။ စိတ်ညစ်နေတဲ့ တန်ကို သူမ ထပ်ပြီး ပြဿနာတွေ မရှာချင်။ တန်နေချင်သလို နေတာပဲ ခက် ကြည့်နေမိသည်။

အိမ်မှာ ဝင်ငွေကမရှိ။

တန်က အပြင်မှာပဲစားတာများတာမို့ ငွေရှာပေးဖို့လည်း





စိတ်ကူးရှိသည့်ပုံမပေါ်။ အဖေပေးတဲ့ ဘဏ်စာအုပ်ကို သူမ ပြန်မပေးခဲ့မိတာပဲ မှန်တော့သည်။ ငွေလေးနည်းနည်းထုတ်ကာ သူမ စားနေရ၏။

တန်က အိမ်မှာမစားသလို ခက် ဘာနဲ့စားနေသလဲဟုလည်း တစ်ခါမှ မမေးတတ်ချေ။ မူးမူးရူးရူးနှင့် အိမ်ပြန်လာကာ ရောက်တာနှင့် အိပ်ရာထဲ ထိုးအိပ်တော့၏။ ခက်မှာတော့ တန့်ကို ကြည့်ပြီး ညစဉ်ညတိုင်း အငိုနှင့်သာ အိပ်စက်ခဲ့ရသည်။

အခုတလော

တန့် ခြေလှမ်းတွေ ပိုပြီးပျက်လာ၏။ အိမ်ကို ညပြန်လာမအိပ်တဲ့နေ့တွေ ရှိလာခဲ့သည်။ ဘယ်မှာသွားအိပ်နေသလဲဆိုတဲ့ အတွေးနဲ့ ခက် ရင်တစ်ခုလုံး ပူလောင်မြိုက်နေရ၏။ တန့်ကို မေးကြည့်ချင်ပေမယ့် ခက် မမေးရဲပါ။

တစ်နေ့ကုန် တစ်နေခန်း တိုက်ခန်းလေးထဲမှာ ခက်တစ်ယောက်တည်း၊ ပျင်းလွန်းလို့ မရှိရှိရာအလုပ်တွေ ကုန်းရုန်းလုပ်ပြီး စိတ်ကို ဖြေသိမ့်နေရသည်။ အချိန်အ[illegible]တာနှင့် ဘုရားရှိခိုးကာ ပုတီးပဲ စိပ်နေမိ၏။ မစားမှန်းသိပေမယ့် [illegible]မင်းချက်ကာ တန့်တစ်ယောက်စာကို အမြဲတမ်းချန်ကာ စောင့်မျှော်နေတတ်ခဲ့သည်။

www.burmeseclassic.com



တစ်ခါတစ်ခါလည်း ခက်အဖြစ်ကို တွေးပြီး ဝမ်းနည်းမိလို့ မဆုံးတော့။

တန်ရှိနေလျှင် သူမ ဒီတာကို မကြိုက်ပေမယ့် တန်မရှိနေတဲ့ အချိန်တွေမှာတော့ စိတ်လွတ်လက်လွတ် သူမ ငိုမိ၏။ အဖေနဲ့အမေ့ဆီလည်း ခက် သွားမလည်ရဲပါ။ ခက်သွားလျှင် တစ်ရပ်ကွက်တည်းနေတဲ့ အမေမှူတို့အိမ် ဝင်မလည်လို့ မကောင်းချေ။

အမေမှူနှင့်ဆုံလျှင်လည်း တန် အကြောင်းတွေ မေးတော့မှာပဲ။ ခက် ဘယ်လိုပြန်ဖြေပေးရမလဲဆိုတာ စဉ်းစားပြီး ဘယ်ကိုမှ မသွားရဲတော့ချေ။

ဒီကနေ့တော့

မထင်မှတ်စွာပဲ အဖေဓံက သူမတို့တိုက်ခန်းဆီ ရောက်လာသည်။ လမ်းကြုံလို့ ဝင်လာတာတဲ့။ ဒါ သက်သက်အကြောင်းပြမှုဆိုတာ ခက်နားလည်သည်။ အခုက ခက်တို့ ဘယ်လိုအခြေအနေရှိသလဲဆိုတာ အဖေဓံက လာပြီး လေ့လာတာပါ။

အဆင်ပြေအောင် ဖြေလိုက်ပေမယ့် အဖေဓံက သူ့သားအကြောင်း သိနေတာမို့ ယုံကြည်မှာမဟုတ်ဘူးဆိုတာ ခက်သိသည်။ ကရုဏာသက်နေသော အရောင်တွေနှင့်အတူ ဒေါသရောင်





တို့က အဖေဓံမျက်ဝန်းထဲမှာ ရေ…

ခက် စိတ်အညစ်ကြီး ညစ်နေရသည်

ခက်ကိုလည်း အသုံးစရိတ်ဆိုပြီး ငွေထုတ်ပေး။

ခက် လက်မခံပါဘူး။

တော်ကြာ တန်သိသွားရင် ရှင်းမရအောင် ပြဿနာတွေ တက်ရမည်။

သူ မကျေနပ်တဲ့ ခက် ဘာတစ်ခုမှမလုပ်ချင်။ တန်နဲ့ ခက် ရန်ဖြစ်ရမှာ သေလောက်အောင် ကြောက်မိ၏။ ကြောက်စိတ်အပြင် ရှက်ရွံ့မိတာလည်း ပါသည်။ ခက် ရန်မှမဖြစ်ဖူးတာ။ အဖေ အမေတို့ရဲ့ ဆုံးမသွန်သင်မှုအောက်မှာ အနူးညံ့ဆုံး ကြီးပြင်းရှင်သန်လာရတာမို့ တစ်ယောက်တစ်ခွန်း စကားများရမှာကို ခက်စိတ်တွေက ရှက်နေမိသည်။

အဖေဓံက ပြန်ခါနီး ခက်တို့ လင်မယားနှစ်ယောက်စလုံး အိမ်ကို လာခဲ့ကြဦးတဲ့။ တန် ရောက်ရင်လည်း သေသေချာချာ ပြောလိုက်တဲ့လေ။

ခက်တာက။

တန် ပြန်ရောက်မလာသေးတာပဲ။

ည ဆယ့်တစ်နာရီဆိုတဲ့အချိန်က နည်းမှမနည်းတော့တာ။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတစ်ခါထိမှာ ခက်တစ်ယောက်တည်း ကျန်နေခဲ့မိလို့ မဆုံးတွေးအချက်ကို တန်တစ်ယောက် မေ့လျော့နေသည့်ပုံပင်။

ခက်

တွေးမိတိုင်း ဝမ်းနည်းလာရသည်။

တန်ဆီက အငြိုးအတေးနဲ့ အမုန်းတရားတွေ ရနေခဲ့တဲ့ အဖြစ်ကိုပဲ ခက် စိတ်မကောင်းဖြစ်နေရတော့၏။

"ဒေါက် ဒေါက်"

ဟော

တံခါးခေါက်သံပဲ။

တန် ပြန်လာတယ်ပေါ့။

တန် ပြန်လာသည်ဆိုသည့်အသိကြောင့် ရင်တစ်ခုလုံး လှိုက်ခုန်ကာ သွားရသည်။ တံခါးပေါက် မှန်ဘီလူးဝိုင်းပေါက်လေးကနေ အပြင်ကို ချောင်းကြည့်ပြီး တံခါးဖွင့်ပေးလိုက်၏။ မျက်နှာလေးကိုလည်း အချိုသာဆုံးပြုံးကာ ကြိုဆိုမိသည်။

တန်က သူမဆီ တစ်ချက်မျှသာကြည့်ပြီး၊ အိမ်ထဲဝင်ကာ အိပ်ခန်းလေးဆီ လျှောက်သွားသည်။

ခက်

တံခါးလေးကို သေချာပြန်ပိတ်ပြီး တန့်နောက်သို့ လိုက်

[redacted]



ွားမိ၏။

"တန်"

"ဘာလဲ"

"ရော့"

ရေအေးအေးလေးတစ်ခွက်ကို အမောပြေအောင် ခက် ရင်တိုက်လိုက်တော့ တန်က ဘာမှပြန်မပြောဘဲ လှမ်းယူကာ ရှိုက်မက်မက် မော့သောက်နေ၏။

"ရေချိုးမလားဟင် တန်၊ နည်းနည်းစိမ့်နေတော့ ရေနွေး ပေးမလို့ ရေနွေးကျိုမလို့ပါ"

"ချိုးမယ်"

လေသံက မာဆတ်ဆတ်။

သို့သော် ခက် ကျေနပ်ပါသည်။

တန်က ဒီနေ့ မူးမှမူးမလာတာ။ မျက်နှာကြီး တည်တင်း ပေမယ့် အခုလို အေးအေးဆေးဆေး ပြန်လာတာကတော့ တယ့်ကို မင်္ဂလာရှိပြီး ဝမ်းသာစရာပဲ မဟုတ်ပါလား။

◆ ◆ ◆

[redacted]

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

ထူးထူးဆန်းဆန်းပင် တန်က ဒီကနေ့ ထမင်းစားမ ရသေးဘူးတဲ့။

ဒီတိုက်ခန်းကို ပြောင်းလာတဲ့နေ့မှစပြီး အပြင်ကချည် စားသောက်လာတတ်တဲ့ တန်က ဒီနေ့တော့ အိမ်မှာ ထမင်း မယ်တဲ့လေ။ ခက်မှာဝမ်းသာလွန်းလို့ ဘာပြောရမှန်းပင် မသိတော

တန် စားမယ်ဆို၍ သူ ရေချိုးနေတုန်း ချက်ထား ဟင်းတွေ ပူနွေးသွားအောင် ဂက်စ်မီးဖိုလေးနှင့် ကမန်းကတ နွေးမိ၏။ စားပွဲပေါ် စားချင်စဖွယ်ဖြစ်အောင် ပြင်ဆင်ပေးမိသည်

ရေမိုးချိုးကာ အဝတ်အစားလဲပြီးတော့ တန်က ထ စားပိုင်းတွင် တန်းထိုင်သည်။ ပြီးနောက် သူမ ပြင်ဆင်ပေး ဟင်းထမင်းများကို ခေါင်းမဖော်စတမ်း မြိန်ယှက်စွာစားနေသည်

[redacted]



တန့်ကိုကြည့်ရတာ အရမ်းကို ဆာလောင်နေသည့်ပုံပါပဲ။

အင်းပေါ့လေ။

အချိန်ကလည်း နည်းမှမနည်းတော့တာ။

အံ့သြစရာကောင်းတာက ဒီအချိန်ကြီးအထိ ညစာမစားရသေးဘဲ တန် အပြင်မှာ အချိန်ကြာကြီး ဘာကြောင့်နေနေရသလဲ ဆိုတာပါပဲ။ တကယ်ဆို အိမ်ကို စောစောပြန်လာသင့်တယ်မဟုတ်လား။ အခုမှ အူယားဖားယား စားနေပုံက မြင်ရသူပင် စိတ်မကောင်းမိချေ။

ထမင်းသုံးပန်းကန်လောက် တနင့်တပိုးကြီး စားပစ်လိုက်သော တန့်ကိုကြည့်ကာ အစာမကြေမှာပင် ခက် စိုးရိမ်နေမိသည်။ ထမင်းစားပြီး လက်ရေဆေးနေတဲ့ တန့်ကို လက်သုတ်ပဝါလေး ကမ်းပေးမိ၏။

ပြီးမှ

ကဗျာကယာ အိမ်ရှေ့မှန်ဗီရိုဆီသွားကာ အစာကြေဆေးဘူးကို ရှာရသည်။ အစာကြေဆေးဘူးတွေတော့ တန့်ဆီ ပြန်သွားမိ၏။

"တန်"

"ဘာလဲ"

[redacted]

www.burmeseclassic.com

www.burmeseclassic.com



"အစာကြေဆေး စားလိုက်ဦး"

"ဘာဖြစ်လို့လဲ"

"ညသော် အိပ်ချိန်ကြီးကျမှ ထမင်းစားထားတာ တော်ကြာ အစာမကြေဘဲ ဖြစ်နေမှာစိုးလို့ပေါ့၊ ရော့ပါ စားလိုက်ပါ"

ခက် ချော့မော့ကာ ကျွေးမိသည်။

ဒီတော့မှ

စိတ်မပါသလိုပုံစံကြီးနှင့် သူမဆီ လက်ဖြန့်ပေး၏။

ဘူးထဲမှ ဆေးလုံးသေးလေးများကို တန့်သင့်ရဲ့ လက်ဖဝါးထဲ ထည့်ပေးလိုက်သည်။

"ရေယူဦးမလား တန့်"

"မလိုပါဘူး"

ပြောပြီး ပါးစပ်ထဲ ပက်ခနဲ ဆေးများထည့်ပြီး စားလိုက်တော့ ခက် ငြိမ်သက်စွာပင် တန့်အနားက ထွက်လာပြီး ဆေးဘူးလေးကို နေရာတကျ ပြန်ထားလိုက်သည်။

တန့်က အခန်းထဲဝင်ဖို့လုပ်တော့

"တန့် ချက်ချင်းကြီး လှဲမအိပ်ချလိုက်နဲ့ဦးနော်"

"ကျွတ် မင်းဟာကလည်း ဘာလဲကွ၊ လူကို ဟိုဟာမလုပ်နဲ့ ဒီဟာမလုပ်နဲ့နဲ့ တစ်ချိန်လုံး ဆရာကြီးလုပ်နေတော့တာ





လား"

"ဆရာလုပ်တာ မဟုတ်ပါဘူး တန့်ရယ်၊ အစာစားပြီး အိပ်ရာထဲ လှဲလိုက်လို့ အခန့်မသင့်ဘဲ ဗိုက်တွေဘာတွေနာပြီး ဒိုက်ခွဲရတဲ့ သူငယ်ချင်းတစ်ယောက်ရဲ့ အဖြစ်ကို ခက်က မျက်ဝါး ထင်ထင် မြင်ထားလို့ပါ၊ တန့်ကို စိုးရိမ်လို့ပေါ့"

သူမစကားကြောင့် တန့်က မျက်ခုံးထူနက်နက်ကြီးတွေ အောက်က သူမဆီ ခပ်စူးစူးစိုက်ကြည့်သည်။

"ခက် တကယ်ပြောတာပါ တန့်ရဲ့၊ မလိမ်ပါဘူး"

ဒီတော့

တန့်က အခန်းထဲက ပြန်ထွက်လာပြီး အိမ်ရှေ့ ဆက်တီခုံလွတ်တွင် ဝင်ထိုင်သည်။

ခက်လည်း တန့်နံဘေးခုံတွင် ဝင်ထိုင်ကာ တန့် တစ်ယောက်တည်း မပျင်းရလေအောင် ကူထိုင်ပေးပြီး အချိန်ခဏ စောင့်ပေးမိသည်။

"မင်းမိဘတွေပိုက်ဆံကို ပြန်မပေးသေးဘူးမဟုတ်လား ခက်"

"ရှင်"

"ဘာထဲစာအုပ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟို ဟို ဒါက"

"မင်းထုတ်သုံးထားတာ ဘယ်လောက်ရှိနေပြီလဲ ခက်"

"တစ် တစ်သိန်းထုတ်ထားတယ် တန်"

တန်က ပြန်ပြီး ငြိမ်သက်သွား၏။

ခက်

တန့်မျက်နှာ ဘယ်လိုပြောင်းလဲသွားသလဲဆိုတာ မော့မကြည့်ရဲပါ။ ပြန်ပေးခိုင်းထားတာကို မနာခံသည့်အပြင် ငွေထုတ်သုံးနေမိသည့်အဖြစ်ကို တန် အရမ်းစိတ်ဆိုးတော့မှာပဲဆိုသည့် ကြောက်စိတ်နှင့် ခေါင်းလေးပင် မဖော်ရဲတော့ချေ။

"ခက်"

"ရှင်"

"နောက်တစ်ပတ်ကျရင် အဲဒီပိုက်ဆံ ပြန်ဖြည့်ပေးမယ်၊ မင်းပြန်ပေးလိုက်"

"တန်"

"မင်း ဘာစကားမှပြန်မပြောနဲ့၊ ငါ ငွေရှာပေးမယ်"

"ရှင် ဘာတွေဖြစ်နေတာလဲ တန်၊ ဘာကြောင့် ခက်မိဘတွေအပေါ်မှာ အဲဒီလောက်တောင် မာနတွေထားနေရတာလဲ၊ တန့်ကို တကယ်ပဲ နားမလည်နိုင်တော့ဘူးသိလား၊ ဒီငွေတွေက ခက်



နှစ်ယောက်အတွက် လက်ဖွဲ့ငွေတွေပါ၊ ခက်တို့ပိုင်ဆိုင်တဲ့ ငွေတွေပါ တန်ရဲ့၊ ခက်တို့မှာ သုံးပိုင်ခွင့်အပြည့်ရှိပါတယ်"

"မင်းမိဘတွေက ဘယ်လောက်တောင်ချမ်းသာနေလို့ လို ဘဏ်စာအုပ်ကြီး လက်ဖွဲ့လိုက်ရတာလဲ၊ အသက်ငယ်တဲ့ ထက် အသက်ကြီးတဲ့သူက ပိုပြီး ငွေရှိနေဖို့ လိုအပ်တယ်ကွ၊ န်းမာရေးဆိုတာ ပြောလို့ရတာမဟုတ်ဘူး၊ ဝင်ချင်ရင် တံခါး မားမရှိဘဲ၊ ပြန်ပေးထားလိုက်"

ဟင်

ခက် မျက်ဝန်းလေးတွေ ပြူးဝိုင်းသွားရသည်။

တစ်ချိန်လုံး

ဂုဏ်သိက္ခာတွေ မာနတွေ ခေါင်းပေါ်ရွက်ပြီး ကြိမ်းဝါး တတ်တဲ့ တန့်ဆီက မထင်မှတ်ဘဲ ကြားလိုက်ရသောစကား ကြောင့် ခက် ပါးစပ်အဟောင်းသားလေးဖြစ်အောင်ပင် အံ့ဩ သက်သွားရသည်။

ကျန်းမာရေးအတွက် လူကြီးတွေမှာ ငွေရှိနေဖို့ ပိုလို ယ်တဲ့။

အဖေတို့ မတတ်နိုင်ဘူးဆိုတာသိလို့ တန်က ပြန်ပေး နေတာကို။

www.burmeseclassic.com

www.burmeseclassic.com



ကြည့်စမ်း။

ဒါဆို တန်က အဖေနဲ့အမေအပေါ် စိတ်နာကြည်းနေတာ မှ မဟုတ်တာဘဲ၊ ငဲ့ညှာထောက်ထားလို့ မလိုချင်တာပဲနော်။

တန်

တန်ရယ်။

ကျေးဇူးတင်ပါတယ်။

အခုလို

ပြောင်းလဲပေးတဲ့အတွက် ခက် အရမ်းကျေးဇူးတင် တယ် တန်ရယ်။

"တန်"

ဝမ်းသာအားရ တန့်နာမည်လေးကို ခေါ်မိ၏။

"နောက်တစ်ပတ်ကျရင် ငွေနှစ်သိန်း ရစရာရှိတ တစ်သိန်း ပြန်ဖြည့်ထည့်ပေးပြီး နောက်တစ်သိန်းကိုတော့ ချေ သုံးပေါ့၊ နောက် ဘယ်နေ့ဘယ်ရက်မှ ငွေထပ်ပေးနိုင်မလဲဆို အာမခံနိုင်တာ မဟုတ်ဘူး၊ ရှိတုန်းပေးထားတာ"

"တန် ရှင် ရှင်"

"သွားအိပ်တော့မယ်"

ပြောပြီး ထိုင်ခုံကနေ ဆတ်ခနဲ ထသွား၏။





ခက် မတားဆီးမိပါ။

ဝမ်းသာလွန်းလို့ ရင်တွေ တဆတ်ဆတ်ခုန်နေရသည်။

ကြည့်စမ်း

တန်က သူမ ထင်ထားသလို ပစ်ပယ်ထားတာမှမဟုတ် ပဲ။ အလုပ်လုပ်ပြီး ငွေရှာပေးဖို့ ကြိုးစားနေတာလေ။ ခက် ထင်တောင်မထင်မိပါဘူး။ ခက်ကို အခုလို ရှာဖွေကျွေးမွေးလိမ့် မယ်လို့လေ။

တန့်ကိုကြည့်လိုက်လျှင် မျက်နှာထားကြီးက တင်းပြီး လူကိုလည်း စကားမပြောချင် မဆိုချင်သလို ရှိသည်။ တစ်နေ့ တစ်နေ့ မိုးလင်းတာနှင့် ထွက်သွားပြီး မိုးချုပ်မှ ပြန်လာတတ်၏၊ ခက်ကို ကြင်နာဖို့ နေနေသာသာ လှည့်ပင်မကြည့်တတ်ချေ။

ဒီအချိန် ခက် ထမင်းစားပြီးရဲ့လားလို့ ဘယ်တုန်းကမှ မမေးတတ်သလို မင်းမှာ အသုံးစရိတ်ရှိနေရဲ့လားဆိုတာလည်း မမေးခဲ့ချေ။ ခပ်အေးအေးပင် အိပ်ရာထဲ ဝင်သွားတတ်သည်။

ခက်ကလည်း သူ မမေးလျှင် ဘာတစ်ခွန်းမျှ မဖြေ သလို ငွေမရှာပေးနိုင်ဘဲ အိမ်ကိုရောက်လာတဲ့ တန့်ကိုလည်း ဘယ်လို စကားမျိုးနှင့်မှ ပြစ်တင်ဝေဖန်ခြင်း မရှိခဲ့ချေ။ တန့်ကို မြင်လိုက်သည်နှင့်ပင် သူမဘက်က ဝတ္တရားရှိသည့်အတိုင်းပင်



www.burmeseclassic.com

www.burmeseclassic.com



လိုလေသေးမရှိ လုပ်ပေးတတ်သည်။

ခက်ဆီမှာ ပြုစုခြင်း၊ ဆောင့်အောင့်ခြင်း လုံးဝမရှိတတ်။ တန် ပြန်မအိပ်လို့ သိချင်လှျင်တောင် ထိုစိတ်ဆန္ဒများကို ဖြေဖျောက်ကာ တန်အပေါ် အချစ်မလျှော့ဘဲ ပုံမှန်အတိုင်းပင် ဆက်ဆံခဲ့သည်။

တန်ရဲ့ သွေးအေးမှုကိုပဲ နားလည်မှုတွေ အခါခါပေးနေမိ၏။

အခုတော့

တန်က သူမပေါ် တမင်သက်သက် ပစ်ပယ်ထားခြင်း မရှိဘဲ ရှာဖွေကျွေးမွေးဖို့ပါ စိတ်ကူးရှိနေတာဆိုတော့ တန်ဟာ အရင်က ထိုက်တန် ဆိုတဲ့ ခပ်ပေါ့ပေါ့ကောင်လေး မဟုတ်တော့ဘူးပေါ့လေ။

တန်

အပြောင်းလဲကြီး ပြောင်းလဲနေပြီပေါ့။

ဝမ်းသာလိုက်တာ

ဝမ်းသာလိုက်တာ တန်ရယ်။

ခက်လေ

ဘယ်လိုပြောရမှန်း မသိတော့လောက်အောင်ပဲ ဝမ်းသာ





လိုက်တာတန်ရယ်။

ခက်တစ်ယောက်

အိမ်ရှေ့မီးများပိတ်ပြီး အခန်းလေးထဲ ဝင်ခဲ့မိ၏။

အိပ်ရာလေးထက်မှာတော့ တန်က လဲလျောင်းနေသည်။ မျက်လုံးတွေကို စုံမှိတ်ထားသော တန့်ကို ညမီးရောင်မှိန်မှိန်ပြပြ အောက်တွင် ခက် မြင်တွေ့နေရ၏။ ခက် ညင်သာစွာပင် တန့်နံဘေးတွင် လှဲအိပ်လိုက်သည်။

"တန် မအိပ်သေးဘူးမို့လားဟင်"

ခပ်တိုးတိုးမေးမိ၏။

တန်ကတော့ ငြိမ်သက်တိတ်ဆိတ်နေမြဲပင်။

"မနက်က အိမ်ကို အဖေဖေ လာလည်သွားတယ်"

တန်ဆီက ဘာစကားသံမှ ထွက်မလာချေ။

သို့သော်

တန် နားထောင်နေသည်ဆိုတာကိုတော့ ခက် သိပါသည်။ ဒါကြောင့်လည်း စကားကို ဆက်လိုက်၏။

"အဖေဖေက ခက်မှာ အသုံးစရိတ်ရှိရဲ့လားဆိုပြီး ငွေပေးတယ် တန်"

တန် မျက်နှာက ဆတ်ခနဲ သူမဘက် စောင်းလှည့်လာ

www.burmeseclassic.com



၏။

“ခက် လက်မခံလိုက်ပါဘူး တန်၊ ခက် မလို်ဘူး၊ အဆင်ပြေတယ်လို့ ပြောလိုက်ပါတယ်”

ဒီတော့မှ

တန် မျက်ဝန်း စိမ်းတောက်တောက်တွေက အရောင် ဖျော့သွား၏။

“အဖေက မှာခဲ့တယ် တန်၊ အိမ်ကို နှစ်ယောက်စလုံး လာခဲ့ကြဦးတဲ့လေ”

တန်ခေါင်းလေးက သူမ စကားဆုံးတာနှင့် တစ်ဖက်သို့ ပြန်လှည့်သွားသည်။ ခက် ကြည်လင်စွာပင် ပြုံးလိုက်မိ၏။ တစ်ခါတလေ တန့်ပုံစံလေးက ကလေးဆိုးလေးတစ်ယောက်လို ပင်၊ စိတ်ဆိုးစရာမကောင်းဘဲ ချစ်စရာကောင်းနေတတ်၏။

တန့်စိတ်ကို ဖတ်နိုင်ဖို့ ခဲယဉ်းသလို ဉာဏ်မမီတဲ့ ခက်က တန်ရဲ့အမူအရာကိုလည်း မဖမ်းတတ်ပါ။ တန်ကလည်း အဲဒီလို ဖြစ်အောင် လျှို့ဝှက်တတ်သည်မဟုတ်လား။ ညှံ့ဖျင်းသူမှာ အပြစ် မရှိဘူးလေ။

တစ်ဖက်ကို လှည့်စောင်းအိပ်နေတဲ့ တန်ရဲ့ နောက်ကျော လေးကိုကြည့်ပြီး ခက်ရင်လေး တထိတ်ထိတ်ခုန်နေမိ၏။ ခက်ကို



မုန်းတီးနာကြည်းနေတာလည်း မဟုတ်ပါဘဲ အပြင်မှာ ဘီလူး ဆိုင်းတီးပြီး မုန်းစကားတွေ တွင်တွင်ဆိုနေသော တန့်ကို အသည်း လေး ယားနေမိသည်။

ခက်

တန့်အနားတိုးကပ်ကာ နောက်ကျောဘက်ကနေပြီး တန့် ခါးလေးဆီ ဖက်မိသည်။ အတွေ့အထိကြောင့် တန့်ခန္ဓာကိုယ်လေး ဆတ်ခနဲလှုပ်သွား၏။ ပြီးနောက် တန်ဘက်က ငြိမ်သက်စွာပင် ဆက်အိပ်နေသည်။

ခက်ရဲ့ မြတ်နိုးကြင်နာစွာ ဖက်တွယ်လာသော လက် တွေကိုတော့ စိမ်းသက်စွာပင် ပုတ်မထုတ်ခဲ့ပါချေ။

တန်ရယ်

ရှင် ဟန်ဆောင်ကောင်းလှချည်လားကွယ်။

တော်သေးတာပေါ့။

အချိန်မီလေး ခက် သိလိုက်ရလို့။

မဟုတ်ရင် ခက်နှလုံးသားတွေ [illegible] ကြေမွပျက်စီး ရတော့မယ် သိလား တန်။

◆ ◆ ◆

www.burmeseclassic.com

## အခန်း (၁၃)

"ဘာလဲ မင်းက ဟိုမှာပြန်နေချင်တာလား ခက်၊ ငါနဲ့နေရရင် ထမင်းငတ်ချင် ငတ်နေမှာဆိုပြီး အရာအားလုံး အဆင်သင့်ပြည့်စုံနေတဲ့ အမေတို့ဆီမှာ နေချင်တာလား၊ ဒါဆို မင်းသဘောမင်းဆန္ဒပဲလေ၊ ငါကတော့ မတားဘူး၊ မင်းနေချင်တဲ့နေရာမှာ နေနိုင်တယ် ခက်"

တန့်မျက်နှာမှာ ဒေါသရိပ်တို့ကြောင့် ခက်ထန်တင်းမာနေခဲ့၏။ တန့် စကားသံက စူးစူးဝါးဝါးပင် ကျယ်လောင်နေခဲ့သည်။

"မဟုတ်ပါဘူးတန့်ရယ် အဲဒါတွေကြောင့်မဟုတ်ပါဘူး။ တန့်ကိုသနားလို့ပါ၊ ဒီတိုက်ခန်းကျဉ်းလေးမှာနေရတာ ဘယ်လောက်တောင် နေသားမကျသလဲဆိုတာ ခက်မြင်နေရတာလေ၊ အဲဒါ





ကြောင့် အမေက ဒီမှာပြန်နေချင်နေနိုင်တယ်လို့ပြောတော့ ခက်ဝမ်းသာသွားမိတာပေါ့တန့်ရယ်"

"အဓိပ္ပာယ်မရှိတာမပြောစမ်းပါနဲ့၊ ကိုယ်နေချင်ရင်နေချင်တယ်ပေါ့ခက်၊ ငါ့ကိုလွှဲမချစမ်းပါနဲ့"

ခက်တော့တာပဲ။

တန့်ကလေ သူ့မကိုဆိုလျှင် ဘယ်တော့မှ အကောင်းမမြင်ချေ။

ဒီတိုက်ခန်းလေးကိုရောက်တော့ တန့် ဘယ်လောက်တောင် စိတ်ထိခိုက်နေခဲ့သလဲ။ ကျယ်ဝန်းတဲ့ခြံကြီးနဲ့ ကြီးမားမြင့်မားတဲ့ သူနေခဲ့တဲ့တိုက်အိမ်ကြီးကို စွန့်ခွာခဲ့ရလို့ ဝမ်းနည်းကြေကွဲနေခဲ့တာမဟုတ်လား။ အရာရာပြည့်စုံနေတဲ့ ဘဝလေးကို ခက်ကြောင့် ဆုံးရှုံးခဲ့ရသည်ဆိုပြီး နောင်တရလေသံနဲ့ တစ်ချိန်လုံးရှိတဲ့ တန့်အတွက် အခုလိုအခြေအနေမျိုး ဖြစ်လာတာ ဝမ်းသာစရာပဲလေ။

ဒါကို တန့်က ဘာကြောင့် အခုလိုတွေဖြစ်နေရပါလိမ့်။

"တန့်ရယ်...ခက်ကလွှဲချတာမဟုတ်ပါဘူး၊ ခက်စေတနာကို တန့် ဘာကြောင့် နားမလည်ရတာလဲဟင်၊ ခက်ကအရင်ကတည်းက အောက်ခြေလူတန်းစားပါ၊ မိုးလောက်မြင့်တဲ့ တိုက်အိမ်ကြီးထဲမှာ အခြွေအရံတွေနဲ့ နေခဲ့ရတဲ့ သူဌေးသမီးမဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ဘူးတန်၊ ခက်မှာ နောင်တတကြီးနဲ့လှည့်ကြည့်စရာ၊ မက်မောဖက်တွယ်စရာ ဘာမှမရှိဘူး၊ ခက်နေနိုင်တယ်၊ ရှိတာနဲ့ဝအောင်စားတတ်တယ်၊ တန့်အတွက်သာ စိတ်မကောင်းဖြစ်နေခဲ့ရတာပါ''

''မင်းစိတ်မကောင်းဖြစ်ရအောင် ငါကဘာဖြစ်နေလို့လဲ၊ တော်စမ်းပါကွာ အခြေအမြစ်မရှိတာတွေ မပြောစမ်းပါနဲ့''

''တန်''

''ဘာလဲ''

''ခက်ကို ဘာကြောင့် အဲဒီလောက်တောင်ပဲ မုန်းနေရလဲဟင်''

''ဘာ''

''ခက်ရင်ထဲက ချစ်ခြင်းမေတ္တာတွေကို မြင်အောင်မကြည့်ဘဲ ဘာလို့ သူစိမ်းတစ်ယောက်လို အတွေးတွေနဲ့ ရှိနေရတာလဲ''

''မင်းပြောတာနဲ့ အခုကိစ္စဘာမှမဆိုင်ဘူး''

''ဆိုင်တာပေါ့ တန်၊ သိပ်ဆိုင်တာပေါ့၊ တန့်ရင်ထဲမှာ အမုန်းတရားတွေရှိနေလို့သာ ခက်ရင်ထဲကအချစ်တွေကို မမြင်နိုင်တာပေါ့၊ ခက်လေ တန့်မျက်နှာကိုမြင်လိုက်တိုင်း ငါ့ကြောင့် တန် အခုလိုဘဝမျိုးရောက်ရတာဆိုပြီး ဘယ်လောက်တောင် နောင်တတွေရနေခဲ့ရသလဲဆိုတာ တန်မသိပါဘူး၊ ဖွယ်ဖွယ်ရာရာ ချက်ပြုတ်





ားတဲ့ ထမင်းဝိုင်းကြီးကနေ အလျှဉ်းသင့်သလို ချက်ထားရတဲ့ င်းလေးတွေနဲ့ စားနေတဲ့ တန့်ကိုကြည့်ပြီး မျက်ရည်တောင်ဝဲခဲ့ ာယ်တန်၊ ကားမပါဘဲ ခြေလျင်ထွက်သွားရတဲ့ တန့်ကို ဝရန်တာ ေးကနေ ငုံ့ငုံ့ကြည့်ပြီး ခက်ရင်တွေ နင့်သည်းလွန်းလို့ပါ၊ ဒါတွေ ာ ဒါတွေဟာ တန့်ကို ခက်သိပ်ချစ်လွန်းလို့ပါ၊ အချစ်တွေကြောင့် ြင်ရက်ခဲ့တာပါတန်ရယ်''

ခက်ရဲ့စကားသံလေးက တဖြည်းဖြည်းတိုးလျှသွား၏။ ျက်ရည်တချို့ ပါးပြင်နုနုလေးထက် ခုန်ပေါက်ပြေးဆင်းလာကြ ည်။

''ဒါကြောင့်လည်း အမေ့မှုက ပြန်လာနေကြလို့ပြောတော့ ်ရင်ထဲမှာလေ ဘယ်လိုဖြစ်သွားမှန်းတောင် မသိတော့ပါဘူး၊ အတွက် အဆင်ပြေပြီဆိုတဲ့အတွေးနဲ့ ထခုန်မတတ်ကို ဖြစ်သွား ာပါ၊ ခက်သိပ်ပြီးနေချင်ပါတယ်၊ တန့်အတွက်သာ ကောင်း ဆိုရင် ဘယ်လိုနေရာမျိုးမှာ ဘယ်လိုပုံစံမျိုးနဲ့ပဲဖြစ်ဖြစ် ခက် ေဖို့အဆင်သင့်ပါပဲတန်ရယ်၊ အဟင့် ဟင့်''

ခက် ဘယ်လိုမှ မထိန်းချုပ်နိုင်တော့ပါ။

ငိုတာမကြိုက်ဘူးဆိုတဲ့ တန့်ရှေ့မှာ အသံလေးထွက်ကာ ာသိမ့်သိမ့်ရှိုက်ငိုမိသည်။ ပြီးနောက် တန့်ရှေ့ကနေ ပြေးထွက်



www.burmeseclassic.com

www.burmeseclassic.com



ကာ အခန်းလေးအတွင်းသို့ ဝင်ခဲ့မိတော့သည်။

ခက်ရယ်။

ကိုယ်တောင်းပန်ပါတယ်ကွာ။ အစိုးရိမ်လွန်သွားတဲ့ကိုယ့် အဖြစ်ကို မင်းစာနာပေးပါ ခက်ရယ်။ ကိုယ်အရမ်းစိုးရိမ်လွန်သွား လို့ပါကွာ။ ကိုယ်အရမ်းတုန်လှုပ်သွားရလို့ပါခက်ရယ်။

ဆောရီးပဲကွာ။

ကိုယ်အရမ်းမှားသွားခဲ့ပါတယ်။

ကိုယ်ထင်ခဲ့တာက ကိုယ်နဲ့ပတ်သက်ပြီး တစ်ခါမှမပြော ဘူး မတွေ့ဖူးခဲ့တဲ့ စည်းစိမ်ဥစ္စာတွေအပေါ် မက်မောတွယ်တာ... ပြီလို့လေ။ မင်းကိုယ့်ကို လက်ထပ်ခဲ့တာ ပေါ့ပေါ့နေပေါ့ပေါ့... ဘာအလုပ်အကိုင်မှမရှိဘဲ မိဘလုပ်စာထိုင်စားပြီး ပျော်ပါးသော... စားနေတဲ့ ကောင်ဆိုးလေးတစ်ယောက်ဆိုတဲ့အသိနဲ့ပဲ မဟုတ်လား...

ပြောစကားနားမထောင်ဘဲ ကိုယ်ထင်ရာစွတ်လုပ်တတ်... ထိုက်တန်ဆိုတဲ့ ကိုယ့်ကိုပဲ ချစ်မြတ်နိုးလို့ လက်ထပ်တာမဟုတ်... ခက်။ ကိုယ်နဲ့ပတ်သက်ပြီး ဘယ်လိုအဆိုးအကောင်းကိုပဲ... သည်းခံနေနိုင်မှာပဲလို့ ကိုယ်က တစ်ချိန်လုံးတွေးထားတာ... အဲဒီလိုအတွေးတွေရှိနေခဲ့တဲ့ ကိုယ်ဟာ မင်းဆီက ဘယ်လိုပြောင်း... သွားမှုကိုမှ ခံနိုင်ရည်မရှိဘူးကွာ။





အခုနောက်ပိုင်းမှာ ကိုယ်ဟာ မထင်မှတ်လောက်အောင်ပဲ ...ပြောင်းလဲနေခဲ့တယ်ခက်။

အဲဒီအချက်ကို မင်းသတိထားမိရဲ့လားမသိပေမယ့် ...ကိုယ့်ကိုယ်ကို သတိထားမိနေခဲ့ရတဲ့ ကိုယ်ကတော့ အရမ်းကို ...တုန်လှုပ်အံ့သြနေတော့တာပဲ။

ခက်ရယ်။

တစ်ခါတလေမှာ ကိုယ်ဟာ အရမ်းကိုပဲ အတ္တကြီးခဲ့ပါ ...တယ်။ ကိုယ်ဘယ်လိုပဲနေနေ ခွင့်လွှတ်သည်းခံပြီး နွေးနွေးထွေး ...ထွေး ကြိုဆိုနေတတ်တဲ့ မင်းရဲ့ချစ်ခြင်းမေတ္တာ လျှော့ပါးသွားမှာ ...ကိုယ်သိပ်ကြောက်နေတတ်ခဲ့ပြီခက်။

ကိုယ်က အများကြီးသိသွားခဲ့တဲ့သူကို။

မင်းဆီက ပေးဆပ်ချစ်တွေ အများကြီးရခဲ့ဖူးတော့ ကိုယ် ...ပြီး သွေးဖျက်ချောက်ချားနေခဲ့ရတာပါ။ ကိုယ်ရရှိနေသမျှ ဆုံးရှုံး ...မှာကိုလေ။

...တန်းတစ်ယောက်တည်း ခုံလေးမှာထိုင်နေမိဆဲဖြစ်သည်။ ...အခန်းလေးထဲမှာတော့ ခက်ရဲ့ငိုရှိုက်သံလေးက ထွက်ပေါ်လို့နေ၏။

ခက်အရမ်းကို ဝမ်းနည်းသွားပုံပါပဲ။ သူကလည်း ...အေးအေးဆေးဆေးမှ မပြောရှင်းခဲ့မိတာကို။ အမေက ပြန်လာနေကြဆို



www.burmeseclassic.com

www.burmeseclassic.com



တဲ့ စကားကို ကြားလိုက်တာနဲ့ မျက်နှာလေးပြုံးရွှင်ကာ ဝမ်းသာ
တဲ့ ခက်ကိုကြည့်ပြီး သူ့စိတ်ထဲ ဒေါသတွေတလိပ်လိပ်တက်လ
ရ၏။ ပြည့်စုံမှုတွေအပေါ် ခက် မိန်းမောသွားတာကို သူဘယ်လို
လက်မခံနိုင်ပါ။ ထိုက်တန်ယူထားတဲ့ မိန်းမဟာ ထိုက်တန် ဖန်
ပေးတဲ့ ဘဝကိုပဲ ကျေနပ်သင့်တယ်ဟု သူထင်သည်။

လူဆိုတာ ဘဝတစ်သက်တာလုံး အခုလိုစည်းစိမ်ချမ်းသ
တွေနဲ့ပဲ ရှင်သန်နေရလိမ့်မယ်လို့ ဘယ်သူပြောနိုင်လို့လဲ။ မက်
တာကို သူလက်မခံနိုင်။ ငွေဆိုတာ ဘယ်လောက်တန်ဖိုးရှိသလဲ
တဲ့အချက်ကို ကိုယ်တိုင်ရှာဖွေရတော့မှ သူသိနားလည်ခဲ့သည်

အရင်ကဆို အမေရှိရင် ငွေရှိတယ်ဆိုတဲ့ သူ့အတွေး
အမေ့ရဲ့ပံ့ပိုးပေးမှုအောက်တွင် ပျောက်ဆုံးသွားခဲ့ရ၏။ အစကတော
အမေ့စေတနာကို သူနားမလည်ခဲ့ပါ။ အမေတမင်လုပ်တာပဲဆို
အသိနှင့် ရင်ထဲမှာ နာကြည်းခဲ့မိ၏။

ခုတော့ သူကောင်းကောင်းကြီး သိမြင်ခဲ့ချေပြီ။

သူငယ်ချင်းအပေါင်းအသင်းသာလျှင် ကိုးကွယ်အားထ
ရာဟု ထင်ခဲ့သော ထိုက်တန် အမေအိမ်ထောင်ခွဲပြီးနေနိုင်
တစ်ပြားတစ်ချပ်မှမပါဘဲ သူငယ်ချင်းတွေဆီရောက်သွားတော့ သူ
ရဲ့ဆက်ဆံရေးက အေးစက်စိမ်းကားသွား၏။



တစ်ချိန်က…

သူထုတ်ပေးတဲ့ငွေတွေနဲ့ တပျော်တပါးသုံးစားလာကြတဲ့
ကောင်တွေပါ။ ကိုယ့်မှာ ငွေရေးကြေးရေး အဆင်မပြေတော့
ကြောင်းအမျိုးမျိုးပြပြီး ပညာသားပါပါ ငြင်းပယ်ကြ၏။
သာက္ခမဘက်က ပေးလိုက်တဲ့ငွေတွေကို သူမှမသုံးချင်တာ။

သို့သော်…

ခက်အတွက်လည်း သူကရှာမပေးနိုင်ခဲ့ဘူးလေ။

နောက်ဆုံးတော့ တန်ဖိုးအတွက် ထိုငွေကသာလျှင်
ကောင်းဆုံး အထောက်အပံ့ဖြစ်ခဲ့ပါ၏။ ငွေနောက်ကို အမေ
ကောလိုက်ရှာရတော့မှပဲ သူသိခွင့်ရခဲ့ခြင်းပဲဖြစ်သည်။ ခက်မိဘ
တွေအပေါ်မှာလည်း အထိုက်သင့်တော့ သူနားလည်မှုပေးနိုင်လာခဲ့
သည်။

သို့သော်…

အများကိုသိနေပေမယ့် အသုံးမကျတဲ့မာနတွေနဲ့ ခေါင်းမငုံ့
ခဲ့။ ယောက္ခမတွေပိုက်ဆံကို ပြန်ဖြည့်ပေးရမည်ဟူသည့် အသိ
သာ သူငွေရှာခဲ့၏။ ပြီးတော့ ခက်ရဲ့စားဝတ်နေရေး။ ဒါကို
ခေါင်းထဲထည့်ထားရသည်။

မထင်မှတ်ဘဲ

www.burmeseclassic.com

www.burmeseclassic.com



ငွေရပေါက်ရလမ်းတစ်ခု သူရခဲ့၏။

ဒါက…။

ဟိုတစ်ချိန်က သူအထင်သေးပြီး ပြစ်ပယ်ထားခဲ့သော သူငယ်ချင်းမိုးသူထံမှဖြစ်သည်။ သူငယ်ချင်းမိုးသူက သူ့အခြေအနေတွေကို တစ်ခုမှမသိချေ။ သူ့မှာ မိတ်ဆွေအပေါင်းအသင်းများတော မို့ သူတို့ပွဲစားက အသိမိတ်ဆွေတစ်ယောက် ကားဝယ်ချင်လို့ မင်းကူညီပါဦးကွာဟု ခခယယတောင်းပန်ခဲ့၏။

ငွေရှာနေတဲ့အချိန်မှာ ဒါဟာ အကောင်းဆုံးအခွင့်အရေး မို့ သူလက်လွှတ်မခံချင်တော့။ လိုချင်သည့်ကားကို သူရှာသည် ပြီးနောက် အရောင်းအဝယ်တည့်အောင် ကြိုးစား၏။ ကားကို ဖ ထိတောင် ညအိပ်ပြီးသွားပြခဲ့ရသည်။

အရောင်းအဝယ်တဲ့သွားတော့မှ သူသက်ပြင်းချနိုင်တော့ ၏။ ပွဲစားခက မျိုးမျိုးမြက်မြက်လေးရမှာ မဟုတ်လား။ မိုးသူ သူတို့ ခွဲယူရလျှင်တောင် တစ်ယောက်နှစ်သိန်းလောက်ရကြမှာ လေ။

ထိုငွေရလောက်မှသေချာတော့မှ ခက်ဆီ မျက်နှာပန်းလှ နှင့် သူအိမ်ပြန်နိုင်ခဲ့၏။ ခက်မိဘတွေရဲ့ငွေကိုလည်း သူပြည့် နိုင်ခဲ့သည်။ ခက်အတွက်လည်း အသုံးစရိတ်ထုတ်ပေးခဲ့၏။



သို့သော်…

ထိုငွေကြေးလေးနှင့် အချိန်အကြာကြီးရပ်တည်ဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ပါချေ။ ဒါကြောင့်လည်း အလုပ်တစ်ခုခုလုပ်ဖို့ ကြိုးစားရှာနေမိသည်။ အမေ့လုပ်ငန်းထဲဝင်ပြီး လုပ်လျှင်ရတာ သူသိသည်။ သို့သော် သူမလုပ်ချင်။ မိဘတွေဆီက တာအထောက်အပံ့ မယူဘဲ သူ့အားသူကိုးချင်သည်။ ကိုယ့်အင်အားနှင့်သာ အောင်မြင်အောင် ကြိုးစားချင်၏။ အဖေတို့အမေတို့ဆီက သူယူခဲ့တာတွေ အရမ်းကိုများနေပြီလေ။ ထပ်ပြီးဒုက္ခမပေးချင်တော့။

အိမ်ထောင်ကျပြီးတာတောင် မိဘတွေက လက်မလွှတ်ရ သေးဘူးဆိုတာတော့ မဟုတ်သေးချေ။ ဒါကြောင့်လည်း အမေတို့ အရိပ်အောက်ကို သူမခိုလှုံချင်တော့။ အေးမြလုံခြုံမယ်ဆိုတာ သိနေပေမယ့် သူ့ခြေထောက်ပေါ် သူရပ်တည်ချင်သည်။

ဒါကို ခက်နားလည်ပါရဲ့လား။

အမေ့အိမ်ကို မပြန်ရလို့ စိတ်များငြိုငြင်နေလိမ့်မလား။

သူ့အာရုံထဲအတွေးပေါင်းစုံနှင့် ရှိနေရ၏။

ခက် အရမ်းစိတ်အားငယ်သွားတာ သူသိသည်။

တကယ်ဆို သူသွားပြီးနှစ်သိမ့်မှ ပေးသင့်တာပေါ့။

သို့ပေမယ့် သူ့ခြေလှမ်းတွေကို လှုပ်မရ။

www.burmeseclassic.com

www.burmeseclassic.com



အပြောင်းလဲကြီး ပြောင်းလဲနေပြီဖြစ်သော သူ့အဖြစ်ကို သူများတွေ သိမြင်သွားမှာ ကြောက်ရွံ့နေသလို ခံစားရသည်။

ခက်ရယ်…။

ကိုယ်လေ…

မင်းကိုတကယ်ပဲ ချစ်မိသွားပြီကွာ။

မင်းကို ဘယ်လိုအကြောင်းမျိုးတွေနဲ့ ရယူခဲ့ယူခဲ့ ခုတော့ ကိုယ့်အနားမှာ မင်းမရှိရင်မဖြစ်တော့အောင်ပဲ လိုအပ်နေခဲ့ပြီခက် ရယ်။

ဒါဟာ…

အချစ်ဆိုရင် ကိုယ်လေတကယ်ပဲ ချစ်တတ်သွားခဲ့ပါပြီ ကွာ။

ငိုသံလေးတိုးတိတ်သွားသော အခန်းလေးဆီ သူ ဖြေးညင်း စွာလျှောက်သွားလိုက်၏။ အိပ်ရာလေးထက်တွင် ခက်က ခွေခွေ လေး အိပ်ပျော်နေတာတွေ့ရသည်။ ခုတင်အနီးသို့ တိုးကပ်သွား ကာ အငိုမျက်ရည်စက်လက်နှင့် အိပ်ပျော်နေသောခက်ကို သူငုံ့ကြည့် လိုက်မိသည်။

သူ့မျက်ဝန်းတွေထဲမှာ ဒေါသရိပ်ကြောင့် စိမ်းတောက်နေ ခြင်းမျိုးမရှိတော့ချေ။





နီးအပေါ် ကရုဏာသက်မှုတွေသာ ဖြစ်နေရသည်။

ခုတင်ခြေရင်းမှ စောင်လေးကို ခပ်ဖွဖွလေးယူပြီး ခက် ခန္ဓာကိုယ်လေးအပေါ် လွှမ်းခြုံပေးမိ၏။ ထိုခဏတာအချိန်လေး တွင် သူ့ရင်တစ်ခုလုံး အေးမြကြည်လင်နေခဲ့သည်။

ခြုံစောင်လေး ကိုယ်ပေါ်ရောက်သွားတာနှင့် အအိပ်ဆတ် သော ခက်က မျက်လုံးလေး ဖျတ်ခနဲပွင့်ကာ နိုးသွား၏။

"တန်"

"ကိုယ်အပြင်ခဏသွားဦးမယ်"

"တန်"

"အမေလာခေါ်ရင် ကြည့်ကောင်းအောင်ပဲ မင်းပြောလိုက် ခက်"

ပြောပြီး လှည့်ထွက်သွားဖို့ပြင်တော့ သူ့လက်ကလေး တစ်ဖက်ကို ခက်က ဖမ်းဆုပ်ကာ တားဆီးသည်။

"မင်း…ဘာပြောချင်လို့လဲ"

"ခက်က တန့်မိန်းမပါတန်၊ တန်ရှိနေတဲ့အရပ်မှာပဲ ခက်က ထာဝရအမြဲရှိနေမှာပါ၊ အဲဒါကိုတော့ ဘယ်တော့မှ သံသယမရှိ လိုက်ပါနဲ့နော်"

ခက်ရယ်။



www.burmeseclassic.com

www.burmeseclassic.com



တန်တစ်ယောက် ခက်ရဲ့ ဝမ်းနည်းအားငယ်နေသော မျက်နှာလေးကို ငုံ့စိုက်ကြည့်ကာ သက်ပြင်းလေးတစ်ချက်သာ ကြိတ်ရှိုက်လိုက်မိပါတော့သည်။

◆ ◆ ◆

[redacted]

## အခန်း (၁၄)

"ဟော့ကောင်…မင်းက ထိုက်တန်ဆိုတာလား"

ခပ်ရင့်ရင့်မေးသံကြောင့် မျက်နှာစိမ်းလူကို သူခပ်စူးစူး စိုက်ကြည့်မိသည်။ ထိုလူပုံစံကြည့်ရတာ သူ့ကို ပြဿနာရှာတော့ မည့်ဟန်ကအပြည့်မို့ တန် သတိထားမိ၏။

"ဟုတ်တယ်၊ ဘာကိစ္စရှိလို့လဲ"

"ရှိတာပေါ့ကွာ၊ သိပ်ရှိတာပေါ့၊ မင်းဟာ ထိုက်တန်ဆို တို့မှာကိစ္စရှိတာပေါ့၊ ငါက ဟိုတစ်ခါက မင်းဆော်လွှတ်လိုက်တဲ့ သောင်းထိုက်ရဲ့အစ်ကို သန်းထိုက်ပဲ၊ မင်း မှတ်ဉာဏ်ကောင်းသေး တယ်ဆိုရင်တော့ မှတ်မိမှာပေါ့လေ"

သောင်းထိုက်တဲ့။

ဟင့်အင်း…

[redacted]

www.burmeseclassic.com

www.burmeseclassic.com



သူမသိဘူး။

သို့ပေမယ့်…

ဟိုတစ်ခါက ရိုက်ပွဲဖြစ်ပြီး အချုပ်ထဲတောင် သူတစ်ည ရောက်ခဲ့ရသည်ကတော့ မှတ်မှတ်ထင်ထင်ပါပဲ။ သူထင်တာက တော့ အဲဒီရန်ပွဲမှာပါတဲ့ တစ်ယောက်ယောက်ရဲ့အစ်ကိုပဲ ဖြစ်လိမ့်မည်။ ကြည့်ရတာ တကယ့်ကို ကမ်းကုန်အောင် မိုက်ကြမည့်ပုံတွေပင်။

တန် အတုန့်လှုပ်ကြီးမဟုတ်ပေမယ့် အခြေအနေနဲ့ အချိန်အခါအရ နည်းနည်းတော့ စိတ်ပူမိ၏။ ဟိုကသုံးယောက်၊ ကိုယ်က တစ်ယောက်တည်းလေ။ ပြီးတော့ တစ်ဘက်လူတွေဆီက အရက်နံ့ကို တထောင်းထောင်းရနေသည်။ စိတ်ရိုင်းဝင်ပြီး သွေးကြွနေမှာပေါ့။

ဒီလိုအခြေအနေမျိုးမှာ သူ့ဘက်က နည်းနည်းလေးမှ အမှားခံလို့မဖြစ်ချေ။ သူငယ်ချင်းဖြစ်သူ မိုက်ကယ်နှင့် ဆက်နွယ်ပြီး ပါလာခဲ့တဲ့ ပြဿနာပါ။ အခုချိန်ထိ ဇာတ်ကမသိမ်းသေး၊ ပိုပြီးဆိုးတာက အဓိပ္ပာယ်မရှိ သူ့ကိုလာပြီးရှယ်နေတာပဲ။

"မင်းတို့ ဘာတွေလာပြောနေတာလဲ၊ ဘယ်ကသောင်းထိုက်လဲ၊ ငါမသိဘူး"

[redacted]



"မသိဘူးဟုတ်လား၊ မင်းရဲ့အဆင့်အတန်းမရှိတဲ့ သူငယ်ချင်း မိုက်ကယ်ဆိုတဲ့ကောင်လေ ငါ့ညီမနွယ်နွယ်ကို အပျော်အပျက်လုပ်ပြီး ရှောင်သွားတာ၊ ဒါကို ငါ့ညီက လာခွေးနွေးတာကို မင်းတို့သူငယ်ချင်းတစ်အုပ်စုလုံးက ဝိုင်းနက်လိုက်တာလေ၊ မင်းမှတ်မိပြီလား"

"အေး…မှတ်မိတယ်၊ အဲဒါဘာဖြစ်လဲ"

"ဘာဖြစ်လဲဟုတ်လား၊ မင်းလက်ချက်ကြောင့် ငါ့ညီရဲ့ မျက်နှာမှာ ဒဏ်ရာရခဲ့တာ သေရာပါပဲ၊ ဒါကြောင့် ငါထောင်ထဲမှာရောက်နေကတည်းက ထိုက်တန်ဆိုတဲ့မင်းနာမည်ကို အသေမှတ်ထားတာ၊ ငါထွက်လာတာနဲ့ မင်းကိုရှာမယ်ဆိုပြီးတော့လေ၊ အခုတော့ ငါ့ဆန္ဒပြည့်ဝသွားပြီပေါ့ကွာ၊ ယောဒီမှာ လူစွာလုပ်ချင်တဲ့ မင်းအတွက်"

"ဟိတ်"

ဝိုခနဲ မျက်နှာဆီ ဖြတ်သန်းသွားတဲ့ စိုက်လက်သီးတစ်လုံး။

တော်သေးတာက သတိရှိရှိနဲ့ ပုခုန်ရှောင်လိုက်နိုင်တာပဲ။ ဟိုကောင်က စကားတပြောပြောနဲ့ စပြီးတိုက်ခိုက်တာလေ။ ပါးနပ်လွန်းလို့သာ သူ့မျက်နှာလည်းထွက်မသွားတာ။

"ဟိတ်ကောင်တွေ ဘာလုပ်နေတာလဲ၊ ဒီကောင်တို့

[redacted]

www.burmeseclassic.com

www.burmeseclassic.com



ပညာပေးလေ”

သုံးယောက်နဲ့တစ်ယောက်။

တိုက်ပွဲက ထင်မထားလောက်အောင် ကြီးကျယ်သွား၏။

“ချွပ်”

“ဖြောင်း”

“အ”

သူတပြန် ကိုယ်တပြန် သဲသဲမဲမဲ။

ထိုက်တန် သတိထားနေသည့်ကြားမှ ထိမိသည့်လက်သီးချက်တွေကြောင့် မျက်နှာမှ နာကျင်စပ်ဖျင်းသော ဝေဒနာကို ခံစားရသည်။ နှုတ်ခမ်းကို သတိထားပွတ်သပ်လိုက်တော့ သွေးစများက သူ့လက်တွင် ပေစွန်းသွား၏။

သူ့ခန္ဓာကိုယ်မှာ ဒေါသချွေးတို့ စိမ့်ထွက်လာသည်။ တစ်ဘက်ကသုံးယောက်လည်း သူ့လက်ချက်ကိုထိတာပါပဲ။ သို့ပေမယ့် သိပ်ပြီးဖြုံပုံမရ။ အစကတည်းက ထောင်ကထွက်လာခဲ့ကောင်တွေဆိုတော့ ဒီလောက်လေးက အေးအေးဖြစ်နေမှာပေါ့လေ။

ထိုက်တန် ခြေလှမ်းတွေ ယိုင်မကျအောင် အားတင်းထိန်းချုပ်ကာ အသင့်အနေအထား စောင့်ကြည့်နေမိ၏။

“ဒီကောင် အကျောက တော်တော်တင်းတယ်ကွ၊





မှော့သွားအောင် ပညာဆက်ပေးမှဖြစ်မယ်”

သန်းထိုက်က ခပ်ရင့်ရင့်ပင် သူ့အနီးတိုးကပ်လာသလို သူငယ်ချင်းနှစ်ယောက်ကလည်း သူ့ကိုချုပ်ကိုင်ပေးဖို့ ကြိုးစားလာ၏။ “ဟာ့...ချွပ်”

“ဖြောင်း”

“ဖြောင်း”

“အား”

သန်းထိုက်ရဲ့ ကန်ချက်ကြောင့် မြေပေါ် သူလဲကျသွား၏။ ကျန်နှစ်ယောက်က သူ့ဆီကပ်လာပြီး လက်နှစ်ဘက်ကို ဖမ်းချုပ်လိုက်စဉ်...

“ဟေ့.. ဟိတ်ကောင်တွေ ရပ်စမ်း၊ ရပ်ကြစမ်း”

လူအုပ်စုတချို့ထံမှ ဆူညံသောတားဆီးသံကြောင့် သန်းထိုက် မျက်စိမျက်နှာပျက်သွား၏။

“ဟေ့ကောင်တွေ လစ်မယ်”

သူ့သူငယ်ချင်းနှစ်ယောက်ဆီ မျက်စပစ်ပြီး သတိပေးကာ သုံးယောက်သား မှောင်ရိပ်ဆီ ပြေးဝင်သွားကြတော့၏။

“အား...ကျွတ်....ကျွတ်”

နာကျင်စွာ ထိုက်တန် ငြီးငြူမိ၏။ လူအုပ်ကြီးက



www.burmeseclassic.com

www.burmeseclassic.com



လက်ကိုင်တုတ်တစ်ချောင်းကိုယ်စီနှင့် သူ့အနားသို့ပြေးလာကြ၏။

လူတချို့ ထွက်ပြေးသွားသော သန်းထိုက်တို့နောက် ပြေးလိုက်သွားကြသည်။

"ဘာဖြစ်တာလဲ ကောင်လေး၊ မင်းဆီကပစ္စည်း ဝိုင်းလု နေကြတာလား"

လူအုပ်ထဲမှတစ်ယောက်က မေး၏။ သုံးယောက် တစ်ယောက်ဆိုတော့ အားလုံးက ဒီလိုပဲထင်ကြမှာပေါ့လေ။

"မသိပါဘူးဗျာ၊ ရန်စကားစပြောပြီး ပြဿနာရှာတော့ တာပဲ၊ အား...ကျွတ်...ကျွတ်"

"လာ...လာ ကောင်လေး ဆေးခန်းသွားပြီး ရဲလေးဘာ လေး အမှုဖွင့်တိုင်ရအောင်"

"နေပါစေတော့ဦး၊ ကျွန်တော်လည်း သိပ်ပြီးထိခိုက်တာမှ မဟုတ်တာ၊ အိမ်ပဲပြန်တော့မယ်"

ထိုက်တန်

လူအုပ်စုကြီးကို ကျော်ခိုင်းကာထွက်ခဲ့သည်။

သူ ရန်စကို ဒီထက်ပိုပြီး မရှည်စေချင်တော့။

ပြီးပြီးရောဟုပဲ သဘောထားကာ ကားငှားပြီး အိမ်ကိုသာ ပြန်ခဲ့လိုက်သည်။ ခက်တွေ့ရင်တော့ အရှမ်းကိုတွန်းလှုပ်သွားမှာပဲ။

[redacted]



သူ့မျက်နှာမှာ ရခဲ့တဲ့ ထိခိုက်ဒဏ်ရာတွေက မနည်းချေ။ အိမ်ကို ပြန်လို့ကလည်း မဖြစ်။

ခန္ဓာကိုယ်တစ်ခုလုံးနာကျင်ကာ လမ်းပင်အနိုင်နိုင် လျှောက်ရသည်။ အငှားကားက သူလမ်းညွှန်ပြတဲ့ ကျောက်မြောင်း တိုက်တန်းရှေ့တွင် ရပ်သွားတော့ ကားခကျသင့်ငွေကို ရှင်းပေးလိုက် ၏။

ကားပေါ်ကနေဆင်းပြီး ဝင်ပေါက်သံတံခါးကို ဆွဲဖွင့်၍ အပေါ်ထပ်သို့ လှေကားထစ်တွေအတိုင်း တက်ခဲ့လိုက်သည်။

တိုက်ခန်းတံခါးရှေ့ရောက်တော့ တံခါးလေးကို ခေါက်လိုက်သည်။

"တန်လား"

"ဟုတ်တယ်"

သူ့အသံကြားတော့ တံခါးချပ်လေးပွင့်လာပြီး ခက်မျက်နှာ လေးက တံခါးနောက်ကနေ ထွက်လာ၏။

"ဟင်...တန် ရှင် ရှင့်မျက်နှာမှာ"

ခက်မျက်လုံးလေးတွေ ပြူးကျယ်ဝိုင်းစက်သွားရသည်။ မှမဖြစ်သလို သူ့မဆီ တစ်ချက်စိုက်ကြည့်ပြီး တိုက်ခန်းထဲဝင် လာသော တန့်ကိုကြည့်ပြီး စကားစလေးတွေပင် ပြတ်တောက်

www.burmeseclassic.com

www.burmeseclassic.com



သွားရ၏။

တန်က အခန်းလေးထဲ တန်းဝင်သွားတာမို့ ခက်တို့ တိုက်

တံခါးလေးပြန်ပိတ်ကာ အပြေးတစ်ပိုင်း တန်အနောက်သို့ လိုက်

မိသည်။

"တန်"

"တန်ရယ်၊ အဟင့်…ဟင့်"

သွေးစများ စွန်းထင်နေသော တန့်မျက်နှာကိုကြည့်

သွေးပျက်တုန်လှုပ်စွာပင် ခက်တစ်ယောက် မျက်ရည်

တစ်ပေါက်ပေါက်ကျပြီး ရှိုက်ငိုမိတော့၏။

"ခက်"

"အဟင့်…ဟင့်"

မျက်နှာကို လက်ဝါးလေးနဲ့ အုပ်မိုးပြီး ငိုနေတဲ့ခက်

ကြည့်ပြီး စိတ်လည်းညစ် သနားလည်းသနားမိသည်။

"ခက် ကိုယ်ခေါ်နေတာကြားလား"

"ရှင်"

"ရေဇလုံနဲ့ အဝတ်ပိုင်းတစ်ခုသွားယူလာခဲ့"

"ဟုတ်…ဟုတ်ကဲ့တန်"

မာဆတ်ဆတ် သူ့လေသံကြောင့် အငိုကြားကနေ

[redacted]



တစ်ယောက် အခန်းထဲကနေ ပြန်ထွက်သွားကာ နောက်ဘက်ရေချိုး

ခန်းလေးဆီ ဝင်သွားတာ တွေ့နေရသည်။

"အား…ကျွတ်"

ဒီတော့မှပဲ သူ့မှာ အားတင်းကာထားသမျှ စိတ်ဖြေလျှော့

ကာ ငြီးလိုက်မိ၏။ တကယ်တော့ ဒဏ်ရာတွေကြောင့် အသည်း

ခိုက်မတတ် သူနာကျင်နေတာပါ။ ခက်ပိုပြီး စိုးရိမ်မှာစိုး၍ ဘာမှ

မဖြစ်သည့်ဟန်ဆောင်ကာ နေနေရသည်။

သူထင်သည့်အတိုင်းပါပဲ။

ခက်က သူ့ကိုမြင်လိုက်တာနှင့် ခန္ဓာကိုယ်လေး တဆတ်

ဆတ်တုန်ယင်ကာ ချွေးကျလုဆဲဆဲဖြစ်နေသည်။ တခြားတိုက်ခန်းတွေ

ရှိနေတာမို့ တိုက်ခန်းထဲ သူ ကပျာကယာဝင်ပြီး အနောက်ဘက်

အခန်းလေးဆီ သွားခဲ့လိုက်၏။

ခက်က သူ့နောက်လိုက်လာသည်။

သူ့ကိုကြည့်ပြီး ငိုနေပြန်၏။

ခက်…

အရမ်းကို တုန်လှုပ်ခြောက်ခြားနေမှာပါပဲ။

တန် နားလည်ပါသည်။

ပိုပြီးစိတ်မကောင်းဖြစ်ရတာက တန် ရန်ဖြစ်လာပြန်ပြီ

[redacted]

www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ သိနေပါလျက်နှင့် သူ့ကို ခက်က တစ်ခွန်းမှ အပြစ်မတင်
မပြောရှာတာကိုပဲ။

"တန်"

ခက်က ရေဇလုံလေးနှင့် မျက်နှာသုတ်ပဝါပိုင်းလေး
ကမ်းပေးသည်။ တန်က အေးအေးဆေးဆေးပင် လှမ်းယူ
မှန်တင်ခုံရှေ့တွင်ထိုင်ပြီး သူ့ဘာသာဒဏ်ရာတွေကို ရေဆေး
လုပ်နေ၏။

"ပေး တန်၊ ခက်လုပ်ပေးမယ်"

"နေစမ်းပါကွာ၊ သွေးမြင်ရင်တောင် သတိလစ်ချင်နေ
လူကများ"

"ပေးပါ တန်ရဲ့၊ ခက်လုပ်ပေးပါ့မယ်၊ ဘာပဲပြောပြော
နေသားကျအောင်တော့ ခက်ကြိုးစားရမှာပဲလေ၊ ခက်က တန့်ရဲ့
ပဲဟာ"

"ဘာကွ"

"ဟုတ်တယ် တန်၊ ခက်လေ သွေးမြင်ရင် အရမ်း
တုန်လှုပ်ပြီး ဘာလုပ်လို့ဘာကိုင်ရမှန်းကို မသိတော့လောက်အောင်
ဖြစ်ဖြစ်သွားတတ်တယ်၊ ဒါပေမယ့် တန် ဒဏ်ရာရတိုင်း အဲဒီလို
နေလို့ ဘယ်ဖြစ်မှာလဲလေ၊ ဒါကြောင့် ရင်းနှီးကျွမ်းဝင်အောင်တော



နေထားမှဖြစ်မှာပေါ့"

"မင်းစကားက ဘာလဲ၊ ငါကပဲ တစ်ချိန်လုံး ရန်ပွဲပဲ
ရှုပ်လုပ်နေသလဲ"

မဟုတ်လို့လားဟု စိတ်ထဲကနေ ကြိတ်ပြောမိ၏။

တန်ကြောင့်...

ဒဏ်ရာဒဏ်ချက်တွေနှင့် သူမရင်းနှီးကျွမ်းဝင်ခဲ့ရသည်။
ဆေးခန်းမှာသွားလိုက်ရင်းရသည့် အဖြစ်ကလည်းရှိသေး။ တန်ဇနီး
ဖြစ်ရင် အခုလိုတွေ ရင်ဆိုင်ကြုံတွေ့ရမည်ဆိုတာ သူမအတန်သင့်
တော့ သိပါသည်။

တကယ်တမ်း...

သူမရင်ဆိုင်ကြုံတွေ့ရတော့ တစ်ချိန်လုံး သွေးပျက်ချင်နေ
၏။ ကြောက်စိတ်တွေကသာ သူမရင်မှာ ကြီးစိုးနေခဲ့သည်။ ဒါဟာ
ဘယ်လိုမှမဖြစ်သင့်တာပဲလေ။ ရှောင်မရမှတော့ ရင်ဆိုင်ရဲရတော့
မှာပဲပေါ့။

ခက်တစ်ယောက်...

တန့်မျက်နှာက ဒဏ်ရာတွေကို ရေဝတ်ဖတ်လေးနှင့် ခပ်ဖွ
ဖွသုတ်ပေးမိ၏။ တန်ကတော့ တကယ့်ကို အေးဆေးပင်။ သူမက
သာ လက်တွေတဆတ်ဆတ်တုန်နေတာ တန်က တစ်ချက်ကလေး

www.burmeseclassic.com

www.burmeseclassic.com



မှပင် မျက်နှာမဲ့မသွားချေ။

''တန် ဆေးလူးရအောင်နော်''

သူမ…

တန့်ကို ဝါဂွမ်းဖြူဖြူလေးနှင့် ဆေးဖွဖွလူးပေးမိ၏။

''ခက်''

''ရှင်''

''မင်း ငါ့ကို တစ်ခုခုပြောချင်သေးလား''

''ရှင်''

''မင်းရင်ထဲမှာရှိတဲ့စကားတွေကို ဖွင့်ပြောနိုင်တယ်လေ ပြောတာပါ၊ တစ်ယောက်တည်းကြိတ်ပြီး မျိုသိပ်ထားစရာမလိုဘူး ခံစားချက်အတိုင်း ရင်ဖွင့်လိုက်ခက်''

သူ့စကားကြောင့် ခက် ငြိမ်သက်သွား၏။

သူ့မျက်နှာကို ခက်က စေ့စေ့ကြည့်သည်။

''တန်''

''အေး…ပြော''

''တန့်ကို ခက်သိပ်ချစ်တယ်''

''ဟင်''

တန့်မျက်ဝန်းအကြည့်တွေ ခက်ဆီရောက်သွား၏။



''ခက်ရှိနေသေးတယ်ဆိုတာ တန်သိထားပေးပါ၊ တန့်ကို သိပ်ချစ်တဲ့ မိန်းခက်တစ်ယောက်ရှိနေတယ်ဆိုတာ တန်အာရုံထဲမှာ အသည်းထားပေးပါနော်၊ တန်သာမရှိရင် ခက်ဆိုတာလည်း မရှိနိုင်တော့ ပါဘူး တန်ရယ်''

ပြောပြီးတာနှင့်ခက်က တသိမ့်သိမ့်ငိုရှိုက်ကာ သူ့နံဘေး မှနေ ပြေးထွက်သွားချေတော့သည်။

◆ ◆ ◆

www.burmeseclassic.com

## အခန်း (၁၅)

"လွှန်နေပြီ တန်၊ မင်းသိပ်ကိုတရားလွန်နေပြီ၊ ကြည့်စမ်း မျက်နှာတစ်ခုလုံးလည်း ရစရာတောင်မရှိဘူး၊ မင်း ဘယ်အချိန်ထိ ဆက်ပြီး မိုက်လုံးကြီးနေဦးမှာလဲတန်"

ဒေါ်မူမူမြင့်မျက်နှာမှာ ဒေါသရောင်တို့ သွေးကြွလျက်။

ကြားရတဲ့သတင်းဆိုးက ရင်ထဲမှာ အပူလုံးကြွစရာပါ။ တန်တစ်ယောက် ရန်ဖြစ်ပြန်ပြီတဲ့လေ။ ညအချိန်မတော် အိမ်မှာ မနေဘဲ လမ်းပေါ်လျှောက်သွားနေမှတော့ ပြဿနာကမဖြစ်ဘဲ နေတော့မလား။ သင်းကြောင့် ရင်တစ်ခါမှ မအေးခဲ့ရ။ စိတ်တထင့် ထင့်နဲ့ပဲ နေနေရသည်။

မကောင်းပါဘူး။

သားတွေမွေးထားရတာလည်း လက်ထဲမီးခဲကိုင်ထားရ



သလိုပါပဲ။ ကိုယ့်ကို တစ်ချိန်လုံး လောင်မြိုက်နေတော့တာပဲလေ။

စိတ်ညစ်တယ်။

သိပ်စိတ်ညစ်ဖို့ကောင်းတာပဲ။ အိမ်ထောင်ကျသွားလို့များ ခြေငြိမ်မလားမှတ်တယ် လူမျိုတုန်းကလိုပဲ ဆိုးဆဲ၊ မိုက်ဆဲပါပဲ။

"ထိုက်တန်"

"ဗျာ အမေ"

"မင်းတို့ကို အိမ်ပြန်လာခဲ့လို့ အဖေမှာလိုက်တယ်မဟုတ်လား၊ ဘာလဲ မင်းက အခုလိုသွားချင်ရာသွား၊ နေချင်တိုင်းမနေရမှာစိုးလို့ ပြန်မလာတာလား ထိုက်တန်"

ထိုက်တန် မဖြေမိ။

"ဟဲ့ ငါပြောနေတာကြားရဲ့လား၊ အခုဆို ငါ့မှာ ကိုခင်ထွန်းတို့မျက်နှာကိုတောင် မကြည့်ရဲတော့ဘူး၊ ငါ့မျက်နှာ အရမ်းပူနေရပြီထိုက်တန်၊ ကြားကြားလိုက်ရတိုင်း ရင်တုန်စရာတွေချည်းပဲ၊ ငါ့မှာသာ နှလုံးရောဂါရှိရင် သေတာကြာပြီသိလား ထိုက်တန်"

"အမေကလည်းဗျာ ဘာမဟုတ်တဲ့ကိစ္စလေးကိုများ"

"ဟဲ့...ဒါ ဘာမဟုတ်တဲ့ကိစ္စလား၊ မင်းရုပ်ကိုလည်း မှန်ထဲမှာပြန်ကြည့်ဦး"

"ကျွတ်"

www.burmeseclassic.com

www.burmeseclassic.com



တန် စိတ်ရှုပ်ထွေးစွာပင် စုပ်သပ်မိသည်။

အမေကတော့ အကြောင်းရှာချေပြီ။

အစကတည်းက ခက်ကို အိမ်မှာပြန်လာနေစေချင်နေတာ မဟုတ်လား။ ဒါမှ အမေ့အတွက် ကူဖော်လောင်ဖက် အဖော်ရမှာကိုး။ အမေ့အကြောင်း သူအသိဆုံးပဲဖြစ်သည်။ အမေက သူ့အတွက် အကျိုးမရှိလျှင် ဘယ်အရာကိုမှ မက်မက်မောမော တွယ်ဖက်တတ်ခြင်းမရှိတဲ့သူပဲ။ ခက်မရှိတော့ အိမ်အကူကောင်မလေးငယ်ငယ်နှင့် ဘယ်လိုမှအဆင်မပြေနိုင်။ အသက်အရွယ်ငယ်သူကို အလုပ်ခိုင်းထားတာဆိုတော့ အမေ မျက်နှာလွှဲမရချေ။ အားလုံး အမေပဲ ဦးဆောင်ကာလုပ်ရသည်။

ဒါကြောင့် အလိုက်သိလွန်းတဲ့ ချွေးမကို အမေလာခေါ်တာပါ။

"မဖြစ်ဘူးထိုက်တန်၊ မင်းတို့ကို ဒီအတိုင်းဆက်ပြီးလွှတ်ထားလို့ မဖြစ်တော့ဘူး၊ နှစ်ယောက်စလုံး အထုပ်ပြင်ပြီး ပြန်လိုက်ခဲ့ကြတော့"

"ဟာဗျာ…ကျွန်တော်ပြန်မလိုက်ဘူး"

"ဘာကွဲ့"

"အမေက ကျွန်တော်တို့ကို အိမ်ထောင်ခွဲပေးခဲ့တာပဲဟာ၊



ပြန်မလိုက်ဘူးအမေ"

"သူ့ခွဲပေးပေးမပေးပေး အခြေအနေက ဆက်ထားလို့မှ မဖြစ်တာ၊ သမီးခက်ကိုလည်း ကြည့်ပါဦး အိမ်ကထွက်သွားတဲ့ ပုံစံနဲ့ အခုပုံကတူရဲ့လား၊ လင်ဆိုးမယား တဖားဖားပုံပေါက်နေပြီ၊ ကိုခင်ထွန်းတို့လည်း သူ့သမီးအတွက် စိတ်မအေးချမ်းဘူးဖြစ်နေတယ်၊ အမေပြန်ခေါ်ထားပြီး စောင့်ရှောက်မှဖြစ်မယ်လို့ပြောတော့ သူတို့တွေက ထောက်ခံကြတယ်လေ"

အဖေနဲ့အမေကတော့ ထောက်ခံကြမှာ သေချာပါသည်။ ကျောက်မြောင်းမှာနေတာထက် တောင်ဥက္ကလာမှာ ရှိတာ ပိုပြီး လိုလားကြမှာပေါ့။ တစ်ရပ်ကွက်တည်းရှိပြီး အချိန်မရွေးတွေ့မြင်နေနိုင်တာကိုး။

တလောက ဘဏ်စာအုပ်ကို ငွေပြန်ဖြည့်ပေးပြီး အမေတို့ဆီ ခက်ကိုယ်တိုင်ပင် ပြန်သွားပေးခဲ့သည်။ အဖေနဲ့အမေပဲ သိမ်းထားပေးပါလို့ပြောတော့ အမေတို့ မျက်နှာမကောင်းကြချေ။ တန်ပြန်ပေးနိုင်းတာကို ရိပ်မိပုံရသည်။ ခက်က လေပြေလေးနဲ့ သေချာရှင်းပြတာကိုပင် မယုံကြည်ချင်ကြပေ။

ခက်မှာလည်း မပေးရင် ဘယ်လိုမှမဖြစ်တော့တာမို့ ထားခဲ့နိုင်အောင်ပဲ ကြိုးစားခဲ့ရ၏။ ဘာပဲပြောပြော ခက်က အိမ်ထောင်

www.burmeseclassic.com

www.burmeseclassic.com



သည်ဖြစ်နေရပြီ မဟုတ်လား။ ကိုယ့်အိမ်ထောင်ရေး အဆင်ပြေဖို့သာ အဓိကထားမိ၏။ အမေတို့လက်ထဲ ငွေပြန်ထည့်ရတာလည်း ခက် စိတ်ချမ်းသာမိသည်။

အခုတလော...

အမေ့ကိုကြည့်ရတာ သိပ်ပြီးအားမရချေ။

ကျန်းမာရေးချူချာနေသလိုရှိကာ အမေ့ခန္ဓာကိုယ်က ထင်မထားလောက်စရာပင် ကျသွားသည်။ အမေ့ကိုကြည့်ပြီး ခက်ပင် စိုးရိမ်နေမိ၏။ ဆေးသေချာကုဖို့ ခက်မှာခဲ့သည်။

"ခက်"

"ရှင် အမေ"

"သမီးရဲ့ဆန္ဒကရော ဘယ်လိုလဲ"

"ရှင်"

"အမေနဲ့အတူတူ ပြန်လိုက်နေဖို့ပြောတာ"

"ရှင်...ဟို...ဟို...အဲဒါက"

သူမ မျက်ဝန်းနက်နက်လေးက တန်ဆီသို့ ရောက်သွား၏။

"ဟော့...ငါ့ကိုလာမကြည့်နဲ့၊ မင်းဘာသာဆုံးဖြတ်၊ ငါလုံးဝမတားဘူးနော်၊ ပြန်လိုက်ချင်လိုက်သွား"

တန်က ထအော်သည်။



အမေက မျက်ခုံးတစ်ချက်တွန့်ပြီး ခက်တို့နှစ်ယောက်ကို အကဲခတ်သလိုကြည့်၏။

"ဟို...ခက် ပြန်မလိုက်ချင်ဘူးအမေ"

"အမလေး...ညည်းက ညည်းယောကျ်ားအကောင်းစားကြီးကို တော်တော်အားကိုးတယ်ပေါ့လေ၊ ဟုတ်လား ခက်"

"သမီး...သမီးမရှိရင် တန်တစ်ယောက်တည်း ဘယ်လိုဖြစ်မှာလဲအမေရယ်"

"ဟော့...ငါ့ကိုထည့်မတွက်နဲ့လို့ ပြောပြီးပြီနော်"

တန်က လေသံမာကြီးနှင့် ခက်ကိုအော်ဖြန်သည်။

"ညည်းရှိတော့ရော ဘာတွေဖြစ်လာလို့လဲခက်၊ ဒုံရင်းက ဒုံရင်း ဆိုးသွမ်းနေတာပါပဲခက်ရယ်၊ ညည်းစကား သူနားဝင်လို့လား၊ လိုက်သာပြန်လိုက်ခဲ့ပါ၊ ညည်းမရှိဘဲ သူဘယ်လောက်ကြာကြာ နေနိုင်မလဲ၊ အိမ်ကိုပြန်လိုက်လာမှာ"

ထင်လားအမေ။

တန် အဲဒီလိုလုပ်လိမ့်မယ်ထင်လား။

ခက်ဘက်ကအလျှော့ပေးပြီး အဆင်ပြေပြေနေတာတောင် သူဒီလောက်သွေးအေးတာ ခက်သာကျောခိုင်းလှည့်သွားလို့ကတော့ အမေ့သား နာကြည်းမုန်းတီးပြီး လှည့်တောင်ကြည့်တော့မှာမဟုတ်

www.burmeseclassic.com



ဘူး။

အမေ့သားအကြောင်းလည်း အမေမသိတာမဟုတ်ဘဲနဲ့ အမေရယ်။

ခက်…

တန် စိတ်ညစ်အောင်မလုပ်ချင်ဘူး။

တန်မုန်းသွားမှာ သမီးကြောက်တယ်။

တန့်ဆီကအချစ်တွေကို မရရင်တောင် အမုန်းတွေကိုတော့ ခက်မလိုချင်ဘူးအမေ။ ဘာပဲပြောပြော ခက်က တန်ရဲ့ဇနီးမယား ပါ။ တန်ဘာပဲဖြစ်ဖြစ် ဘယ်လိုပဲထားထား ခက်နေရမှာပါပဲ။ တန့်ဆီက အဆိုးအကောင်းမှန်သမျှကို ခက်ယူရမယ်လေ။ ရင်ဆိုင် ရဲရမှာပေါ့အမေရယ်။

တန့်ကို လက်ထပ်ခဲ့တာ လူကြီးတွေ ဖွတ်အတင်းစီစဉ် ပေးလို့ ယူခဲ့တာမှမဟုတ်တာ။ သိပ်ချစ်လွန်းလို့ လက်ထပ်ခဲ့တာပါ အမေရယ်။ ခက်ကို အမေနားလည်ပေးပါနော်။

"သမီးခက်"

"ရှင်"

"အမေပြောတာကြားရဲ့လား"

"ဟုတ်…ဟုတ်ကဲ့"



"အမေနဲ့ပြန်လိုက်ခဲ့နော်၊ ဒါမှ သမီးမိဘတွေလည်း စိတ်အေးချမ်းမှာ၊ ခုဆို သူတို့သမီးအတွက် ဘယ်လောက်တောင် များ စိုးရိမ်ပူပန်နေလိမ့်မလဲ၊ အမေတို့နဲ့အတူတူရှိနေတော့ သူတို့ မျက်စိရှေ့မှာဆိုပြီး ဖြေသိမ့်လို့ရတော့မှာပေါ့"

အမေက မြောက်တာတစ်မျိုး၊ ချော့မော့ကာတစ်လှည့် ခက်ကိုခေါ်နေ၏။ အမေ့အတွေးထဲမှာ ခက်သာလိုက်လာလျှင် တန် တစ်ယောက် ပြန်လာမှာပဲလို့လေ။ မသေချာမရေရာတာကိုပဲ အမေ က စမ်းသပ်ကြည့်ချင်နေ၏။

"ခက်…ဒီမှာပဲနေချင်တယ်အမေ"

ခက်အဖြေစကားလေးကြောင့် ထိုက်တန့် ရင်လေး လှစ်ခနဲ ဖြစ်သွားရ၏။ နှုတ်ခမ်းနီထွေးထွေးလေးတွေပင် ပြုံးမိတော့မယောင် ဖြစ်သွားရသည်။

အမေ့မျက်နှာကတော့ မဲ့ရွဲ့လို့။

ဒါ အမေလိုချင်တဲ့ အဖြေမျိုးမှမဟုတ်တာ။

ဒေါသစိတ်ကြောင့် အနီရောင်သန်းပွားတဲ့ အမေ့မျက်နှာ ကိုကြည့်ပြီး တန် မျက်နှာပိုးလေး သတ်ထားမိသည်။

"လိုက်ဖက်ပါတယ်အေ၊ ညည်းတို့ တော်တော်လေး လိုက်ဖက်ကြပါတယ်၊ ခေါင်းမာတဲ့နေရာမှာတော့ ပြိုင်စံရှားတွေပါပဲ၊

www.burmeseclassic.com

www.burmeseclassic.com



ဒီလောက် မိဘတွေက စေတနာထားပြီး ခေါ်တာတောင် မလိုက်ချင်ကြဘူး၊ ဒီလောက်တောင် နေချင်ကြတဲ့ဟာတွေ နေကြ၊ နေကြ၊ နောက်မှ ပြဿနာတက်လို့ မျက်ရည်ခံထိုးပြီး အိမ်ပေါ်တက်မလာကြနဲ့၊ လှည့်ကိုမကြည့်ဘဲ ပစ်ထားမှာ၊ ပျော်ပျော်ကြီးသာနေခဲ့ကြတော့၊ ကဲ ငါသွားပြီ”

“အမေ”

ခက်ရဲ့ခေါ်သံကို အမေကမထူးဘဲ တံခါးဆီ စိတ်ဆိုးမာန်ဆိုးဖွင့်ပြီး ထွက်သွားတော့၏။

“အမေ”

ခက်ကလည်း အမေ့နောက်ကို အပြေးလိုက်သွားသည်။

တန်ကတော့…

အမေ့အကြောင်းကို ကောင်းကောင်းကြီးသိနေတာမို့ လိုက်မနေတော့။ အမေက စိတ်ဆိုးမြန်သလို စိတ်အပြေလည်း မြန်လွန်းသူလေ။ အတေးအမှတ်မထားတတ်တာ အမေ့ရဲ့စိတ်ရင်းအမှန်ပါ။

ဒါကို…

အကြောင်းမသိတဲ့ ခက်ကတော့ အမေစိတ်ဆိုးထွက်သွားခြင်းအပေါ် စိတ်မကောင်းဖြစ်သွားမှာပေါ့။ အနောက်ကနေ ဘယ်လောက်တောင်များ ခက်လိုက်ချော့နေမလဲဆိုတာ တန် ခန့်မှန်း





သို့ရပါသည်။

ဘာပဲဖြစ်ဖြစ် ခက်လိုက်မသွားတဲ့အတွက်တော့ သူကျေနပ်နေမိ၏။

ခက်က…

သူထင်တာထက်တောင် ပိုပြီးချစ်တာပဲ။

တန်နဲ့နေရင် စိတ်ဆင်းရဲရမယ်မှန်း သိသိကြီးနှင့် အမေခေါ်တာကို ခေါင်းခါငြင်းပယ်ခဲ့သည်။

ခက်ရယ်…။

မင်းကို တကယ်ပဲ ကျေးဇူးတင်ပါတယ်ကွာ။

တကယ်တော့ ကိုယ့်အနားမှာ မင်းမရှိလို့မဖြစ်ပါဘူး။

မင်းကို အဲဒီလောက်တောင်ပဲ လိုအပ်နေခဲ့တာပါ ခက်ရယ်။

ဟန်ဆောင်သိပ်ကောင်းပါတယ်ဆိုတဲ့ ကိုယ်လေ မင်းများ စိတ်ယိုင်ပြီး အမေနဲ့ပြန်လိုက်သွားမလားဆိုတဲ့ အတွေးနဲ့ သွေးပျက်လောက်အောင်ပဲ တုန်လှုပ်နေခဲ့မိပါတယ်။

မင်းငြင်းပယ်လိုက်မှ ကိုယ်သက်ပြင်းချနိုင်တော့တာပါ ခက်ရယ်။

ကိုယ် မင်းကိုချစ်တယ်ခက်။



www.burmeseclassic.com

www.burmeseclassic.com



မင်းကို မုန်းစကားဆိုရင်းကနေ သိပ်ချစ်သွားမိပြီခက်ရယ်

အဲဒီအဖြစ်ကို ကိုယ်လည်း အရမ်းပဲအံ့သြနေမိတာပါ... ဒါပေမယ့် ပြောင်းလဲနေတဲ့ ကိုယ့်စိတ်နဲ့ ချစ်တတ်သွားတဲ့ နှလုံးသားတစ်ခုအတွက်တော့ နောင်တမရမိတာ အသေအချာပါပဲကွာ...

ကျွီ...။

တံခါးဖွင့်သံနှင့်အတူ ခက်တစ်ယောက် မျက်ရည်... စမ်းစမ်းနှင့် တိုက်ခန်းလေးထဲ ပြန်ဝင်လာ၏။

ပြီးနောက်...

သူ့ကိုမကြည့်ဘဲ အခန်းလေးဘက် လျှောက်ကာသွား... သည်။

တန်...

နေရာကနေထကာ အခန်းလေးဆီလိုက်ခဲ့မိ၏။

အိပ်ရာလေးထက်မှာ ခက်က ခွေခွေလေးအိပ်ကာ ကြိတ်... နေသည်။ ခက်ကိုကြည့်ပြီး သူပြုံးလိုက်မိ၏။ ဒီမိန်းကလေး... မျက်ရည်လွယ်မှုကိုတော့ သူအံ့သြချရမလောက်ပါပဲ။ သို့သော်... မျက်ရည်လွယ်သောခက်ကိုပင် သူ့ရင်ထဲအသည်းထဲမှာ နှင့်သည်... နေအောင်ပင် ချစ်နေခဲ့မိပြီလေ။

"ခက်"

သူမနံဘေးလှဲအိပ်ရင်း တီးတိုးခေါ်မိ၏။

"ရှင်"

"ငိုနေပြန်ပြီလား"

"ဟင့်အင်း"

သူ့ဘက်မလှည့်ဘဲ ခေါင်းခါပြ၏။

"မုန်းစမ်း"

"အို"

သူမပခုံးလေးကို ဆွဲကာ မျက်လုံးချင်းဆုံအောင်ကြည့်တော့ ...တိတ်လန့်တုန်လှုပ်သွားတဲ့ ခက်ပုံစံလေးက ကျားရေ့ရောက်သော ...သမင်မလေးရဲ့ပုံစံမျိုး ဖြစ်နေ၏။

"တော်တော်မျက်ရည်လွယ်တဲ့ ကောင်မလေး"

"တန်"

တားဆီးသံလေးက ရင်ခုန်လှိုက်မောဖွယ်ကောင်းသော ...နမ်းများအောက်တွင် ပျောက်ဆုံးကုန်၏။ တားဆီးမှုမရှိ ငြင်းဆန်...ခြင်းနတ္ထိနှင့် အချစ်တေးသွားလေးတစ်ပုဒ်ကို နှစ်ဦးသား ရေးသီခဲ့...တော့သည်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

"ရော့…ခက် မင်းအတွက်အသုံးစရိတ်"

ငွေစက္ကူထောင်တန်တစ်ထပ်ကို ခက်ဆီလှမ်းပေး

ပြောမယ့်သာပြောတာ တန်က ဘယ်ကနေ ပိုက်ဆံ ရှာရှာလာသလဲတော့မသိ ခက်ကို အသုံးစရိတ်မပြတ်သွားအော တော့ ဖန်တီးပေးသည်။ လက်ထဲပိုပိုလျှံလျှံ ရှိမနေတာကလွဲ စားဖို့သောက်ဖို့အတွက်တော့ တကယ်ပဲဖူလုံပါ၏။

ခက် ဝမ်းသာပါသည်။

တန်က အရင်ကနဲ့မတူလောက်အောင်ပဲ ပြောင်းလဲ တာမဟုတ်လား။ အိမ်ပြန်လာလျှင်လည်း ညနေခြောက်နာရီ မကျော်ချေ။ အိမ်ရောက်လျှင် ရေမိုးချိုးကာ ခက်နှင့်အတူတူ ည ကို လက်ဆုံစားတတ်လာ၏။



ခက်…

ပျော်လို့မဆုံးတော့ပါ။

တန်ရဲ့အလေးထားမှုကို ခံရတာလောက် သူမကံကောင်း အမရှိတော့ဟု ထင်မိသည်။ တန် ဘယ်လောက်ပဲဆိုးခဲ့မိုက်ခဲ့ လို့သိတတ်လာတော့လည်း ခက်ရင်ထဲမှာ အတိုင်းမသိ ဝမ်းသာ မိပြန်သည်။

"ဘာချက်ထားလဲ ခက်"

"ကြက်သားနဲ့ဘူးသီးကာလသားချက် ချက်ထားတယ် န်၊ ပြီးတော့ ငံပြာရည်ချက်ချက်တယ်၊ ကန်စွန်းရွက်ကြော်ထား ယ်"

"ရေချိုးပြီးရင်စားမယ် ခက်၊ မင်းပြင်ဆင်ထားလိုက် တော့"

ပြောပြီးတာနှင့် တန်က အခန်းလေးဆီ တန်းဝင်သွား၏။ ကို ရေခဲသေတ္တာထဲမှ ရေအေးအေးလေးတစ်ခွက်ကို ငှဲ့ကာ တန်ရှိ တဲ့ အခန်းလေးဆီ ယူသွားပြီး တန့်ဆီကမ်းပေးလိုက်သည်။

တန်က လှမ်းယူပြီး ရေကိုမော့သောက်၏။

"တန် ခဏနေမှရေချိုးနော်၊ အပြင်က အခုလေးတင် န်လာတာဆိုတော့ အပူရှပ်လိမ့်မယ်"

www.burmeseclassic.com



''အေးပါ''

ခက်ဆီက ဘယ်လောက်ပဲစကားကို အချိုသာဆုံးပြော

ပြော တန့်လေသံကတော့ တစ်ချက်လေးပင် နူးနူးညံ့ညံ့မရှိခဲ့ေ

သို့သော်...း

ပြန်မပြောတာထက်စာလျှင် အခုလိုပြန်ဖြေတာလေးက

တော်သေးသည်မို့ ခက် ဖြေသိမ့်နိုင်ပါသည်။

တန် အနားယူနေစဉ် ခက်တစ်ယောက် တန်သောက်ထ

သော ရေခွက်ကို နေရာတကျ သွားထားလိုက်သည်။ ပြီးနော

တန်ပေးထားသောပိုက်ဆံကိုယူကာ အိပ်ခန်းထဲရှိ ဘီဒိုထဲ သေ

သိမ်းဆည်းကာ သော့ခတ်လိုက်၏။

ပြီးမှ မီးဖိုခန်းထဲသို့ ဝင်လာခဲ့လိုက်သည်။

သိပ်မကြာချေ...။

တန်က ရေချိုးခန်းထဲဝင်သွားသည်။ ရေလောင်းချိုး

တဝုန်းဝုန်းကို အပြင်ကနေကြားရ၏။

ထမင်းပွဲကို ကပျာကယာပြင်ဆင်ပြီး တန့်အတွက် အိ

ရင်းဝတ်စုံတစ်စုံကို အသင့်ထုတ်ထားပေးလိုက်သည်။ ပြီးမှ မျက်

သုတ်ပဝါပိုင်း အသစ်တစ်ထည်ကို ထုတ်ယူပြီး ရေချိုးခန်းတံခါ

ဝတွင် သူမရပ်စောင့်နေလိုက်၏။



တန်က ရေချိုးပြီးပြန်ထွက်လာသည်။

တန်ဆီ မျက်နှာသုတ်ပဝါကို ကမ်းပေးလိုက်၏။

ပြီးတာနှင့် တန်တစ်ယောက် ကြမ်းပြင်ပေါ်တွင် ချွတ်ချ

ထားခဲ့သော ဝတ်ပြီးသားအဝတ်အစားများကို ကောက်ကာ လျှော်

တောင်းခြင်းနီလေးထဲ ထည့်ထားလိုက်သည်။

တန် ရေချိုးပြီး အဝတ်အစားလဲနေချိန်တွင်တော့ ထမင်း

စားစားပွဲခုံနား သူမပြန်ရောက်သွား၏။ အဝတ်အစားလဲပြီးတာနှင့်

တန်က စားပွဲဆီ လျှောက်လာ၏။ ထမင်းစားစားပွဲပေါ်တင်ထား

သော တစ်ချပ်တည်းသော ထမင်းပန်းကန်ကြောင့် တန်က သူမဆီ

ဖျတ်ခနဲကြည့်၏။

''တန် စားနှင့်နော်၊ ခက် ရင်နည်းနည်းပြည့်နေလို့

နောက်မှပဲစားတော့မယ်''

သူမစကားကြောင့် တန် မျက်ဝန်းအရောင်က စူးသွား၏။

သူမမျက်နှာဆီ စိုးရိမ်ပူပန်စွာလှမ်းကြည့်သည်။

''မင်းနေမကောင်းဘူးလားခက်''

''ရှင်...ကောင်း ကောင်းပါတယ်''

ခက်အဖြေကို တန်က အလိုမကျဟန်ရှိသည်။ သူမအနား

တိုးကပ်လာပြီး နဖူးပြင်လေးအား စမ်းသပ်ကာ

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်တော့မပူဘူး"

"ခက်မဖျားပါဘူး၊ စားချင်စိတ်တကယ်မရှိသေးလို့ပါတန်ရဲ့၊ တန်ပဲစားနှင့်တော့နော်"

တန့်မျက်ဝန်းအကြည့်ကို ရင်မဆိုင်ရဲစွာပင် ရှောင်တိမ်းရင်း ထမင်းပန်းကန်လေးထဲ ထမင်းခပ်ထည့်ပေးမိသည်။

"မင်း ဆေးခန်းပြမလားခက်"

"ရှင်"

"မင်းကိုကြည့်ရတာ အားမရှိသလိုပုံစံကြီး ဖြစ်နေလို့"

"ဟာ...ခက်ဘာမှမဖြစ်ပါဘူးဆိုမှပဲ၊ ဘာဖြစ်လို့ဆေးခန်းသွားပြရမှာလဲ၊ မပြချင်ပါဘူး"

"ဟော့...ကပ်စေးနဲတယ်ဆိုတာ အချိန်တိုင်းကောင်းတာမဟုတ်ဘူး၊ တော်ကြာ ရောဂါကြီးကြီးမားမားရတော့မှ ခက်ကုန်မယ်၊ ငါက ဘာမှလုပ်တတ်တာမဟုတ်ဘူးခက်"

ပြဿနာပဲ။

တန်က ဆေးခန်းသွားပြဖို့ကို အားသန်နေသည်။

ခက်...။

ဘယ်လိုလုပ်ရမလဲ။

အဖြစ်မှန်ကိုလည်း တန်သိအောင်မပြောရဲပါ။



ခက်တစ်ယောက်တည်း နိုးထိတ်မှုတွေ၊ ကြောက်စိတ်တွေ၊ အားငယ်စိတ်တွေနှင့် ရှိနေရသည်။

မနက်က...

သံသယရှိနေသောစိတ်ကြောင့် သူမစစ်ဆေးကြည့်မိ၏။ အဖြေက ကြောက်စရာကောင်းလောက်အောင် ထွက်ပေါ်လာသည်။ ခက်မှာကိုယ်ဝန်ရှိနေသည့်အဖြေပဲပေါ့။ သိသိခြင်း ဝမ်းသာရမည့်အစား ခက်တစ်ယောက်တည်း သန့်စင်ခန်းလေးထဲမှာ တရှုံ့ရှုံ့နှင့်ကြိတ်ငိုမိ၏။

တန်က အိပ်မောကျနေ၍ သူမအဖြစ်ကိုလုံးဝမသိချေ။ တန်ကိုနိုးပြီးလည်း ခက်မပြောပြရဲပါ။ တန်နှစ်သက်မှန်း မနှစ်သက်မှန်း ခက်မှသေချာမသိတာ။ ခက် ပြောပြလိုက်လို့ ဝမ်းသာသွားရင်တော့ကောင်းပါရဲ့။ စိတ်ရှုပ်ထွေးသွားရင် ဘယ်နှယ့်လုပ်ပါ့မလဲ။

ခုမှပဲ...

တကယ့်ကို မရှုနိုင်မကယ်နိုင်ဖြစ်ရတဲ့အဖြစ်ပါ။ ကြောက်စိတ်ကြောင့် သူမအသားလေးတွေ တဆတ်ဆတ်တုန်ယင်နေရသည်။ ခန္ဓာကိုယ်တစ်ခုလုံး အင်အားတွေကုန်ခမ်းသလိုဖြစ်ကာ ခြေလှမ်းတွေပင်လှမ်းမရတော့။

ခုတလော သဘာဝထက်ဆန့်ကျင်စွာ ကျော်လွန်လာသော

www.burmeseclassic.com



ရက်များကြောင့် သူ့မစိတ်ထဲ စိုးထင့်နေခဲ့တာပါ။ အစာစားချင်စိတ်လည်းမရှိ၊ လူကလည်း တမူးမူးမိုက်မိုက်နှင့် နေမကောင်းချင်သလိုဖြစ်ကာ အိပ်ရာထဲပဲ ခွေလှဲချင်နေခဲ့သည်။ တန်က မနက်ဆိုလျှင် ရှစ်နာရီလောက်မှ အိပ်ရာနိုးတတ်ပေမယ့် နိုးလျှင်လည်း ရေမိုးချိုးပြင်ဆင်ကာ အပြင်ထွက်သွားတတ်သည်။

အိမ်မှာ ခက်တစ်ယောက်တည်း ကျန်ခဲ့ရတာမို့ ခက်အဖြစ်ကို တန် သတိမထားမိအောင် ဖုံးကွယ်ထားလို့ရနေသည်။ ဟန်ဆောင်နေနိုင်ခဲ့၏။

"ခက်"

"ရှင်"

"အဝတ်အစားသွားလဲထား၊ ညစာစားပြီးရင် ကိုယ် ဆေးခန်းလိုက်ပို့ပေးမယ်"

"ဟို…ဟို"

"လူကိုပို့ပြီးစိတ်ပူအောင် မင်းမလုပ်စမ်းပါနဲ့"

"စိတ်ပူတယ်၊ ဟုတ်လားတန်"

ခက် တစ်ခုခုဖြစ်မှာကို ရှင်စိတ်ပူသတဲ့လား။

တန်ရယ်။

အခုလိုဖွင့်ပြောတဲ့အတွက် ခက်အရမ်းပဲကျေးဇူးတင်ပါ





တယ်။ ဒါပေမယ့် ခင် ရှင်နဲ့အတူ ဆေးခန်းကိုသွားမပြရဲဘူးတန်။ သေချာစစ်ဆေးလိုက်ရင် အဖြေမှန်ကပေါ်သွားမှာ။ အဲ့ဒီအခါကျရင် အဆိုးဘက်ကို တန်ပြောင်းလဲသွားမှာ ခက် မလိုလားဘူးတန်ရယ်။

ခက်ကြောက်တယ်။

တန်စိတ်ဆိုးသွားမှာ စိတ်ရှုပ်ထွေးနောက်ကျိပြီး နာကြည်းမုန်းတီးသွားမှာ ခက် သေလောက်အောင်ကြောက်တယ်တန်ရယ်။

"ခက်"

"ဟင်"

"မင်း ဘာတွေစဉ်းစားနေတာလဲ၊ ကိုယ်ပြောတာတွေ ရော ကြားရဲ့လားခက်၊ တကယ့်အူတူတူပုံစံနဲ့ကွာ"

တန့်မျက်နှာက သုန်မှုန်သွား၏။ စိတ်မရှည်တတ်တာ တန့်အကျင့်ပဲမဟုတ်လား။ အခုလည်း ခက်ကို စကားပြောရလွန်းလို့ တန် စိတ်မရှည်သလိုဖြစ်နေချေပြီ။ အခုလိုအခြေအနေမျိုးမှာ ခက် ဖွင့်ပြောလိုက်လို့ဖြစ်ပါ့မလား။

မပြောဘဲ ဖုံးကွယ်ထားလို့ကလည်း မဖြစ်သောအခြေအနေပါ။

ဆေးခန်းသွားပြလိုက်တာနဲ့ တန် သိရမှာပါပဲ။

ဘယ်လိုလုပ်ရမလဲ။



www.burmeseclassic.com

www.burmeseclassic.com



တော်ကြာ

ဆေးခန်းထဲက လူရှေ့သူရှေ့မှာ တန် ပေါက်ကွဲလျှင် အရှက်ကွဲရမှာ သေချာသည်။ တန်အတွက်လည်းမကောင်းချေ။ တစ်ကိုယ်တည်း လွတ်လပ်ပေါ့ပါးနေရခြင်းကို နှစ်သက်တတ်သော တန့်အတွက် ကလေးဆိုတာ ပျော်ရွှင်ကျေနပ်စရာ ဖြစ်နိုင်ပါရဲ့လား။

စိတ်ညစ်လိုက်တာ။

ခက်လဲသာသေလိုက်ချင်တော့တာပါပဲ။

"ခက်"

"တန်"

"မင်းတစ်ခုခုဖြစ်နေတာတော့ သေချာတယ်၊ အဲဒါဘာလဲ ခက်၊ မင်းဘာကြောင့် ငါ့ကို ပွင့်ပွင့်လင်းလင်း မပြောရဲရတာလဲ၊ ကြည့်လိုက်ရင် လူကို သရဲတစ္ဆေတွေ့နေရသလိုပဲ ကြောက်ကြောက်ရွံ့ရွံ့နဲ့ကွာ"

တန်တကယ်ပဲ စိတ်တိုချင်လာသည်။

ခက်ရဲ့ပုံစံက သူနဲ့ မျက်နှာချင်းဆိုင်တာနှင့် တွန့်ဆုတ်ကလေးဖြစ်နေ၏။ တကယ်ဆို လင်မယားချင်းပဲဟာ ပြောသင့်တဲ့စကားကိုတော့ ရဲရဲဝံ့ဝံ့ပြောရမှာပေါ့။

ခုတော့

[redacted]



ခက်က အဲ့ဒီလိုမဟုတ်ချေ။

အဲ့ဒါကိုပဲ

တန်အသည်းယားတာလေ။

အခုလည်းကြည့်။ သူမ တကယ်ပဲ နေမကောင်းတဲ့ဟာကို ဆေးခန်းပြဖို့မပြောချေ။ အိမ်ရဲ့ငွေရေးကြေးရေးကိုသိ၍ မြိုးခြိုးချွေတာနေတာလည်း ဖြစ်နိုင်သည်။ တန်က တစ်ခါတလေ အရောင်းအဝယ်ဖြစ်မှသာ ငွေက မြိုးမြိုးမျက်မျက်လေးရတဲ့သူ မဟုတ်လား။ ငွေမပါဘဲ လက်ဗလာနဲ့ အိမ်ပြန်လာခဲ့ရသည့်ရက်တွေလည်း မနည်းမနောရှိ၏။

သို့သော်

စည်းကမ်းရှိသောခက်ကြောင့် တန်တို့ ဟန်မပျက်ရပ်တည်နေနိုင်ကြ၏။ ဒီနေ့တော့ ခက်ကို ငွေစာစ်သိန်းအပ်နိုင်သည်။ ဘာပဲပြောပြော လက်ထဲမှာတော့ အသုံးစရိတ် ပြတ်တောက်သွားခြင်းတော့မရှိပါ။

ချွေတာတာကောင်းပေမယ့် ကျန်းမာရေးနဲ့ပတ်သက်ပြီး ကပ်စေးနဲနေတာကတော့ အဓိပ္ပာယ်မရှိချေ။

ခက်ကိုကြည့်ရတာ မှိုင်တွေပြီး အားမရှိသလို ဖြူရော်ရော်လေးဖြစ်နေသည်။ ခက် အခုလိုပုံစံလေးဖြစ်နေတော့လည်း သူ

[redacted]

www.burmeseclassic.com

www.burmeseclassic.com



တကယ်ပဲ မမြင်ရက်နိုင်။ ဆေးခန်းသွားပြဖို့သာ စိတ်ကူးပြီး ထမင်းကို ခပ်သုတ်သုတ်စားလိုက်သည်။

ပြီးနောက်

လက်ကို ပြောင်စင်အောင်သွားဆေးပြီး အသင့်ခပ်ပေးထားသော ရေခွက်ကို မော့သောက်လိုက်၏။

''ခက်''

''ရှင်''

''သွားစို့''

''ဘယ်လဲ တန်''

''ဆေးခန်းလေ''

''ဟင့်အင်း ခက်မသွားချင်ဘူး''

''ဘာလို့လဲခက် ဆေးထိုးခံရမှာကြောက်လို့လား၊ ဒါဆိုလည်း သောက်ဆေးပဲပေးဖို့ ကိုယ်ပြောပေးပါ့မယ်''

''ဟင့်အင်းတန် ခက်မသွားချင်ဘူး''

''ခက်''

''ခက်သိတယ်တန်၊ ခက်ရောဂါကို ခက်သိပါတယ်တန်ရယ်၊ အဟင့် ဟင့်''

''ဟာ ခက်''





ပြောပြီး မျက်နှာလေးကို လက်ဝါးနှင့်အုပ်ကာ နေရာလေးမှာတင်ထိုင်ချပြီး ငိုနေတဲ့ ခက်ကိုကြည့်ပြီး ထိုက်တန် မျက်လုံးတွေပြူးသွားရ၏။

ခက်ရောဂါကို ခက်သိတယ်တဲ့။

ဒါက

ဘာစကားကြီးလဲ။

ထိုက်တန်ရင်တစ်ခုလုံး ပူလောင်သွားသည်။

''ခက် မင်း မင်း''

''ဟုတ်တယ် တန်၊ ခက်မှာ ခက်မှာလေ ကိုယ် ကိုယ်ဝန်ရှိနေပြီ အဟင့် ဟင့်''

''ဘာ''

ထိုက်တန်ခန္ဓာကိုယ်ကြီး ဆတ်ခနဲထောင်မတ်သွားရ၏။ အံ့သြခြင်း၊ မယုံကြည်နိုင်ခြင်းများစွာနှင့် ခက်ဆီ စိုက်ကြည့်သည်။

''တန်''

''ဝိတ်စမ်း မင်းပါးစပ်ပိတ်ထားလိုက်တော့၊ တောက်တော်တော်အသုံးမကျတဲ့မိန်းမ၊ မင်း မင်းကွာ၊ တောက် ဒီလောက်ခေတ်မီနေတဲ့ အချိန်ကြီးမှာ''

တန်စကား ရှေ့မဆက်နိုင်။



www.burmeseclassic.com

www.burmeseclassic.com



တန့်ရင်ထဲ ဒေါသစိတ်တွေနှင့် ရှုပ်ထွေးနောက်ကျိကာ ခက်မျက်နှာကိုလည်း မကြည့်တော့ဘဲ ပစ်ထားခဲ့ကာ အခန်းလေးထဲဝင်ပြီး ဝတ်နေကျ သားရေဂျာကင်တစ်ထည်ကိုဆွဲယူပြီး တိုက်ခန်းလေးထဲကနေ ထွက်လာခဲ့မိတော့သည်။

◆ ◆ ◆



## အခန်း (၁၇)

"အဟင့် ဟင့်"

"ဟင့် ဟင့်"

ခက် ဝမ်းနည်းမိလို့မဆုံးတော့။

အစကတည်းက သူမတွက်ထားပြီးသားပါ။

ခက်သာ ဖွင့်ပြောလိုက်လျှင် တန် အခုလို ဒေါသတွေ အကြီးအကျယ်ပေါက်ကွဲသွားတော့မှာပဲ ဆိုတာလေ။ ခုတော့ ထင်ထားသည့်အတိုင်းပင် ဖြစ်လာခဲ့ရပြီမဟုတ်ပါလား။

တိုက်ခန်းတံခါးချပ်ကြီးကို ဝုန်းခနဲပိတ်ကာ ထွက်သွားသော တန့်ကို ခက် ဘယ်လိုမှ မတားဆီးနိုင်ခဲ့ပါ။ တားဆီးဖို့လည်း သူမ မကြိုးစားရဲ။ အခုလို အခြေအနေမျိုးဟာ တန့်အတွက်နားလည်လက်ခံပေးဖို့ ဘယ်လောက်ထိ ခက်ခဲသလဲဆိုတာ ခက်သိ



www.burmeseclassic.com

www.burmeseclassic.com



နေပါသည်။

ကလေးဆိုတဲ့စကားသံက တန်နဲ့ ဘယ်လိုမှမရင်းနှီးနိုင်သေးဘူးမဟုတ်လား။

စိတ်ညစ်လိုက်တာ။

တန်တော့ အရမ်းကို တုန်လှုပ်သွားမှာပဲ။ ဟန်မဆောင်နိုင်လောက်အောင် ဖျက်ယွင်းသွားတဲ့ တန့်ရဲ့မျက်နှာကို သူမ သေချာတွေ့မြင်လိုက်ရပါသည်။

ဘာလုပ်ရမလဲ။

တန်က စိတ်ပျက်စွာထွက်သွားပြီလေ။

တိုက်ခန်းလေးထဲမှာ ခက်တစ်ယောက်တည်းသာ ကျန်ရစ်ခဲ့၏။ စားပွဲပေါ်မှာတော့ မသိမ်းဆည်းရသေးသော စားသောက်ပြီးသား ထမင်းဟင်းပန်းကန်များက ပုံစံမပျက်ရှိနေ၏။

တန်ပြောသလိုပါပဲ။

ခေတ်မီနေတဲ့ကာလမှာမှ ခက်ဘက်က မတားဆီးခဲ့မိလေ။

အိမ်ထောင်ကျတာမှ သုံးလေးလပဲရှိသေးသည်။ ခက်ဘက်က ပြင်ဆင်ထားသင့်တာပေါ့။ ခက်ဘာကြောင့် အဲဒီလောက်တောင် ညံ့ဖျင်းသွားခဲ့မိရပါလိမ့်။ အခုတော့ နောင်တရနေလို့လည်း





ဘယ်လိုမှ မတတ်နိုင်တော့ချေ။

တန်ရယ်။

ခက်ကို စိတ်မဆိုးပါနဲ့နော်။

ခွင့်လွှတ်ပေးပါတန်ရယ်။

ခက်ဆီကို ပြန်လာခဲ့ပါနော်။ တန်မရှိဘဲ ခက်တစ်ယောက်တည်း ဘယ်လိုမှ ဆက်ပြီးရပ်တည်နိုင်မှာမဟုတ်လို့ပါ။ ပြန်လာခဲ့ပါတန်ရယ်။

ခက်တစ်ယောက်တည်း ရင်ထဲကနေ တောင်းပန်နေမိသည်။ ကြေကွဲဝမ်းနည်းစွာပင် သူမ ရှိုက်ငိုမိ၏။ ဘယ်သူသိနိုင်ပါ့မလဲ။ ခက်ရင်ထဲက အားငယ်မှုကို ဘယ်သူကမြင်နိုင်ပါ့မလဲ။

အမေ။

အမေရယ်။

ခက် ဘယ်လိုလုပ်ရမလဲဟင်။

တန့်အမုန်းတွေကို ခက်မခံယူချင်ဘူး။ ခက်အကြောက်ဆုံးက တန်ဆီကပေးအပ်မယ့် အမုန်းတရားတွေပဲအမေ။ ခက်အဲဒီလောက်တောင်ပဲ တန့်ကိုချစ်တာပါ။ သိပ်ပြီးချစ်မြတ်နိုးခဲ့တာပါ အမေရယ်။

ဒါပေမယ့် ခက်လေ



www.burmeseclassic.com

www.burmeseclassic.com



ရင်သွေးလေးကိုလည်း အရမ်းမြတ်နိုးတယ်။ တန်ရဲ့
ရင်သွေးလေးမို့လည်း တန်ဖိုးမဖြတ်နိုင်ခဲ့ဘူးအမေ။ သူ့ကို ရက်ရ
စက်စက် စွန့်ပယ်ဖို့ဆိုတာ တွေးတောင်မတွေးရဲလောက်အောင်ပါ
အမေရယ်။

ခက်ကို ကယ်ပါဦးအမေ။

ခက် ဘယ်လိုလုပ်ရမလဲဟင်။

ခက်ရင်သွေးလေးကို ခက်သိပ်လိုချင်တယ်။ ခက်ဘာ
တန်ပြီးရင် ဒုတိယမြောက် ရစ်ပတ်လာတဲ့ သံယောဇဉ်ကြိုး
တစ်ချောင်းပါ။ ကိုယ့်ကိုမလှုပ်နိုင်အောင် ရစ်ပတ်တော့မယ်ဆို
သိပေမယ့် မိခင်မေတ္တာနဲ့ သည်းခံခွင့်လွှတ်မှုကြောင့်လားမသိ
သိမ်းခံယူချင်တယ်အမေ။

အခုမှ

ခက်တကယ့်ကို ဒုက္ခရောက်ရတာပါအမေရယ်။

ခက်ကို အကြံဉာဏ်ပေးပါဦးနော်။ အားအင်တွေပေး
နှစ်သိမ့်ပါဦး အမေရယ်။ ခက်လေ ခက် ရင်သွေးလေးအတွက်
ရူးသွပ်မတတ်အောင်ပဲ ဖြစ်နေရတယ်အမေရယ်။

ခက်

အခုမှ မိခင်ဖြစ်သူကိုတမ်းတမိသည်။





မိဘတွေသာရှိနေရင် အခုလိုအဖြစ်မျိုးကို နားလည်မှုရှိစွာ
ဖြေရှင်းပေးနိုင်ပါလိမ့်မည်။

သို့သော်

တန်ရဲ့ဆန္ဒ။ တန့်ရဲ့စိတ်တိုင်းကျစေဖို့အတွက် မိဘတွေရဲ့
စေတနာမေတ္တာတွေကိုစွန့်ပစ်ကာ ချစ်သောတန့်အနားတွင်
တွယ်ကပ်နေခဲ့မိသည်။ အမေမှုဆို ဒေါသထွက်လွန်းလို့ သူမကို
စကားမပြောတော့။

အမေကလည်း လင်ကြောက်မဆိုသည့်အသိနှင့် စိတ်ဆိုး
နေလောက်တော့မည်။ စိတ်အားငယ်မှုတို့က ရင်ထဲသို့ အလုံးအရင်း
ဝင်လာကြ၏။

တစိုပ်စိုပ်မှောင်စပြုနေသော မိုးကောင်းကင်၏ ပြောင်းလဲမှု
ကြောင့် ခက်ရင်ထဲမှာ အတိုင်းမသိအောင် တုန်လှုပ်လျက်။

ထိုက်တန်မှာလည်း စိတ်ညစ်ညစ်နှင့် ကန်တော်ကြီးပန်းခြံ
သဲ မှောင်နှင့်မဲမဲ ခုံတန်းလေးတွင် တစ်ယောက်တည်း ငူငူကြီးထိုင်
နေသည်။

ခက်ရယ်။

မင်းသိပ်ညံ့တာပဲ။

မင်းညံ့ဖျင်းလွန်းတယ်ကွာ။



www.burmeseclassic.com

www.burmeseclassic.com



ဘာတဲ့။

ကိုယ်ဝန်တဲ့ ဟုတ်လား။

အပျွန်း။

ရယ်စရာကောင်းလိုက်တာကွာ။

ကိုယ့်လက်ရှိအနေအထားကို မသိတာလည်းမဟုတ်ဘဲ အခုလို အဖြစ်မျိုးထိရောက်အောင် ဖန်တီးခဲ့ရသလား။ သားသမီး မလိုချင်လို့ သူဒီအတွေးမျိုးရှိတာမဟုတ်ပါ။ အခြေအနေနဲ့ အချိန် အခါအရ ဘယ်လိုမှ မဖြစ်နိုင်သေးဘူးလေ။

နှစ်ယောက်တည်း ရပ်တည်ဖို့တောင် မနည်းကြိုးစား ရုန်းကန်နေရတဲ့ကြားထဲ ကလေးတစ်ယောက်ပါ ရောက်လာဦးမယ် ဆိုတော့ တွေးပင်မတွေးရဲစရာ။

ခက်ရာ။

မင်းကွာ။

တောက်။

ထိုက်တန် ဘယ်လိုမှမဖြေသိမ့်နိုင်သေး။

သူ့အာရုံတစ်ခုလုံး ထူပူနေရသည်။ စိတ်တွေရှုပ်ထွေး နောက်ကျိနေရ၏။ ခက်ကိုမုန်းတာမဟုတ်ပေမယ့် အလိုက်မသိလွန်း တာကိုတော့ ဒေါသတွေ တဟုန်းဟုန်းပေါက်ကွဲနေရသည်။





သူ။

အိမ်ကိုပြန်ဖို့လည်း စိတ်ကူးမရှိ။

ခက်နှင့်လည်း မျက်နှာချင်းမဆိုင်ချင်။

ကလေးရှိနေပြီဆိုတဲ့ ခက်စကားသံကို အထပ်ထပ်အခါခါ ကြားယောင်ရင်း သွေးပျက်စာနက်လှပ်ချောက်ချားနေရတော့သည်။

ခက်ရော။

သူထားခဲ့တဲ့နောက်မှာ ဘယ်လိုကျန်ရစ်ခဲ့မလဲ။

ငိုနေမှာပါပဲ။

သူမရဲ့ ထုံးစံအတိုင်း ငိုရှိုက်နေခဲ့မှာပါပဲ။

မင်းနားမလည်ဘူးလားခက်။

ကိုယ့်ရင်ထဲက ခံစားချက်ကို မင်း မဖတ်တတ်ဘူးလား ဟင်။ ကိုယ်က ကိုယ့်သားသမီးကို အခုလို မပြည့်မစုံဘဝကြီးထဲ မှာ ဘယ်လိုမှ မထားချင်တဲ့အဖေပဲ။

ကိုယ့်မိဘတွေတုန်းက ကိုယ်တို့ကို လိုတာထက်တောင် ပိုထားပြီး ပြုစုစောင့်ရှောက်ခဲ့ကြတာကွ။ သူတို့ခွန်၊ သူတို့အားနဲ့ အကောင်းဆုံးတွေကို ဖန်တီးပေးခဲ့ကြတာ။

ကိုယ်

အဖေ့ကို သိပ်အားကျတယ်ခက်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်အဖေလိုပဲ ဖခင်ပီသတဲ့ ဖခင်ပဲဖြစ်ချင်တယ်။

အဖေက သူဘယ်လောက်ပဲ အဖျော်အပါးမက်မက် သားတွေအပေါ်မှာတော့ တာဝန်ကျေတဲ့အဖေပဲ။

ကိုယ်လဲ။

ကိုယ်သွေးတွေနဲ့ ဖွဲ့စည်းလာတဲ့ ကိုယ့်သားကို မျက်နှာငယ်ငယ်နဲ့ လောကကြီးထဲမှာ မရပ်တည်စေချင်ဘူးကွာ။ ဒါတွေကို မင်းနားလည်ရဲ့လားခက်ရယ်။

မင်းဘာမှမသိပဲ ဘာကိုမှထည့်မတွက်ဘဲ ကလေးကို လူ့လောကထဲ ဆွဲခေါ်တာ သိပ်ကိုဆိုးဝါးတဲ့လုပ်ရပ်ပဲခက်။

ငါမင်းကို ခွင့်မလွှတ်ဘူး။

လုံးဝခွင့်မလွှတ်ဘူးခက်။

မင်းကို အရမ်းစိတ်ဆိုးတယ်သိလား။

ထိုက်တန့်တစ်ယောက်တည်း ဆောက်တည်ရာမရ ပြောမိသည်။ ပေါက်ကွဲချင်တိုင်း ပေါက်ကွဲနေမိ၏။ အရှိန်မပြေသေးသော ဒဏ်ရာမှ နာကျင်မှုထက် သူ့နှလုံးသားမှ တဆစ်ဆစ်နာကျင်နေမှုက ပိုများနေသည်။

ဘယ်သူသိမှာလဲ။

သူ့ရင်ထဲမှာရှိနေတဲ့ ခံစားချက်တွေကို ဘယ်သူ စာနာ

[redacted]



နားလည်ပါမလဲ။ အားလုံးရှေ့မှာ အခုကိစ္စကိုချပြလျှင် သူ့ကို လူမိုက်ကြီးတစ်ယောက်ဟုပဲ ထင်မြင်သုံးသပ်ကြပေဦးမည်။ ခက်ကို သနားစရာဟုပဲ မြင်ပေးကြဦးမည်လေ။

ခက်

အဲဒါ မင်းမလိမ္မာလို့ပေါ့ကွ။

ခုတော့

ငါ ဘယ်လိုလုပ်ရတော့မလဲ ခက်။

စိတ်ရှုပ်စရာကောင်းလိုက်တာကွာ။

မင်းကြောင့်နဲ့တော့ ငါ ရူးရတော့မှာပဲ ခက်ရယ်။ ငါ့ကို နေစရာနယ်မြေ ကျဉ်းမြောင်းသွားအောင် မင်းမို့လို့ လုပ်ရက်တယ်ကွာ။

ထိုက်တန့်တစ်ယောက်တည်း စကားတွေ တတွတ်တွတ် ရေရွတ်နေမိသည်။ သူထိုင်နေသော ခုံတန်းလေးက အမှောင်ရိပ်ဘက် နည်းနည်းကျနေတာမို့လည်း လူသွားလူလာ ကင်းရှင်းတာကြောင့် စိတ်လွှတ်လက်လွှတ် နေလို့ရနေ၏။

ရင်ထဲကစကားတွေကို ဖွင့်ဟနိုင်ခဲ့သည်။

မွန်းကြပ်မှုတွေကို ဖြေဖျောက်နိုင်သည့် နေရာလေးမို့ သူ အေးအေးဆေးဆေးပင် ဆက်ထိုင်နေမိ၏။

[redacted]

www.burmeseclassic.com

www.burmeseclassic.com



ဘယ်အချိန်ရှိနေပြီလဲ။

ဒါလည်း သူ မသိပါ။

သူသိတာက တစ်ခုတည်း။

အဲဒါ အိမ်မပြန်ချင်တာပဲဖြစ်သည်။

◆ ◆ ◆

[redacted]

## အခန်း (၁၈)

''ခက် မရှိတော့ဘူး ဟုတ်လား သား''

''ဟုတ်တယ် အမေ၊ ခက် ခက် မရှိတော့ဘူး၊ ကျွန်တော် ပြန်ရောက်တော့ သူ့ကိုမတွေ့တော့ဘူး၊ လုပ်ပါဦး အမေ၊ ခက်ကို ကူရှာပေးပါဦးဗျာ၊ ခက် သူ့မိဘတွေဆီ သွားတာလားမသိဘူး''

''နေစမ်းပါဦး သားရယ်၊ စိတ်အေးအေးထားစမ်းပါဦး၊ ဈေးတွေ ဘာတွေများ သွားနေသလားမှမသိတာ၊ ကိုခင်ထွန်း တို့မှမရှိကြတာ၊ သမီး မသွားနိုင်ပါဘူး''

''မဟုတ်ဘူး အမေ၊ သူ အဲဒီလိုပုံစံမျိုးနဲ့ ထွက်သွားတာ မဟုတ်ဘူး၊ အဝတ်အစား ဗီရိုထဲမှာလည်း သူ့အင်္ကျီတွေ လျော့နေ တယ်၊ သေချာပါတယ် အမေ၊ သူ တစ်နေရာရာကို ထွက်သွား တာ၊ တန့်ကို ထားခဲ့ပြီး ထွက်သွားတာ အမေ''

[redacted]

www.burmeseclassic.com

www.burmeseclassic.com



တန်

ဆောက်တည်ရာမရသလို အမေ့ခြေသလုံးကို ဖက်တွယ်မတတ် အကူအညီတောင်းမိသည်။ ခက် ဘယ်ကိုထွက်သွားတာလဲ။ မနေ့က ကိုယ်ဝန်ရှိနေသည့်ကိစ္စနှင့် ထိုက်တန် စိတ်ညစ်ပြီး အပြင်မှာ အိပ်ဖြစ်ခဲ့သည်။ ခက်ဆီကို မပြန်မိခဲ့။ မုန်းလို့မဟုတ်သော်လည်း အသားမသေသေးသောစိတ်ကို ဖြေသိမ့်သည့်အနေနှင့် သူငယ်ချင်း အောင်ကောင်းတို့အိမ် သွားအိပ်ခဲ့သည်။

ဒါကို

ခက် သိပ်ပြီးဝမ်းနည်းသွားတာလား။

ရင်သွေးရှိတာကို မလိုလားသလို ဆက်ဆံမိတာကိုပဲ နာကြည်းသွားတာလားမသိ။ တိုက်ခန်းလေးဆီ သူပြန်သွားတော့ ခက် မရှိတော့ချေ။ အိပ်များပျော်နေသလားဟု အခန်းထဲဝင်ရှာမိသေးသည်။ သို့သော် အိပ်ရာထဲမှာလည်း မတွေ့ရ။ နေ့ခင်းနေ့လယ်ဆိုလျှင် ဘယ်အပြင်မှ မထွက်တတ်ဘဲ အိမ်ထဲမှာသာ ရှိနေတတ်တာမို့ အခုလို ပျောက်နေခြင်းသည် စိုးထိတ်စရာပင်။

ပထမဆုံး သတိထားမိတာက အဝတ်ဗီရိုပဲ။

တစ်ခါမျှ သော့တန်းလန်းနှင့် မထားတတ်သော ခက်က အခုတော့ အဝတ်ဗီရိုကို သော့တပ်လျက်သားနှင့် ထားထားတာမို့





ထိုက်တန် ဖွင့်ကြည့်လိုက်တော့ သူမ အဝတ်အစားတွေ လျော့နေသည်။

ထိုက်တန် တုန်လှုပ်ချောက်ချားသွားရ၏။

မဖြစ်နိုင်ဘူး။

ဒါ ဘယ်လိုမှမဖြစ်နိုင်ဘူး။

ခက်

သူ့ကို အဲဒီလိုလုပ်သွားမှာမဟုတ်ဘူးလို့ ကိုယ့်ကိုယ်ကို အားပေးနေသည့်ကြားမှ သူ့စိတ်တွေက လှုပ်ရှားလာကြသည်။

နောက်ဆုံးတော့

အမေ့ဆီ သူရောက်သွားခဲ့၏။

ခက်တစ်ယောက် သူ့မိဘတွေဆီ ဆင်းသွားတာလည်း ဖြစ်နိုင်သည်မို့ အမေ့ဆီကိုသွားပြီးမေးတော့ ခက် ရောက်မလာဘူးတဲ့။ ပြီးတော့ ခက်မိဘတွေကလည်း မွေးရပ်မြေဖြစ်တဲ့ ပဲခူးကုန်းကို အမျိုးနာရေးကိစ္စနှင့် သွားကြသတဲ့လေ။ အိမ်မှာ ဘယ်သူမှ မရှိဘူးတဲ့။ အမေ့ဆီရောက်တော့မှ ယောက္ခမတွေသတင်းကို သူ သိရ၏။

"မင်းပြောလို့သာ ကြားရတယ်၊ ယုံတောင်မယုံနိုင်ဘူး ကွယ်၊ မင်းတို့ ဘာတွေဖြစ်ကြတာလဲ၊ အမေ့ကိုလည်း ရှင်းအောင်



www.burmeseclassic.com

www.burmeseclassic.com



"ပြောကြပါဦးကွယ်"

အမေ မေးနေချေပြီ။

"မင်းနဲ့ခက် ရန်ဖြစ်လို့လား၊ သမီးခက် ပုံစံကြည့်ရတာ ရန်ဖြစ်တတ် စိတ်ဆိုးတတ်တဲ့သူလည်း မဟုတ်ပါဘူးကွယ်၊ မင်း ဘယ်လောက်ပဲဆိုးဆိုး ကြိတ်မှိတ်သည်းခံနေတတ်တဲ့သူက အခုလို အထုပ်ဆွဲပြီးဆင်းသွားတာတော့ ဟုတ်ပုံမလား၊ သူငယ်ချင်း တစ်အိမ်အိမ် ခဏထွက်သွားတာပဲ ဖြစ်မှာပေါ့၊ ကိုခင်ထွန်းတို့က လည်း နယ်ကိုသွားတာ ပြန်မှရောက်မလာကြသေးတာ"

ခက်က မိဘတွေအိမ်မှာမရှိဘူးဆိုတော့ သူငယ်ချင်း တစ်အိမ်အိမ်ကို သွားနေတာများလား။ ဒါကတော့ ဖြစ်နိုင်ချေ ရှိသည်။

တန် နေရာက ဆတ်ခနဲထတော့

"ဟဲ့ ဒါက ဘယ်လဲ"

"ခက်သူငယ်ချင်းတွေအိမ် လိုက်မေးမလို့"

"အေး လိုက်မေးကြည့်လိုက်ဦး သား၊ ပြီးရင်လည်း အမေ့ဆီ မြန်မြန်လာပြန်သတင်းပေးဦးနော်၊ တွေ့ရင်လည်း ပြဿနာ တွေရှာပြီး ဆူပူမနေနဲ့ဦး၊ စိတ်ဆိုးနေတဲ့သူကို အခုချိန်မှာသွားပြော ရင် မင်းကို စိတ်နာသွားလိမ့်မယ်၊ ကြောက်ပြီး ပြန်မလိုက်ရဲဘဲ

[redacted]



ဖြစ်နေလိမ့်မယ်နော် ထိုက်တန်၊ အဆင်ပြေပြေဖြစ်အောင် ချော့မော့ ပြီးသာ အိမ်ပြန်ခေါ်လာခဲ့၊ ဒီတစ်ခါ ခက်အိမ်ကဆင်းသွားတဲ့အထိ တောင် လုပ်သွားတာဆိုတော့ ခံစားချက်က သေးမှာမဟုတ်ဘူး၊ အမေက အတင်းခေါ်ခိုင်းတယ်လို့ပြောပြီး ခေါ်လာခဲ့ ထိုက်တန်"

အမေ့ရဲ့ ရှည်လျားသော အမှာစကားကို ထိုက်တန် မနည်းအောင့်အည်းသည်းခံကာ နားထောင်နေရသည်။ အဖြစ်သည်း လွန်းတဲ့ အမေ့ကိုကြည့်ပြီး စောစောက စိတ်ကောင်းဝင်ကာ လိုက်ရှာချင်စိတ်လေးပင် ပျောက်ချင်ချင်။ ခေါင်းညိတ်ပြပြီး တိုက် ကြီးထဲက ထွက်သာလာရတာ သူ့ခြေလှမ်းတို့က နှေးကွေးလို့။

တကယ်ဆိုရင်

အခုကိစ္စမှာ သူက အမှားမရှိပါ။

ဘာတစ်ခုမှ နှီးနှောတိုင်ပင်ခြင်းမရှိဘဲ အလွယ်တကူနဲ့ ကလေးယူခဲ့တဲ့ မင်းရဲ့အမှားပဲ။ သို့ပေမယ့် တကယ့်အဖြစ်မှန်ကို သူဖွင့်မပြောရဲပါ။

ခက်

မင်းက အခုတော့ ဘာကိုမှ ရင်မဆိုင်ဘဲ ထွက်သွား တယ်နော်။

မင်း အဲဒီလိုလုပ်လို့မရဘူး ခက်။

[redacted]

www.burmeseclassic.com

www.burmeseclassic.com



ငါ ခွင့်မပြုနိုင်ဘူး။

ငါတစ်ယောက်တည်း အပေါ်မှာ ရှိသမျှ မကောင်းတဲ့ အပြစ်တွေအားလုံး ပုံချထားပြီး မင်း ကိုယ်လွတ်ရုန်းသွားလို့မရဘူး။ ပြန်လာခဲ့ရမယ် ခက်။ အမေနဲ့အဖေ ငါ့ကို လူဆိုးတစ်ယောက်လို အမြင်မရှိရအောင် မင်း ပြန်လာမှဖြစ်မယ် ခက်။

ထိုက်တန်တစ်ယောက်

ကားတစ်စီးနှင့် ခက်သူငယ်ချင်းတွေအိမ် တစ်ခုပြီးတစ်ခု လိုက်မေးမိသည်။ သို့သော် သူရသည့်အဖြေကတော့ ရောက်မလာဘူးဆိုတဲ့ အဖြေစကားတစ်ခွန်းတည်းပါပဲ။

အမေ့ဆီလည်း ခက် ပြန်ရောက်ပြီလားဟု နာရီဝက်တစ်ကြိမ် သူ မေးမိသည်။ အမေကလည်း ရောက်မလာသေးဘူးဆိုတော့ ကုန်လွန်လာသော အချိန်အတိုင်းအတာတစ်ခုကြောင့် ထိုက်တန်မှာ ပို၍ပင် စိုးထိတ်နေရတော့သည်။

သိလိုက်ပါပြီ။

ဒီလောက်ဆိုလျှင် အခြေအနေတစ်ခုကို သူ ရိပ်မိလိုက်ချေပြီ။

ခက်။

မင်း ငါ့ကို တကယ်ပဲထားခဲ့တာပဲ။



မထင်မိဘူး ခက်ရယ်။

မင်း အလွယ်တကူပဲ ဆုံးဖြတ်သွားနိုင်လိမ့်မယ်လို့ ကိုယ်တကယ်မထင်မိဘူးကွာ။

ထိုက်တန် အိမ်ပြန်ရောက်တော့ မိုးတော်တော်ချုပ်နေပြီ။ အဖေကတော့ မျက်နှာထားတင်းတင်းနှင့် သူ့ကိုဆီးကြိုနေ၏။

''ဘယ်နှယ့်လဲ ဟောကောင်၊ ရှာမတွေ့ဘူးဆိုတော့ မင်းကတော့ လွတ်လပ်ပြီဆိုပြီး ဝမ်းသာနေမှာပဲ၊ သူ့ကိုစွ သူရှင်းသွားတာဆိုတော့ မင်းအတွက် ကောင်းသွားတာပေါ့ ဟုတ်လား''

အရွဲ့တိုက်အမေးစကားကို သူ ခွန်းတုံ့မပြန်မိ။

အဖေနဲ့အမေက ခက်ကို ဘယ်လောက်ထိချစ်ကြတယ်ဆိုတာ ထိုက်တန် အသိဆုံးပါပဲလေ။ ချွေးမဆိုတဲ့ ခံစားချက်ထက် သမီးအရင်းတစ်ယောက်လိုပဲ မှတ်ယူထားကြတာပါ။

''မှားတယ်၊ ငါတို့ အရမ်းကိုမှားသွားတယ်၊ မင်းများပြောင်းလဲပြီး အိမ်ထောင်ရေးအပေါ် အလေးအနက်ထားမလားဆိုပြီး အိမ်ခွဲပေးလိုက်ကာမှ ငါ့သမီးခက် အခုလို နေစရာမရှိအောင်ဖြစ်ရတယ်လို့၊ တွေးမိတိုင်း နောင်တတွေတောင်ရတယ်ကွာ''

အဖေက အံတကြိတ်ကြိတ်။

ခက် အိမ်ပေါ်ကနေ ဆင်းသွားတာကို အဖေ စိတ်

www.burmeseclassic.com

www.burmeseclassic.com





မကောင်းဖြစ်နေသည်။ နောင်တတွေ တစ်သီကြီးရသော လေး

နှင့် ညည်းတွားနေ၏။ အမေကတော့ မျက်ရည်တွေစီးကျ

တရှုံ့ရှုံ့ငိုလို့။

"ဟော့ကောင် ထိုက်တန်၊ ပြောစမ်း မင်း မင်း ခက်

ကို ရိုက်လိုက်တယ်မဟုတ်လား"

ဒေါသတကြီး စွပ်စွဲမှုက သူ့အပေါ်သို့ အပုံလိုက်

လာ၏။

"ငါမေးနေတယ်လေ၊ မင်း ကိုယ်ထိလက်ရော

စော်ကားလိုက်လို့သာ ဟိုက နာကြည်းပြီး ထွက်သွားတာ

ပေါ့။ မဟုတ်လို့ကတော့ ခက်က အခုလို မိုက်မဲတဲ့လုပ်ရပ်မျိုး

ကျူးလွန်ပါ့မလား"

"ကျွန်တော် မရိုက်ဘူး အမေ"

"ဘာ"

"ကျွန်တော် သူ့ကိုလက်နဲ့တောင် မရွယ်ခဲ့ဖူးဘူး"

"ဒါဆို ဘာကြောင့်လဲ၊ မင်းနဲ့ ပြဿနာတစ်ခုခုမဖြစ်

နဲ့တော့ ထွက်မသွားလောက်ဘူး ဟော့ကောင်၊ မင်း အမှန်အတိုင်း

ပြောစမ်း"

သူ မပြောချင်။

ခက်နှင့်သူ ကိုယ်ဝန်ရှိသည့်ကိစ္စနှင့် ပြဿနာဖြစ်ခဲ့ရခြင်း

ဆို ဖွင့်မပြောရဲပါ။

"ဟော့ကောင် မင်းကို ငါမေးနေတယ်လေ"

"ကျွန်တော် မသိဘူး အမေ"

"ဘာကွ"

"သူ ဘာကြောင့် အိမ်ကနေဆင်းသွားရသလဲဆိုတဲ့

အချက်ကို ကျွန်တော်ကိုယ်တိုင်တောင် မစဉ်းစားတတ်ဘူး၊

ကယ်ဆို သူ သူ"

ထိုက်တန် စကားရှေ့မဆက်နိုင်။

တစ်ဝက်တစ်ပျက်နှင့်ရပ်ကာ ခေါင်းလေးငုံ့စိုက်ချပြီး အဖေ့

ရှေ့တွင် ရပ်နေမိတော့သည်။

"ဆက်ပြောလေ ဟော့ကောင်၊ မင်း ဆက်ပြောလေ၊

သူက ဘာဖြစ်လဲ"

"ကျွန်တော့်စိတ်ကို နားမလည်ဘူး"

"ဟေ"

အဖေ့ မျက်ခုံးထူကြီးတွေ ပင့်တက်သွား၏။ အကြောင်း

သိတဲ့ အဖေက နားရှုပ်သွားမှာပါပဲ။ သို့ပေမယ့် အဖေ နားရှင်း

အောင်လည်း အမှန်တရားတွေကို သူ မပြောပြရဲပါ။

www.burmeseclassic.com

www.burmeseclassic.com



"တကယ်ဆိုရင် ကျွန်တော့်ရင်ထဲက ခံစားချက်ကို
သိသင့်တယ် အဖေ"

"ဘာတွေလဲ၊ မင်းတို့ဟာက ဘာတွေလဲကွ၊
နားလည်အောင်လည်း ပြောကြပါဦး၊ ဘာကိစ္စနဲ့ပတ်သက်ပြီး
လိုတွေ ပေါက်ကွဲကုန်ရတာလဲ"

သူ ခေါင်းကို တအားယမ်းပစ်လိုက်သည်။

"ကျွန်တော် ခက်ကိုတွေ့အောင်ရှာမှာပါ အဖေ၊
တွေ့အောင် ရှာမှာပါ၊ အဲဒါတော့ အဖေ စိတ်ချပါ၊ အခုအ
ကျွန်တော် ဘာတစ်ခုမှ ဖွင့်မပြောနိုင်သေးပေမယ့် တစ်
တစ်ချိန်ချိန်ကျရင်တော့ ကျွန်တော် ပြောနိုင်မှာပါ၊ ကျွန်တော်
ခွင့်ပြုပါဦး အဖေ၊ ကျွန်တော် အိမ်ပြန်လိုက်ဦးမယ်"

"ဟော့ကောင် မင်းက ဘယ်ကိုပြန်ဦးမလို့လဲ"

"ကျောက်မြောင်းအိမ်ပါ"

"မင်းတစ်ယောက်တည်း"

"ကျွန်တော် ခက်ကို သွားစောင့်မှဖြစ်မယ်
ကျွန်တော့်ဆီကို သူပြန်လာမှာပါ၊ အဲဒီအချက်ကို ကျွန်တော်
ကြည်နေတယ်၊ ဒီတိုက်မှာ ကျွန်တော် ပြောင်းမနေဘူးဆိုတာ
သိတယ်လေ၊ ဒါကြောင့် သူပြန်လာရင် ကျောက်မြောင်းက



ကိုပဲ လာမှာ၊ ကျွန်တော် ရှိနေမှဖြစ်မှာပေါ့၊ သော့အပိုတစ်စုံ
လည်း သူယူသွားတာမဟုတ်ဘူးဆိုတော့ တံခါးပိတ်ထားရင်
ဝင်လို့ရမှာမဟုတ်ဘူး၊ ကျွန်တော် သွားမှဖြစ်မယ်"

ပြောပြီးတာနှင့် သူ အဖေနဲ့အမေကို ကျောခိုင်းလိုက်
ည်။ အိမ်ကိုပြန်ဖို့ ခြေလှမ်းပြင်လိုက်၏။

"ထိုက်တန်"

အမေ့ခေါ်သံကြောင့် လှမ်းလက်စ ခြေလှမ်း တုံ့ခနဲရပ်
သမင်လည်ပြန် လှည့်စောင်းကာ အမေ့ဆီကြည့်မိသည်။

"မင်း လိမ္မာသင့်ပါပြီ ထိုက်တန်ရယ်"

အမေ့စကားက သူ့ရင်ကို ပြင်းစွာလာထိ၏။

"ကိုခင်ထွန်းတို့ နယ်ကနေပြန်လာရင် အမေတို့တော့
ယ်လိုဖြေရှင်းရမှန်းတောင် မသိတော့ပါဘူး"

ထိုက်တန်

သက်ပြင်းမောတစ်ချက်ကို ကြိတ်ရှိုက်မိသည်။

ဒီအချက်ကို

သူလည်း စဉ်းစားမိတာပါပဲ။ အစကတည်းကမှ သူ့ကို
က်မကြည်တဲ့ ယောက္ခထီးနဲ့ ယောက္ခမ အခုလိုသတင်းသာ
ားရင်တော့။ တွေးမိပြီး ရင်တစ်ခုလုံး ပူလောင်လာရသည်။

www.burmeseclassic.com

www.burmeseclassic.com



''သူပြန်အလာကိုချည်း ထိုင်စောင့်မနေနဲ့၊ တတ်နိုင်သလောက် ကြိုးစားရှာဦး ထိုက်တန်၊ မတွေ့ရင်တော့ တကယ်ပြသနာပဲကွယ်၊ အမေတို့ လူကြီးအချင်းချင်း မျက်နှာပျက်စရာတွေတော့ ဖြစ်ကုန်တော့မှာပဲ''

အမေရယ်။

ကျွန်တော်ကလည်း ခက်ကို အရမ်းတွေ့ချင်နေတာပါ။

သူ့ကိုတွေ့ရင်

ကျွန်တော် စကားတစ်ခုပြောချင်တာပါ အမေ။

ကျွန်တော်

သိပ်ကိုမှားခဲ့ပါတယ်ဆိုတဲ့ အကြောင်းပေါ့။

◆ ◆ ◆

## အခန်း (၁၉)

''သမီး ဘာဆက်လုပ်ချင်လဲ''

''ရှင်''

''ရှေ့ဆက် ဘယ်လိုသွားမလဲလို့ မေးတာပါ''

အမေ့အမေးကို ခက် မဖြေနိုင်။

တန်

ခက်ကို စိတ်အရမ်းဆိုးသွားမှာပဲ။

ဒေါသတွေ အကြီးအကျယ်ပေါက်ကွဲသွားတဲ့ တန့်ပုံစံကို မြင်ယောင်မိတိုင်း အိမ်ကိုပြန်ဖို့ ခြေလှမ်းတွေ တွန့်ဆုတ်နေရသည်။ တန် အလိုမရှိတဲ့ကလေးက သူမဝမ်းထဲမှာ ကိန်းအောင်းနေခဲ့ပြီလေ။ ဘယ်သူကမှားပြီး ဘယ်သူကပဲ မှန်နေနေ အခုအချိန်မှာတော့ အားလုံးပြီးဆုံးသွားခဲ့ချေပြီ။

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပြီးသမျှတွေက ပြန်ပြင်လို့မှ မရတော့တာ။

ဒါကို

တန်က နားမလည်ချေ။

တစ်ညလုံး ဝမ်းနည်းအားငယ်စိတ်တွေနဲ့ စောင့်မျှော်ရ ရသူရဲ့အဖြစ်ကို တန် မြင်ယောင်မိပါ့မလား။ ရှင့်ရဲ့မျှော်ရှင် လွတ်လပ်မှုတွေကို ဖျက်ဆီးပစ်သူတစ်ယောက်အဖြစ် အငြိုးတွေ ဖွဲ့နေပြီလား တန်ရယ်။

ခက် အစကတည်းက ထင်တော့ထင်ထားပြီးသားပါ။

တန်သိရင်

အခုလိုပဲ အံ့ဩတုန်လှုပ်သွားလိမ့်မယ်လို့လေ။

ဒါပေမဲ့။

ခက်မျက်နှာကို မကြည့်ချင်တော့လောက်တဲ့ အဖြစ်မျိုး အထိ ရောက်သွားလိမ့်မယ်လို့တော့ ထင်မထားမိဘူး တန်ရယ်။

"သမီးခက် ညည်း ဘယ်အချိန်ထိ အခုလို ရေငုံနှုတ်ပိတ် တွေဝေနေဦးမလို့လဲ၊ အံ့ပါရဲ့၊ ကလေးရှိတယ်ဆိုတာနဲ့ပဲ အိမ်ကနေ ဒေါသတကြီးထွက်သွားရတယ်လို့၊ မကိုခင်မှ ဥကို ကြင်တယ်ဆိုတာ ဒီတစ်ခါတော့ သွေးထွက်အောင်မှန်တာပဲ၊ သူက ညည်းကို ချစ်မှမချစ်တာ၊ ကျုပ်တို့က သဘောမတူဘူးဆိုတဲ့



သတင်း ထွက်လို့ ရအောင်ယူပြခဲ့တာပဲဟာ၊ သူ့ရင်ထဲမှာ အချစ်ထက် ငါတို့ကိုမုန်းတီးနေတဲ့ အငြိုးအတေးတွေပဲ ရှိနေတာလေ၊ ဒီတော့ ညည်းနဲ့ပတ်သက်တဲ့ ဒီကလေးကို သူ ဘယ်လိုလုပ်ပြီး အလိုရှိပါ့မလဲ"

"အဟင့် ဟင့်"

"ဟင့် ဟင့်"

အမေ့စကားကြောင့် အစကတည်းကမှ ဝမ်းနည်းနေရသည့်အထဲ မျက်ရည်များ တားမရ ဆီးမနိုင်ကျကာ ရှိုက်ငိုလိုက်မိသည်။

အဖေကတော့ ခက်ကိုကြည့်ပြီး အံတကြိတ်ကြိတ်။

အမေ့ရင်ထဲမှာ တန်နဲ့ပတ်သက်ပြီး မကျေနပ်ချက်တွေက အများကြီးရှိနေခဲ့တာလေ။ အခုလို ပြဿနာမျိုးဖြစ်တော့ ပိုလို့တောင် ဆိုးသွားတော့တာပေါ့။ ခက်မှာလည်း တကယ်တမ်း အရေးကိစ္စ ကြုံလျှင် အားကိုးစရာက အဖေနဲ့အမေပဲ ရှိတာမဟုတ်လား။ အဖေတို့ရှိနေတဲ့ပဲခွဲကုန်းကို သူမ လိုက်သွားမိသည်။

အဒေါ်ရဲ့ယောက်ျား နာရေးကိစ္စကြောင့် အဖေနဲ့အမေတို့ နယ်ကိုလိုက်သွားကြတဲ့အကြောင်း သူမ ကြားပြီးသားပါ။ ခက်ကို ခေါ်မသွား၍ စိတ်ပင်မကောင်းမိ။ အဖေတို့နဲ့ အတူတူလိုက်ချင်

www.burmeseclassic.com

www.burmeseclassic.com



ပေမယ့် တန်က သူမနဲ့အတူတူလိုက်ခဲ့မှာမဟုတ်မှန်း သူမ သိသည်။

အဖေတို့ကလည်း အလိုက်သိတာပါပဲ။ သူမတစ်ယောက်တည်းလည်း ထည့်လိုက်မှာမဟုတ်ဘူးဆိုတာကို သိနေတာမို့ အမျိုးတွေ အထင်မလွဲစေရအောင် အကြောင်းတစ်ခုခုပြကာ မလိုက်နိုင်ကြောင်း ကြိုတင်ပြီး တောင်းပန်ထားကြ၏။

ခုတော့

ခက်က မထင်မှတ်ဘဲ ရောက်လာသည်။

ခက်ကိုမြင်လိုက်တော့ အဖေရော အမေပါ မျက်စိမျက်နှာတွေ ပျက်နေကြ၏။ အခြေအနေတစ်ခုခု ထူးခြားနေပြီဆိုတာသိပေမယ့် ဆွေမျိုးတွေကြားမှာမို့ မမေးမြန်းဘဲ အခုမှ အလုပ်အားပြီးလိုက်လာသယောင်ယောင်နှင့် ဟန်ဆောင်ထိန်းပေးကြသည်။

လူတွေကွယ်တော့မှ တီးတိုးမေးကြ၏။

ခက်

မဖုံးကွယ်ထားချင်တော့ပါ။

ကလေးအတွက်။

ခက်ဝမ်းထဲမှာ လွယ်ထားရတဲ့ ရင်သွေးလေးရဲ့ နောင်ရေးအတွက် အဖေနဲ့အမေ့ကို ပြောပြမိသည်။ ကြားကြားချင်း ဒေါသ



သွေးဆူလွယ်တဲ့ အဖေက ရန်ကုန်ကိုပြန်မည်ဟု လုပ်၏။ မိဘတွေကို အသိပေးပြီး စာရင်းရှင်းမည်ဟု ကြိမ်းဝါးနေသည်။ တန့်နဲ့ အမေ့ကို ထိပ်တိုက်မတွေ့စေချင်သော ခက်က အဖေ့ခြေထောက်ကို ဖက်ကာ တောင်းပန်မိသည်။

တန့်ကို ဘယ်လိုစိတ်အနှောင့်အယှက်မျိုးကိုမှ နောက်ထပ်မပေးတော့ဖို့ ဆုံးဖြတ်ထားမိ၏။ ခက်ကိုကြည့်ပြီး အမေက ရင်တွေနာနေသည်။ နောက်ဆုံးတော့ သမီးမျက်နှာကြောင့် အဖေ့ဒေါသတွေ ပျက်ပြယ်သွားရတာပါပဲ။

"အဖေ မေးနေတယ်လေ ခက်၊ အခု သမီး ဘာဖြစ်ချင်တာလဲ၊ အဖေတို့ ဘာလုပ်ပေးရမှာလဲ ခက်"

"သ သမီး ရင်သွေးလေးကို မိခင်ပီပီသသနဲ့ မွေးချင်တယ် အဖေ"

ခက်

ရင်ထဲက ဆန္ဒအမှန်အတိုင်း ပြောမိသည်။ သူမစကားကြားတော့ အဖေက ငြိမ်ကျသွားသည်။

"အမေကတော့ သမီးရဲ့ခံစားချက်ကို နားလည်ပါတယ်၊ ဘာပဲပြောပြော အခုလိုသတ္တိမျိုး သမီးဆီမှာရှိနေတဲ့အတွက်လည်း ဂုဏ်ယူတယ်၊ ဒါပေမဲ့ အမေတို့ရဲ့မျိုးဆက်သွေး၊ အမေတို့ရဲ့

www.burmeseclassic.com

www.burmeseclassic.com



မျိုးဆက်ကို အလိုမရှိတဲ့သူကိုတော့ အမေတို့ ရှေ့ဆက်သွားမယ့် အနာဂတ်လမ်းမှာ တွဲလျက်ပါလာမှာကိုတော့ ခွင့်မပြုနိုင်ဘူး ခက်၊ အဲဒီအတွက် သမီးဘက်က အပြတ်သားဆုံး ရွေးချယ်ရလိမ့်မယ်''

''ရှင်''

''အမေပြောတာ သမီး နားလည်ပါတယ်နော်၊ ထိုက်တန် လို သမက်မျိုးကို အမေတို့ အလိုမရှိတော့ဘူး ခက်၊ ဖခင်စိတ် မရှိတဲ့ လူတစ်ယောက်ရဲ့ လက်ထဲမှာလည်း အမေတို့ရဲ့မျိုးဆက် သွေးကို မအပ်နှင်းချင်ဘူး၊ သူကလည်း အလိုမှမရှိတာဘဲ ခက်၊ ညည်းဘက်က ပြတ်သားဖို့ပဲလိုတယ်''

အို

ခက်ကို တန်နဲ့လမ်းခွဲဖို့ အမေက တိုက်တွန်းနေတာပါ လား။

''အမေ့သမီးကို တစ်ခုလပ်၊ တစ်လင်ကွာ၊ ကလေး တစ်ယောက်အမေဘဝနဲ့ ရှင်သန်ရမှာ မကြည့်ရက်ပေမယ့် အင်မတန် သွေးအေးပြီး ရက်စက်တတ်တဲ့ ယောကျ်ားတစ်ယောက် ရဲ့ လက်ထဲမှာ စိတ်ဆင်းရဲ ဒုက္ခတွေ ခံစားနေရတာကိုတော့ ဆက်ပြီးမကြည့်ရက်တော့ဘူး ခက်''

''အမေရယ် အဟင့် ဟင့်''



ခက် ဝမ်းနည်းကြေကွဲစွာပင် တသိမ့်သိမ့် ရှိုက်ငိုလိုက် မိတော့သည်။

တန့်ကိုထားရစ်ခဲ့ဖို့ဆိုတာ စိတ်ကူးထဲပင် မရှိခဲ့တာပါ။ တန် ဘယ်လောက်ဆိုးဆိုး ဘယ်လောက်ပဲ မုန်းနေနေ တန်နဲ့ လမ်းခွဲဖို့ဆိုတာမျိုး ခက် တစ်ခါမျှပင် မစဉ်းစားခဲ့မိပါ။

ချစ်တယ်။

တန့်ကို ခပ် သိပ်ချစ်တယ်။

ဒါကြောင့်လည်း။

ခက် လွယ်ပိုးထားရတဲ့ တန့်ရဲ့သွေးကို ခက် မဖျက်ဆီး ရက်တာပေါ့။

''မိခက်''

''....''

''ညည်းကတော့ အချစ်တွေနဲ့ ဘယ်လိုလုပ်ပြီး နာကြည်း နိုင်ပါ့မလဲ၊ ငါတို့အတွက်ကတော့ လုံးဝကို အလိုမရှိတော့ဘူး အေ၊ သင်းကို တို့မိသားစု အဝန်းအဝိုင်းလေးထဲမှာ လာမနှယ်နေ စေချင်တော့ဘူး''

အမေ့စကားက ပြတ်သည်။

အယူအဆက မာ၏။

www.burmeseclassic.com

www.burmeseclassic.com



ခက် ဘယ်လိုပြောရတော့မလဲ။

အရေးကြီးတာ။

ခက်ဘဝမှာ အမေနဲ့အဖေ ရှိနေမှဖြစ်မှာမဟုတ်လား။

ခက်ရဲ့ရင်သွေးလေးကို ခက်ခက်ခဲခဲ လက်ခံပေးတာကိုပဲ အဖေနဲ့အမေကို ကျေးဇူးတင်ရမည်။

“သမီးအမေ ပြောတာလည်း အမှန်ပဲ ခက်၊ အဖေလည်း ဒီကောင့်မျက်နှာကို ကြည့်တောင်မကြည့်ချင်တော့ဘူး၊ ဘယ်နှယ့်ကွာ ကိုယ်ဝန်ရှိတာ ပြဿနာရှာရတယ်လို့ တောက်”

အဖေကပါ ထောက်ခံလိုက်တာမို့ ခက် ထပ်ပြီးပြောစရာစကား မရှိတော့။

“ပြောလေ မိခက်”

ခက်ဆီက အဖြေမရ။

“အမလေး သူ့အပေါ်ကောင်းတဲ့ ယောက်ျားဆိုတော့ သင်းက ဆုံးဖြတ်ရခက်နေသေးတယ်တော့၊ အံ့ပါရဲ့”

အမေ့ဆီက ဆောင်းမြောင်းစကားသံ ထွက်လာသည်။

တန်ကို

အဖေရော အမေပါ အစကတည်းကမှ ကြည့်လို့ရကြတာမဟုတ်တော့ ပိုပြီးစိတ်နာနေမှာပေါ့။ တန်က အရင်ကလို သိပ်ပြီး



ဆိုးဝါးတဲ့သူတစ်ယောက် မဟုတ်တော့ဘူးဆိုတာ ခက်တစ်ယောက်တည်းပဲ သိသည်။ အိမ်ပြန်တာလည်း နောက်မကျတော့သည့်အပြင် ခက်ရဲ့ အိမ်သုံးစရိတ်ကိုလည်း ကြိုးစားပမ်းစား ရှာဖွေပေးတတ်လာ၏။

အဲဒါတွေဟာ -

အချစ်ကြောင့်မဟုတ်ဘူးဆိုလျှင်တောင် ခက်နဲ့ပတ်သက်ပြီး အမုန်းတရားတို့တော့ ရှိမနေတော့ပါချေ။

သို့သော်

တန့်စိတ်က အင်မတန်မှ အကဲဖမ်းဖို့ ခက်လှသည်။ ခက်ကိုမမုန်းပေမယ့် ရင်သွေးဆိုတဲ့ စကားကိုကြားတော့ တန့်မျက်နှာက ချက်ချင်းပျက်သွား၏။ ဒေါသသွေးရောင်တို့က ချက်ချင်း လွှမ်းလာသည်။

ပြစ်တင်ခြင်း၊ ဝေဖန်ခြင်းများစွာက တန့်ဆီက ထွက်ပေါ်လာ၏။ ကလေးရှိတာကို တန် အတော်လေး တုန်လှုပ်သွားသည်။ အဲဒါကို ခက် အခံစားရဆုံးပါပဲ။ ညလုံးပေါက် ပြန်မလာတော့သည်အထိပင်။ တန်က စိမ်းကားအေးစက်သွားပေသည်။

မိုးလင်းတော့

ခက် သိပ်ပြီးတွေဝေမနေတော့။

www.burmeseclassic.com



ခက် စိုးရိမ်သော အခြေအနေတစ်ခုကို ကျရောက်မလာခင် ရှောင်ပြေးခဲ့သည်။ ခက်ရဲ့မိဘတွေရှိတဲ့နယ်ကို သူမ လိုက်သွားမိ၏။

"မိခက်"

"ရှင် အဖေ"

"ဆုံးဖြတ်ပြီးပြီလား"

"ရှင် ဟုတ် ဟုတ်ကဲ့ပါ အဖေ၊ အဖေတို့စကားကို ခက် လိုက်နာပါတော့မယ်"

"အေး ဒါဆို ကောင်းပြီ၊ သမီးလက်ခံပြီဆိုမှတော့ အဖေတို့က အကောင်းဆုံးဖြစ်အောင် စီစဉ်ကြရတော့မှာပဲပေါ့"

ပြီးဆုံးသွားပါပြီ။

ခက်က ခေါင်းညိတ်လက်ခံမိလိုက်ပြီလေ။

တန်ရယ်။

ခက်ကို ခွင့်မလွှတ်ပါနဲ့နော်။

တန် အလိုမရှိတဲ့ ကလေးကို လူ့လောကထဲခေါ်ဖို့ ခက်က မိုက်မိုက်မဲမဲ ရွေးချယ်လိုက်လို့ပါ။

အဲဒီအတွက်

တန် ကြိုက်သလောက် ခက်ကိုမုန်းလိုက်ပါ တန်။



နားလည်မှုမရှိတဲ့ မိန်းမလို့ ဝေဖန်လိုက်စမ်းပါ။

ခက် လက်ခံပါ့မယ် တန်ရယ်။

ဒါပေမဲ့

ခက်လေ။

ရင်သွေးလေးကို အကောင်းဆုံးစောင့်ရှောက်ရင်းနဲ့ တန်ကို သိပ်ချစ်မိတဲ့ အချစ်တွေကို ယုံကြည်အောင် ပြသပါ့မယ်ကွယ်။

တန်

ယုံကြည်ပေးပါတော့နော်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

ဝရန်တာလေးမှာရပ်ပြီး လမ်းမကြီးဆီ ငုံ့ကြည့်နေခဲ့ရ
ရက်တွေလည်း များခဲ့ပြီ ခက်ရယ်။ လှေကားထစ်လေးအတိုင်
တက်လာတဲ့ ခြေသံကို နားစွင့်မိတိုင်း မင်းများဖြစ်နေမလား
ပြေးပြေးပြီး တံခါးထဖွင့်ကြည့်တဲ့အခါတွေလည်း မနည်းတော့
ကွာ။

မင်း ဘယ်တွေ လျှောက်သွားနေတာလဲ ခက်ရယ်။

မင်းမရှိတော့တဲ့ တိုက်ခန်းလေးက အခုတော့ သွေးမ
ချောက်ချားစရာ ကောင်းလောက်အောင်ပဲ ဖြစ်နေခဲ့ရပြီကွာ။ ဘ
အချိန်ပဲ ကိုယ်ပြန်လာပြန်လာ ရေအေးအေးလေးတစ်ခွက်
ကမ်းပေးပြီး ကြိုဆိုတဲ့တဲ့ မင်းလေးကို အခုတော့ တန်ဖိုးထ
လွမ်းရကောင်းမှန်း ကိုယ်သိလိုက်ရပြီ ခက်ရယ်။ နောင်တ





တစ်သီကြီး ရင်မှာပိုက်လို့ မျှော်နေသူတစ်ယောက်ရဲ့အဖြစ်ကို မင်း
မြင်ကြည့်လှည့်ပါဦးကွာ။

ဘယ်ဆီကိုများ ရောက်နေသလဲခက်ရယ်။

ကိုယ်

မင်း သိပ်တွေ့ချင်တာပဲကွာ။

ပြန်လာခဲ့ပါ ခက်ရယ်။

ဘယ်လိုပုံစံမျိုးနဲ့ပဲဖြစ်ဖြစ် မင်းပြန်လာခဲ့ပါနော်။

ကိုယ်

မင်းကို စောင့်မျှော်နေပါတယ် ခက်ရယ်။

''ဒေါက် ဒေါက်''

ဟင်

တံခါးခေါက်သံကြောင့် ထိုက်တန် လှုပ်လှုပ်ရှားရှား
ဖြစ်သွားရ၏။ ခက်များ ပြန်လာသလားဆိုသည့်အတွေးနှင့် တံခါး
ချပ်လေးကို အပြေးသွားဖွင့်ကာ ဝမ်းသာအားရ ဆီးကြိုမိသည်။

''ခက် ဟင် အမေ''

''သား''

တံခါးဝတွင် ရပ်နေသူမှာ ထိုက်တန်မျှ ၁လို
နှီး ခက် မဟုတ်ဘဲ အမေဖြစ်နေ၏။ သူ့ကိုငြ

www.burmeseclassic.com



မျက်နှာမှာ ခံပြင်းမှုကြောင့်လား စာနာစိတ်ကြောင့်လား
မျက်ဝန်းလေးတွေက ညှိုးငယ်ကာ ဝေ့ရှိနေသည်။

"အထဲဝင်လေ အမေ"

သူ သတိပေးလိုက်တော့မှ အမေက တိုက်ခန်းလေး
ဝင်လာပြီး ခုံတွင်ဝင်ထိုင်ပါသည်။

"သား"

"ဗျာ"

"ဘယ်လိုလုပ်ကြမလဲဟင် သား၊ အမေတို့ ဘယ်
လုပ်ကြတော့မလဲ၊ ကိုခင်ထွန်းတို့က သူတို့အိမ်ကို တိတ်တ
လေး လွှဲရောင်းသွားကြပြီကွဲ့"

"ဗျာ"

"ဒါ ခြေရာဖျောက်သွားတာပဲ သား၊ သေချာတာ
တော့ သမီးခက်က သူတို့ရဲ့လက်ထဲမှာ ရှိနေတယ်ဆိုတာပဲ၊
ကြောင့် ရန်ကုန်ကအိမ်ကို ဖုန်းနဲ့ဆက်သွယ်ပြီး ရောင်းသွာ
တာပေါ့၊ နယ်ကနေ တစ်စက်လေးမှ ပြန်မလာကြလို့ ထူး
ထူးခြားတယ်လို့တော့ ထင်မိသားပဲ၊ ဒါပေမဲ့ အခုလို လှို့ဝှ
တွေ ရှိနေလိမ့်မယ်လို့တော့ တစ်ခါမျှကို မစဉ်းစားမိဘူးကွ
ခုတော့ အမေတို့ အလစ်တိုက်ခံလိုက်ရတာပဲ သားရယ်၊ ကိုခင်



မိသားစုတွေ အိမ်ရောင်းခဲ့ပြီး ဇာတ်မြှုပ်သွားကြပြီ"

ဟာ

အမေ့ရဲ့စကားကို နားထောင်ရေး ထိုက်တန် ဘဲက
ုံးသားလေး တဆစ်ဆစ် နာကျင်နေရတော့သည်။ ထွက်သွား
ပြီတဲ့။ ထိုက်တန် ဆိုတဲ့သူနဲ့ အဝေးပုံးကို ပြေးသွားကြပြီတဲ့။

ဟင့်အင်း

မလုပ်ရဘူး။

မင်း အဲဒီလိုဆုံးဖြတ်လို့မရဘူး ခက်။

ကိုယ်

မင်းကို လုံးဝခွင့်မပြုနိုင်ဘူး။

ထိုက်တန် ရင်ထဲကနေ ပြောနေမိသည်။ အုံ့သြမယုံကြည်
ခြင်းများစွာနှင့် ခေါင်းကို တအားခါယမ်းလိုက်မိ၏။ မျက်ရည်စ
ချို့ ပါးပြင်သက်မှတစ်ဆင့် ခြမ်းပြင်ထက် ခုန်ပေါက်စီးဆင်း
၏။ သူ ငိုနေမိပါပြီကော

"သား"

"မဖြစ်နိုင်ဘူး အမေ၊ ခက် ခက် သားကို အဲဒီလိုထ
အမဟုတ်ဘူး၊ သူ ပြန် လာမှာပါ၊ သားဆီကို ပြန်လာမှာပါ၊
ဘဝကမ္ဘာကြီးထဲမှာ သူ မထားရစ်ခဲ့နိုင်ဆုံးက သားကိုပါ အမေ၊

www.burmeseclassic.com



အဲဒီအချက်ကို သားကောင်းကောင်းကြီး သိပါတယ်၊ ခက် ခက်က သားကို သိပ်ချစ်တာ အမေရဲ့''

သားရယ်

မင်း ဟန်ဆောင်ကောင်းလှချည်လားကွာ။

သမီးခက်ကို ဒီလောက်တောင် ချစ်မြတ်နိုးပါလျက်နဲ့ မချစ်ဟန်ဆောင်ပြီး မုန်းပြခဲ့တဲ့ မင်းရဲ့ဟန်ဆောင်ကောင်းမှုကို အမေ တော့ ယုံတောင်မယုံနိုင်တော့ဘူး ထိုက်တန် ရယ်။

မင်း ဘာလို့ အဲဒီလိုလုပ်ရတာလဲ။

တကယ်ဆို

သူ့ကို မင်း အရမ်းလိုအပ်နေခဲ့တာမဟုတ်လား။ သူ မရှိ တော့ရင် မဖြစ်တော့တဲ့အထိလေ။ ဒါကို မင်း ဘာကြောင့် ရင် ဖွင့်မပြရဲတာလဲ ထိုက်တန်ရယ်။ အမေတော့ မင်းရဲ့လုပ်ရပ်တွေကို နားတောင်မလည်နိုင်တော့ပါဘူးကွာ။

''အမေ''

''ဟင်''

''သူ သားကို မုန်းမသွားနိုင်ပါဘူးနော်''

''သားရယ်''

''ဖြေလေ အမေ၊ သူ သူ မမုန်းလောက်ပါဘူးနော်၊





ဘတ်တယ်မဟုတ်လား အမေ''

''အမေ ဘယ်လိုဖြေရမလဲ ထိုက်တန်၊ မင်းရဲ့စိတ်တွေ ကို ဖြေသိမ့်နိုင်လောက်မယ့် စကားလုံးမျိုးရှိရင် အမေက သား စိတ်ချမ်းသာအောင် ပြောချင်တာပါ၊ ဒါပေမဲ့ အခုအချိန်မှာတော့ အမေ ဘာကိုမှမပြောနိုင်ဘူး ထိုက်တန်၊ အမေပြောနိုင်တာ တစ်ခု ရှိတယ်၊ အဲဒါ မင်းသိပ်မှားတယ်ဆိုတာပဲ''

အမေရယ်

သားသိပါတယ်ဗျာ။

သားဟာ အမှားတွေကို မရေမတွက်နိုင်အောင် လုပ်ခဲ့တဲ့ လူတစ်ယောက်ဆိုတာ ကိုယ်တိုင်သိနေပါတယ်။ ဒါပေမဲ့ အမေ အခုင်တွေနဲ့ သား ပြန်လှည့်ဖို့ ကြိုးစားနေပြီဆိုတာတော့ သိသင့် တာပေါ့ဗျာ။

ဆိုးခဲ့သမျှ မိုက်ခဲ့သမျှတွေကို ပြောင်းလဲဖို့ ကြိုးစားနေတာ ကိုတော့ စောင့်ကြည့်ပေးသင့်တာပေါ့ အမေရာ။ အချိန်အတိုင်း အတာတစ်ခုအထိတော့ နားလည်မှုပေးသင့်တာပေါ့။

အခုတော့

ခက်က အဲဒီလိုမလုပ်ခဲ့ဘူး အမေ။

သားစိတ်တွေ အသင့်မဖြစ်သေးဘူးဆိုတာကို သူက



www.burmeseclassic.com

www.burmeseclassic.com



နားမလည်ခဲ့ဘူး။ သားခံစားချက်ကို သူ စာနာမပေးခဲ့ဘူး အမေ။ သူ့ဆန္ဒတွေကိုပဲ ရှေ့တန်းတင်နေခဲ့တယ်။

"သား"

"ဗျာ"

"အမေ့ကို ပွင့်ပွင့်လင်းလင်းပြောစမ်း၊ မင်းတို့ ဘာကိစ္စကြောင့် အခုလိုအခြေအနေမျိုးအထိ ဖြစ်ခဲ့ရတာလဲ၊ မင်းအမေ ရှေ့မှာရှိ ပြဿနာကို မကြီးထွားစေချင်တဲ့စိတ်နဲ့ အတင်းအကြပ် မေးဖို့ မကြိုးစားခဲ့ပေမယ့် တကယ့်အဖြစ်မှန်ကိုတော့ အမေသိချင်တယ် ထိုက်တန်"

"........"

ထိုက်တန် ခေါင်းလေးစိုက်ကျသွား၏။ စူးတောက်နေသော အမေ့မျက်ဝန်းအကြည့်တစ်စုံကို သူရင်မဆိုင်ရဲတော့ပါ။ မေးနေပြီလေ။ ခက်နဲ့သူ ပြဿနာဖြစ်ခဲ့ရတဲ့ အဓိကအကြောင်းအရင်းတဲ့။ သူဘယ်လိုဖြေပေးရမလဲ။

"ထိုက်တန်"

"ဗျာ"

"သားဟာ အမေ့သားပါ၊ သား ဘယ်လောက်ပဲဆိုးဆိုး ဘယ်လောက်ပဲမိုက်မိုက် ဘယ်လိုပြဿနာတွေပဲရှာရှာ သားကို





ဆုံးပုံတာကလွဲပြီး အမေ ဘယ်တုန်းကမှ ပစ်ပယ်မထားခဲ့ဖူးဘူး ဆိုတာ သားအသိဆုံးပါနော်၊ ဒါဟာ မိခင်တစ်ယောက်ရဲ့ ချစ်ခြင်းမေတ္တာပါ ထိုက်တန်၊ ဒါကို သားလည်း နားလည်မှာပါ"

အမေ့မျက်နှာမှာ အစိုဓာတ်ပြည့်ဝသော အရောင်တစ်ခု ဖြာထွက်နေ၏။ သိချင်လိုဇောထက် သိထားချင်သောဆန္ဒကို သူ မြင်နေရသည်။ မိခင်တစ်ယောက်ရဲ့ ချစ်ခြင်းမေတ္တာအဓိပ္ပာယ်အနက်ကို ခုတော့ သူ သဘောပေါက်နားလည်ခဲ့ပါပြီ။

"အခုကိစ္စမှာလည်း အမေ့သား မှားချင်မှားနေပါလိမ့်မယ်၊ ဒါပေမဲ့ အဲဒီအမှားကို ထိုးနှက်ဖို့ထက် အမှန်လမ်းကို ဘယ်လိုပြန်လျှောက်နိုင်မလဲဆိုတဲ့ အားပေးနှစ်သိမ့်မှုတွေနဲ့ ကယ်တင်ဖို့ပဲ အမေက မျှော်လင့်နေတာလေ ထိုက်တန်၊ အကြောင်းအရင်းကို မသိဘဲ အမေ မင်းကိုဘယ်လိုအကြံဉာဏ်ကောင်း ပေးနိုင်ပါ့မလဲ ထိုက်တန်၊ ဒါကြောင့် အမေ့ကို ပြောပြပါ"

"အမေ"

"ပြောလေ ထိုက်တန်"

"ခက်ကို သူ့မိဘတွေက သဘောမတူလို့ဆိုတဲ့ မခံချင်စိတ်တစ်ခုကြောင့်နဲ့ သား နိုးပြေးခဲ့တယ်ဆိုတာ အမေသိပါတယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"အမေ ရိပ်မိပြီးသားပါ ထိုက်တန်"

"သားဘဝရဲ့ လွတ်လပ်မှုတွေအားလုံး ခက်ကြောင့် ဆုံးရှုံးရတယ်ဆိုတဲ့ အယူအဆစွဲကြောင့်လည်း သူ့အပေါ်မှာ သားဘက်က အေးစက်စိမ်းသက်ခဲ့တယ် အမေ"

"ဒါ သားရဲ့ခံစားချက်ကို"

"ဒါပေမဲ့ အမေ၊ အမေရဲ့စေခိုင်းချက်အရ ဒီကျောက်မြောင်းတိုက်ခန်းလေးကို ပြောင်းခဲ့ရပြီးနောက်မှာ သားရဲ့စိတ်တွေ ပြောင်းလဲခဲ့တာပါ၊ အိမ်ထောင်ဦးစီးတစ်ယောက်အနေနဲ့ ကိုယ့်ဇနီးကို အလေးအနက်ထားပြီး ရှာဖွေကျွေးမွေးဖို့၊ ပြီးတော့ လုံခြုံမှုပေးနိုင်ဖို့ဆိုတဲ့ တာဝန်တွေကို သိလာခဲ့တယ် အမေ"

"ဒါဟာ အမှန်တရားပဲလေ သား"

"သားစိတ်တွေကို အေးချမ်းငြိမ်သက်အောင် ထိန်းနေတဲ့အချိန်မှာ မထင်မှတ်ဘဲ ခက်ဆီက ကိုယ်ဝန်ရှိနေပြီဆိုတဲ့စကားကို ကြားလိုက်ရတယ် အမေ"

"ဘာ ဘယ် ဘယ်လို သား"

"ဟုတ်တယ် အမေ၊ သားလည်း ကြားကြားချင်းပဲ အရမ်းကို အံ့ဩတုန်လှုပ်သွားတာ၊ သားအတွက် အဆင်သင့်မဖြစ်သေးတဲ့အချိန်မှာ ကြားလိုက်ရတာဆိုတော့"





"ဘုရားရေ၊ မင်း မင်း ဘယ်လိုပြောလိုက်တာလဲ ထိုက်တန်၊ ကလေးအတွက် မင်းလက်ခံပေးဖို့ အဆင်သင့်မဖြစ်သေးဘူးဆိုတာ ဘာစကားကြီးလဲ၊ မင်း မင်း ဘယ်လိုဖအေမျိုးလဲ ထိုက်တန်"

"အဲဒါကြောင့် သား နောင်တရနေတာပေါ့ အမေ၊ အမှားကိုသိပြီး နာကျင်ခံစားနေရတာပေါ့ဗျာ"

"ထိုက်တန်ရယ် အမေတော့ ဘာပြောလို့ ပြောရမလဲတောင် မသိတော့ပါဘူး၊ သနားစရာကောင်းလိုက်တာ၊ ကြားကအမေတို့ရဲ့မြေးလေး တန်ဆာခံဖြစ်ရပြီ၊ ဘုရား ဘုရား ခက်က ကိုယ်ဝန်ကြီးနဲ့ စိတ်နာပြီး ထွက်သွားတာကို၊ မိုက်လိုက်တာ သားရယ်၊ မင်း မိုက်လုံးကြီးလိုက်တာကွယ်"

"သားမှားပါတယ် အမေ၊ သား နောင်တတွေ ရနေပါပြီဗျာ၊ ကိုယ်ကားနေပြီဆိုတာသိလို့ ခြေလှမ်းတွေနောက်ဆုတ်ပြီး အသိတရားတွေနဲ့ ပြန်လှည့်လာခဲ့တာပါ၊ ဒါပေမဲ့ သားနောက်ကျသွားခဲ့ပြီ အမေ၊ ကံကြမ္မာက သားကို ခွင့်မလွှတ်ပေးတော့ဘူး၊ သား သားလေ"

ထိုက်တန်ရဲ့စကားတွေ ရှေ့မဆက်နိုင်တော့။ အမေ့ရှေ့မှာ ဟန်မဆောင်နိုင်လောက်အောင် တသိမ့်သိမ့် ရှိုက်ငိုလိုက်မိ



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ဒါကြောင့် သမီးခက်က စိတ်နာသွားတာကွဲ၊ ဖြစ်မှ ဖြစ်ရလေ သမီးရယ်၊ သမီးလေး အရှမ်းကို ခံစားဝမ်းနည်းနေရမှာပဲနော်"

"သူ ပြန်လာမှာမဟုတ်တော့ဘူးနော် အမေ၊ သားကို သူ အရှမ်းနာကြည်းသွားမှာပဲ၊ တစ်စက္ကန့်လေးတောင် သားနဲ့ မခွဲနိုင်ဘူးဆိုတဲ့ ခက်က သားကို ကျက်ရက်စက်စက် ထားသွားတာ ဆိုတော့ သားကို အရှမ်းမုန်းသွားလို့ပေါ့"

"အမေတော့ မထင်ဘူး သား"

"ဗျာ"

"သားကို သူ ဒီလောက်ချစ်တာကွယ် အချစ်ကြီးရင် အမျက်ကြီးပတယ်ဆိုပေမယ့် အိမ်ထောင်တစ်ခု တည်ဆောက်ပြီးသား မိန်းမတစ်ယောက်ရဲ့ ဘဝမှာတော့ သားသမီးသံယောဇဉ်ကြိုးတွေနဲ့ ဘယ်လိုအငြိုးအတေးကိုမှ မထားနိုင်ပါဘူး၊ ဘာပဲပြောပြော အခုလို သား အမြင်မှန်တွေရနေပြီဆိုတာ သူ မသိသေးလို့ပါ၊ သူသိတဲ့တစ်နေ့နေ့ တစ်ချိန်ချိန်မှာ သားဆီကို ပြန်လာပါလိမ့်မယ်၊ အဲဒါကို အမေ ယုံကြည်နေတယ် သား"

အမေရယ်။





သားကို နှစ်သိမ့်နေတာလားဗျာ။

မျှော်လင့်ချက်မဲ့နေလို့ ဖြေသိမ့်မှုပေးနေတာဆိုရင်တောင် အခုလို အားပေးမှုအတွက် ကျေးဇူးတင်ပါတယ် အမေရယ်။

"သား"

"ဗျာ"

"မင်း ခက်ကို တကယ်ချစ်သွားပြီလား"

"သူ မရှိတော့မှပဲ သား သူ့ကိုဘယ်လောက်ထိတောင် ချစ်နေမိပြီလဲဆိုတာ သိလိုက်ပြီ အမေ"

"အေးကွယ်၊ အဲဒီစကားကြားရတာ အမေ့မဖြင့် ဝမ်းသာလို့တောင် မဆုံးတော့ပါဘူး သားရယ်"

"အမေ"

"ဟင်"

"ခက်က သားချစ်တာကိုယုံပါ့မလားဟင်"

"အခုအချိန်တော့ သူ မယုံကြည်လောက်သေးဘူး သား၊ ဒါကလည်း ဝမ်းနည်းအားငယ်နေတဲ့အချိန်မှ မင်းက စိမ်းစိမ်းကားကား ဆက်ဆံခဲ့တာကို၊ သူ နည်းနည်းတော့ တုန်လှုပ်ချောက်ချားသွားမှာပေါ့"

"ခက် သားကို အထင်လွဲသွားတာပါ အမေ၊ သူ့ရင်ခွေး



www.burmeseclassic.com

www.burmeseclassic.com



ကို 'သား အလိုမရှိဘူးဆိုတဲ့အတွေးနဲ့ နာကြည်းသွားတာပါ။ တကယ်တော့ သားဘက်က အဆင်သင့်မဖြစ်သေးတာတစ်ခုပဲ ရှိတာပါ အမေ၊ သားရဲ့ရင်သွေးကို အကောင်းဆုံးဖြစ်စေချင်တဲ့ ဆန္ဒတစ်ခုတည်းနဲ့ပဲ အခုလိုပေါက်ကွဲမိတာပါ၊ သား မလိုချင်ပါဘူးလို့ မပြောခဲ့ပါဘူးဗျာ"

သားရယ်

မင်း ဘာကိုဆိုလိုချင်တယ်ဆိုတာကို အမေက နားလည်ပါတယ်။ ဒါကလည်း သားက အမေ့သားဖြစ်နေတာကို။

ဒါပေမဲ့

ဘေးသူတွေဖြစ်တဲ့ ကိုခင်ထွန်းနဲ့ မခင်မျိုးချစ်ကတော့ အမေ့လိုမျိုး ဘယ်လိုလုပ်ပြီး ဖြေတွေးနိုင်မှာလဲ ထိုက်တန်ရယ်။

သူတို့ရင်ထဲမှာ

သူတို့ရဲ့သမီးလေးအပေါ် ရက်စက်လေခြင်းဆိုပြီး အရှမ်းကို နာကြည်းမုန်းတီးနေတော့မှာပေါ့။

အမေ တကယ်စိတ်မကောင်းဘူး သားရယ်။

အမေ့မြေးလေးကို အမေ အရှမ်းသနားတာပဲ။

မြေးလေးမှာ ဘာအပြစ်မှမရှိတာ။

ခုတော့





လူကြီးတွေရဲ့ အတ္တပြိုင်ဆိုင်မှုကြား မြေစာပင်ဖြစ်ရပြီ သားရယ်။

အတွေးလေးနှင့်အတူ ဒေါ်မူမူ မျက်ဝန်းမှ မျက်ရည်က တပေါက်ပေါက် စီးကျနေရတော့သည်။

◆ ◆ ◆



www.burmeseclassic.com

# အခန်း (၂၁)

ရက်တွေ တစ်ရက်ပြီးတစ်ရက် ကျော်လွန်ကာ လတွေ တစ်လပြီးတစ်လ ပြောင်းလဲခဲ့ချေပြီ။ ယခုဆိုလျှင် နွေရာသီကုန်ခါန်းလို့ မိုးတွင်းတောင် စစလေး ကူးပြောင်းဝင်နေပါပြီကော။ သူမ ဝမ်းဗိုက်ဆီသို့ ငုံ့ငုံ့ကြည့်လိုက်တိုင်း တစ်နေ့နှင့်တစ်နေ့ တစ်လနှင့် တစ်လ မတူအောင် ရှုရှူထွက်လာသော လွယ်ပိုးထားရသည့် တန့်ရဲ့ရင်သွေးလေးက ကြီးထွားလို့။ တစ်ခါတလေ အထဲကနေ လှုပ်ရှားနေတာများ အသည်းယားစရာ။

တန်ရယ်

သတိရလိုက်တာ။

ခုလောက်ဆိုရင် ခက် အနားမှာမရှိတော့ဘူးဆိုတဲ့အသိနဲ့ တန့်စိတ်တွေ တအားကို လွတ်လပ်ပေါ့ပါးသွားမှာပဲနော်။ တန့်က





လွတ်လပ်မှုကို နှစ်သက်တဲ့သူ မဟုတ်လား။ ခက်နဲ့ဝေးနေရတော့ တန့်အတွက် သိပ်ပြီးနောင်တတကြီး တမ်းတနေခဲ့တဲ့ ဟိုးအရင် အချိန်တွေကို ပြန်ရသွားတာပေါ့လေ။

တန်

ရှင်ပျော်ရွှင်နေမှာပါပဲ။

ခက် သိနေပါတယ် တန်ရယ်။

တန် အရမ်းကို ဝမ်းသာနေမှာပါ။

ပြတင်းပေါက်တံခါးချပ်လေးမှတစ်ဆင့် ခြံကျယ်ကြီးဆီ ငေးမောကြည့်ကာ ရင်ထဲကနေ တိတ်တဆိတ်လေး ရေရွတ်နေမိသည်။ စိတ်အမှတ်ကြီးသော အဖေနဲ့အမေရှေ့တွင် အခုလိုမျိုး မှိုင်တွေနေသည့်ပုံစံ လုပ်မပြရဲ။

သူမရဲ့ အနေအထိုင်လေး တစ်ချက်မှားလိုက်တာနှင့် တန်နဲ့ပတ်သက်သည့် ခိုင်းနှိုင်းဝေဖန်မှုတွေက နားမဆန့်အောင် ထွက်လာတတ်သည်၊ ခက်ကလည်း အမေတို့ပြောလည်း ပြောချင် စရာပါပဲ။ တန့်ကို ဝေဖန်စကားလေးပြောလိုက်တာနှင့် မခံနိုင်သလို ပုံစံ ဖြစ်သွားတတ်သည်။

ကိုယ့်ခင်ပွန်း မှားမှန်းသိပေမယ့် အများထောက်ပြခံရတော့လည်း မခံစားနိုင်ချေ။ စကားစမပြတ်ခင် အကြောင်းတစ်ခုခုပြ

www.burmeseclassic.com



ကာ ထသွားတတ်တဲ့ ခက်ကို အမေက မျက်စောင်းတခဲခဲ
ကြည့်တတ်သည်။

မပြတ်သားရကောင်းလားဟု ဆူပူတတ်သေး၏။

အမေမသိသေးတဲ့ အချက်က

တန်ဟာ လူဆိုး လူပေလေးဆိုတာ သိပါလျက် ခ
မိတဲ့ ချစ်ခြင်းမေတ္တာ ကြီးမားမှုကိုပါပဲ။

ခက် အခုလိုနေရတာ တန်ကိုမုန်းလွန်း နာကြည်း
လို့မှမဟုတ်တာ။ တန် အလိုမရှိတဲ့ ရင်သွေးလေးကြောင့်
စိတ်တွေ မရှုပ်ထွေးစေချင်သည့် စေတနာနှင့် နေနေရခြင်းဖြစ်သ
တန့်ဆီက ဘယ်လိုအမုန်းမျိုးကိုမှ ထုပ်မရချင်လို့သာပါ။

ဒါကို

အဖေနဲ့အမေထလည်း ရိပ်မိဟန်ရှိသည်။ သူမ ငိုင်
တွေလေး ဖြစ်နေတာမြင်တာနှင့် စိတ်ကုန်သောအနေနှင့် သက်
ရှိုက်ကာ သူမကို မမြင်နိုင်မည့်နေရာဆီ ထွက်သွားတတ်ကြ

တန့်ကို မုန်းတယ်သာဆိုတာ ခက် လွယ်ပိုးထားရ
တန့်ရင်သွေးကိုတော့ သည်းသည်းလှုပ် ဂရုစိုက်ကြ၏။
ဘာအလုပ်မှ မလုပ်ရ။ အမေကချည်းပဲ ဒိုင်ခံလုပ်သည်။ ကိုယ်
ကို တစ်စက်လေးမှ အထိခိုက်မခံကြချေ။





မြေးဦး မဟုတ်လား။

အရူးအမူးကို လိုချင်နေကြသည်။

အမေနဲ့အဖေ့ကိုကြည့်ပြီး တစ်ခါတစ်ရံ သူမ စဉ်းစား
နေမိ၏။ အဖေနဲ့ အမေမှတို့ရဲ့ အကြောင်းကိုပါ။ ခက်မှာ ကိုယ်ဝန်
ရှိနေပြီဆိုတဲ့ အကြောင်းသာကြားလျှင် ဘယ်လိုတွေခံစားကြရမလဲ
ဆိုတာကိုပေါ့။

သို့ပေမယ့်

တန့်ရဲ့စိတ်ကိုသိနေတဲ့ ခက် သိပ်ပြီးတော့ မမျှော်လင့်
မိပါ။ တန်က အဖေနဲ့အမေကို ရင်သွေးကိစ္စနဲ့ပတ်သက်ပြီး ဖုံးကွယ်
ထားမှာပဲဆိုတာ ခက် သိပါသည်။

"သမီး ခက်"

ခေါ်သံကြောင့် ခက် အတွေးစလေး ပြတ်တောက်သွား
ရ၏။ လှည့်ကြည့်တော့ အမေ ဖြစ်နေသည်။

"ရှင် အမေ"

"အခန်းထဲအောင်းနေလို့ အမေက တစ်ခုခုများဖြစ်နေ
သလားဆိုပြီး စိုးရိမ်လို့ လာကြည့်တာ"

"သမီး ဘာမှမဖြစ်ပါဘူး အမေ၊ နေကောင်းပါတယ်"

"နေကောင်းတယ်သာပြောတာ၊ မျက်နှာကလည်း



www.burmeseclassic.com

www.burmeseclassic.com



မလန်းပါလား ခက်''

ခက်

ဒီနေ့မှ ထူးထူးခြားခြား တန့်ကို သတိရနေမိတာကို

ဘယ်လိုလုပ်ပြီး မျက်နှာမှာ ရွှင်ပြလန်းဆန်းမှုတွေ ရှိ ပါ့မလဲ။ အမေသိရင်လည်း စိတ်ဆိုးပေဦးမည်။

''ခက်''

''ရှင်''

''ဆရာမကပြောတယ်၊ သမီးကိုကြည့်ရတာ အားနည်း နေသလိုပဲတဲ့၊ ဖျော့တော့တော့နဲ့ အားမရှာဘူးတဲ့ကွယ်၊ အချိန်မှန် စား၊ အချိန်မှန်မှန်အနားယူနိုင်းဖို့ အမေ့ကို သေချာမှာသွားတာ ကလေးက သားဦးဆိုတော့ စိတ်ပူတယ်တဲ့လေ''

''သမီးလည်း ဆရာမ မှာထားတဲ့အတိုင်းလိုက်နာ တယ် အမေ၊ အားဆေးလည်း မှန်မှန်သောက်တာပါပဲ''

''ဒါပေမဲ့ ညည်းပုံစံက စိတ်ထောင်းကိုယ်ကြေ ဆိုသ ဖြစ်နေတယ်အေ၊ အခန်းထဲမှာချည်းပဲ ဘာလို့အောင်းနေတာ စိတ်အပြောင်းအလဲလေးဖြစ်အောင် ခြံထဲဆင်းပြီး လမ်းလျှော ဘာလေး လျှောက်ပါလား၊ ခြံထဲမှာ သစ်ရိပ်တွေနဲ့ အေးနေတာ ဟာ''





ခြံထဲက သစ်ပင်တွေရဲ့ အရိပ်က ဘယ်လောက်ပဲ အေး ခက်ရင်ထဲက အပူသောကကို ငြိမ်းအေးသွားစေနိုင်တာ မဟုတ်တာဘဲ အမေရယ်ဆိုတဲ့ စကားလေးက ခက်ရင်ထဲမှာ တ တိတ်တဆိတ်လေး ပြောဖြစ်ခဲ့သည်။

''ခက်''

''ရှင်''

''အခုချိန်ထိ မမေ့နိုင်သေးဘူးလားအေ၊ ကိုယ့်သားသမီး ကိုတောင် အလိုမရှိတဲ့ ယောက်ျားတစ်ယောက်ကိုများ ညည်းမို့ က်မက်မောမော ဖက်တွယ်ချင်နေသေးတယ်''

''အမေကလည်း''

''ဟုတ်တယ်လေ၊ ဘာအမေကလည်းလဲ၊ ကြည့်လိုက် တာနဲ့ တငွငွ တငိုင်ငိုင်နဲ့ မြင်ရတဲ့သူတောင် စိတ်ပျက်စရာ ကောင်း နေပြီ၊ ညည်းပြောတော့ ပြတ်သားပါတယ်ဆို''

ဒါက

ခက်ရင်သွေးလေးရဲ့ အနာဂတ်ကြောင့်ပဲ။

တန့်ရဲ့စိတ်ကြောင့် ရင်သွေးလေး တစ်ခုခုထိခိုက်မှာ ခက် သေလောက်အောင် စိုးရိမ်တာလေ။ အဖေနဲ့အမေ ရင်ငွေ့မှ မနိ လှုံလျှင် ဖြစ်မှမဖြစ်တော့တဲ့ အခြေအနေပဲကို။



www.burmeseclassic.com

www.burmeseclassic.com



''မိခက်''

''ရှင် အမေ''

''ညည်းအဖေကတော့ ပြောနေတယ်''

''ဘာ ဘာကိုလဲ အမေ''

''ကလေးကို ခွဲမွေးဖို့ပေါ့၊ ညည်းကိုကြည့်ရတာ အားရစရာမှမရှိတာ၊ ရိုးရိုးမွေးဖို့ဆိုတာ ဘယ်လိုမှမဖြစ်နိုင်ဘူး''

''ဟင့်အင်း အမေ၊ ခက် ခွဲမမွေးဘူး၊ ရိုးရိုးပဲမွေးမှာ၊ အစကတည်းက ခက် ဆုံးဖြတ်ပြီးသားပဲ အမေ၊ ခက် ဘာတွေပဲခံစားရ ခံစားရ၊ ဘယ်လောက်ပဲ နာကျင်နေပါစေ၊ မိခင်တစ်ယောက်ရဲ့ ချစ်ခြင်းမေတ္တာအပြည့်အဝနဲ့ ကလေးကို ရအောင်မွေးထုတ်မှာ''

ခက်

ရိုးရိုးမွေးဖို့ပဲ ဆုံးဖြတ်ထားသည်။

ခက်ရဲ့ချစ်ခြင်းမေတ္တာတွေကို သက်သေပြချင်လို့ပါ။

တန့်ရင်သွေးလေးကို ခက် ဘယ်လောက်တောင် အလေးအနက်ထားခဲ့တယ်ဆိုတာ သိစေချင်လို့ပါ၊ ခွဲမွေးရင် သက်သာမယ်ဆိုတာ ခက်သိသားပဲ။ ခက် ဘယ်လောက်ပဲ ပင်ပန်းဆင်းရဲဒဏ်ကို ခံရခံရ ခက် အပြုံးတွေနှင့်ပဲ ခံယူပြချင်ပါသည်။

''ညည်းကတော့လေ ခေါင်းမာတဲ့နေရာမှာတော့



ိုက်တန်ရဲ့ဇနီးလို့ မပြောရဘူး''

အမေကတော့ လုပ်ပြီ။

မကောင်းတာကိုနှိုင်းလျှင် ထိုက်တန်ဆိုတာက ရှေ့ဆုံးက လာတတ်၏။

''မျက်နှာက ဘာကြောင့်ပျက်သွားရတာလဲ၊ မဟုတ်တာ ပြောတာမှမဟုတ်တာ၊ မကောင်းတဲ့အကျင့်ဆို အကုန်သယ်လာတာပဲ၊ အဲဒါကိုပဲ အသည်းယားတာ''

ခက် ဘာစကားမှမပြောဘဲ ငြိမ်နေလိုက်သည်။

ခက် တစ်ခုခုပြောလိုက်လျှင်လည်း....။

အမေနဲ့ခက်ရဲ့ကြား အခြေအနေက အခုလို အေးဆေးနေ င်တော့မှာမှမဟုတ်တာ။ အမေက တန်နဲ့ပတ်သက်ပြီး ဘယ်လို ကောင်းကြောင်းကိုမှ နားမဝင်ချေ။

''မိခက်''

''ရှင်''

''ထိုက်တန်ကို ညည်း စိတ်မနာဘူးလား''

''ရှင်''

''ညည်းအပေါ် ဒီလောက်တောင် ရက်ရက်စက်စက် တုံ့ပြန်တာကိုလေ''

www.burmeseclassic.com

www.burmeseclassic.com



"တန်က အမေတို့ထင်သလောက် မဆိုးပါဘူး"

"အမလေး မိခက်ရယ်၊ ညည်းကတော့ ဆင်သေကို ဆိတ်သားရေနဲ့ဖုံးဖို့ ကြိုးစားနေတော့တာပဲ၊ အကြောင်းမသိတဲ့သူတွေ ကျနေတာပဲအေ"

"တန် အခုနောက်ပိုင်း ပြောင်းလဲနေပါပြီ အမေ"

"ဘာပြောင်းလဲတာလဲ၊ ရန်ဖြစ်ပြီး ဒဏ်ရာဒဏ်ချက်ဗရပွနဲ့ ပြန်လာတာ ပြောင်းလဲတာလား၊ ကိုယ့်ဇနီးမှာ ကိုယ်ဝန်ရှိနေပြီဆိုတာနဲ့ တုန်လှုပ်ချောက်ချားပြီး ထွက်ပြေးသွားတာ ပြောင်းလဲနေတာလား၊ တော်စမ်းပါအေ"

အမေက မျက်စောင်းတစ်ချက်ဝင့်ကာ နှုတ်ခမ်းကိုမဲ့သည်။ အမေ မယုံကြည်လောက်ဘူးဆိုတာ ခက် အစောကြီးကတည်းက သိထားပြီးသားပဲ။ သို့ပေမယ့် တန် အခုနောက်ပိုင်း အရင်ကနဲ့ မတူအောင် ပြောင်းလဲသွားတာကတော့ အမှန်တကယ်ပဲဖြစ်သည်။

"ဘာပဲပြောပြော အမေတို့ကတော့ စိတ်ပြောင်းမှာမဟုတ်ဘူးနော် မိခက်၊ ညည်းအဖေရှေ့မှာလည်း အဲဒီလိုစကားမျိုးပြောဖို့ မစဉ်းစားနဲ့၊ ဟိုက နာမည်ကိုတောင် ကြားချင်တာမဟုတ်ဘူး။ ဖအေကို အသက်ကြီးမှ ဒေါင်ထဲမပို့ချင်ပါနဲ့အေ၊ ညည်း ယောက်ျား မြင်တာနဲ့ သူ့ဒေါသမီးက ဟုန်းခနဲ ထတောက်မှာ"



အမေက သတိပေးသလိုလိုနှင့် တိတ်တဆိတ်ခြိမ်းခြောက်သည်။

ခက်လည်း သိတာပါပဲ။

အဖေက တန့်ကို အစကတည်းက ကြည့်လို့ရတာမှမဟုတ်တာ။ တန့်သတင်းတွေကြားတိုင်း နှုတ်ခမ်းမဲ့ပြီး ရှုတ်ချတတ်တာအမြဲ။ ခက်နဲ့ ချစ်သူတွေဖြစ်တာကို အဖေ မသိတာတောင် ဒီလိုကောင်လေးမျိုးကို ရှောင်ရှားဖို့ အမြဲတမ်း သတိပေးသည်။

ခက်။

တန်နဲ့ခိုးရာလိုက်ပြေးတဲ့ သတင်းကိုကြားတော့ အဖေ အတော်လေး အံ့သြနေ၏။ မယုံကြည်နိုင်သလို။ ခက်ရဲ့မိုက်မဲမှုကိုလည်း ဒေါသတွေ အကြီးအကျယ်ထွက်ခဲ့သည်။

အားမတန်လို့သာ မာန်လျှော့ရတာ၊ ရင်ထဲမှာကော့ အဆိုင်အခဲက ထင်ကျန်နေခဲ့သည်။ အတန်တန်တားဆီးနေတဲ့ကြားက လုပ်ရက်လေခြင်းဆိုပြီး သမီးကို စိတ်ဆိုးပေမယ့် တစ်ဦးတည်းသော သမီးကိုတော့ စိတ်မနာနိုင်ခဲ့ပေ။

ခက်ဘဝရှေ့ရေးအတွက် အဖေ့ရဲ့မာန်တွေကို အတတ်နိုင်ဆုံး လျှော့ချခဲ့သည်။ အရာရာတိုင်းမှာ ရေငုံနှုတ်ပိတ်နေခဲ့၏။ ရင်ထဲမှာ ဘယ်လိုပဲခံစားနေရပါစေ ဟန်ဆောင်အပြုံးတွေနဲ့

www.burmeseclassic.com

www.burmeseclassic.com



နေပေးခဲ့သည်။

ခုတော့

အဖေ့စိတ်ကို ဘယ်လိုပုံစံမျိုးနှင့်မျှ စည်းရုံးကာ ဖြေသိမ့်ပေးလို့မရတော့။

''ခက်''

''ရှင်''

''ကဲပါအေ၊ စိတ်ရှုပ်စရာတွေတွေးပြီး ကိုယ့်ကိုယ်ကို ညှဉ်းဆဲမနေပါနဲ့တော့၊ ထ ထ ခြံထဲလမ်းဆင်းလျှောက်ရအောင်၊ အခန်းထဲမှာနေတော့ စိတ်မွန်းကြပ်တာပေါ့၊ ခြံထဲမှာ ညည်း အဖေ စိုက်ထားတဲ့ သစ်ပင်လေးတွေကြည့်ပြီး စိတ်အပြောင်းအလဲဖြစ်အောင် နေစမ်းပါအေ၊ ကလေးက ရှိသေးတယ်အေ့၊ အခုလို ကိုယ်ဝန်ဆောင်နေတဲ့အချိန်မှာ မိဘရဲ့စိတ်နဲ့ ကလေးက တစ်ထပ်တည်းရှိနေတာ၊ ကျုပ်တို့မြေးလေး ကျန်းမာသန်စွမ်းဖို့ ညည်း စိတ်ပျော်နေလို့ မရဘူး၊ လာ ခြံထဲဆင်းရအောင်''

အမေက ခက်လက်မောင်းကို အတင်းဆွဲထူနေသည်။

ခက်

ဘယ်လိုမှမနေသာတော့ဘဲ လေးလံသော ခြေလှမ်းများနှင့် အမေ့နောက်ကနေ လိုက်ပါသွားရ၏။





ရေနံ့ချေးများသုတ်ထားသော မျဉ်ထောင်သွပ်မိုးအိမ်လေးပေါ်ကနေ ဆင်းလိုက်တော့ ကျယ်ဝန်းသော ခြံကျယ်ကြီးထဲ ရောက်သွားသည်။ အုံ့ဆိုင်းသော သစ်ပင်ကြီးများရဲ့အရိပ်၊ မြေသားပြင်တွင် စိုက်ပျိုးထားသော စားပင်သီးပင်စိမ်းစိမ်းများကြောင့် စောစောက ရှုပ်ထွေးနေသော အာရုံတွေက တစ်ခဏအတွင်းမှာ ပျောက်ကွယ်သွားရတာတော့ အမှန်ပင်ဖြစ်တော့သည်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

"သားရယ် စီးပွားရှာတာလည်း ရှာတာပေါ့၊ ကိုယ့်ကိုယ်ကို ကျန်းမာရေးချို့တဲ့တဲ့အထိတော့ ပေတေမလုပ်ပါနဲ့ကွယ်၊ မင်းကိုကြည့်ရတာ အမေဖြင့် ပင်ပန်းလိုက်တာ မပြောပါနဲ့တော့"

အမေ့စကားကြောင့် ထိုက်တန် ခပ်ယဲ့ယဲ့လေး ပြုံးမိသည်။

အမေကတော့ စံပါပဲ။

သူ အလုပ်မလုပ်တုန်းကတော့ အလုပ်မလုပ်ဘူး၊ အလကား လပ်လျားလပ်လျား အပြင်ထွက်ချင်တယ်ဆိုပြီး ဆူပူနေပြီး အခုလို ကြိုးစားပမ်းစားနဲ့ သူ အလုပ်လုပ်ပြန်တော့လည်း ညည်းတွားနေပြန်သည်။

သူ



အရင်က ထိုက်တန် မဖြစ်ချင်တော့။

အားလုံးကို အသစ်ကနေပြန်စပြီး ဘဝသစ်မှာ လူသစ်စိတ်သစ်နှင့် ရှင်သန်ချင်သည်။ ဟောင်းနွမ်းနေတဲ့ အတိတ်ကို နောင်တရနေမယ့်အစား အနာဂတ်မှာ အကောင်းဆုံးတွေနှင့်သာ လျှောက်လှမ်းဖို့ ဆုံးဖြတ်ထား၏။

ခက်အတွက်

ပြီးတော့

ရင်သွေးလေးအတွက် အိမ်ထောင်တစ်ခုကို ဦးဆောင်ပေးနိုင်သည့် အရည်အချင်းပြည့်မီသော လူသားတစ်ဦး ဖြစ်ချင်လာ၏။ သူ ကြိုးစားသည်။ စီးပွားရေးနယ်ထဲ စိတ်ရောကိုယ်ပါ နစ်မြုပ်ထားပစ်လိုက်၏။

ခုတော့

သူ့ပုံစံက အရင်ကလို လေလွင့်နေတဲ့ ပုံစံမျိုး မဟုတ်တော့ချေ။ လူတကာ အံ့သြရလောက်အောင် အပြောင်းလဲကြီး ပြောင်းလဲနေခဲ့တော့သည်။

"သား"

"ဗျာ အမေ"

"မျက်နှာက နီရဲနေတာပဲ၊ မင်း ဖျားနေတယ်မဟုတ်

www.burmeseclassic.com

www.burmeseclassic.com



လား ထိုက်တန်''

''နည်းနည်းပါးပါး အမေ''

''ဟဲ့ ပေါ့ဆမနေနဲ့၊ တော်ကြာ လူ ဘုန်းဘုန်းလဲနေလိမ့်မယ်၊ ဆေးခန်းရော ပြခဲ့ရဲ့လား''

''သားပြန်လာတော့ ဝင်ပြခဲ့တယ် အမေ''

''အေး အေး၊ ဒါဆိုလည်း ပြီးတာပဲ၊ ဆေးတွေရော အချိန်မှန်မှန်သောက်ဦးနော်၊ မြန်မြန်သက်သာတော့ အလုပ်ပိုလုပ်နိုင်တာပေါ့၊ အခုတော့ အနားယူလိုက်ပါဦးကွယ်၊ တစ်နေ့တခြား မင်းကိုကြည့်ရတာ အမေတောင် သနားလာပြီ''

''အမေကလည်းဗျာ၊ သား ဘာမှမဖြစ်ပါဘူး၊ စိတ်ပူမနေပါနဲ့ အမေ၊ ဒါနဲ့ ကုဋ္ဌေရော အမေ၊ ဒီကောင် အခုတလော တစ်မျိုးဖြစ်နေသလိုပဲ၊ အိမ်ရော ကပ်ရဲ့လား''

''ကပ်ပါတယ်၊ အဲ တစ်ခါတလေ သူ့သူငယ်ချင်းနဲ့ နယ်ဘက်ကို ဆင်းသွားတတ်တာကလွဲပြီးပေါ့''

''အဲဒါကိုပဲ သားပြောမလို့ အမေ၊ ဒီကောင် နယ်ဘက်ကို ညအိပ်ညနေ သွားတတ်တာ ထူးတော့ထူးခြားတယ်၊ ဒီကောင့်ကို အလိုလိုက်ပြီး ပစ်ထားမနေနဲ့ဦးနော်၊ တော်ကြာ မဟုတ်တဲ့ သတင်းတွေကြားမှ အမေပဲ စိတ်ညစ်ရဦးမယ်''



သူပြောတော့ အမေက စဉ်းစားသလို တွေဝေသွား၏။ ပြီးတော့မှ

''အင်း အဲဒါတော့ဟုတ်တယ်၊ ဒါပေမဲ့ ကုဋ္ဌေက မင်းထင်သလိုတော့ မဆိုးလောက်ဘူးထင်တာပါပဲ၊ သူက စကားပြောနည်းပြီး သိမ်းသိမ်းသန့်သန့် နေတတ်တာတစ်ခုပဲ ပြောစရာရှိတာ၊ သူ့ကြောင့်နဲ့တော့ အမေ ဘာပြဿနာမှ မရှင်းရဘူး ထိုက်တန်၊ ဒါကြောင့် အမေလည်း အသာလေးပဲ စောင့်ကြည့်နေတာပေါ့''

အမေ့စကားကိုတော့ သူလည်း ထောက်ခံသည်။ ကုဋ္ဌေက သူ့လောက်မဆိုးချေ။ ကုဋ္ဌေက အိမ်မှာ ဘယ်သူနဲ့မှ သိပ်ပြီး ရင်းရင်းနှီးနှီး မနေတတ်တာပဲရှိ၏။ သူ့စိတ်ကူးလေးနှင့်သူ ခပ်အေးအေးပဲ နေတတ်သည်။

လိုအပ်တာလေးတွေ ပူဆာတတ်ပေမယ့် မရလျှင်လည်း အေးဆေးပဲနေ၏။ ဆူပူသောင်းကျန်းတာမျိုး ကုဋ္ဌေက မလုပ်တတ်ချေ။ သို့သော် အခုနောက်ပိုင်းမှာ ကုဋ္ဌေ အသွင်တစ်မျိုးဖြစ်ဖြစ်လာ၏။ ထူးတော့ ထူးခြားလာသည်။ သို့ပေမယ့် ဘာရယ်ကြောင့်ဆိုတာကိုတော့ သေချာမသိရသေးချေ။

''အခုရော အိမ်မှာရှိလား အမေ''

''ရှိတယ်၊ ဒါပေမဲ့ မနက်ဖြန် သူ့သူငယ်ချင်းနဲ့ နယ်ကို

www.burmeseclassic.com

www.burmeseclassic.com



လိုက်သွားမယ်လို့တော့ ခွင့်တောင်းထားတာပဲ”

ဟင်

ပြောနေရင်းနဲ့ နယ်ကိုသွားဖို့ ကိစ္စက ဝင်ပါလာပြန်ပြီ။

အဲဒါကိုပဲ ထိုက်တန် သံသယဖြစ်တာ။

ထူထဲသော မျက်ခုံးတန်းနှစ်ခုက အလိုမကျစွာ ကျုံ့တက်သွားသည်။ အမေကတော့ သူ့ကိုမော့ကြည့်ပြီး သက်ပြင်းငွေ့ငွေ့ ချ၏။

“လိုက်မသွားနဲ့လို့ တားဆီးရင်လည်း မဖြစ်မှမဖြစ်နိုင်တာ၊ အခုချိန်မှာ ရိုရိုသေသေ ပွင့်ပွင့်လင်းလင်း ခွင့်လာတောင်းတာပဲ အမေတို့က ကျေနပ်ရမှာ”

“မဟုတ်သေးဘူး အမေ၊ ခွင့်တောင်းတယ်ဆိုတာထက် နိုင်လုံတဲ့ အကြောင်းပြချက်ပ႑စ်ခုခုတော့ ရှိရဦးမှာပေါ့၊ ခုတော့ ဘာမှန်းမသိဘဲ လွှတ်လွှတ်နေရတာကြီးက. သိပ်မဟုတ်ဘူး”

“ကုဋ္ဌေ တွဲနေတဲ့ သူငယ်ချင်းကောင်လေးက ရိုးသားပါတယ် သားရဲ့၊ အမေ တွေ့ထားပြီးသားပဲ၊ဟိုနေ့က အိမ်ကို တောင် လာလည်ပြီး လက်ဆောင်တွေ ပေးသွားသေးတယ်၊ နယ်ကနေ ပြန်လာလို့လေ၊ ကောင်လေးက အသက်ငယ်ပေမယ့် တစ်ဖက်က ကျောင်းတက်ရင်း စီးပွားရေးလည်း လုပ်ပုံပဲ၊ သား





ငယ်ကိုလည်း သိပ်ပြီးခင်တွယ်ပုံပဲ တန်၊ ဟော့ဟော့ရမ်းရမ်းတွေနဲ့ ပေါင်းသင်းနေတာထက် ဒီလို ရိုးသားကြိုးစားတဲ့ကောင်လေးနဲ့ သူငယ်ချင်းဖြစ်နေတာပဲ ကျေးဇူးတင်ရဦးမှာလေ တန်၊ ဒါကြောင့် အမေက ခွင့်လွှတ်ထားတာပါ၊ အခြေအနေကိုတော့ အမေ သေသေချာချာ စောင့်ကြည့်နေတာပါပဲ တန်၊ အဆိုးဘက်ပြနေရင်တော့ မျက်နှာနာချင်နာပါစေ အမေ တားဆီးမှာပါ”

အမေ့ကိုကြည့်ရတာ အရင်ကလို လန်းဆန်းတက်ကြွမှုမျိုး မရှိတော့သလိုပါပဲ။ သားနှစ်ယောက်ကို ပိုင်ဆိုင်ထားရတာ စိတ်မာတတ်ကျနေသလို ရှိသည်။

အမေလည်း သနားပါတယ်။

အိမ်ထောင်ရေးကို သာယာအောင် ထိန်းရတာတစ်မျိုး၊ သားတွေရဲ့ အနာဂတ်ကို ပူပန်ရတာတစ်မျိုးနှင့် အမေ့ကြည့်ရတာ နွမ်းလျနေသည်။ ဒါကြောင့်လည်း ကုဋ္ဌေတန်နှင့်ပတ်သက်ပြီး အမေ စိတ်တွေညစ်တွေးရအောင် ဖိအားတွေ ထပ်မပေးချင်တော့။

သူ့စိတ်တွေကို အတတ်နိုင်ဆုံး လျှော့ချပစ်လိုက်သည်။ အသက်ကိုဝဝရှူကာ သက်ပြင်းရှည်ကြီး ချလိုက်မိ၏။

“အမေ စိတ်မပူရအောင်လောက်ဘူးဆိုရင်လည်း ပြီးတာပါပဲ၊ အမေ စိတ်ချပါ၊ တန်လည်း ကုဋ္ဌေကို စောင့်ရှောက်ပြီး ဝိုင်းထိန်း



www.burmeseclassic.com

www.burmeseclassic.com



မှာပါ အမေ''

''သားရယ်''

အရှည်လှဲသော မျက်ဝန်းတစ်စုံက တန့်ဆီရောက်လာ၏။ အမေ ဘယ်လောက်တောင် နှမြောတသနေသလဲဆိုတာ ထိုက်တန် ရိပ်မိပါသည်။ ဟိုအရင်ကသာ ဒီလိုနေခဲ့ရင် သိပ်ကောင်းမှာပဲ လို့ ရင်ထဲကနေ ညည်းတွားနေမယ့် အမေ့စကားသံကို နားလည် စာနာရင်း ရင်မဆိုင်ရဲစွာပင် ခေါင်းလေးငုံ့လိုက်မိ၏။

''သား''

''ဗျာ''

''သားလည်း သွားနားတော့လေ''

''ဟုတ်ကဲ့၊ သား သွားတော့မယ် အမေ''

''အေး အေး''

အမေ့ကိုနှုတ်ဆက်ကာ ထိုက်တန်တစ်ယောက် အပေါ် ထပ်သို့ တက်လာခဲ့လိုက်၏။ ကုဋေ အခန်းရှေ့ကအဖြတ် တံခါး ရွက်လေးဆီ သတိတရ ကြည့်မိသေးသည်။ တိတ်ဆိတ်ငြိမ်သက် နေတာမို့ အနှောင့်အယှက်မပေးတော့ဘဲ သူ့အခန်းဆီသို့သာ ဆက်လျှောက်ခဲ့လိုက်တော့သည်။

ကုဋေတန်မှာလည်း အခန်းလေးထဲကနေ အခြေအနေကို



ငြိမ်သက်စွာ စောင့်ကြည့်နေရသည်။

သူ

စောစောက အောက်ထပ်ကိုဆင်းပြီး အပြင်ခဏထွက် မလို့ပါ။ လှေကားတစ်ဝက်ပဲ ရောက်သေး၊ အောက်မှာ အမေနဲ့ ကိုကြီးထိုက်တန်တို့ သူ့အကြောင်းပြောနေကြသံ ကြားရ၍ ဆက်ပြီးမဆင်းဖြစ်တော့ချေ။ အသာလေး နားစွင့်ကာနေပြီး ဘယ်သူ မှ မရိပ်မိအောင် သူ အပေါ်ထပ်ပြန်တက်ခဲ့ရသည်။

ရင်တွေကတော့ တထိတ်ထိတ်ခုန်နေရ၏။

ကိုကြီးထိုက်တန်ရဲ့စကား နားယောင်ပြီး အမေ တားဆီး မှာကို စိုးရိမ်နေရသည်။ သူငယ်ချင်းကိုတိုး၏ရွာကို အလည်သဘော နှင့် သူလိုက်ပါသွားမိ၏။ သိပ်ပြီး လိုက်ချင်တာမဟုတ်သော် လည်း-နယ်မြို့လေးတွေရဲ့ အတွေ့အကြုံကို ရလိုသောသဘောနှင့် သာ အပျော်သဘော သွားမိတာပါ။

မထင်မှတ်ဘဲ

ကိုတိုးတို့နေတဲ့ ပိန်းဇလုပ်မြို့လေးတွင် အန်ကယ်ဦးခင်ထွန်း ကို ရိပ်ခနဲ မြင်တွေ့လိုက်ရသည်။ ကိုတိုးနေတဲ့ ရပ်ကွက်လေး ထဲကပါပဲ။ နယ်မြို့လေးဖြစ်တာနှင့်အညီ ခြံကြီးတွေက ကျယ်ဝန်း လှပေမယ့် ရွာထဲမှာ လူသစ်ရောက်လာလျှင်လည်း ထင်ရှား၏။

www.burmeseclassic.com

www.burmeseclassic.com



အန်ကယ်ခင်ထွန်းတို့ မိသားစု ပြောင်းလာတာ သိပ်မကြာသေးတာကို ကိုတိုးမိဘတွေကနေတစ်ဆင့် သိခွင့်ရခဲ့သည်။

ကုဋေ စိတ်အလှုပ်ရှားကြီး လှုပ်ရှားသွားရသည်။ ထိုခြံဝိုင်းလေးဆီ မသိမသာလှမ်းလာကြည့်တော့ ခက်တစ်ယောက် ကိုယ်ဝန်ကြီးတကားကားနှင့် ခြံထဲမှာ လမ်းလျှောက်နေတာကို ကုဋေ မြင်တွေ့လိုက်ရ၏။ ခက်အပေါ် ကုဋေ သနားစိတ်များ တဖွားဖွားဖြစ်နေရတော့သည်။

အန်ကယ်ခင်ထွန်းကို ကြောက်ရွံ့လို့သာ သူ ဝင်မသွားမိတာပါ။ ခက်ခက်ကိုတော့ တွေ့ဆုံပြီး သူ စကားတွေအများကြီး ပြောချင်နေမိသည်။ ကိုကြီးထိုက်တန် အရင်ကလိုမဟုတ်တော့ဘဲ အလုပ်တွေ ကြိုးစားနေပြီဆိုတဲ့အကြောင်းကိုပေါ့။

ခက်က ကိုကြီးကို အထင်အမြင်လွဲပြီး ထွက်သွားတာ မဟုတ်လား။ ဒါကို ကုဋေ ရှင်းပြချင်သေးသည်။ ကိုကြီးက သူ့ရင်သွေးလေးကို ဘယ်လောက်ထိတောင်မျှော်လင့်ပြီး အလေးအနက်ထားတယ်ဆိုတဲ့အကြောင်းကို ခက်ခက်အား သိစေချင်မိသည်။

ဒါကြောင့် ကိုတိုးနဲ့ နယ်ကို နောက်တစ်ကြိမ် ထပ်လိုက်သွားဖို့ သူ ဆုံးဖြတ်လိုက်၏။ ခက်ခက်ကို တွေ့နေပြီဆိုတဲ



အကြောင်းကိုတော့ အိမ်ကိုအသိမပေးရဲသေးပါ။ တော်ကြာနေ ခုန်းဒိုင်းကြီး ထလိုက်သွားလို့ နယ်မှာ လူကြီးအချင်းချင်း ပြဿနာ တက်ကြလျှင် ကြားကနေ ခက်ခက်ပဲ စိတ်ဆင်းရဲရဦးမည်။

ခက်ကို နောက် စိတ်မဆင်းရဲစေချင်တော့။

ခက် ပျော်ရွှင်တာကိုပဲ မြင်ချင်သည်။

ကုဋေ ဆုံးဖြတ်ထားမိ၏။

ခက်ရဲ့စိတ်ဆန္ဒအတိုင်းပဲ လိုက်နာဖို့ပေါ့။

ကိုကြီးထိုက်တန်ကို ခွင့်လွှတ်တယ်ဆိုလျှင်တော့ ခက်နဲ့ ခက်ရဲ့ရင်သွေးလေးအတွက် ဘာကိုမှအရေးမစိုက်ဘဲ သွားခေါ်ဖို့ တိုက်တွန်းလိုက်မည်။ ခက်က အလိုမရှိဘူးဆိုလျှင်လည်း သူ လုံးဝအသိမပေးဘဲ နေလိုက်တော့မယ်လို့လေ။

ခက်ရယ်

နင်ကတော့ သိမှာမဟုတ်ဘူးနော်။

ငါ့ရင်ထဲမှာရှိနေတဲ့ ခင်မင်မှုနဲ့ သံယောဇဉ်ကို နင် များမလည်လောက်ဘူးဆိုတာ သိနေပါတယ် ခက်ရယ်။ တစ်ရပ်ကွက်တည်းမှာ အတူတူနေပြီး အသက်အရွယ်ချင်းလည်းတူ ကျောင်းတစ်ကျောင်းထဲမှာ ပညာသင်ကြားရတာချင်းလည်း တူနေတဲ့ နင့်ကို ငါလေ ဟိုးငယ်ငယ်လေးကတည်းက သံယောဇဉ်

www.burmeseclassic.com

www.burmeseclassic.com



တွယ်နေမိတာပါ။

ခပ်ကင်းကင်းနေတတ်တဲ့ နင့်ပုံစံကို ငါ အရမ်းဝမ်းနည်းမိပေမယ့် နင်နဲ့ ခင်မင်ရင်းနှီးအောင်လည်း မကြိုးစားခဲ့မိတဲ့ ငါ့ရဲ့ အားနည်းချက်ကြောင့်လည်း အခုအချိန်မှာတော့ နောင်တတွေ ရမဲ့နေချင်တော့ပါဘူးဟာ။

ငါလေ

တိတ်တဆိတ်လေး နင့်ကို စိတ်ဝင်စားခဲ့ဖူးပါတယ် ခက်။

ဒါပေမဲ့

ထိုက်တန်ဆိုတဲ့ ငါ့အစ်ကိုနဲ့ နင်တို့ ချစ်သူတွေဖြစ်နေကြပြီဆိုတဲ့ သတင်းကြားရတော့ ငါ့ရင်တွေ အရမ်းကို နာကျင်ခံစားခဲ့ရတယ်ဟာ။ ဒါပေမဲ့ အသိတရားတွေနဲ့အတူ ငါ့စိတ်တွေကို အတတ်နိုင်ဆုံး ထိန်းချုပ်ပြီး ဖြေသိမ့်ခဲ့တယ် ခက်။

ကိုကြီးအပေါ် သိပ်ချစ်တဲ့ နင့်အချစ်တွေကို မျက်ဝါးထင်ထင် မြင်တွေ့ရပြီးနောက် နင့်ကို ကိုယ့်သွေးသားရင်း ညီမလေးတစ်ယောက်လိုပဲ ဖေးမစောင့်ရှောက်ဖို့ ငါဆုံးဖြတ်ခဲ့တယ် ခက်။

ဒါဟာ

ငါ့ရင်ထဲက မှန်သောသစ္စာစကားပါပဲဟာ။

နင်တို့အိမ်ထောင်ရေး အဆင်မပြေတော့ ငါ တကယ်



စိတ်မကောင်းဘူး ခက်။ ပြီးတော့ နင့်ဆီမှာရှိနေတဲ့ ငါတို့ရဲ့ မျိုးဆက်သွေးလေး။ သူ့ကိုလည်း မိတကွဲ ဖတကွဲနဲ့ မရှင်သန်စေချင်ဘူးပဲဟာ။

ဒါကြောင့်

ငါက နင်တို့နှစ်ယောက် ပြန်အဆင်ပြေအောင် ကြားကနေ စေ့စပ်ပေးဖို့ ဆုံးဖြတ်လိုက်တယ် ခက်။

နင် ငါ့ကို စိတ်ဆိုးမလားဟင်။

ငါ့ကို နင် ငြိုငြင်မယ်ဆိုရင်တောင် ငါ နင့်ကိုခွင့်လွှတ်ပါတယ် ခက်ရယ်။ ငါတို့ မိသားစုဝင်တစ်ယောက်ရဲ့ ပယောဂကြောင့် နင်တို့မိသားစုဝင်တွေရဲ့ အေးချမ်းသာယာနေတဲ့ အခြေအနေလေး ပျက်ယွင်းသွားခဲ့ရတာမဟုတ်လား။

ငါတို့ရဲ့အမှားအတွက် ငါတို့ဘက်က တာဝန်သိသင့်တာပေါ့ဟာ။

ငါ

နင့်ဆီကို ရောက်အောင်လာခဲ့မယ် ခက်။

မွေးဖွားလာမယ့် ကလေးလေးအတွက် ငါ လာခဲ့ပါမယ် ခက်ရယ်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၃)

''ကုရွှေ နှင် နင်ပြောတာတွေ အားလုံးက''

''အမှန်ပဲ ခက်၊ ငါ နင့်ကို လုံးဝမလိမ်ညာဘူးဆိုတာ ယုံပါဟာ၊ ကိုကြီးက တကယ်ပဲ နင်တို့သားအမိတွေကို အလိုရှိခဲ့တာပါ''

ကုရွှေတစ်ယောက်

ခက် ယုံကြည်အောင် အားလုံးကို အသေးစိတ် ရှင်းပြမိသည်။ သူ့ကို မထင်မှတ်ဘဲ မြင်လိုက်တော့ ခက် အတော်လေး အံ့သြကာနေ၏။ ခက်ကို ဘယ်အချိန်တွေ့နိုင်မလဲလို့ စောင့်ကြည့်နေတဲ့ ကုရွှေက ဦးခင်ထွန်းနှင့် ဒေါ်ခင်မျိုးချစ်တို့ အပြင်ထွက်သွားတာ မြင်တာနှင့် ခြံကွယ်လေးကနေ ပုန်းနေရာမှ ခြံထဲဝင်သွားလိုက်သည်။



ရဲစိတ်တင်ကာ အိမ်လေးပေါ် တက်သွားလိုက်၏။

ခက်က အိမ်လေးထဲမှာရှိနေတော့ ကုရွှေအတွက် အဆင်ပြေသွားရသည်။ ခက်ကိုခွင့်တောင်းပြီး ကိုကြီးထိုက်တန် အကြောင်းတွေ ရှင်းပြလိုက်၏။ ခက်မျက်နှာမှာ အစပိုင်းက မိဘတွေနှင့် ကုရွှေတို့ ဆုံတွေ့သွားမလားဆိုသည့် စိတ်နှင့် ကြောက်ကြောက်ရွံ့ရွံ့လေး ဖြစ်နေသေး၏။ အန်ကယ်ခင်ထွန်းတို့ လင်မယားက ဈေးဝယ်စရာရှိလို့ ခဏလေးထွက်သွားကြတာမဟုတ်လား။ ပြန်ရောက်လာလို့ ကုရွှေနှင့်ဆုံမှာ စိုးရိမ်နေသည်။

ကုရွှေကတော့ အေးအေးဆေးဆေးပါပဲ။

တွေ့လျှင်လည်း မကြောက်တော့။

ခက်ကို ရှင်းပြခွင့်မရမှာပဲ သူက စိတ်ပူတာလေ။

အခုတော့ ခက်နဲ့တွေ့ခွင့်ရပြီး အကြောင်းစုံကို ပြောပြနိုင်ခဲ့ပြီမို့ ရင်ဆိုင်တွေ့လို့လည်း ပြဿနာမရှိတော့။

မောင်းထုတ်လျှင်လည်း သူ ခေါင်းငုံ့တောင်းပန်ပြီး ပြန်ဖို့ပဲ ဆုံးဖြတ်ထားမိသည်။

''နင်ပြောလို့သာကြားရတာ၊ ငါတော့ ယုံတောင်မယုံနိုင်ဘူး ကုရွှေရယ်၊ တန်က ငါ့ရင်သွေးလေးကို အလိုမရှိဘူးလို့ ငါထင်ထားတာလေ၊ ငါ့မှာ ကိုယ်ဝန်ရှိနေပြီလို့ပြောတော့ သူ ဝအား

www.burmeseclassic.com

www.burmeseclassic.com



ကို တုန်လှုပ်သွားတာ ကုဋ္ဌေရဲ့၊ ပြီးတော့ သူ ငါ့ဆီကို လုံးဝ ပြန်မလာတော့ဘူး၊ တစ်ညလုံး ငါ မအိပ်ဘဲ စောင့်နေတာတောင် သူက ဝမ်းနည်းအားငယ်နေတဲ့ ငါ့ကို တစ်ယောက်တည်း ချန်ထား ခဲ့တာဆိုတော့လေ၊ ငါ့ကြောင့်ပဲ သူ့စိတ်တွေ တစ်ချိန်လုံးရှုပ်ထွေး ခဲ့ရတာမဟုတ်လား ကုဋ္ဌေ၊ ဒါကြောင့် ငါလေ သူ့ကို သိပ်ချစ် လွန်းလို့ သူ့အပေါ်မှာ နောက်ထပ်ဖိအားတွေမဖြစ်အောင်လို့ ထွက် သွားခဲ့တာပါ''

ခက်ရယ်။

နင် အဲဒီလောက်တောင်ပဲ ကိုကြီးထိုက်တန်ကို ချစ်သတဲ့ လားဟာ။ ငါ ဝမ်းသာပါတယ် ခက်ရယ်။ ငါ ကျေနပ်ပါတယ် ဟာ။

ကုဋ္ဌေတစ်ယောက် ကြည်နူးစွာပင် ခက်ရဲ့ ရွှင်ပြလန်း ဆန်းနေသော မျက်နှာဖူးဖူးလေးကိုကြည့်ပြီး ပြုံးလိုက်မိပါသည်။

''ကုဋ္ဌေ''

''....''

''ကုဋ္ဌေ''

ကိုတိုးရဲ့ခေါ်သံကြောင့် ကုဋ္ဌေ ခေါင်းလေးထောင်မတ် သွားရသလို ခက် မျက်ဝန်းလေးတွေကလည်း စူးစမ်းသလို ဝိုင်း



စက်လို့။ သူ ဒီခြံကိုသွားတယ်ဆိုတာ ကိုတိုးက သိနေတယ်လေ။ အကြောင်းအရင်း အလုံးစုံကိုလည်း ထိုက်သင့်သလောက် ပြောပြ ထားတာမို့ သူ့ရှိနိုင်မယ့်နေရာဆီ လိုက်လာပြီး ခေါ်တာထင်ပါရဲ့။

''ကုဋ္ဌေ''

''ကိုတိုး ငါ့အထဲမှာကွ၊ လာခဲ့လေ''

အိမ်လေးထဲကနေပဲ ကုဋ္ဌေ အသံပြုလိုက်သည်။ လူက တော့ ထိုင်လျက်ကနေ မထ။ ခက်က မပေါ့မပါး ကိုယ်ဝန်ကြီး နှင့် ဖြည်းညင်းစွာ ထရပ်ဖို့ပြင်၏။ ကုဋ္ဌေက ကမန်းကတန်း တားဆီးလိုက်သည်။

''ကုဋ္ဌေ သူငယ်ချင်းပါ ခက်၊ ထိုင်နေပါ၊ သူ တက်လာ လိမ့်မယ်၊ ကုဋ္ဌေ ဒီကိုသွားမယ်ဆိုပြီး ပြောထားတာလေ၊ အကြောင်း ကိစ္စ တစ်ခုခုရှိရင် လာခေါ်လို့''

ဒီတော့မှ

ခက်က စိတ်အေးစွာ ခုံလေးတွင် ပြန်ထိုင်သည်။ မျက်ဝန်း အကြည့်တွေကတော့ ကိုတိုး တက်လာမည့် အိမ်အပေါက်ဝဆီသို့ ရောက်နေကြ၏။

''ကုဋ္ဌေ ဒီမှာ မင်းအစ်ကိုလိုက်လာတယ်''

စကားသံနှင့်အတူ ကိုတိုးနောက်မှာ ကပ်လိုက်လာသူက

www.burmeseclassic.com

www.burmeseclassic.com



ထိုက်တန်။

"ဟင်"

"ဟယ် တန်"

ကုဋ္ဌေရော့ ခက်ပါ့ ပါးစပ်လေးတွေ အဟောင်းသား။

"ကုဋ္ဌေ၊ ဟာ ခက် ခက်က"

ထိုက်တန် သူ့မျက်လုံးပင် သူ မယုံနိုင်အောင် ဖြစ်သွားရသည်။ ညီဖြစ်သူကို စိတ်မချနိုင်လွန်းလို့ သူလိုက်ပြီး လေ့လာတာပါ။ ကုဋ္ဌေပုံစံက သူ့စိတ်ထဲမှာ သံသယဖြစ်စရာတွေပဲ မြင်နေရတာကို။ ညီလေးကို စိတ်ပူမိသည်။

ဒါကြောင့်လည်း

ကုဋ္ဌေ နယ်ကိုထွက်သွားပြီးနောက် အမေ့ဆီက ကိုတိုးရဲ့ လိပ်စာကိုတောင်းပြီး သူ လိုက်ခဲ့မိခြင်းဖြစ်သည်။

ခုတော့

ကုဋ္ဌေနှင့်အတူ တွေ့လိုက်ရတာက ချစ်ဇနီး ခက်။

ပြီးတော့

ကိုယ်ဝန်အရင့်အမာကြီးနဲ့ ခက်ရဲ့ ရင်ခုန်စရာအသွင်လေး။

"ကိုကြီး လိုက်လာတာလား"

ကုဋ္ဌေက ဝမ်းသာအားရ ကြိုဆို၏။



"မင်း မင်း ဘာကြောင့် ဒီအကြောင်းတွေကို မပြောရတာလဲ ကုဋ္ဌေ၊ ခက်ရှိနေတဲ့ နေရာကို သိနေပါလျက်နဲ့ ငါ့ကို ခံစားရအောင် ဘာကြောင့် ညှဉ်းဆဲထားရတာလဲ"

ညီဖြစ်သူကို ကရုဏာဒေါသောနှင့် ရန်စောင်မိ၏။

"ကုဋ္ဌေ ပြောမလို့ပါပဲ၊ ဒါပေမဲ့ ခက်ကို အရင်ဆုံး ရှင်းပြဖို့ လိုတယ်လို့ ထင်တယ်လေ၊ ခက်က ကိုယ်ဝန်ကြီးနဲ့ဆိုတော့ ဒေါသဖြစ်ပြီး စိတ်ဆင်းရဲရမှာစိုးတာနဲ့ မပြောသေးဘဲ ကုဋ္ဌေနေခဲ့တာ၊ အခုတော့ အားလုံးစိတ်ချရပြီလေ၊ ကုဋ္ဌေသွားတော့မယ်"

ကုဋ္ဌေ သွက်လက်စွာ ထရပ်လိုက်ပြီး ကိုတိုးကို ခေါင်းလေးဆတ်ပြကာ မြန်ဖို့ အိမ်လေးပေါ်ကနေ ဆင်းခဲ့လိုက်သည်။

အိမ်လေးထဲမှာတော့။

ခက်နဲ့တန် နှစ်ယောက်တည်း။

တန်ကို မထင်မှတ်ဘဲ တွေ့လိုက်ရတဲ့ ခက် အံ့သြမင်သက်စွာ ငေးမောလို့။

"ခက်"

"ခက်ရယ်"

ခက် ဘေးနားက ခုံလေးတွင်ဝင်ထိုင်ပြီး ခက်ရဲ့ [illegible]

www.burmeseclassic.com

www.burmeseclassic.com



ဝလေးကို ဆွဲဖယ်ဆုပ်ကိုင်ကာ ခက်နာမည်လေးကို မချိတင်ကဲ ရေရွတ်လိုက်မိသည်။

"တန် ခက် ခက်လေ"

ပြောမယ့်စကားက ရှေ့ဆက်မရ၊ ကြည်နူးမှုကြောင့် ရင်တစ်ခုလုံး ပြည့်ကြပ်ကာ ဆို့နင့်နေခဲ့သည်။

"တန် နားလည်ပါတယ် ခက်ရယ်၊ ခက် ဘာကြောင့် တန်အနားကနေ ထွက်သွားရသလဲဆိုတာ တန် နားလည်ပါတယ်ကွာ၊ ခက်မှာ အပြစ်မရှိပါဘူး၊ ခက်က အမြဲတမ်း အမှန်တရားဘက်မှာ ရပ်နေတဲ့သူပါ၊ မှားတာက တန်ပါ ခက်ရယ်၊ တောင်းပန်သင့်တဲ့သူက တန်ပါ"

"တန်ရယ် အဟင့် ဟင့်"

ငိုရှိုက်သံလေးက ခက် နှုတ်ခမ်းလေး ဆီက ထွက်ကျလာ၏။ ခက်ရဲ့ခေါင်းလေးကို သူ့ရင်ခွင်ထဲပွေ့ကာ ချစ်ဇနီးကို နှစ်သိမ့်နေမိသည်။

"တန်ကို ခွင့်လွှတ်ပါ ခက်ရယ်၊ တန် မှားခဲ့ပါတယ်၊ ခွင့်လွှတ်ပေးချင်စရာ မကောင်းလောက်အောင် တန် လုပ်ရပ်တွေက ရိုင်းစိုင်းစိမ်းသက်ခဲ့တာပါကွာ၊ ဒါပေမဲ့ တန်ကို နောက်တစ်ကြိမ် အခွင့်အရေးပြန်ပေးဖို့ တောင်းဆိုပါရစေ ခက်ရယ်၊ အမှား



ကို သိလို့ အမှန်ပြင်ဖို့ ခက် အချိန်ပေးပါနော်၊ တန် တောင်းပန်ပါတယ် ခက်ရယ်"

"အဟင့် ဟင့်"

"တကယ်တော့ တန်လေ ခက်ကို သိပ်ပြီးချစ်နေခဲ့တာပါ၊ မုန်းတယ်ဆိုကဲ့စကားတွေကို တွင်တွင်ဆိုနေပေမယ့် တန် မသိစိတ်ထဲက အချစ်တွေကိုတော့ တန် အသိအမှတ်မပြုဘဲ မနေနိုင်ခဲ့ပါဘူး၊ တန် ပြန်လာပါရစေ ခက်ရယ်၊ အချစ်တွေနဲ့ နောက်တစ်ကြိမ် ရင်ခွင်တံခါးဖွင့်ပြီး တန့်ကို ကြိုဆိုပါဦးနော်"

"တန်ရယ်"

ခက်တစ်ယောက် တန့်ရင်ခွင်လေးထဲ တိုးဝင်ကာ တန့်ကျောပြင်ကြီးကို ဖက်တွယ်ထားလိုက်မိသည်။

တန်ရယ်

ခွင့်မတောင်းရင်တောင် ခက်က တန့်နဲ့ပတ်သက်လာရင် အမုန်းမရှိ နာကြည်းမှုဝေးစွာနဲ့ ရင်ခွင်တံခါးကို အမြဲ ထာဝရ ဖွင့်ထားခဲ့တဲ့သူပါ။ အဲဒီလောက်တောင်ပဲ ခက်က တန့်ကို ချစ်ခဲ့တာပါ တန်ရယ်။

တန့်

ယုံပါနော်။

www.burmeseclassic.com

www.burmeseclassic.com



ရှင်ထဲက ထိုစကားတွေကို လိုက်လှဲစွာပြောမိပေမယ့် တကယ်တမ်း လက်တွေ့အပြင်မှာတော့ ငိုရှိုက်သံလေးသာ ထွက်ပေါ်လို့နေခဲ့သည်။

"ခက်"

"ရှင်"

"တန့်ကို ခွင့်လွှတ်တယ်မဟုတ်လားဟင်၊ နောင်တတွေနဲ့ ပြန်လာတဲ့ တန်ကို ကြိုဆိုပါဦး ခက်ရယ်"

"ခက်က တန် အခုလို မတောင်းပန်ရင်တောင် အစကတည်းက ခွင့်လွှတ်ပြီးသားပါ တန်ရယ်"

"ခက်ရယ်"

ချစ်ဇနီး ကိုယ်လေးကို ကြင်နာစွာပင် ပွေ့ဖက်လိုက်မိသည်။

"ဟော့ ဒါက ဘာဖြစ်နေကြတာလဲ"

"ဟာ"

"ဟင် အဖေ"

အသံလာရာဆီကြည့်မိတော့ ဒေါသသွေးတို့ စွှပ်ကာ မျက်ထောင့်နီနီကြီးတွေနဲ့ ခါးထောက်ပြီး စိုက်ကြည့်နေတဲ့ အန်ကယ်ခင်ထွန်း။ အနောက်မှာလည်း အန်တီခင်မျိုးချစ်က ရှိနေသည်။





"ဟော့ကောင် မင်း မင်း ဒီကိုဘာလာလုပ်တာလဲ၊ သွားစမ်း၊ ထွက်သွားစမ်း၊ ဟော့ကောင် မင်းမျက်နှာကို လုံးဝ မကြည့်ချင်ဘူး၊ အခုချက်ချင်း ငါ့အိမ်ပေါ်က ဆင်းသွား သွား"

"အဖေ"

"မိခက် နင် ဘာစကားမှ ဝင်ပြောလို့ မကြိုးစားနဲ့၊ ပါးစပ်ကို ပိတ်ထားစမ်း၊ ဟော့ကောင် ထိုက်တန် ဘာဒုက္ခပေးဦးမလို့ ဒီအထိ လိုက်လာတာလဲ၊ ရန်ကုန်မှာ အရှက်ခွဲလို့ အားမရသေးလို့ ပိန်းဇလုပ်ထိ လိုက်လာပြီး သိက္ခာချဦးမလို့လား၊ ငါတို့ မိသားစုအပေါ်မှာ ဘယ်လိုအငြိုးအတေးတွေနဲ့ လိုက်ပြီး ဒုက္ခပေးနေရတာလဲ၊ အေးအေးဆေးဆေး နေပါတော့လား ထိုက်တန်၊ မင်းအလိုမရှိတဲ့ ငါ့သမီးနဲ့ ကလေးကို မင်းအနားကနေ ဖယ်ထုတ်ပေးပြီးပြီပဲဟာ၊ ကျေနပ်တော့ပေါ့ ထိုက်တန်"

ဦးခင်ထွန်း လေသံကမာသလို စကားလုံးတွေကလည်း ကြမ်းရှနေခဲ့သည်။ ခြံရှေ့မှာကားတစ်စီးတွေ့လို့ ဘယ်ကဧည့်သည်များ ရောက်နေသလဲဆိုပြီး စဉ်းစားနေဆဲ ထိုက်တန်ဆိုတဲ့ကောင်ကို မြင်လိုက်တော့ ဒေါသတို့ ဝုန်းခနဲ ပေါက်ကွဲကာ အမျက်ချောင်းချောင်း ထွက်ရချေပြီ။

ဒီတစ်ချီတော့ သင်းကို အလျှော့မပေးနိုင်တော့။



www.burmeseclassic.com

www.burmeseclassic.com



မိမိတို့က သမီးလေးရဲ့ မျက်နှာနဲ့ အရှုံးပေးခဲ့ရတာတွေက မရေမတွက်နိုင်အောင်ပဲ များပြားခဲ့ပြီလေ။ မိမိတို့ဘက်က ဒီလောက် သည်းခံနေတာကိုပင် သင်းက မကျေနပ်ချင်သေးပေ။ နယ်က လိပ်စာအတိုင်း ထိတိရိရိကို ရောက်ချလာတော့သည်။ တော်တော် လူပါးဝတဲ့ကောင်ပဲ။ ဘာပြဿနာတွေများ လာရှာပါလိမ့်။

ဦးခင်ထွန်း မျက်နှာထားကိုတင်းထားလိုက်၏။ သမီးခက်ရဲ့ ဘဝရှေ့ရေးအတွက် အားနာစိတ်တွေကို အဝေးဆုံးသို့ မောင်းထုတ်ထားမိသည်။ ရင်ဆိုင်ပစ်မယ်။ ယောက်ျားမျက်နှာမြင်လိုက်တာနှင့် စိတ်ပျော့ချင်နေသော သမီးအား တားဆီးထိန်းချုပ်ဖို့ ဆုံးဖြတ်ထားလိုက်၏။

"မောင်ထိုက်တန် မင်းပြန်ပါကွယ်၊ အန်တီ ကြားကနေ တောင်းပန်ပါတယ်၊ တို့ရဲ့အေးချမ်းသာယာနေတဲ့ ဘဝလေးကို မင်းရဲ့ ဆိုးမိုက်မှုတွေနဲ့လာပြီး မနှောင့်ယှက်ပါနဲ့ ထိုက်တန်ရယ်"

"အမေ တန်က နှောင့်ယှက်ဖို့ ရောက်လာတာ မဟုတ်ပါဘူး အမေ၊ သူ့အမှားတွေကိုသိပြီး ခက်ကို လာတောင်းပန်တာပါ၊ တန် အရင်ကလို မဆိုးမိုက်တော့ပါဘူး အမေ"

"ဟော့ ချွေးမြီးကောက် ကျည်တောက်စွပ်ပဲကွ၊ ဒီလိုကောင်လား အသိတရားရမှာ၊ မိန်းမမှာ ကိုယ်ဝန်ရှိနေတာ သိသိ



ကြီးနဲ့ တာဝန်ယူချင်စိတ်မရှိဘဲ ပစ်ပစ်ခါခါ ဆက်ဆံသွားတာ နင်က အမှတ်မရှိပေမယ့် ခင်ထွန်းကတော့ မှတ်ထားတယ် ဟော့ကောင်၊ အစကတည်းက ချစ်လို့၊ ကြင်လို့ ယူခဲ့တာမှမဟုတ်တာ၊ မခံချင်စိတ်နဲ့ ခိုးပြေးသွားတာဆိုတော့ ဒီလောက်တော့ ရှိမှာပေါ့။ စာနာစိတ်မရှိတဲ့ကောင်၊ ငါကွာ လုပ်ထည့်လိုက်ရ၊ သွား ထွက်သွားစမ်း ဟော့ကောင်၊ ငါ့မျက်စိရှေ့ကနေ အခုချက်ချင်း ထွက်သွားစမ်း"

အဖေ့ရဲ့စွပ်စွဲသံက မိုးခြိမ်းသံအလား ပေါ်ထွက်နေခဲ့သည်။ ဒေါသမုန်တိုင်းတွေက သည်းသည်းထန်ကာ ဖြေရှင်းမှုတို့က အဖေ့အာရုံကို တိုးမပေါက်ခဲ့ချေ။

တန်ကတော့ တကယ့်ကို အံ့ဩစရာပါပဲ။

အမေ ဘယ်လိုပဲ ဆက်ဆံပြောဆိုနေနေ ဘာတစ်ခွန်းမှ ပြန်မချေပချေ။ တိတ်ဆိတ်ငြိမ်သက်စွာပင် ခေါင်းငုံ့ခံယူနေခဲ့သည်။ ကြားကနေ စိတ်ဆင်းရဲနေရသူက ခက်ပဲဖြစ်သည်။

တန်ရယ်။

ခက် ရှင့်ကို သနားလိုက်တာ။

◆ ◆ ◆

www.burmeseclassic.com

## အခန်း (၂၄)

"အဖေနဲ့အမေ"

"ဟင်"

"ကျွန်တော် ရှိခိုးပြီး တောင်းပန်ပါတယ်ဗျာ၊ ကျွန်တော့်ကို ခွင့်လွှတ်ပေးပါ အဖေနဲ့အမေရယ်"

ထိုက်တန်တစ်យောက် ကြမ်းပြင်လေးတွင်ထိုင်ကာ ဦးခင်ထွန်းကိုရော ဒေါ်ခင်မျိုးချစ်ကိုပါ ဦးသုံးကြိမ်ချ ကန်တော့လိုက်သည်။

"ကျွန်တော် ဝန်ခံပါတယ် အဖေရယ်၊ ခက်ကို မခံချင်စိတ်တစ်ခုတည်းကြောင့်နဲ့ ခိုးပြေးခဲ့တာပါ၊ ခက်ကိုရပြီးနောက်မှာလည်း အဖေတို့အပေါ်မှာ အရွဲ့တိုက်မှုတွေနဲ့ပဲ တစ်ခုပြီးတစ်ခု ရင်နာရအောင် ပြုလုပ်ခဲ့တာပါ၊ ဒါပေမဲ့ ကျွန်တော်မချစ်လောက်ဘူးလို့ ထင်ထားမိလိုက်တဲ့ အချိန်မှာပဲ ခက်ကို ဘယ်လောက်





တောင် ချစ်နေမိသလဲဆိုတာ အံ့ဩတုန်လှုပ်စရာ ကောင်းလောက်အောင်ပဲ သိခွင့်ရခဲ့တာပါ။ ခဝါမချချင်တဲ့ မာနတွေနဲ့ တင်းခံနေပေမယ့် မသိစိတ်မှာ တွယ်ငြိနေတဲ့ ချစ်ခြင်းမေတ္တာတစ်ခုကိုတော့ မပယ်ဖျက်နိုင်ခဲ့ပါဘူး အဖေ၊ ကျွန်တော်မှားခဲ့ပါတယ်၊ ကျွန်တော်ဆိုးခဲ့ပါတယ်၊ ဒါပေမဲ့ အခုအချိန်မှာတော့ အဲဒါတွေအားလုံးကို ကုန်ဆုံးသွားတဲ့ ထိုက်တန်ရဲ့ အတိတ်တစ်ခုဆီမှာပဲ မြေမြှုပ်သင်္ဂြိုလ်ခဲ့ပါပြီဗျာ၊ အခု ကျွန်တော် ဒီကိုလာတာ စိတ်သစ်၊ လူသစ်နဲ့ပါ၊ ဒါကို အဖေနဲ့ အမေ ယုံကြည်ပေးပါဗျာ"

"မယုံဘူး ဟောကောင်၊ လုံးဝ မယုံဘူး၊ မင်း ဘာပြောပြော ငါ မယုံဘူးကွ"

ဦးခင်ထွန်း ခေါင်းကို တအားခါယမ်းပစ်လိုက်သည်။ ထိုက်တန်ရဲ့ အသွင်အပြင်က အရင်ကနဲ့ မတူတော့တာတော့ သတိထားမိသည်။ မိမိ ဘယ်လောက်ဆူပူ နှင်ထုတ်နေနေ တန်ပြန်တုံ့ပြန်ခြင်းမရှိ ငြိမ်သက်စွာ ခံယူနေသည်။ သမီးကိုခိုးပြေးပြီးနောက်ပိုင်း အန်ကယ်ခင်ထွန်းဟုသာ ခပ်တည်တည်နှင့် သုံးနှုန်းခေါ်ဝေါ်နေမှုက အမေနဲ့ အဖေ ဟူသော လှိုက်ဖြာသော ခေါ်သံကြောင့် စိတ်ထဲ တစ်မျိုးကြီး ခံစားလိုက်ရတာတော့ အမှန်ပင်။

လေသံအေးအေးနှင့် သူ့ အမှားတွေကို ဝန်ခံတောင်းပန်နေသော်လည်း နားလည်မှုမပေးချင်။ ခံခဲ့ရသူတွေရဲ့ ရင်ထဲက

www.burmeseclassic.com

www.burmeseclassic.com



ဒဏ်ရာတွေက အခုချိန်ထိ နာကျင်နေဆဲပင်။

"ခက်ရဲ့ကလေးကို ကျွန်တော် မလိုချင်ခဲ့တာမဟုတ်ပါဘူး အဖေ၊ ဖခင် တာဝန် မကျေပွန်နိုင်သေးတဲ့အချိန်မှာ လူလောကထဲကို ဝင်လာလို့ စိတ်မကောင်းဖြစ်ပြီး ဒေါသပေါက်ကွဲမိတာပါ၊ ခုတော့လည်း ကျွန်တော် နားလည်ခဲ့ပါပြီ အဖေ၊ အသင့်ဖြစ်ဖြစ် မဖြစ်ဖြစ် သားသမီးဆိုတာ တန်ဖိုးမဖြတ်နိုင်တဲ့ ရတနာတစ်ပါးဆိုတာကို နားလည်ခဲ့ပါပြီ အဖေရယ်၊ ဘယ်လိုအကြောင်းကိစ္စတွေပဲရှိရှိ အလေးအနက်ထားရမှာပါလားဆိုတဲ့ သွေးက စကားပြောမှုကို ခုတော့ ကျွန်တော် သိလိုက်ပါပြီဗျာ၊ ဒါကြောင့် ကျွန်တော် စီးပွားရေးကို ကြိုးစားပြီးရှာခဲ့ပါတယ်၊ ခက်နဲ့ သားအတွက်ဆိုတဲ့ အားမာန်သစ်တွေနဲ့ပေါ့၊ အခု ကျွန်တော် အောင်မြင်နေပါပြီ အဖေ၊ လိမ္မာနေပါပြီဗျာ"

"အဖေရယ် တန်ပြောတာတွေက တကယ့်အမှန်တရားတွေပါ၊ ခက်ကို အခုလေးတင် နောက်ခြမ်းဘက်ခြံက မောင်တိုးဆိုတဲ့ ကောင်လေးနဲ့ ဒီကိုအလည်ရောက်နေတဲ့ ကုမ္မေက အသေးစိတ် လာရှင်းပြသွားတာပါ အဖေရယ်၊ သူ့အစ်ကို အရင်လို မဆိုးတော့ပါဘူးတဲ့လေ၊ တန်က သူ့ညီ နယ်ကိုဆင်းသွားတာ မသင်္ကာလို့ လိုက်ကြည့်တာပါ၊ ခက်ဆီမှာ ရှိနေတယ်ဆိုတာ ကုမ္မေ အနောက်ကိုလိုက်လာရင်းနဲ့မှ တန်က သိခဲ့တာပါ အဖေ၊ နောင့်



ယှက်ချင်တဲ့စိတ်နဲ့ ရောက်လာခဲ့တာမဟုတ်ပါဘူးရှင်"

တန်ရော ခက်ပါ ကြမ်းပြင်လေးထက် ထိုင်ပြီး မျက်နှာငယ်လေးတွေနှင့် တောင်းပန်တော့ အဖေ မျက်နှာက တင်းမာနေမှုလေး အနည်းငယ် ပြေလျော့လာသည်။

"အမေ"

"သမီး"

"ခက် တောင်းပန်ပါတယ် အမေရယ်၊ ခက်ရဲ့ ရင်သွေးလေးမှာ မိစုံဖစုံရှိတာပဲ သမီး လိုချင်ပါတယ်၊ တန့်ကို အမေတို့ ခွင့်လွှတ်ပေးပါနော်"

အမေက သက်ပြင်းတစ်ချက် ရှိုက်၏။

"အဖေ ခက်ကို သနားပါဦး အဖေရယ်၊ အဖေတို့ ခက်ကို သိပ်ချစ်တယ်၊ စောင့်ရှောက်နိုင်တယ်ဆိုတာ ခက်သိပါတယ်၊ ဒါပေမဲ့ လင်ကောင်မဖော်နိုင်ဘဲ သမီး ကလေးမွေးရတော့လား အဖေ၊ ကလေးမှာ သက်ရှိထင်ရှား ဖခင်ရှိပါလျက်နဲ့ မျက်နှာငယ်စွာနဲ့ လူ့လောကထဲ ရှင်သန်ခိုင်းရမလား အဖေ၊ စဉ်းစားပါဦး အဖေရယ် အဟင့် ဟင့်"

ခက်တစ်ယောက် တသိမ့်သိမ့် ရှိုက်ငိုပစ်လိုက်သည်။ သူမရဲ့ မွေးဖွားဖို့ရက်က သိပ်မှမလိုတော့တာ၊ ဓာတ်မှန်ရိုက်ကြည့်တော့ သမီးလေးတဲ့။ ခက် ပျော်လိုက်တာ။ တန် အနားမှာရှိ

www.burmeseclassic.com



ပေမယ့် သူ့မအတွက် အဖော်အဖြစ် သမီးက ရောက်လာတော့မှာမို့ တွေးမိတိုင်း ကြည်နူးနေရ၏။

အဖေတို့ရဲ့ ဆန္ဒနဲ့အညီ ခက် နေထိုင်ခဲ့သည်။ တန်ရဲ့ဟမ်းဖုန်းနံပါတ်ကို ဆက်သွယ်ခြင်းပင် မပြုခဲ့။ တန် စိတ်ဆိုးနေမှာပဲဆိုတာ သိနေခြင်းအတွက်လည်း ခက် ဘက်က ဘာစိတ်အနှောင့်အယှက်မှ မပေးတော့ဘဲ စိတ်ကိုဖြေလျှော့ကာ နေတတ်အောင် နေခဲ့သည်။

သို့သော်

ခက်က တန့်ကိုချစ်နေတာက ချစ်တာပါပဲ။

လူဆိုးလေးမှန်းသိသိကြီးနဲ့ ချစ်ခဲ့တာလေ။ အခုချိန်မှာတော့ ခက် ဘာနောင်တတွေမှ ရမနေချင်တော့ပါ။ တန့်စိတ်ကို နားလည်မှုရှိစွာပင် ခွင့်လွှတ်နေလိုက်သည်။ ဘာပဲပြောပြော ခက်ရင်သွေးလေးရဲ့ ဖခင်က တန်ပဲလေ။ သားလေးအတွက် တန်ဆီက အမုန်းတွေကို ခက်မလိုချင်တော့။

“ဟော့ကောင် ထိုက်တန်”

“ဗျာ အဖေ”

“မင်းအချိုးတွေ ပြင်ပြီဆိုတာ သေချာလား”

“ဗျာ”

“စောစောက မင်းပြောတာတွေအားလုံး အမှန်လို့ ယုံ



ကြည်ရမလားမေးတာကွ”

“ဗျာ ဟုတ် ဟုတ်ကဲ့၊ ယုံကြည်လို့ရပါတယ် အမေ၊ ကျွန်တော် အမှန်တွေပြောနေတာပါ”

“အေး ဒီတစ်ခါတော့ မင်းကိုခွင့်လွှတ်လိုက်မယ်၊ ဘာဖြစ်လို့လဲဆိုတော့ ငါ့မြေးကို မျက်နှာမငယ်စေချင်တာရယ်၊ ငါ့သမီး ဂုဏ်သိက္ခာရှိဖို့အတွက်ပဲ၊ ဒါပေမဲ့ ဒါတွေကိုကြောက်လို့ မင်းကို ပြန်လက်ခံတယ်မထင်နဲ့နော်၊ မင်း ခြေတစ်လှမ်း ပြန်မှားကြည့်၊ ဘ၀တစ်သက်တာလုံး နောင်တတွေတစ်သိကြီး ရအောင် ငါလုပ်ပြမှာ၊ မယုံမရှိနဲ့ ဟော့ကောင်”

ဟာ။

ဦးခင်ထွန်းတစ်ယောက် ဒေါသတကြီး ပြောနေပေမယ့် သူ့ကို လက်ခံသော လေယူလေသိမ်းကြောင့် ရင်ထဲ လှပ်ခနဲနေအောင်ပင် ၀မ်းသာသွားရသည်။ ခက်မျက်နှာလေးကို လှမ်းကြည့်တော့လည်း ၀င်းလက်လို့။

“ကျွန်တော် တကယ်ပဲ နောင်တတွေရပြီး ခက်ဆီကို ပြန်သွားဖို့ အစကတည်းက ဆုံးဖြတ်ထားပြီးသားပါ အမေ၊ နောက်တစ်ခါဆို လူကြီးတွေ လုံး၀ စိတ်မပျက်စေရပါဘူး၊ ကျွန်တော် ကတိပေးပါတယ် အမေ”

“ပြီးရောကွာ”

www.burmeseclassic.com

www.burmeseclassic.com



အမေက ရှုံ့ရှုံ့ရှားရှားနှင့် အိမ်လေးပေါကနေတစ်ဆင့် ခြံဝန်းကျယ်ကြီးထဲ ဆင်းသွား၏။ အမေကလည်း အဖေ့လုပ်ရပ်ကို နားမလည်နိုင်တော့သလို အံ့ဩမင်သက်ကာ ကြောင်ငေးကြည့်နေမိပြီးမှ အခြေအနေမှန်ကို ရိပ်မိကာ နှုတ်ခမ်းသားလေးတွေ ကွေးညွတ်သည်အထိ ပြုံးနေတော့သည်။ ပြီးနောက် အလိုက်သိစွာပင် နောက်ဖေးဆောင်အခန်းလေးဆီသို့ ဝင်သွားသည်။

ဒီတော့မှ

ခက်ရော တန့်ပါ ပြုံးနိုင်တော့၏။

“အမေတို့ဆီကို တန် ဖုန်းဆက်ပြောရဦးမယ်”

“ဘာကိုလဲ တန်”

“ခက်ကို ပြန်တွေ့ပြီဆိုတဲ့အကြောင်းလေ၊ တန် အမေ့ဆီက ကိုတိုးလိပ်စာတောင်းပြီး ပဲခူးကုန်းကို လိုက်လာခဲ့မိတာ အရမ်းမှန်သွားတယ်ဆိုတဲ့အကြောင်း ပြောမလို့ပါ ခက်ရဲ့၊ ဒါကြောင့် ခက်ကို တန် ပြန်တွေ့ရတာ၊ မဟုတ်ရင် အဝက်ကောင်းတဲ့ ယောက္ခမကြောင့် တန် ရင်တွေနာကျင်နေရဦးမယ်ဗျာ”

“တန်ကလည်း ဒါတော့ သိပ်ပိုလွန်းသွားပြီကွယ်”

ခက်က မျက်စောင်းလေးထိုး၏။ တန်က သွားလေးတွေပေါ်ကာပင် ရယ်နေသည်။

“ခက်”



“တန်”

“ချစ်တယ်”

“အဟင်း ဟင်း”

“ဘာရယ်တာလဲ ခက်”

“မိန်းမက ကလေးပဲ မွေးတော့မယ်၊ အခုမှ ရည်းစားစကား လာပြောနေလို့လေ”

“အဟွန်း ဟုတ်သားပဲ၊ ဒါပေမဲ့ မောင့်ရင်ထဲမှာ တကယ်နှစ်နှစ်ကာကာ ချစ်နေမိလို့ ချစ်တယ်လို့ ဖွင့်ဝန်ခံတာပါ၊ ခက်ယုံကြည်ပေးဖို့ လိုအပ်သေးတယ်လေ”

“ယုံပါတယ် တန်ရယ်၊ တန့်အချစ်တွေကို အကြွင်းမဲ့ယုံကြည်ပါတယ်”

“ဒါဆို အဖြေပေးလေ ခက်”

“ဘာလဲကွာ တန်နော်၊ ခုမှ ဘာတွေလာပြီး အကဲပိုနေတာလဲ”

တန်ရဲ့ လက်ဖျံလေးကို ခပ်ဖွဖွဆိတ်ပစ်လိုက်သည်။ တန်က ရယ်ရယ်မောမောနှင့် သူ့မလက်လေးကို ဖမ်းဆွဲဆုပ်ကိုင်ပြီး နမ်းရှိုက်တော့ ခက် ရင်တွေ တဒိတ်ဒိတ်ခုန်သွားရသည်။

“ခက်”

လှိုက်ဖြာသော ခေါ်သံကြောင့် ခက် တန့်ဆီကြည့်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



"တန်ကို မမုန်းပါဘူးနော်"

"မမုန်းပါဘူး တန်ရယ်၊ ခက်ချစ်ခဲ့တာ မုန်းဖို့မှ မဟုတ်တာ"

"တန်ကတော့ အမုန်းတွေနဲ့ စခဲ့ပေမယ့် အမုန်းတွေနဲ့ အဆုံးမသတ်နိုင်လောက်အောင်ပဲ ချစ်ခဲ့တယ် ခက်ရယ်၊ မုန်းစကားတွေ ဘယ်လောက်ပဲဆိုဆို ရင်ထဲက ချစ်နေမိတာကိုတော့ ဟန်ဆောင်ဖုံးကွယ်လို့မရပါဘူးကွာ"

တန်ရယ်။

အခုလိုမျိုး စကားလေးကို ပွင့်ပွင့်လင်းလင်း ဝန်ခံဖွင့်ပြောလို့ ခက် အရမ်းကိုပဲ ကျေနပ်ဝမ်းသာမိပါတယ်ရှင်။ ကျေးဇူးလည်း အထူးတင်ပါတယ် တန်ရယ်။

"ဒါနဲ့ ခက်ကိုမေးစရာရှိသေးတယ်"

"မေးလေ တန် ဘာမေးမလို့လဲ"

"ဒါလေးအကြောင်း"

တန်က ခက်ရဲ့ ရှုပ်ပွပွဗိုက်ကို လက်ညှိုးလေးထိုးပြကာ ရှက်စနိုး အမူအရာလေးနှင့် ပြုံးနေ၏။

"ကလေးအကြောင်း ဟုတ်လားတန်"

"အင်း"

"မေးလေ ဘာမေးမလို့လဲ"



"သူလေးက ဘယ်တော့ထွက်လာမှာလဲဟင် ခက်"

"နောက်လကုန်လောက်မှလေ တန်"

"ဘာလေးလဲဟင်ခက်၊ အထီးလေးလား အမလေးလား"

"တန်ကလည်း သားလားသမီးလားလို့မေးပါ"

"အတူတူပါပဲကွာ"

"သမီးလေးတဲ့တန်"

"ဘာ"

တန့်အသံကြီးက ဟိန်းသွားတာမို့ ခက်ပင် မျက်လုံးကြီးပြူးသွားရ၏။

"ဘာ…ဘာဖြစ်လို့လဲတန်"

"သမီးဟုတ်လားခက်၊ မိန်းကလေးတဲ့လား"

"တန်"

"သွားပါပြီကွာ၊ သွားပါပြီ၊ တန်တော့ ဝဋ်လည်တော့မှာပဲ"

တန်က မျက်နှာကြီးရှုံ့မဲ့ကာ ငြီးငြူတော့၏။

ဒီတော့မှ…

ခက်မှ တန်ဘာကိုဆိုလိုချင်သလဲဆိုတာ နားလည်သဘောပေါက်သွားရတော့၏။

www.burmeseclassic.com



"ကြည့်စမ်း ဟုတ်သားပဲ၊ တန်တော့ အဖေနေရာကို တစ်နေ့နေ့တစ်ချိန်ချိန်မှာ ရောက်ရတော့မှာပဲ"

"ခက်"

"ရှင်"

"မင်းသမီးကို အခုကတည်းက စည်းကမ်းတင်းတင်း ကြပ်ကြပ်ထားပြီး ထိန်းချုပ်နော်၊ ပေါက်ကရကောင်တွေနဲ့ ယူဖို့ မစဉ်းစားနဲ့လို့ နားသွင်းထား၊ ပညာတတ်၊ ဥစ္စာပေါ၊ ရုပ်ချော၊ အရည်အချင်းပြည့်ဝတဲ့ ကောင်တွေကိုပဲ ရွေးချယ်လို့ပြော ကြားလား"

"အဟင်း…ဟင်း"

"ဟော့…မင်းကဘာရယ်တာလဲ၊ ဘာလဲခက် မင်းက သမီးကို လျှပ်လျှားလျှပ်လျှား အလုပ်မရှိအကိုင်မရှိ တစ်နေကုန် တစ်နေခမ်း လမ်းပေါ်မှာ ဝေ့လေနေတဲ့ကောင်တွေနဲ့ ပေးစားချင်လို့ လား"

"ဟင်း…ဟင်း"

တန်က ဒေါသတွေဆူဝေလေ ခက်ကရယ်လေပင်။

တန်

အခုကတည်းက သူ့သမီးကို ဆတ်ဆတ်ထိမခံနိုင်အောင်



ဖြစ်နေခဲ့ပြီလေ။ ဖခင်တစ်ယောက်ရဲ့ ချစ်ခြင်းမေတ္တာက ခုတော့ ထင်းထင်းကြီးပေါ်လာခဲ့ချေပြီ။

"တန်"

"ဘာလဲ"

မျက်နှာကပုတ်သိုးသိုး၊ မျက်ခုံးထူနှစ်ခုကလည်း တွန့်ကြုံ့ နေသေးသည်။ ခက်ရယ်မောလျှောင်ပြောင်ခြင်းကို တန်ကြည့်ရတာ မခံချင်ဖြစ်နေပုံရ၏။

"တန်က မွေးတောင်မမွေးရသေးတဲ့ သမီးအပေါ် စိုးရိမ် ပူပန်မှုတွေရှိနေပြီနော်"

"ဘာရယ်"

"တန့်သမီးလေးက ဗိုက်ထဲမှာပဲရှိသေးတယ်တန်၊ ဒါတောင် တန်ရဲ့ချစ်ခြင်းမေတ္တာက ဒီလောက်ကြီးမားနေတာ၊ ဒါဟာ ဖခင်တစ်ယောက်ရဲ့ စိတ်ဓာတ်အမှန်ပဲတန်"

ခက်ရယ်။

ကိုယ်နားလည်လိုက်ပါပြီကွာ။

အခုမှ သန္ဓေသားလေးသာရှိနေသေးတဲ့ သမီးလေးအပေါ် တန် သိပ်ပြီးစိုးရိမ်ပူပန်နေမိတယ်ဆိုရင် လူ့ပတ်ဝန်းကျင်မှာ မျက်နှာ ပန်းလှလှလေးနဲ့ ရုပ်တည်ရမယ့် ခက်အတွက် အန်ကယ်ခင်ထွန်း

www.burmeseclassic.com

www.burmeseclassic.com



ဟာ ဘာယ်လောက်တောင်များ အပူမီးကြီးထွားခဲ့ရပါလိမ့်မလဲ။

ဖခင်ဆိုတဲ့နေရာကို ရောက်မှပဲ သိလိုက်ရသောအသိတရား က ရင်မှာ အစိုင်အခဲအဖြစ် တည်နေတော့သည်။

ရင်ခုန်သံစရဟာရှေ့၊ ဘာမှဒုက္ခတော်မနေဘာယ်၊

ရှင်မြတ်နိုး

ပို:ဝို/၀၁၀၆

www.burmeseclassic.com